http://www.dhammadownload.com

သယ်တီပဏ္ဍိတ

ဆရာဦးမောင်ကြီး (အမ်-အေ)

# ဓမ္မစကြာ

နှင့်

# အနတ္တလက္ခဏသုတ်

## အမေး၊ အဖြေ

ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း

သား ဒုတိယဗိုလ်မှူးကြီးပြည်အောင်နှင့် သမီး ဒေါ်နန္ဒာအေး

မြေး မရှင်အေးမြအောင်၊ မရှင်ဖူးပေအောင်

မိသားစုမှ လှူဒါန်းပါသည်။

http://www.dhammadownload.com

ဓမ္မစကြာ နှင့် အနတ္တလက္ခဏသုတ် အမေး အဖြေ

http://www.dhammadownload.com

လယ်တီပဏ္ဍိတ
ဆရာဦးမောင်ကြီး (အမ်-အေ)
စီရင်ရေးသားအပ်သော

# ဓမ္မစကြာ

## အမေးအဖြေ

အလွယ်တကူ တိုက်ဆိုင်၍ ကြည့်ရှုနိုင်ရန်
ဓမ္မစကြာသုတ် ပါဠိတော်ကို
ထည့်သွင်းပုံနှိပ်ထားပါသည်။

ပိဋကဗျူဟာအဖွဲ့
မင်္ဂလာဗျူဟာ အဆောက်အအုံ၊ အာဇာနည်လမ်း
ဗဟန်း၊ ရန်ကုန်မြို့။

http://www.dhammadownload.com

ရန်ကုန်မြို့၊ ကမ္ဘာအေး၊ သာသနာရေး ဝန်ကြီးဌာန
သာသနာရေးဦးစီးဌာန၊ ကမ္ဘာအေးစာပုံနှိပ်တိုက်တွင်
ညွှန်ကြားရေးမှူး ဦးဝင်းနိုင်
မှတ်ပုံတင်အမှတ် (၀၃၈၄၃/ ၀၂၄၀၅)က
ပုံနှိပ်ထုတ်ဝေသည်။

http://www.dhammadownload.com



# မာတိကာ

## ဓမ္မစကြာ

၁။ အမှာစာ ၇
၂။ ကျမ်းဦးမိတ်ဆက် ၁၅

## ဓမ္မစကြာသုတ် အမေးအဖြေ

၃။ နိဒါန်း ၂၇
၄။ ဓမ္မစကြာအမွှန်း ၂၇
၅။ ပဏာမ ၃၁
၆။ ဓမ္မစကြာနိဒါန်း အမေးအဖြေ ၃၂
၇။ ဓမ္မစက္က ပဝတ္တနသုတ်တော်ကြီး အမေးအဖြေ ၆၄
၈။ သစ္စာအနက် ၁၆-ချက် အမေးအဖြေ ၉၅
၉။ သစ္စဉာဏ်၊ ကိစ္စဉာဏ်၊ ကတဉာဏ်သုံးပါး အမေးအဖြေ ၉၉
၁၀။ ဓမ္မစကြာနိဂုံး ၁၁၅
၁၁။ ဟေမဝတနှင့် သာတာဂိရိ ဝတ္ထု ၁၁၇
၁၂။ ကာဠီအမျိုးသမီးဝတ္ထု ၁၃၁
၁၃။ ဟေမာဝတ္ထု ၁၃၄
၁၄။ ဓမ္မစကြာသုတ် ပါဠိတော် ၁၄၇

http://www.dhammadownload.com



၁၅။ ကောသလအိပ်မက် ၁၆-ချက် ရှစ်လုံးဖွဲ့ ၁၅၄
၁၆။ ဝိပါက်တော် ၁၂-ပါး ရှစ်လုံးဖွဲ့ ၁၅၉

## အနတ္တလက္ခဏာသုတ် အမေးအဖြေ

၁၇။ နိဒါန်း ၁၆၉
၁၈။ အနတ္တလက္ခဏာသုတ် အမွှန်း ၁၇၁
၁၉။ ပဏာမ ၁၇၃
၂၀။ အနတ္တလက္ခဏာသုတ်နိဒါန်း အမေးအဖြေ ၁၇၄
၂၁။ ရူပက္ခန္ဓာ ၁၈၁
၂၂။ ဝေဒနာက္ခန္ဓာ ၁၈၃
၂၃။ သညာက္ခန္ဓာ ၁၈၉
၂၄။ သင်္ခါရက္ခန္ဓာ ၁၉၄
၂၅။ ဝိညာဏက္ခန္ဓာ ၁၉၈
၂၆။ ခန္ဓာငါးပါးတို့၌ အနတ္တဉာဏ် အလင်းဖွင့်ခြင်း ၂၀၂
၂၇။ လက္ခဏာရေးသုံးပါးကို ဖွင့်ပြခြင်း ၂၁၀
၂၈။ သစ္စာခွဲပုံ ၂၃၀
၂၉။ အနုပဿနာ ၂၃၀
၃၀။ သီလဝိသုဒ္ဓိ ၂၃၇
၃၁။ စိတ္တဝိသုဒ္ဓိ ၂၃၈
၃၂။ ဒိဋ္ဌိဝိသုဒ္ဓိ၊ ကင်္ခါဝိတရဏဝိသုဒ္ဓိ
မဂ္ဂါမဂ္ဂ ဉာဏဒဿနဝိသုဒ္ဓိ ၂၄၅

http://www.dhammadownload.com



၃၃။ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ ၂၅၁
၃၄။ လောကုတ္တရာဉာဏဒဿနဝိသုဒ္ဓိ ၂၅၂
၃၅။ အရိယာပုဂ္ဂိုလ်လေးပါး ၂၅၂
၃၆။ ဓမ္မစကြာနှင့် အနတ္တလက္ခဏအထူး ၂၅၄
၃၇။ အနုမောဒနာ ပွဲသိမ်း ၂၅၆
၃၈။ နိဂုံး ၂၅၇
၃၉။ အနတ္တလက္ခဏသုတ် ပါဠိတော် ၂၅၈
၄၀။ အနတ္တလက္ခဏသုတ် နိဿယသစ်အကြောင်း ၂၆၂
၄၁။ အနတ္တလက္ခဏသုတ် နိဿယသစ် ၂၆၃
၄၂။ သစ္စကဝတ္ထုကြီး ၂၈၀
၄၃။ သစ္စကသုတ္တန်ရှစ်လုံးဖွဲ့ ၃၀၄
၄၄။ ကဿပဗောဓိရှင်သုတ် ပါဠိတော် ၃၁၀
၄၅။ ကဿပဗောဓိရှင်သုတ် နိဿယ ၃၁၂

http://www.dhammadownload.com

http://www.dhammadownload.com



# အမှာစာ

ဘုရားဖြစ်ခါ၊ မိဂဒါသို့
စကြာရွှေဘွား၊ ဖြန့်ချိသွား၍
ငါးပါးဝဂ္ဂီ၊ စုံအညီနှင့်
မဟီတစ်သောင်း၊ တိုက်အပေါင်းမှ
ခညောင်းကပ်လာ၊ နတ်ပြဟ္မာအား
ဝါဆိုလပြေ့၊ စနေနေ့ဝယ်
ကြွေ့ကြွေ့လျှံတက်၊ ဓမ္မစက်ကို
မိန့်မြွက်ထွေပြား၊ ဟောဖော်ကြားသည်
တရားနတ်စည် ရွှမ်းတယ်ကို။

(လယ်တီဆရာတော်ဘုရားကြီး)

ဗုဒ္ဓဘာသာကလေးငယ်တို့သည် စကားပြောတတ်စ မိဘရင်ခွင်တွင်ရှိစဉ်ကပင် အမေကလည်းကောင်း၊ အဘွားကလည်းကောင်း နှောင်းဖြစ် ရှေးဖြစ် အသစ်အဟောင်းဖြစ်ကြောင်းကုန်စင် စုံလင်အောင် ပုံပြင်မှတ်တမ်း အခန်းခန်းတို့ကို သားသမီး မြေးမြစ်တို့အား ပြောကြားလေ့ရှိရာတွင် ရာဇဝင် ဗုဒ္ဓဝင်များပါဝင်လေ့ရှိသဖြင့် ရွှေယုန် ရေကျားသက်ငယ်ရိတ် သွားပုံပြင်နှင့်အတူ မြတ်စွာဘုရားဖွားတော်မူခန်းလည်းပါခဲ့

http://www.dhammadownload.com



သည်။ တောထွက်ခန်း၊ တရားဦးဟောတော်မူခန်းတို့လည်းပါခဲ့သည်။ ထို့ကြောင့် စာရေးသူတို့ ဗုဒ္ဓဘာသာကလေးငယ်တို့အဖို့ တရားဦးဟောတော်မူခန်းကို ငယ်စဉ်ကလေးဘဝကပင် ရွှေယုန်ရွှေကျားတို့နှင့်အတူ မှတ်မိနေခဲ့ပေသည်။

ထို့နောက် ကျောင်းနေစအခါတွင် ရှေ့ဦးစွာကျက်မှတ်ရွတ်ဆိုရသော စာကား 'သုံးလူ့ရှင်ပင်' ပင်ဖြစ်လေရာ 'ဝါဆိုလပြေ့၊ စနေနေ့ဝယ်၊ ကြွေ့ကြွေ့လျှံတက်၊ ဓမ္မစက်' ကိုဟောမြွက်တော်မူခဲ့သည် ဆိုသည်ကို စွဲစွဲမြဲမြဲ မှတ်သားလာခဲ့ရပေသည်။ ကလေးဘဝက 'ဓမ္မစက်' ဟူသည်ကို နားမလည်ခဲ့သော်လည်း စက်ဆိုသည်ကိုကား သိခဲ့သည်။ စာရေးသူတို့ ကလေးငယ်ဘဝ စက်ဟုဆိုလိုက်လျှင် ပထမဆုံး ပြေးမြင်မိသည်ကား မမလေးတို့ချုပ်နေသော အပ်ချုပ်စက်ကို သို့မဟုတ် ယင်းစက်မှလည်နေသော ဘီးဝန်းကြီးကိုပင် ဖြစ်၏။ ထို့နောက် အစ်ကိုတို့စီးနေသော စက်ဘီး။ ထို့ကြောင့် စက်ဆိုသည်မှာ လည်နေသောဘီးဝန်းကြီးဟု နားလည်နေတော့သည်။

ထို့နောက် ကြီးပြင်းလာသောအခါ စက်အမျိုးမျိုးကို သိလာရသည်။ သိလာရသမျှ စက်တို့သည်လည်း လည်ပတ်၍သာနေသဖြင့် စက်ဟုဆိုလိုက်လျှင် လည်ပတ်နေသော အရာ၊ ဘီးဝန်းကြီးများသာဖြစ်၍ နေပေသည်။ သို့နှင့် 'ကြွေ့ကြွေ့လျှံတက်၊ ဓမ္မစက်' ဟူသည်နှင့် စပ်၍ကြည့်လိုက်သော် ဓမ္မစက်

http://www.dhammadownload.com



ဟူသည်ကား လည်ပတ်၍ နေသော တရားတော်ပေတကား ဟုစပ်ဟပ်သိမြင်လာရတော့သည်။

ထိုသို့ဆိုသော် မြတ်စွာဘုရားသည် ဘုရားအဖြစ်သို့ ရောက်တော်မူပြီး ၃-လတာမျှ ကြာသော ဝါဆိုလပြည့်နေ့တွင် တရားစက်ကို လှည့်တော်မူသည်။ ဝါ- နှိုးတော်မူသည်ဟု အဓိပ္ပာယ်ဖော်၍-

"ဓမ္မစက္ကန္တိ ပဋိဝေဓဉာဏမ္ပိ ဒေသနာ ဉာဏမ္ပိ ပဝတ္တနဋ္ဌေန စက္ကန္တိဓမ္မစက္ကံ (ဝိမတိ ၂-၉၂) ဓမ္မစက္ကန္တိ- ဓမ္မစကြာဆိုသည်ကား၊ ပဋိဝေဓဉာဏမ္ပိ- ပဋိဝေဓ ဉာဏ်တော်ဟူသော တရားကိုလည်းကောင်း၊ ဒေသနာ ဉာဏမ္ပိ- ဒေသနာဉာဏ်တော်ဟူသော တရားကို လည်းကောင်း၊ ပဝတ္တနဋ္ဌေန- သောင်းတိုက်များစွာ စကြဝဠာ၌ ခြာခြာမရပ်လည်စေတတ်သော အနက် သဘောကြောင့်၊ စက္ကံ- စကြာရတနာနှင့်တူ၏။ ဣတိ တသ္မာ- ထိုသို့စကြာရတနာနှင့်တူသောတရားတော်ဖြစ် သောကြောင့်၊ ဓမ္မစက္ကံ- ဓမ္မစကြာမည်၏။"

စာပေများကို ကြည့်ရှုသုံးသပ်နိုင်သောအခါ ဤ ဖော်ပြပါ ဋီကာ အဆိုအရ ဓမ္မစကြာဟူသည်ကား လည်ပတ် ဝှေ့ရမ်းပျံသန်းနေသော စကြာ(ဘီး) ရတနာကြီးကဲ့သို့ မပြတ်

http://www.dhammadownload.com



လည်နေသော အရာကိုခေါ်သည်။ ပဋိဝေဓဉာဏ်တည်းဟူသော တရားတော်၊ ဒေသနာဉာဏ်တည်းဟူသော တရားတော်တို့ကို သောင်းတိုက်များစွာ စကြဝဠာတို့၌ ခြာခြာပတ်ပတ် မပြတ်လည်စေတတ်သော သဘောကြောင့် စကြာရတနာနှင့်တူသော တရားတော်ပါတကားဟု သိလာရသည်။

သို့သော် ကလေးများနားလည်ရန်ကား ဤသို့ပြောရသည်။ "နိဗ္ဗာန်ရောက်ကြောင်းတရားကောင်းတို့သည် ရှေးရှေးဘုရားတို့ လက်ထက်ကလည်းရှိခဲ့သည်။ သို့သော် ထိုဘုရားရှင်တို့ မရှိလျှင် ယင်းတရားတို့လည်းပျောက်ကွယ်ခဲ့သည်။ ကဿပမြတ်စွာဘုရားရှိစဉ်က တရားတော် ဓမ္မတော်များသည် ကဿပမြတ်စွာဘုရား ပရိနိဗ္ဗာန်စံလွန်တော်မူပြီးနောက် ပျောက်ကွယ်ကုန်သည်။ ထို့ကြောင့် ကဿပမြတ်စွာဘုရား လက်ထက်ကလည်နေသော တရားစက်ကြီးသည် ကဿပမြတ်စွာဘုရား ပရိနိဗ္ဗာန်ဝင်စံချိန်မှစ၍ ရပ်တံ့သွားလေသည်။ အသင်္ချေယျကပ် တစ်ကပ်ပတ်လုံးရပ်နေသော ဓမ္မစက်တရားစကြာယာဉ်ကြီးကို မဟာသက္ကရာဇ် ၁၀၃-ခု ဝါဆိုလပြည့်နေ့ ညဦးယံအခါကျမှ မိဂဒါဝုန်တောမှာ မြတ်စွာဘုရားက 'ငါးပါးဝဂ္ဂီစုံအညီနှင့် မဟီတစ်သောင်း တိုက်အပေါင်းမှ ခညောင်းကပ်လာ နတ်ပြဟ္မာ' တွေရှေ့မှာ စတင်ပြီးလှည့်လိုက်သည်။ မြတ်စွာဘုရားအဖို့ ပထမဆုံးတရားဦးဖြစ်၍ ကဿပ

http://www.dhammadownload.com



မြတ်စွာဘုရားပရိနိဗ္ဗာန်ဝင်စံပြီးကတည်းက ရပ်နေသောတရားစက်ကြီးကို စ၍နှိုးလိုက်သည်။ လှည့်လိုက်သည်။

တပည့်သာဝကတို့၏ အသိတည်းဟူသော ပဋိဝေဓဉာဏ်ကို မြတ်စွာဘုရား၏ ဒေသနာဉာဏ်တော်နှင့် နှိုးလိုက်၍ နိုးလာရသည်။ ဤသို့ နိုးလာရအောင်ပင် ရပ်နေသော၊ လောကဥပမာအားဖြင့် သံချေးတက်နေသော ဒု- သ- နိ-မ ဟူသော သစ္စာလေးချက် သံကွင်းစက်တို့ကို သစ္စ- ကိစ္စ- ကတသုံးလီ စက်ဆီဖြန်း၍ ၁၂-ခန်းသော အခြင်းအရာတို့ဖြင့် တစ်ခါတည်းလည်အောင် လှည့်တော်မူပြီးနောက် အရှိန်ရလာသောအခါ ပောမဝတသုတ်၊ အနတ္တလက္ခဏာသုတ်မှစ၍ ၄၅-ဝါ ကာလပတ်လုံး တရားတော်များကို အရှိန်မပြတ် လည်ပတ်သွားစေတော်မူလေ၏။

ဤသည်ကား ဓမ္မစက်ဟူသည်ကို စာရေးသူတို့နားလည်ရပုံပါတည်း။ ကလေးဘဝက အမေ့ရင်ခွင်မှစ၍ ပုံပြင်တို့နှင့်အတူ ကြားမိ မှတ်သားခဲ့ရသော ဓမ္မစက်ဟူသည်မှာ အသက်ထက်ဆုံးလည်း မှတ်၍မဆုံး၊ ဖတ်၍မဆုံးရှိခဲ့ပေရာ 'စက်ဟူသည် လည်သည်' ဟူသကဲ့သို့ တရားတော်များသည်လည်း စာရေးသူတို့သန္တာန်ဝယ် လည်၍သာနေသည်။ ဘာကိုပဲ မေးမေး ဘယ်လိုပဲတွေးတွေး တလည်လည်သာရှိနေသည်။ အမှန်တကယ် ကျေကျေနပ်နပ်လည်သည်ကား မရှိ၊

http://www.dhammadownload.com



ဓမ္မစကြာဆိုလျှင်ကား ပို၍ပင်လည်ပါတော့သည်။ ဤအဖြေတွင် လယ်တီဆရာတော်ဘုရားကြီးက ဓမ္မစကြာပါဠိ (ဓမ္မစက္ကပဝတ္တနသုတ်)ကို လူတိုင်းနားဝင်အောင် အနက်ပေး(နိဿယပြု) ပြလိုက်သည်။ ဆရာတော်ဘုရားကြီး၏တပည့် လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီးက အမေးအဖြေကို ကလေးများပင် နားဝင်လာအောင် ရေးပြလိုက်သည်။ ဤစာအုပ် စာပေတို့ဖြင့် စာရေးသူတို့ တရားစကြာကို ကောင်းစွာလည်ပတ်လာနိုင်တော့၏။

ထိုနည်းတူစွာ ဓမ္မစကြာတရားတော်မှ နောက်ဆက်တွဲပမာ လွန်စွာအရေးပါ အရာရောက်လှသော အနတ္တလက္ခဏာအမည်ရသော ရဟန္တာဖြစ်ရေး အနီးကပ်အားဆေးသဖွယ်ဖြစ်သည့် သုတ်တော်ကို ထုတ်ဖော်ဟောကြားတော်မူသည့်အားလျော်စွာ ဤတွင်လည်း အနတ္တလက္ခဏာသုတ် အမေးအဖြေကို တစ်ဆက်တည်းဖော်ပြထားပေသည်။ ယင်းအနတ္တလက္ခဏာသုတ် အမေးအဖြေကိုလည်း လယ်တီပဏ္ဍိတ ဦးမောင်ကြီးပင် ရေးသားခဲ့ပေသည်။

အရှင်ကောဏ္ဍည အစ အရှင်အဿဇိ အဆုံးရှိသည့် ပဉ္စဝဂ္ဂီငါးဦးတို့အား ပဌမအရိယာစခန်းမှ ရဟန္တာအထိ ခရီးပေါက်စေသော နိဗ္ဗာန်ရောက်လမ်းမှန် အနတ္တလက္ခဏာသုတ္တန်တော်ကြီးကား ‘အဝသဝတ္တနဋ္ဌ’ (အလိုသို့မလိုက် အကြိုက်မပါ

http://www.dhammadownload.com



သော သဘောတရား၊ 'အဿာမိကဋ္ဌ' (အစိုးမရသောသဘော တရား)၊ 'သုညတဋ္ဌ' (သုညသဘော၊ ဆိတ်သုဉ်းသောသဘော တရား) နှင့် 'အတ္တပဋိက္ခေပဋ္ဌ' (အတ္တနှင့်ဆန့်ကျင်သော အယူ သဘောတရား) တို့ကို ခွဲခြားရှင်းလင်း လင်းလင်းသိမြင်၍ အရတ္တဖိုလ်ပေါက် ရဟန္တာအဖြစ်သို့ ဆိုက်ရောက်စေသော သုတ္တန်တရားတော်ကြီးပင် ဖြစ်ပေသည်။

ဓမ္မစက္ကပဝတ္တနသုတ္တန်ဖြင့် ပဉ္စဝဂ္ဂီတို့၏ နှလုံးသားဝယ် ကိန်းအောင်းနေသော ကိလေသာ အစိုင်အခဲတို့ကို အိရွဲ နူးပျော့လာစေကာ အနတ္တလက္ခဏာသုတ္တန်ဖြင့် အရည်ပျော် မွကြေ အခိုးအငွေ့ဖြစ်စေလျက် လွင့်ကြွေပျောက်ပျက်၍ သွား စေသဖြင့် ဤအနတ္တလက္ခဏာသုတ္တန်ကြီးမှာ ဗုဒ္ဓမြတ်စွာ သာသနာတော်ကြီး၌ အလွန်ပင် အရေးကြီးလှပေသည်။ ထို့ကြောင့် ပိဋကတ်ဖျူဟာ အဖွဲ့ကြီးမှ ကောဒသမကျမ်းစာ အဖြစ်ဖြင့် ပုံနှိပ်ထုတ်ဝေမည့်အခါ၌ လွန်စွာရှားပါးနေပြီဖြစ် သော ဓမ္မစကြာ အမေးအဖြေ၊ အနတ္တလက္ခဏာသုတ်အမေး အဖြေများကို ပုံနှိပ်ထုတ်ဝေမည်ဟု သိရသောအခါ ဗုဒ္ဓဘာသာ ဝင်တိုင်းပင် တရားတော်ကို ကျေကျေညက်ညက်လှည့်နိုင်ပြီး တစ်သံသရာလုံး မကျေညက်ခဲ့သော ကိလေသာ အတုံးအခဲ တို့ကို တရားစက်ဖြင့် အချက်ကျကျ ကြိတ်ခွဲကာ အနတ္တ

http://www.dhammadownload.com



လက္ခဏာ လေဖြင့် နုတ်နုတ်ပါအောင် လွှင့်ရှဲနိုင်ပါစေဟု အင်ရွဲ့ဝေဖြာ ဝမ်းမြောက်ဝမ်းသာ ဆုတောင်း ပတ္ထနာပြုအပ်ပါသတည်း။

ဘဒ္ဒန္တတိလောကသာရ
အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ
ဩဝါဒါစရိယဆရာတော်
ပိဋကတဗျူဟာအဖွဲ့။

http://www.dhammadownload.com



# ကျမ်းဦးမိတ်ဆက်

လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းပါရမီများကို ဖြည့်ကျင့်ပြီးနောက် ဗုဒ္ဓအဖြစ်သို့ရောက်တော်မူသည့် နေ့မှစ၍ လေးဆယ့်ငါးဝါတို့ပတ်လုံး ဟောကြားတော်မူခဲ့သော ဓမ္မဒေသနာတော် အရပ်ရပ်ကို ပိဋကသုံးပုံ နိကာယ်ငါးရပ် ဓမ္မက္ခန္ဓာ ၈၄၀၀၀ စသော အစီအစဉ်အမျိုးမျိုးဖြင့် ပညာရှင်ကြီးအသီးသီးတို့ ကြိုးစားထိန်းသိမ်းခဲ့ရာ ပရိယတ္တိ သာသနာတော်သည် ယနေ့တိုင်အောင် သန့်ရှင်းစင်ကြယ်စွာရှင်သန်လျက်ရှိပါသည်။ တရားတော်များ၏ ခက်ခဲနက်နဲသော အချက်၊ နက်နဲသိမ်မွေ့သော အဓိပ္ပာယ်၊ သိရန်မလွယ်သော အယူအဆများကို နောင်လာနောက်သားများ ရှင်းလင်းလွယ်ကူစွာ သဘောပေါက် နားလည်စေရေးအတွက် ပညာရှိအရှင်ကောင်း၊ အရှင်မြတ်များသည် အဋ္ဌကထာ ဋီကာ ဂဏ္ဌိစသည်တို့ဖြင့် ဖွင့်ဆိုရေးသား ကြိုးစားပြုစုတော်မူကြသည်။ သံဂါယနာတင်ခြင်း၊ ပေထက်အက္ခရာတင်ခြင်း၊ ကျောက်ထက်အက္ခရာတင်ခြင်းများပြုလုပ်ခဲ့ကြသည်။ စာပုံနှိပ်စက်များ ပေါ်ပေါက်လာသောအခါ များစွာသော ကျမ်းစာများ စာအုပ်အဖြစ်သို့ ရောက်ပြီး လူထုလက်ထဲသို့ ရောက်ခဲ့ရာ များစွာအကျိုးရကြပေသည်။ သို့သော် နက်နဲခက်ခဲပြီး ကျယ်ဝန်းသော ကျမ်း

http://www.dhammadownload.com



ကြီး၊ ကျမ်းခိုင်တို့သည် အသုံးနည်းခြင်း၊ ရောင်းဝယ်မတွင်ကျယ်နိုင်ခြင်းတို့ကြောင့် ပုံနှိပ်စာမူဘဝသို့ မရောက်ဘဲ အသိမ်းခက်အကိုင်ခက် အဖတ်ခက်သော ပေမူများတွင်သာ ကျမ်းအိပ်ကြီးများအဖြစ်ရှိနေဆဲပင်ဖြစ်သည်။ ထိုကျမ်းကြီးများကို ပုံနှိပ်စာအုပ်အဖြစ်ရောက်စေကာ လူထုလက်သို့ရောက်စေမည်ဟူသော ရည်ရွယ်ချက်ကြီးမားစွာဖြင့် ပိဋကဗျူဟာအဖွဲ့ကို ၁၃၃၇-ခု ကဆုန်လပြည့် (၂၄- ၅- ၇၅) နေ့တွင် စတင်ဖွဲ့စည်းခဲ့ကြပါသည်။

အားပေးချီးမြှင့် ကူညီစောင့်ရှောက်တော်မူကြသော လက်ဦးပုဂ္ဂိုလ်ကြီးများမှာ (၁) ကမ္ဘာ့သာသနာပြု အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇသဒ္ဓမ္မ ဇောတိက ဆရာတော်ကြီး ဦးသေဋ္ဌိလာဘိဝံသ၊ (၂) ခြောက်ထပ်ကြီးဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဦးအာစိဏ္ဏ၊ (၃) ပြည်လမ်း၊ ခင်ဦးတောရ မူလပဋ္ဌာန်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဦးနာရဒ၊ (၄) ကြည့်မြင်တိုင်၊ ဘုံပျံဆရာတော် ဦးပညာသာမိ၊ (၅) ဖျာပုံတိုက်သစ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဦးဩဘာသာဘိဝံသ၊ (၆) သပြေကန် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု ရွှေကျင် ဒုတိယသာသနာပိုင်ဆရာတော် ဦးဝါသေဋ္ဌာဘိဝံသ၊ (၇) မင်းကွန်း တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇသဒ္ဓမ္မဇောတိက ဦးဝိစိတ္တ

http://www.dhammadownload.com



သာရာဘိဝံသ၊ (၈) အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဆရာတော် ဦးတိလောကသာရ၊ (၉) အဂ္ဂမဟာပဏ္ဍိတ ဆရာတော် ဦးသီလာနန္ဒာဘိဝံသဆရာတော်တို့ပါဝင်၍ ဦးဆောင်ညွှန် ကြားတော်မူခဲ့ကြပါသည်။

အသင်း၏ နာယကကြီးများ၊ အမှုဆောင်များအဖြစ် ဒီးဒုတ်ဦးသာဒင်၊ ရွှေတိဂုံဂေါပက လူကြီးများဖြစ်ကြသော ဝဏ္ဏကျော်ထင်ဦးမြင့်၊ ဝဏ္ဏကျော်ထင်ဦးဘခင်၊ ဦးအောင်သိမ်း နှင့် ဒေါက်တာဦးရန်ရှင်း၊ ဓမ္မဗျူဟာ ဦးမြသောင်း စသော ပုဂ္ဂိုလ်များပါဝင်ကြပါသည်။

ပိဋကဗျူဟာ၏ ရည်ရွယ်ချက်လုပ်ငန်းစဉ်ကို အားရ သဘောတူသဖြင့် ကျေနပ်နှစ်သက်စွာ အားပေးလိုတော်မူကြ သော ရွှေတိဂုံဘဏ္ဍာတော်ထိန်းအဖွဲ့က အာဇာနည်ဗိမာန် လမ်းပေါ်ရှိ အားလပ်နေသော ပိဋကတိုက်တစ်ခုကို အသင်း အားနေရာချထားပေးအပ်ပြီး မြန်မာပြည်တွင် မပေါ်ပေါက်ဖူး သေးသော မွန်မြတ်သော လုပ်ငန်းကို ဆောင်ရွက်စေတော်မူ ခဲ့ကြပါသည်။ နိုင်ငံတော် တစ်ဝန်းလုံး ရဟန်းရှင်လူသီလရှင် များ ဝမ်းသာအားရ အားပေးပါဝင်ကူညီကြရာ မကြာမြင့်မီ အချိန်ကာလအတွင်း အသင်းဝင် ၁၄၀၀ ကျော်ရရှိခဲ့ပါသည်။ ထူးခြားချက်မှာ ထို ၁၄၀၀ တွင် သာသနာ့ဝန်ထမ်း သံဃာ တော် ၅၂၇-ပါးနှင့်သီလရှင် ၃၈-ပါးပါဝင်ကြခြင်းမှာ သာသနာ

http://www.dhammadownload.com



တော်ဝန်ထမ်းများသည် သာသနာတော် အရေးအတွက် မည်မျှ စိတ်ထက်သန်ကြခြင်းကို လက်တွေ့ပြသနေခြင်းဖြစ်ပါ၏။

ဤသို့ အရှိန်အဟုန်ကောင်းကောင်းဖြင့် အဖက်ဖက်မှ အားပေးကူညီကြသော အချိန်ကောင်းတွင် ရှားပါးစာအုပ်များဖြစ်သော အောက်ပါကျမ်းစာများကို ပုံနှိပ်ထုတ်ဝေနိုင်ခဲ့ပါသည်။

၁။ ကလျာဏီကျောက်စာ စာမျက်နှာ ၂၁၀ ကျောက်စာ သက် ၅၀၀ ပေစာသက် ၂၀၀ -ခန့်၊

၂။ ဇာတ်ဝိသောဓနကျမ်း စာမျက်နှာ ၂၃၂ ပေစာ သက် ၅၈၀- ကျော်၊

၃။ ဝဇီရဗုဒ္ဓိဋီကာနိဿယ (ပ-တွဲ) စာမျက်နှာ ၇၂၆၊ ပေစာသက် ၁၈၀- ကျော်၊

၄။ ဝဇီရဗုဒ္ဓိဋီကာနိဿယ (ဒု-တွဲ) စာမျက်နှာ ၆၈၄၊ ပေစာသက် ၁၈၀- ကျော်၊

၅။ မဟာပဏ္ဏာမည္ဆွန့်ပေါင်းကျမ်း စာမျက်နှာ ၂၂၀၊ ပေစာသက် ၁၀၀-မှ ၆၀၀၊

၆။ နလာဋဓာတ်တော်ကျမ်း စာမျက်နှာ ၃၀၄၊ ပေစာ သက် ၁၀၀၀- ကျော်၊

http://www.dhammadownload.com



၇။ ဝိမတိဝိနောဒနီဋီကာနိဿယ (ပ-တွဲ) စာမျက်နှာ ၈၁၂၊ ပေစာသက် ၁၈၀-ကျော်၊
၈။ ဝိမတိဝိနောဒနီဋီကာနိဿယ (ဒု-တွဲ) စာမျက်နှာ ၆၆၂၊ ပေစာသက် ၁၈၀-ကျော်။

ဝဇီရဗုဒ္ဓိနှင့် ဝိမတိဝိနောဒနီကျမ်းစာအုပ် ၄-အုပ်သည် ဝိနည်းဆိုင်ရာ အဆုံးအဖြတ်များတွင် အလွန်အားကိုးမှီငြမ်းပြု ရသော ကျမ်းကြီးများဖြစ်ရာ ဆရာတော်ကြီးများ အားရနှစ် သက်စွာ အားပေးကြသည်။ ဤအထိကား အားရဝမ်းမြောက် ဖွယ်အောင်မြင်မှုများ ဖြစ်ပါသည်။

အလုပ်ရည်ရွယ်ချက် မည်မျှကောင်းစေ၊ မည်မျှမြင့်မြတ် တန်ဘိုးရှိလေ သခ်ါရသဘောတရားကိုကား မလွန်ဆန်နိုင်ပါ။ ပိဋကဗျူဟာ အဖွဲ့အားအကြောင်းအမျိုးမျိုး ဖန်တီး၍ဖိနှိပ်ချုပ် ချယ် ဖိစီးမှုများကို လေးနှစ်ကျော်ခံလာရသောအခါ လုပ်ငန်း များမတွင်ကျယ်တော့ဘဲ ရပ်ဆိုင်းနေခဲ့ရပါသည်။ နောက်ထပ် အဖိုးတန် စာအုပ်များ ထုတ်လုပ်ရေးလည်း ပျက်ပြားခဲ့ပါသည်။ နေရာသစ်ရှာဖွေရရှိရန်လည်း မလွယ်ကူသဖြင့် ပိဋကဗျူဟာ အဖွဲ့ကို ဖျက်သိမ်းရပ်စဲရတော့မည့် အခြေအနေတွင် မင်းကွန်း တိပိဋက ဆရာတော်ကြီးက မည်သည့်နည်းနှင့်မျှ မပျက်စီးစေ နှင့်၊ ဖြစ်နိုင်သမျှနည်းနှင့် မပြိုကွဲအောင် ကြိုးစားကြဟု ဩဝါဒ

http://www.dhammadownload.com



ပေးပြီးတားမြစ်တော်မူလေသည်။ ဆရာတော်ကြီး၏ အားပေးမှု၊ အမှုဆောင်များ၏ ခိုင်မြဲသော ဖွဲ့အားဖြင့် ယနေ့တိုင်တည်ရှိလာသောအဖွဲ့သည် ယခုအခါ မင်္ဂလာဗျူဟာအသင်း၏ ခွင့်ပြုချက်ဖြင့် နေရာရထားသဖြင့် အလုပ်များကို တတ်နိုင်သလောက် ဆက်လက်ဆောင်ရွက်နေကြပါသည်။

ပြောင်းလဲနေသော စီးပွားရေးခေတ်တွင် ပိဋကဗျူဟာအဖွဲ့သည် အလုပ်မတွင်ကျယ်ဖြစ်ခဲ့ရပြန်ပါသည်။ မြင့်မားလာသော စက္ကူဈေး၊ မင်ဈေး၊ ကြီးမားလာသော လုပ်အားခ၊ ဘရိပ်ရိပ်တက်နေသော အရပ်ရပ်စရိတ်စကများသည် အဖွဲ့၏ ငွေအင်အားနှင့် လိုက်မမီအောင်ဖြစ်ပါသည်။ သို့အတွက် မူလရည်ရွယ်ချက်ကြီးများကို မဆောင်ရွက်နိုင်စေကာမူ လူအများဖတ်လွယ် မှတ်လွယ် ဝယ်ယူလွယ် အကျိုးများဖွယ်ဖြစ်နိုင်သော စာအုပ်များကို ထုတ်မည်ဟူသော ရည်ရွယ်ချက်ဖြင့် စာမူရွေးချယ်ရာ ၁၃၄၁-ခု နတ်တော်လ (၁၉၇၉-ခု၊ ဒီဇင်ဘာလ) က မင်္ဂလာဗျူဟာအသင်းတွင် ၂၅-ကြိမ်တိုင်တိုင် ဟောပြောခဲ့သော စစ်ကိုင်းတောင်ရိုး ပဋ္ဌာန်းသိပ္ပံဆရာတော်ကြီး၏ ဟောပြောချက်များကို စာအုပ်ကိုထုတ်ဝေရန် ရွေးချယ်ခဲ့ပါသည်။ အသံမစဲ ပဋ္ဌာန်းရွတ်ပွဲများ တစ်ပြည်လုံးတွင်ကျင်းပနေသော ယခုအချိန်တွင် ပဋ္ဌာန်းသိပ္ပံဆရာတော်ကြီး၏ တရားသည် လူအများကို ပဋ္ဌာန်းတရား၏

http://www.dhammadownload.com



အခြေခံသဘောများကို နားလည်အောင်ကူညီနိုင်မည်ဟု ယုံကြည်သောကြောင့် အလှူရှင် ပုဂ္ဂိုလ် ၂၁၀- ဦးထံမှ အလှူငွေများကောက်ခံကာ အဖွဲ့၏ နဝမကျမ်းစာအဖြစ် စာမျက်နှာ ၂၉၁ ရှိသော "ပဋ္ဌာန်းလမ်းညွှန်ကျမ်း"ကို ၁၃၅၅-ခု တပေါင်းလ (၁၉၉၄-ခု ဧပြီလ) တွင် ရိုက်နှိပ်ဖြန့်ဖြူးနိုင်ခဲ့ပါသည်

ထို့နောက် ဒသမကျမ်းစာအဖြစ် စာမျက်နှာ ၁၇၆ ရှိသော "ဗုဒ္ဓဒေသနာတော် မြန်မာပြန် နိဒါန်းကျမ်း" ကို ၁၃၅၉ နယုန် (၁၉၉၇- ဇွန်) လတွင်ဖြန့်ချိနိုင်ခဲ့ပါသည်။ ဤကျမ်းမှာ ပိဋက မြန်မာပြန်ကျမ်းများ၏ အဆီအနှစ် အရသာကိုဖော်ထုတ်သည့် မိတ်ဆက်စာတမ်းဖြစ်သော ပါဠိတော် မြန်မာပြန် ကျမ်းများ၏ ကျမ်းဦးမှတ်ဖွယ်များကို စုပေါင်းပုံနှိပ်ထားရာ ပါရာဇိကကဏ်၊ ဝိမာန၊ ပေတ၊ ထေရ၊ ထေရီ၊ အပဒါန်၊ ဗုဒ္ဓဝင်၊ ကထာဝတ္ထု၊ မိလိန္ဒပဉှာ၊ သမန္တစက္ခု၊ သံဂါယနာကိစ္စများ စသည်တို့ကို မှတ်သားမကုန်နိုင်အောင် တွေ့ရှိရမည်ဖြစ်ပါသည်။

ဆက်လက်ထုတ်ဝေရန် ညှိနှိုင်းတိုင်ပင်ကြရာ၌ ဗုဒ္ဓဘာသာ ဥပါသကာ၊ ဥပါသိကာများနှင့် ရင်းနှီးပြီးဖြစ်သော ဓမ္မစကြာနှင့် အနတ္တလက္ခဏသုတ်တော်များကို ဖြန့်ဖြူးရလျှင် အကျိုးကျေးဇူးများမည်ဟု သဘောရကြပါသည်။ ထို့ကြောင့် လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီး၏ အဆက်အနွယ်များထံမှ

http://www.dhammadownload.com



သဘောတူညီချက်ယူပြီးလျှင် ဤအမေးအဖြေ နှစ်စောင်တွဲကို ပိဋကတ်ပြည့်ယာ၏ ကောဒသမကျမ်းစာအဖြစ် ထုတ်ဝေလိုက်ရပါကြောင်း။

ပိဋကတ်ပြည့်ယာအဖွဲ့။

http://www.dhammadownload.com



# နိဒါန်း
## (ဓမ္မစကြာ)

ဘုန်းတော် ခြောက်ဖြာ ဖြန့်မိုးကာလျက် စကြာစိုးရ တိလောကပါရဂူ ပြိုင်သူကင်းဝေး စကြဝတေးအစစ် ဖြစ်ကြီး ဖြစ်တော်မူသော ရှင်တော်မြတ် ဘုရားသည် သစ္စာလေးပါးကို သိမြင်၍ သုံးလောကထိပ်တင် ဘုရားရှင်အဖြစ်သို့ ရောက် တော်မူပြီးသောအခါ ဓမ္မစကြာကို ရှေးဦးစွာ ဟောတော်မူခဲ့ သည်ဖြစ်ပါကြောင်း။

ဓမ္မစကြာဒေသနာ ဆိုသည်မှာ ဗုဒ္ဓသာသနာ၏ အရင်း မူလဖြစ်သည့်အတိုင်း ဗုဒ္ဓဘာသာဝင် လူရှင်ဟူသမျှ သင်ယူ မှတ်သားကြရသော မူလဘူတ လက်ရင်း ဒေသနာတော်ကြီး ဖြစ်ပေသည်။

ဤကဲ့သို့ ဗုဒ္ဓဘာသာ၏ အရိုးကျ ဗုဒ္ဓသာသနာ၏ အုတ်မြစ်ချ မူလဒေသနာတော်ကြီး အစစ် ဖြစ်သည့်အတိုင်း လက်ကိုင်လက်စွဲ အမြဲပြုလုပ်ကာ အစဉ်မပြတ် ရွတ်ဖတ်လေ့ လာထိုက်ကြောင်းကို ပညာရှိ သူတော်ကောင်း အများတို့ ပညတ်ချက် ထားတော်မူခဲ့ကြပေသည်။

ဤကဲ့သို့ ထူးမြတ်လှသော ဓမ္မစကြာသုတ်၏ အနက် အဓိပ္ပာယ်များကို အလွယ်တကူ သင်ယူမှတ်သား ကြစေရန် ရည်သန်ရိုးရင်း နှလုံးသွင်းတော်မူသောအတိုင်း ကျေးဇူးရှင်

http://www.dhammadownload.com



လယ်တီဆရာတော်ဘုရားကြီး၏တပည့် နိုင်ငံခြား သာသနာပြု အသင်းကြီး၏ ဒုတိယနာယက ဓမ္မကထိက အကျော်ဖြစ်တော်မူသော လယ်တီ ဦးဝဏ္ဏိတ အရှင်မြတ်က မဟာသတိပဋ္ဌာန် အမေး အဖြေ စာအုပ်ကို ရေးသားဘိ သကဲ့သို့ ဓမ္မစကြာ အမေးအဖြေ အမည်နှင့် စာအုပ်တစ်အုပ် ရေးသားရန် နှိုးဆော်တိုက်တွန်းတော်မူပေသည်။

လယ်တီ ဦးဝဏ္ဏိတ အရှင်မြတ်သည် ဓမ္မစကြာဒေသနာကို အဋ္ဌကထာဆရာ ဋီကာဆရာကြီးများ ဖွင့်ဆိုတော်မူကြသောနည်းကို အစဉ်မှီး၍ ချဲ့ထွင်ဝေဖန်သော ဒေသနာဉာဏ်ဖြင့် အဆန်းတကြယ် ဟောကြားတော်မူလေ့ရှိရာ ထိုကဲ့သို့ ဟောကြားတော်မူအပ်သော ဓမ္မစကြာဒေသနာကို ကြားနာကြရသော ပရိသတ်များတို့လည်း သဒ္ဓါတရား တိုးတက်စွာနှင့် ဗုဒ္ဓသာသနာတော်၏ အခြေမူလ အုတ်မြစ်ချကြီးဖြစ်ကြောင်းကို ကောင်းမွန်ပွင့်လင်းစွာ သိရှိကြလေသည်။

ထိုကဲ့သို့ ဓမ္မစကြာ ဒေသနာကို အသေအချာ ဝေဝေဆာဆာချဲ့ထွင်၍ ဟောကြားတော်မူလေ့ရှိသော ဓမ္မကထိက လယ်တီ ဦးဝဏ္ဏိတ၏ နှိုးဆော်တိုက်တွန်းခြင်းကို အရင်းပဓာနပြုပြီးလျှင် ဤ(ဓမ္မစကြာ အမေးအဖြေ) စာအုပ်ကို ရေးသားရသည် ဖြစ်ပါကြောင်း။

ဤ(ဓမ္မစကြာ အမေးအဖြေ) စာအုပ်ကို ကြည့်ရှုကြပါ

http://www.dhammadownload.com



လျှင် မိမိတို့ ကိုးကွယ်ဆည်းကပ်လျက်ရှိသော ဗုဒ္ဓရှင်တော်ဘုရား၏ ဘုရားစစ် ဘုရားမှန် ဖြစ်ကြောင်းကို ကောင်းမွန်ကျနစွာ သိရှိကြပြီးလျှင် ဓမ္မစကြာ သုတ္တန်၏ အဓိပ္ပာယ်သဘောများကို လက်ဝယ်တင်ထား ပတ္တမြားကဲ့သို့ ထင်ထင်ရှားရှား ပွင့်ပွင့်လင်းလင်းကြီး သိမြင်၍ လေးအင်သော မူရင်းသစ္စာနှင့် တစ်ဆယ့်ခြောက်ဖြာသော သစ္စာအနက်တို့ကိုလည်း ကွက်ကွက်ကွင်းကွင်း ထင်လင်းစွာ သိကြလိမ့်မည် ဖြစ်ပါကြောင်း။

ဤ (ဓမ္မစကြာ အမေးအဖြေ)ကျမ်းကို ရိုက်နှိပ်ရာတွင် ပါဠိတော်နှင့်တွဲဘက်တိုက်ဆိုင်၍ အလွယ်တကူ ကြည့်ရှုနိုင်ကြစေရန် ဓမ္မစကြာသုတ္တန် ပါဠိတော်ကိုလည်း ပူးတွဲ၍ ရိုက်နှိပ်ထားသည် ဖြစ်ပါကြောင်း။

ဓမ္မစကြာ၏ အရသာ အဆီအနှစ်ဖြစ်သော ဤ (အမေးအဖြေ) စာအုပ်ကို ဗုဒ္ဓဘာသာ ဖြစ်ကြကုန်သော အမျိုးသား အမျိုးသမီးတို့သည် အမြဲမပြတ် လက်သုံးထား၍ မှတ်သားလေ့ကျက် ဆောင်ရွက်သင်ယူကြစေကုန်သတည်း။

လယ်တီပဏ္ဍိတ- ဆရာဦးမောင်ကြီး

၁၂၈၇-ခု

တန်ဆောင်မုန်းလဆန်း ၁၅-ရက်၊

ရန်ကုန်မြို့၊

http://www.dhammadownload.com



**မှတ်ချက်။** ။ ဤမေးမွစကြော အမေးအဖြေကို နှုတ်ရဆောင်ရွက်ကြပြီးလျှင် ဗုဒ္ဓဘာသာ မြန်မာတို့၏ အလေ့ထုံးစံရှိသော အတိုင်း အများစုပေါင်း၍ ဝတ်ကျောင်း မွှာရုံတို့၌ ဝတ်တက် ဝတ်ကပ် ပြုကြရာတွင်လည်း တစ်ယောက်ကမေး၍ တစ်ယောက်က ဖြေပါလျှင် အလွန်ကြည်ညိုဖွယ် ကောင်းပါလိမ့်မည်။

◆◆❀◆◆

http://www.dhammadownload.com



## ဓမ္မစကြာအမွန်း

ဘုန်းပန်း ပရမေ ထိန်ထိန်ဝေသည် စိန္တေတွတ်ဖျား စောဘုရားကား ရှည်လျားလွန်းလေ လေးသချေ်နှင့် ကပ်နေ တစ်သိန်း ဆယ်သင့်သော ပါရမီကိန်းတို့ကို ဖြည့်သိမ်းဆည်း ပူးတော်မူခဲ့ရာ ဒီပင်္ကရာအစ ကဿပအဆုံး စောထွတ်ဘုန်း တို့၏ မြွက်ကြူးသည့် ဗျာဒိတ်ပန်းကို ဆင်မြန်းတော်မူခဲ့ပြီး သည့်နောက် ထွန်းတောက်ကဲမြင့် ပါရမီအဟုန်က အလုံးစုံ ရင့်သဖြင့် ပွင့်လုနည်းကြုံလေသော် တိုင်းဘုံမဇ္ဈိမ ကပိလ အောင်ခန်း နန်းတော်ကြီးသခင် ဘုရင်သုဒ္ဓေါဒန ညာနန်းမ ဒေဝီ မဟာသီဝမ်းတိုက်၌ ကိန်းပိုက်တော်မူပြီးလျှင် လုမ္ဗိနီ ဥယျာဉ်ဝယ် ဖွားမြင်တော်မူခဲ့၍ တစ်ဆယ့်ခြောက်နှစ် အရွယ် တော်တွင် မယ်ယသော် ကမ္ဘာ့ဖွားနှင့် စုလျားတော်ရစ်ဆင် သားရာဟုလ်ဖွားမြင် လေးနိမိတ်ထင်သည်တွင် ကြည်ရွှင်တော် မချမ်းမြေ့ လောကီမှာငြီးငွေ့၍ ထိုနေ့ညဉ့်သန်းခေါင် ရွှေနန်း ကိုခွာရှောင်၍ နေဉ်မာသောင် ကမ်းတစ်ဘက်သို့ မြန်းထွက် တော်မူခဲ့လေသတည်း။

အနေဉ်မာ သောင်ဆွယ်တွင် ဆံတော်ကိုဖြတ်ပယ်၍ ရှစ်သွယ်သော ပရိက္ခရာကို ဃဋိကာပြဟ္မာမင်း သက်ဆင်း၍ လှူကပ်သဖြင့် လူနတ်တို့ ထိပ်ပန်းသည် မြတ်ရဟန်းပြုပြီး သော် အကျင့်တော်ဒုက္ကရ ခြောက်နှစ်မျှတိုင်တိုင် ကျင့်နိုင်ဖို့

http://www.dhammadownload.com



ခက်ခဲကို ရဲရဲကြီးကျင့်သုံးလျက် နောက်ဆုံးနှစ်အတိုင် ပင် ဗောဓိဗွေမဏ္ဍိုင်ဝယ် လေးဆိုင်သော သစ္စာနှင့် ပု-ဒိ-အာ မြိုက်ပန်းကို ဆွတ်လှမ်းကာလွယ်ကူ ရွှေလက်တော်ချူပြီးမှ ရန်သူတော်ငါးထွေ နှောင့်ယှက်သည့် မာရ်စစ်တွေကို ညက် ညက်ကြေချေမှုန်းလျက် ရွှေဘုန်းတော်ဂုဏ်တံခွန်ကို မိုးစွန် ထိဖြန့်လွှား သုံးဆင့်ဘုံ ခရိုင်ဖျားမှာ မြတ်ဘုရား ဖြစ်တော်မူ လေသတည်း။

လူရောနတ်ပါ ပြဟ္မာမကြွင်း ဘုံခပင်းက ဝပ်စင်းပူဇော် ကြရာ သမ္မာသမ္ဗုဒ္ဓ သုံးလောကမကိုင်း အမြိုက်ထွတ်ထား မြတ်ဘုရား ဖြစ်တော်မူပြီးနောက် ကိုယ်တော်ထီးသာ ဖိုလ် ချမ်းသာဖြင့် သတ္တာသတ္တ မြတ်ဌာနဝယ် နဝတာလီ ရက်စဉ်စီ ဖြင့် ရပ်တည်မွေ့လျော် စံပယ်တော်မူပြီးနောက် ပေါက်ရောက် သိမြင် တရားလမ်းစဉ်ကို ဆင်ခြင်တော်မူလေရာ လွန်စွာနက်နဲ ခက်ခဲဘိတောင်း တရားကောင်းကို အပေါင်းများစွာ သတ္တဝါ တို့လည်း ဘယ်မှာသိနိုင်ကြမည်နည်း၊ ကိလေသာပြောထူ ညစ်ကြေးမြူနှင့် လူနတ်ပြဟ္မာ သတ္တဝါကို ငါ၏တရား မဟော ကြားဘဲ ငါကားကိုယ်ထီး ချမ်းသာမှီး၍ ငြိမ်းကြီးငြိမ်းစွာ ဖိုလ် ချမ်းသာဖြင့် ဝင်စားကာနေတော့မည် နှလုံးဖြင့် စောထွတ်ဘုန်း မြတ်ဘုရားသည် အားလျှော့တော်မူခဲ့ပြန်လေရာ-

ထိုသည့်အခါ မိုးပြဟ္မာဟု မဟာသဟမ္ပတိ အရေးကုန်

http://www.dhammadownload.com



သိလေသော် . . . နသာတိ ဝတ ဘော လောကော။ ဘော၊ အိုအချင်းတို့။ လောကော၊ လောကကြီးသည်။ နဿတိ ဝတ၊ ပျက်စီးတော့မည်တကား။ ဤကဲ့သို့ ညည်းတွားလျက် ဘုရားရှင်ထံသို့ လျင်မြန်စွာ သက်ဆင်း၍ ရှိခိုးခြင်းအဥ္စလီ အကြိမ်ကြိမ်တင်ချီလျက် သမဂ္ဂီစေတနာ ရှိသေခြင်း အဖြာဖြာကို ရှေ့တော်မှာပြုပြီးမှ . . . ဒေသေတု ဘဂဝါ ဓမ္မံ။ ဘဂဝါ၊ ဘုန်းတော်နေဝန်း ထွန်းတထိန်ထိန် သာကိန်ထွတ်ဖူး နိဗ္ဗာန်မှူး။ ဓမ္မံ၊ သိမြင်ထိုးထွင်း အလင်းထိန်လက် ဓမ္မစက်ကို။ ဒေသေတု၊ သတ္တဝါ အများအား ကရုဏာရှေ့ထား၍ ဟောကြားတော်မူပါဘုရား။ ဝပ်တွားကာအတန်တန် ဤကဲ့သို့ တောင်းပန်သဖြင့် နိဗ္ဗာန်ပိုင်အရှင် လေးသစ္စာသခင်သည် သိမြင်ပြီး တရားနက်ကို ဟောမြွက်တော်မူခြင်းငှာ ကရုဏာ အာရုံ မွှမ်းထုံသော နှလုံးဓာတ်ဖြင့် ဆုံးဖြတ်တော်မူပြန်လေသည်တွင်-

ဗြဟ္မာသဟမ္ပတိ အဘိယာစက ခွင့်တောင်းသည့် ကိစ္စကြောင့် လောကကို ဉာဏ်ကွန်ရက်ဖြင့် ဖြန့်ကြက်၍ ရှုလေသော် ဉာဏ်စက္ခုအတွင်းသို့ ထင်လင်းမြင်လာတုံ မိဂဒါဝုန်ရဂုံတွင် ပြည့်စုံပြီးပါရမီ ငါးပါးသော ဝဂ္ဂီအား အစချီအာဒိကံ ဓမ္မစက်သုတ္တန်ကို သမုဋ္ဌာန်ခွန်းအိမ့်၍ ညွှန်းမိန့်တော်မူခြင်းငှာ ရွှေစကြာပဒုံပန်း စုံနှစ်ဖြာကြွမြန်း၍ ဗောဓိနန်းအောင်

http://www.dhammadownload.com



မြေမှ ရှောင်သွေ၍အကြွ မိဂဒါဝုန်တောဝနတွင် တာပသ ငါးဦးတို့အား တရားထူးဟောကြားတော်မူလေသည်မှာ ဒွေ မေ ဘိက္ခဝေ အန္တာ ပဗ္ဗဇိတေန နသေဝိတဗ္ဗာ ... ဤကဲ့သို့ အစဖြာသော ဓမ္မစကြာတရားမြတ်ကြီး ဖြစ်လေသည်။

ဘုရားစင်စစ် ဖြစ်ပြီးသောအခါ ရှေးဦးစွာဖြင့် စကြာတရား ဟောတော်မူခဲ့သည့် အချက်များကို ထောက်ထားကာ ဆင်ခြင် လင်းလင်းကြီးမြင်ကြပြီးလျှင် သူတော်စင်မြတ်ကလျာ သဒ္ဓါ မျိုးဇာတ်ပါလျက် သာသနာတော်ကို ခိုလှုံ၍ ကြည်ယုံရင်းရှိကြသော ကလျာဏဂိုဏ်းဝင် သဒ္ဓါဇာတ်ကြည်လင်သည့် သူတော်စင် မိတ်သင်္ဂဟာတို့သည် စိတ်သမ္မာအရင်းခံလျက် သမုဒ္ဒာန်စကြာ မြတ်လှသော သုတ်ဓမ္မာကို နှုတ်လျှာကွန့်မြူး၍ ရင့်ကျူးရွတ်ဆိုကြကုန်အံ့သတည်း။

မှတ်ချက်။ ။ဤအမွန်းကို ရွတ်ဆိုပြီးလျှင် ဓမ္မစက္ကပဝတ္တန သုတ် ပါဠိတော်ကြီးကို ရွတ်ဆိုတော်မူကြပါကုန်။

http://www.dhammadownload.com



# ဓမ္မစကြာ အမေးအဖြေ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

**ပဏာမ**

၁။ ဘုန်းတော်ခြောက်ဆင့်၊ အောင်လံဖွင့်၊ အမြင့်ဘဂဝ်တိုင်။
၂။ ဓမ္မစကြာ၊ မိဂဒါ၊ တောမှာထွတ်ဘုန်းလှိုင်။
၃။ ဟောကြားမိန့်မြွက်၊ ပဥ္စဝဂ်၊ ဖိုလ်မဂ်လမ်းပိုင်ပိုင်။
၄။ ဘုရားရှင်အား၊ တုံ့ဝပ်တွား၊ တင်ထားရှိပန်းခိုင်။
၅။ တရားသံဃာ၊ ရတနာ၊ ဝန္ဒာမနော‌မြိုင်။
၆။ လယ်တီအသျှင်၊ ကျေးဇူးရှင်၊ ထိပ်တင်ရှိညွတ်ယိုင်။
၇။ ရှေးဦးမိန့်မြွက်၊ ဓမ္မစက်၊ အနက်ဓိပ္ပာယ်ပိုင်။
၈။ သိဖို့အပြီး၊ အချက်ကြီး၊ သီးသီးခွဲစိတ်နိုင်။
၉။ ဘာသာဗုဒ္ဓ၊ မှန်သမျှ၊ နိစ္စကိုယ့်လက်ကိုင်။
၁၀။ အမျိုးကောင်းသား၊ ပေါင်းအများ၊ ဉာဏ်ပွားလွန်ဖြိုးခိုင်။
၁၁။ မျိုးသမီးတွေ၊ ဉာဏ်ပွင့်စေ၊ မှန်းခြေစိတ်ထားပိုင်။
၁၂။ ရေးရန်အကြောင်း၊ ခွင့်ပန်တောင်း၊ အပေါင်းမိတ်လှိုင်လှိုင်။
၁၃။ ထို့ကြောင့်အကျွန်၊ ရေးပြဆွန်၊ ကောင်းမွန်စိတ်မဏ္ဍိုင်။

http://www.dhammadownload.com



၁၄။ ဓမ္မစကြာ၊ မေးဖြေစာ၊ နှံ့သာပန်းသို့ကြိုင်။
၁၅။ အမေးကွင်းကွင်း၊ အဖြေရှင်း၊ ထင်လင်းသိဉာဏ်ပိုင်။
၁၆။ သစ္စာလေးချက်၊ တရားနက်၊ ဖုံးဝှက်မကွယ်နိုင်။
၁၇။ ခန္ဓာရုပ်ဓာတ်၊ ပရမတ်၊ အတပ်သင်လက်ကိုင်။
၁၈။ လေ့လာစေကြောင်း၊ ကျွန်ဆုတောင်း၊ နောက်နှောင်း နိဗ္ဗာန်တိုင်။

## ဓမ္မစကြာနိဒါန်း အမေးအဖြေ

မေး ။ ။ ဤဓမ္မစကြာသုတ်ကို အဘယ်ပုဂ္ဂိုလ် ဟောကြားတော်မူခဲ့ပါသနည်း။

ဖြေ ။ ။ ဘုန်းတော်ခြောက်ဆူ အောင်လံထူ၍ နတ်လူတို့၏မကိုဋ် အမြိုက်ထွတ်ဖူး နိဗ္ဗာန်မှူးဖြစ်တော်မူသော မြတ်စွာဘုရားသည် ဤဓမ္မစကြာသုတ် တရားတော်ကို ဟောကြားတော်မူခဲ့ပါသည်။

မေး ။ ။ သဗ္ဗညုဘုရားရှင်တို့မှာ ဂဏ်ဝါဠူ သဲစုမကပွင့်တော်မူခဲ့ကြသည်ဖြစ်ခဲ့ရာ လွန်စွာများပြားလှပါသဖြင့် အဘယ်အမည်တော်ရှိသော မြတ်စွာဘုရားသည် ဤဓမ္မစကြာသုတ်ကို ဟောကြားတော်မူခဲ့ပါသနည်း။

http://www.dhammadownload.com



ဖြေ ။ ။ ဤဘဒ္ဒကပ် မြတ်လှသော ကမ္ဘာတွင် ကကုသန် မြတ်စွာဘုရား၊ ကောဏာဂုံမြတ်စွာဘုရား၊ ကဿပမြတ်စွာ ဘုရား ဤသုံးဆူသော နောင်တော်ဘုရားရှင်တို့သည် လေး အင်္ဂါသစ္စာ ကောင်းစွာ သိမြင်တော်မူကြပြီးသည်နောက် လေးဆင့်မြောက်ပွင့်တော်မူသော ဂေါတမမြတ်စွာဘုရားသည် ဤဓမ္မစကြာသုတ္တန် တရားကို ဟောကြားတော်မူခဲ့ပါသည်။

မေး ။ ။ ယခုဖြေဆိုခဲ့သော ဂေါတမ မြတ်စွာဘုရားသည် မည်သည့်အခါ မည်သည့်အမျိုးမှ ပွင့်ပေါ်လာသောဘုရားရှင် ဖြစ်ပါသနည်း။

ဖြေ ။ ။ ဂေါတမ မြတ်စွာဘုရားသည် လွန်ခဲ့သောနှစ်ပေါင်း (၂၄၀၀)နှစ်ထောင့်လေးရာကျော်အခါ မဟာသက္ကရာဇ်(၆၈) ခြောက်ဆယ့်ရှစ်တွင် သာကီဝင်မျိုးဖြစ်သော ခမည်းတော် သုဒ္ဓေါဒန မင်းတရားကြီး၊ မယ်တော် မာယာဒေဝီ မိဖုရား ခေါင်ကြီးတို့မှ မီးရှူးသန့်စင် ဖွားမြင်တော်မူပြီးနောက် သက်တော် သုံးဆယ့်ခြောက်တွင် သစ္စာလေးပါးကိုသိမြင်၍ ဘုရား ရှင်အဖြစ်သို့ ရောက်တော်မူသော ဂေါတမမြတ်စွာဘုရား ဖြစ်ပါသည်။

မေး ။ ပညာဓိကဘုရား၊ သဒ္ဓါဓိကဘုရား၊ ဝီရိယာဓိက ဘုရားဟူ၍ ရှင်တော်မြတ်ဘုရား သုံးမျိုးရှိခဲ့ရာ ဂေါတမမြတ်စွာ ဘုရားသည် မည်သည့်ဘုရားမျိုးတွင် ပါဝင်တော်မူပါသနည်း။

http://www.dhammadownload.com



ဖြေ ။ ။ ပညာဓိက ဘုရားမျိုးတွင် ဂေါတမမြတ်စွာဘုရား ပါဝင်တော်မူပါသည်။

မေး ။ ။ အဘယ်ကြောင့် သိရပါသနည်း။

ဖြေ ။ ။ ပညာဓိက ဘုရားမှာ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီဖြည့်ရပါသည်။ သဒ္ဓါဓိက ဘုရားမှာ ရှစ်သင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီဖြည့်ရပါသည်။ ဝီရိယာဓိက ဘုရားမှာ တစ်ဆယ့်ခြောက်သင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီဖြည့်ရပါသည်။

ဤကဲ့သို့ ပါရမီဖြည့်တော်မူကြရာဝယ် ဂေါတမမြတ်စွာဘုရားသည် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ဖြည့်ရသောကြောင့် ပညာဓိကဘုရားဖြစ်ကြောင်းကို သိရပါသည်။

မေး ။ ။ ဂေါတမ မြတ်စွာဘုရားသည် မည်သည့်အခါ အဘယ်မည်သော ဘုရားရှင်၏ အထံတော်၌ အဘယ်သူ ဖြစ်၍ နိယတ ဗျာဒိတ်ပန်းကို ဆင်မြန်းခံယူတော်မူခဲ့ပါသနည်း။

ဖြေ ။ ။ လွန်ခဲ့သော လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းအခါ ဒီပင်္ကရာမည်သော မြတ်စွာဘုရား၏အထံတော်၌ သုမေဓာရှင်ရသေ့ဖြစ်၍ နိယတဗျာဒိတ်ပန်းကို ဆင်မြန်းတော်မူခဲ့ပါသည်။

မေး ။ ။ ဒီပင်္ကရာ မြတ်စွာဘုရားမှစ၍ ယခုဂေါတမမြတ်စွာ

http://www.dhammadownload.com



ဘုရားပွင့်တော်မမူမီ အတွင်းမှာပင် ဘုရားပေါင်းမည်မျှ ပွင့်တော်မူကြပါသနည်း။

**ဖြေ ။ ။** ဘုရားပေါင်း နှစ်ကျိပ်လေးဆူတို့ ပွင့်တော်မူကြပါသည်။

**မေး ။ ။** ထိုနှစ်ကျိပ်လေးဆူသော ဘုရားရှင်တို့၏ အမည်တော်များကို ထင်ရှားစွာ ထုတ်ဖော်၍ပြဆိုပါ။

**ဖြေ ။ ။** ၁-ဒီပင်္ကရာမြတ်စွာဘုရား။ ၂-ကောဏ္ဍညမြတ်စွာဘုရား။ ၃-မင်္ဂလမြတ်စွာဘုရား။ ၄-သုမန မြတ်စွာဘုရား။ ၅-ရေဝတ မြတ်စွာဘုရား။ ၆-သောဘိတ မြတ်စွာဘုရား။ ၇-အနောမဒဿီ မြတ်စွာဘုရား။ ၈-ပဒုမ မြတ်စွာဘုရား။ ၉-နာရဒမြတ်စွာဘုရား။ ၁၀-ပဒုမုတ္တရ မြတ်စွာဘုရား။ ၁၁-သုမေဓာ မြတ်စွာဘုရား။ ၁၂-သုဇာတ မြတ်စွာဘုရား။ ၁၃-ပိယဒဿီ မြတ်စွာဘုရား။ ၁၄-အတ္ထဒဿီ မြတ်စွာဘုရား။ ၁၅-ဓမ္မဒဿီ မြတ်စွာဘုရား။ ၁၆-သိဒ္ဓတ္ထ မြတ်စွာဘုရား။ ၁၇-တိဿမြတ်စွာဘုရား။ ၁၈-ဖုဿမြတ်စွာဘုရား။ ၁၉-ဝိပဿီ မြတ်စွာဘုရား။ ၂၀-သိခီ မြတ်စွာဘုရား။ ၂၁-ဝေဿဘူ မြတ်စွာဘုရား။ ၂၂-ကကုသန် မြတ်စွာဘုရား။ ၂၃-ကောဏာဂုံ မြတ်စွာဘုရား။ ၂၄-ကဿပမြတ်စွာဘုရား။ ဤသို့လျှင် နှစ်ကျိပ်လေးဆူသော ရှင်တော်ဘုရားတို့ ပွင့်တော်မူကြပါသည်။ ထိုဘုရားရှင်တို့ ပွင့်တော်မူပြီးသောအခါ ရှင်

http://www.dhammadownload.com



ဂေါတမမြတ်စွာဘုရား ထင်ရှားစွာ ပွင့်တော်မူလာပါသည်။

မေး ။ ။ ဤရှင်ဂေါတမ မြတ်စွာဘုရားသည် အဘယ်အခါ အဘယ်အရပ်ဌာနတွင် ပွင့်တော်မူပါသနည်း။

ဖြေ ။ ။ ဘိုးတော် အဥ္စနမင်းကြီး ဖြိုပြီး သက္ကရာဇ် (၁၀၃) ခုနှစ် အကြို ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့အခါ ဇမ္ဗူဒီပါကျွန်း ကြီး၏ အချက်အချာ မဟာဗောဓိ သိရိမြူတေ ပလ္လင်ဗွေ၌ လေးထွေသောသစ္စာကို ကောင်းစွာသိမြင်၍ ဘုရားရှင်အဖြစ်သို့ ရောက်တော်မူပါသည်။

**ဆောင်ပုဒ်လင်္ကာ**

တောရပ်မြိုင်ပေါ်၊ ခြောက်နှစ်ဖျော်၍၊ ခါတော်တစ်ဖုံ၊ ပွင့်ချိန်ကြုံက၊ ကဆုန်လပြည့်၊ ဆင်မင်းနေ့ဝယ်၊ မြေ့ပရမေ၊ ပလ္လင်ဗွေထက်၊ ရွှေညောင်တော်ကြီး၊ ဗိတာန်ထီးနှင့်၊ မငြီး ကြည်ဖြူ၊ နေတော်မူလျက်၊ ရန်မြူခပင်း၊ အမိုက်သင်းကို၊ အရှင်းပယ်ဖျောက်၊ အလင်းပေါက်၍၊ ထွန်းတောက်ဘုန်းတော်၊ သောင်းလုံးကျော်သည်၊ သုံးဘော်လူတို့ ငြိမ်းပါကို။

မေး ။ ။ ဘုရားဖြစ်တော်မူသော ကဆုန်လပြည့်နေ့တွင် မာရ်စစ်သည်များကို အောင်မြင်ပုံနှင့် ဉာဏ်တော်ကြီးသုံးပါး ပေါ်ပေါက်လာပုံကို အချိန်ကာလအားဖြင့် ထင်ရှားစွာပြဆိုပါ။

ဖြေ ။ ။ ကဆုန်လပြည့်နေ့ နေမဝင်မီ မာရ်စစ်သည်တော် ကြီးကို အောင်မြင်တော်မူပါသည်။ ညဦးယံအခါ ပုဗ္ဗေနိဝါသ

http://www.dhammadownload.com



ဉာဏ်တော်ကြီး ပေါ်ပေါက်လာပါသည်။ သန်းခေါင်ယံအခါ ဒိဗ္ဗစက္ခုဉာဏ်တော်ကြီး ပေါ်ပေါက်လာပါသည်။ မိုးသောက်ယံ အရုဏ်တက်အခါတွင် အာသဝက္ခယ ဉာဏ်တော်ကြီး ပေါ်ပေါက်၍ တရားအလုံးစုံကို အကုန်သိမြင်သော ဘုရားရှင်အဖြစ်သို့ ရောက်တော်မူပါသည်။

**မေး ။ ။** ဉာဏ်တော်ကြီးသုံးပါး၏ အဓိပ္ပာယ်များကို ထင်ရှားအောင်ဖွင့်ပြပါ။

**ဖြေ ။ ။** ရှေးရှေးဘဝအစဉ်ကို သိမြင်နိုင်သော ဉာဏ်တော်ကို ပုဗ္ဗေနိဝါသာနုဿတိဉာဏ်တော် ဟုခေါ်ပါသည်။ ခပ်သိမ်းဉဿုံ ရှုပါရုံအမျိုးမျိုးကို မြင်နိုင်သော ဉာဏ်တော်ကို ဒိဗ္ဗစက္ခုဉာဏ်တော် ဟုခေါ်ပါသည်။ အာသဝေါ အညစ်အကြေး ကင်းဝေးကုန်ခန်းသော ဉာဏ်တော်ကို အာသဝက္ခယ ဉာဏ်တော် ဟုခေါ်ပါသည်။

**မေး ။ ။** မာန်ငါးပါးကို အောင်မြင်၍ ဘုရားရှင်အဖြစ်သို့ ရောက်တော်မူသည်ဟူ၍ ဆိုရာတွင် မာရ်ငါးပါး၏ သရုပ်ကို ဖော်ထုတ်၍ ပြပါ။

**ဖြေ ။ ။** ဒေဝပုတ္တမာရ်၊ ကိလေသမာရ်၊ ခန္ဓမာရ်၊ အဘိသင်္ခါရမာရ်၊ မစ္စုမာရ်။ ဤသည်ကား မာရ်ငါးပါး၏သရုပ်ဖြစ်ပါသည်။

**မေး ။ ။** ထိုမာန်ငါးပါး၏ အဓိပ္ပာယ်ကို ရှင်းလင်းစွာ ဖော်ပြပါ။

http://www.dhammadownload.com



ဖြေ ။ ။ မာရ်နတ်သားကို ဒေဝပုတ္တမာရ် ဟုခေါ်ပါသည်။ တစ်ထောင့်ငါးရာ ကိလေသာတို့ကို ကိလေသမာရ် ဟုခေါ်ပါသည်။ ခန္ဓာငါးပါးအပေါင်းကို ခန္ဓမာရ် ဟုခေါ်ပါသည်။ သံသရာ၌ အကျိုးပေးစေနိုင်သော ကုသိုလ်ကံ အကုသိုလ်ကံများကို အဘိသင်္ခါရမာရ်ဟု ခေါ်ပါသည်။ သတ္တဝါအပေါင်းတို့ကို အစဉ်မပြတ် သတ်ဖြတ်၍နေသော သေမင်းကို မစ္စုမာရ် ဟုခေါ်ပါသည်။ ထို မာရ်ငါးပါးကို အောင်မြင်၍ ဘုရားရှင်အဖြစ်သို့ရောက်သောကြောင့် (ဇိန) ဟူသော ဘွဲ့ထူးကို ရရှိတော်မူပါသည်။

မေး ။ ။ ဘုရားဖြစ်တော်မူသောအခါ ဂုဏ်တော်ကိုးပါးနှင့် ပြည့်စုံတော်မူသည်ဟု ဆိုရာတွင် ဘုရားရှင်တို့၏ ဂုဏ်တော်ကိုးပါးကို အချုပ်အားဖြင့် ထင်ရှားစွာဖော်ပြပါ။

ဖြေ ။ ။ ၁-ပူဇော်အထူးကို ခံတော်မူထိုက်သော "အရဟံ" ဂုဏ်တော်။ ၂-အလုံးစုံသောတရားကို မဖောက်မပြန် သယမ္ဘူဉာဏ်ဖြင့် မှန်ကန်စွာ သိမြင်တော်မူသော "သမ္မာသမ္ဗုဒ္ဓ" ဂုဏ်တော်။ ၃-ဝိဇ္ဇာသုံးပါး ဝိဇ္ဇာရှစ်ပါး စရဏ ၁၅-ပါးတို့နှင့် ပြည့်စုံတော်မူသော "ဝိဇ္ဇာစရဏသမ္ပန္န" ဂုဏ်တော်။ ၄-ကောင်းသောစကားကိုသာ ဆိုတော်မူတတ်သော "သုဂတ" ဂုဏ်တော်။ ၅-လောကဓာတ် အလုံးစုံကို အကုန်သိမြင်တော်မူနိုင်သော "လောကဝိဒူ" ဂုဏ်တော်။ ၆-မယဉ်ကျေးသော

http://www.dhammadownload.com



သတ္တဝါတို့ကို ယဉ်ကျေးစွာ ဆုံးမတော်မူနိုင်သော အချက်တွင် ပြိုင်ဘက်ကင်းလွတ်တော်မူသော "အနုတ္တရော ပုရိသဒမ္မသာရထိ" ဂုဏ်တော်။ ၇-နတ်လူတို့၏ဆရာ ဖြစ်တော်မူသော "သတ္ထာ ဒေဝမနုဿာန" ဂုဏ်တော်။ ၈-သစ္စာ လေးတန် တရားမှန်ကို ကောန်သိမြင်တော်မူနိုင်သော "ဗုဒ္ဓ" ဂုဏ်တော်။ ၉-ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော "ဘဂဝါ" ဂုဏ်တော်။ ဤသို့အားဖြင့် ဘုရားရှင်တို့ ဓမ္မတာ ပြည့်စုံရသော ဂုဏ်တော် "ကိုးပါး" ဖြစ်ပါသည်။

မေး ။ ။ ဓမ္မစကြာတရားကို ဟောကြားတော်မူပေသော ဘုရားရှင်၏ အကြောင်းကို ကောင်းစွာသိရပါပြီ။ ဘုရားရှင် အဖြစ်သို့ ရောက်ပြီးလျှင်ပြီးချင်း ဤဓမ္မစကြာတရားကို ဟောကြားတော်မူပါသလော။

ဖြေ ။ ။ ထိုသို့မဟုတ်ပါ။ ဘုရားအဖြစ်သို့ ရောက်တော်မူပြီးသောအခါ သတ္တသတ္တာဟ ခုနစ်ရက် ခုနစ်လီ ဗောဓိမဏ္ဍိုင် အနီးတွင် ကိုယ်တော်တစ်ပါးတည်း စံနေတော်မူပါသေးသည်။

မေး ။ ။ ခုနစ်ရက် ခုနစ်လီ သတ္တဌာနတွင် စံနေတော်မူသည်ဟုဆိုရာတွင် ပထမသတ္တာဟ၌ အဘယ်အရပ်ဌာနမှာ စံနေတော်မူပါသနည်း။

ဖြေ ။ ။ ဘုရားဖြစ်တော်မူပြီးသောအခါ မာရ်ငါးပါးကို အောင်မြင်ရာဖြစ်သော အပ္ပရာဇိတပလ္လင်တော်၌ပင် ခုနစ်

http://www.dhammadownload.com



ရက်တိုင်တိုင် စံနေတော်မူပါသည်။ ထို ပထမသတ္တာဟကို "ပလ္လင်္ကသတ္တာဟ" ခေါ်ပါသည်။

**ဆောင်ပုဒ်လင်္ကာ**

၁။ ဘုန်းရောင်ထွန်းထိန်၊ စောမုနိန်၊ ပညိန္ဒြေ၊ ချွေရာ မှန်ဘိ၊ ဗောဓိကြင့်နှီး၊ ရွှေညောင်နန်းဝယ်၊ ထူးဆန်းအံ့လောက်၊ မြေမှပေါက်သား၊ ရောင်တောက်မာရ်နှင်၊ ရွှေပလ္လင်ထက်၊ သဗ္ဗညုတ၊ ဉာဏ်ကိုရပြီး၊ သတ္တာဟရက်၊ ဖွဲ့ခွေလျက်ပင်၊ ငြိမ်သက်တင့်တယ်၊ သုံးစမွယ်သည်၊ ဘုန်းကြွယ်လတ်ဦး ပွဲပေကို။

မေး ။ ။ ဒုတိယသတ္တာဟ၌ အဘယ်အရပ်ဌာနမှာ စံနေတော်မူပါသနည်း။

ဖြေ ။ ။ ဒုတိယသတ္တာဟ၌ ဗောဓိပင်နှင့်ရွှေပလ္လင်၏ အရှေ့မြောက်၌ ရပ်တန့်တော်မူပြီးလျှင် မာရ်ငါးပါးကို အောင်မြင်ရာဖြစ်သော အပ္ပရာဇိတပလ္လင်တော်ကို မမှိတ်သော မျက်စိဖြင့် ခုနစ်ရက်တိုင်တိုင် ကြည့်ရှု၍ စံနေတော်မူပါသည်။ ထိုဒုတိယသတ္တာဟကို "အနိမိသ သတ္တာဟ" ခေါ်ပါသည်။

**ဆောင်ပုဒ်လင်္ကာ**

၂။ နှစ်ကြိမ်မြောက်ထ၊ သတ္တာဟတွင်၊ မာရပယ်လှန်၊ ပလ္လင်ပျံ့မှ၊ သေနံတူရှု၊ ရပ်တော်မူလျက်၊ ကြည်ဖြူငြိမ်းချမ်း၊ ပလ္လင်နန်းကို၊ ဖြောင့်တန်းစက္ခု၊ စိန်းစိန်းရှုလျက်၊ သုံးလူ

http://www.dhammadownload.com



ရှင်ပင်၊ ပျော်စံရွှင်သည်၊ ကြည်လင်ညွှတ်နူးဘွယ်ပေတို့။

မေး ။ ။ တတိယ သတ္တာဟ၌ အဘယ်အရပ်ဌာနေမှာ စံနေတော်မူပါသနည်း။

ဖြေ ။ ။ တတိယ သတ္တာဟ၌ ဗောဓိပင်နှင့် ရွှေပလ္လင်၏ မြောက်မျက်နှာ ရတနာစင်္ကြံ၌ လူးလာတံ့ခေါက် စင်္ကြံလျှောက်တော်မူ၍ ခုနစ်ရက်တိုင်တိုင် စံနေတော်မူပါသည်။ ထိုတတိယ သတ္တာဟကို "စင်္ကမသတ္တာဟ" ခေါ်ပါသည်။

**ဆောင်ပုဒ်ဃက်ာ**

၃။ သုံးကြိမ်မြောက်ထ၊ သတ္တာဟတွင်၊ ဗောဓိပင်မှ၊ မြောက်ခွင်ဥတ္တရာ၊ စင်္ကြံသာ၌၊ လူးလာတံ့ခေါက်၊ ကြွချီလျှောက်၍၊ ဘုန်းတောက်ဘုရား၊ ပျော်စံစားသည်၊ တရားဆင်ခြင်လျက်ပေတို့။

မေး ။ ။ စတုတ္ထ သတ္တာဟ၌ အဘယ်အရပ်ဌာနမှာ စံနေတော်မူပါသနည်း။

ဖြေ ။ ။ စတုတ္ထ သတ္တာဟ၌ ဗောဓိပင်နှင့် ရွှေပလ္လင်၏ အနောက်မြောက်၌တည်ရှိသော ရတနာရွှေအိမ်၌ ချမ်းငြိမ်းစွာ စံနေတော်မူပါသည်။ ထိုစတုတ္ထသတ္တာဟကို "ရတနာဃရ သတ္တာဟ" ခေါ်ပါသည်။

http://www.dhammadownload.com



## ဆောင်ပုဒ်ဃာထာ

၄။ လေးကြိမ်မြောက်ထ၊ သတ္တာဟတွင်၊ ဗောဓိပင်နှင့်၊ ပလ္လင်ထွန်းတောက်၊ အနောက်မြောက်ဝယ်၊ အံ့လောက်ဖွယ်ရာ၊ ရတနာရိပ်ငြိမ်၊ စံရွှေအိမ်၌၊ ကြိမ်ကြိမ်ဖန်ခါ၊ ဘိဓမ္မာကို၊ မဟာဉာဏ၊ သာဂရဖြင့်၊ ဗုဒ္ဓရှင်ပင်၊ သုံးဆင်ခြင်သည်၊ ရောင်ရှင်ခြောက်ဖြာညီးလို့ကို။

**မေး ။ ။** ထိုရတနာဃရ ရွှေအိမ်၌ စံနေတော်မူသောအခါ အဘယ်တရားတော်များကို ဆင်ခြင်၍ အဘယ်ဂုဏ်တော်ထူးများ ဖြစ်ပေါ်၍လာပါသနည်း။

**ဖြေ ။ ။** ရတနာဃရ ရွှေအိမ်၌ စံနေတော်မူသောအခါ အဘိဓမ္မာ ၇-ကျမ်းကို သုံးသပ်ဆင်ခြင်တော်မူပါသည်။ ထိုအဘိဓမ္မာ ၇- ကျမ်းတို့တွင် ပဋ္ဌာန်းကျမ်းကြီးကို ဆင်ခြင်တော်မူသောအခါ ရွှေဉာဏ်တော်များသည် ကျက်စားမြူးထူးခွင့်ကို ရသဖြင့် အတိုင်းထက်အလွန် ကြည်လင်စွာ ကွန့်မြူးခြင်းကြောင့် အသားတော်၊ အသွေးတော်၊ အရိုးတော်၊ အရေတော်၊ ဆံတော်၊ ဥဏ္ဏာလုံမွေးရှင်တော်မှစ၍ ကိုယ်တော်တစ်ခုလုံး၌ရှိသော ရုပ်ဓာတ်တို့သည် အထူးသဖြင့် ကြည်လင်ထွန်းပတော်မူကြပါသည်။ ထိုအခါ ရောင်ခြည်တော်ခြောက်ဖြာတို့သည် ဆိုင်ရာဆိုင်ရာ အရပ်တို့မှ တလျှပ်လျှပ် ထွက်

http://www.dhammadownload.com



ပေါ်ကြပါသည်။ ရတနာဃရ ရွှေအိမ်၌ စံနေတော်မူသော အခါ ဤကဲ့သို့ဂုဏ်ထူးများ ထင်ရှားစွာ ဖြစ်ပေါ်ကြပါသည်။

မေး ။ ။ ထိုရောင်ခြည်တော်တို့၏ သရုပ်နှင့်အတူ အသွေးအရောင်တော်များကို ထင်ရှားစွာဖော်ပြပါ။

ဖြေ ။ ။ နီလ-စိမ်းညိုသော ရောင်ခြည်တော်၊ ပီတ-ဝါရွှေသော ရောင်ခြည်တော်၊ လောဟိတ-နီမြန်းသော ရောင်ခြည်တော်၊ ဩဒါတ-ဖြူစင်သော ရောင်ခြည်တော်၊ မဉ္ဇိဋ္ဌ-မောင်းသောရောင်ခြည်တော်၊ ပဘဿရ-ပြိုးပြိုးပြက်သော ရောင်ခြည်တော်။ ဤကား ရောင်ခြည်တော် ၆-ပါးသရုပ်နှင့်တကွ အသွေးအရောင်များ ဖြစ်ပါသည်။

မေး ။ ။ ပဌမသတ္တာဟ၌ အဘယ်အရပ်ဌာနမှာ စံနေတော်မူပါသနည်း။

ဖြေ ။ ။ ပဌမသတ္တာဟ၌ ဗောဓိပင်နှင့် ရွှေပလ္လင်အရှေ့မျက်နှာ ကြီးစွာသော ဆိတ်ကျောင်း ညောင်ပင်ရင်း၌ ခုနစ်ရက်တိုင်တိုင် စံနေတော်မူပါသည်။ ထို ပဌမသတ္တာဟကို "အဇပါလသတ္တာဟ" ခေါ်ပါသည်။

**ဆောင်ပုဒ်ဃဏ္ဍာ**

၅။ ငါးကြိမ်မြောက်ထ၊ သတ္တာဟတွင်၊ ဗောဓိပင်မှ၊ ရှေ့ခွင်ပြူဗ္ဗာ၊ ရပ်ဒိသာဝယ်၊ ကြီးစွာမြင့်ခေါင်၊ ဆိတ်ကျောင်း ညောင်၌၊ ဘုန်းခေါင်ပရမေ၊ စမွယ်နေသည်၊ ရှိသေမြတ်နိုး ဘွယ်ပေကို။

http://www.dhammadownload.com



**မေး ။ ။** ထိုအဇပါလညောင်ပင်ရင်း၌ သီတင်းသုံးနေတော်မူသောအခါ အဘယ်သို့သော အကြောင်းအရာများ ဖြစ်ပေါ်လာပါသနည်း။

**ဖြေ ။ ။** ထိုအခါ ၁-တဏှာ၊ ၂-အရတိ၊ ၃-ရာဂါ မည်သော မာရ်နတ်မင်းကြီး၏ သမီးသုံးယောက်တို့သည် အမျိုးမျိုး နှစ်သက်ဖွယ်သော အဆင်းကိုဆောင်လျက် ရှင်တော်ဘုရားကို ဖြားယောင်းသွေးဆောင်ရန် အထံတော်သို့ ရောက်လာကြပါသည်။

**မေး ။ ။** ထိုအခါ မြတ်စွာဘုရားက မည်ကဲ့သို့ မိန့်ကြားတော်မူပါသနည်း။

**ဖြေ ။ ။** ငါသည် ကိလေသာ တည်းဟူသော ရန်သူကို အောင်မြင်တော်မူပြီးဖြစ်၍ သင်တို့သည် ငါ့ကိုသွေးဆောင်သော်လည်း အောင်မြင်ကြလိမ့်မည် မဟုတ်ဟူ၍ မိန့်တော်မူပါသည်။ ထိုအခါ နတ်သမီးသုံးယောက်တို့လည်း ရှက်ကြောက်ခြင်းဖြင့် ပျောက်ကွယ်သွားကြပါသည်။

**မေး ။ ။** ထို့ပြင် အဘယ်ကဲ့သို့သော အကြောင်းအရာများ ဖြစ်ပေါ်လာပါသေးသနည်း။

**ဖြေ ။ ။** မာရ်နတ်မင်းကြီး၏ သမီးသုံးယောက် ပြေးသွားလေပြီးနောက် ဇာတိမာန်တက်၍ အမျက်ဒေါသနှင့် ခက်ထန်လှသော (ဟုံဟုံက)မည်သော ပုဏ္ဏားကြီးတစ်ယောက်သည်

http://www.dhammadownload.com



မြတ်စွာဘုရားအထံသို့ ရောက်လာပြီးလျှင် (အဘယ်သို့သော သူကို ဗြာဟ္မဏ ခေါ်ဆိုထိုက်ပါသနည်း) ဟူ၍ မေးမြန်းလာပါသည်။

မေး ။ ။ ထိုသို့မေးလျှောက်ရာ ရှင်တော်မြတ်စွာဘုရားက အဘယ်သို့ မိန့်ကြားတော်မူပါသနည်း။

ဖြေ ။ ။ ရှင်တော်ဘုရားက (အို ပုဏ္ဏားကြီး၊ တဟုန်းဟုန်း ထွက်သော အမျက်ကို သိမ်းဆည်းနိုင်သောသူ၊ သတ္တဝါတို့အား သနားချစ်ခင်သောသူ ဤကဲ့သို့သောသူကိုမှ ဗြာဟ္မဏ ခေါ်ဆိုရသည်) ဟူ၍ မိန့်တော်မူပါသည်။

မေး ။ ။ ထို့နောက် ဆဌမသတ္တာဟ၌ အဘယ်အရပ်ဌာနမှာ စံနေတော်မူပါသနည်း။

ဖြေ ။ ။ ဆဌမသတ္တာဟ၌ ဗောဓိပင်နှင့် ရွှေပလ္လင်၏ အရှေ့တောင်မျက်နှာ မုစလိန္ဒာအိုင်၏အနီး ကျည်းပင်ရင်း၌ ခုနစ်ရက် တိုင်တိုင် စံနေတော်မူပါသည်။ ထိုဆဌမသတ္တာဟကို "မုစလိန္ဒာ သတ္တာဟ" ခေါ်ပါသည်။

မေး ။ ။ ထိုမုစလိန္ဒာ သတ္တာဟ၌ စံနေတော်မူသောအခါ အဘယ်သို့သော အကြောင်းထူးများ ဖြစ်ပေါ်လာပါသနည်း။

ဖြေ ။ ။ ထိုသတ္တာဟ၌ သည်းထန်စွာသောမိုးကြီး ရွာသွန်းပါသည်။ ထိုအခါ မုစလိန္ဒာ နဂါးမင်းသည် ရှင်တော်ဘုရားကို မိုးမရွာစိမ့်သောငှာ မိမိကိုယ်ဖြင့် ခုနစ်ပတ်ရစ်ခွေ၍

http://www.dhammadownload.com



ထားပြီးလျှင် ရှင်တော်ဘုရားကို မိမိပါးပျဉ်းဖြင့် ၇-ရက် တိုင်တိုင်မိုး၍ထားပါသည်။ ဤကဲ့သို့ ထူးထွေသောအကြောင်း များဖြစ်ပေါ်လာပါသည်။

## ဆောင်ပုဒ်ဃာထာ

၆။ ခြောက်ကြိမ်မြောက်ထ၊ သတ္တာဟတွင်၊ ပလ္လင်ရွှေ ညောင်၊ အရှေ့တောင်၌၊ မြရောင်လိုလို၊ ရေညိုပြည့်လျှမ်း၊ ကြာပန်းညွတ်ရုံ၊ ပန်းမျိုးစုံသည့်၊ မုစလိန္ဒာ၊ အိုင်သာဖြန့်ကျောင်း၊ ကျည်းပင်ရင်းဝယ်၊ သနင်းလူ့ဆွေ၊ စမ္ပယ်နေသော်၊ မိုးလေ ထန်ပြင်း၊ သွန်းချခြင်းကြောင့်၊ မြွေမင်းရုံပာန်၊ ပါးပျဉ်းဖြန့်လျက်၊ ခုနစ်တန်ခိုး၊ ဆောင်ကာမိုးသည်၊ ရှေးကျိုးသမ္ဘာတော်ကြောင့် ကို။

မေး ။ ။ သတ္တမ သတ္တာဟ၌ အဘယ်အရပ်ဌာနမှာ ပျော်စံ ကာ နေတော်မူပါသနည်း။

ဖြေ ။ ။ သတ္တမ သတ္တာဟ၌ ဗောဓိပင်ရွှေပလ္လင်၏ တောင် မျက်နှာ ရာဇာယတနမည်သော လင်းလွန်းပင်ရင်း၌ ခုနစ် ရက်တိုင်တိုင် သမာပတ်ချမ်းသာဖြင့် စံနေတော်မူပါသည်။

## ဆောင်ပုဒ်ဃာထာ

၇။ ခါသတ္တမ၊ သတ္တာဟတွင်၊ ဗောဓိပင်မှ၊ တောင်ပြင် လက်ယာ၊ မြေမျက်နှာဝယ်၊ ရာဇာယတန၊ မည်ရခေါ်တွင်၊

http://www.dhammadownload.com



လင်းလွန်းပင်၌၊ သဗ္ဗညုဖျား၊ ပျော်စံစားသည်၊ ကြီးမားဉာဏ် တော်ဖွင့်လို့ကို။

မှတ်ချက်။ ။ ပြဆိုခဲ့ပြီးသော "သတ္တဋ္ဌာနလင်္ကာ" များသည် ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီး ရေးသားတော်မူအပ်သော ကဗျာပန္နများကို စု ဆောင်းရိုက်နှိပ်ထားသော "ဂမ္ဘီရကဗျာ" ကျမ်း မှ ထုတ်နုတ်ဖော်ပြထားသော ကဗျာများဖြစ် ပါသည်။

မေး ။ ။ ဘုရားဖြစ်တော်မူပြီး ရက်ပေါင်း လေးဆယ့် ကိုးရက် သတ္တသတ္တာဟ ပြည့်သောအခါ အဘယ်သူသည် အဘယ်ဝတ္ထုမျိုးကို ရှေးဦးစွာ လှူဒါန်းပါသနည်း။

ဖြေ ။ ။ သတ္တ သတ္တာဟမှ ထွက်သော နံနက်အခါတွင် နတ်ရွာသနင်း သိကြားမင်းသည် ကြဖုသီး၊ ကွမ်းရိုးဒန်ပူ၊ အနောတတ်ရေတို့ကို ယူဆောင်ပြီးလျှင် ကပ်လှူပူဇော်ရန် လာရောက်ပါသည်။ ရှင်တော်ဘုရားလည်း သိကြားမင်း ကပ် လှူသော အနောတတ်ရေဖြင့် ရွှေမျက်နှာသစ်တော်မူပါသည်။

မေး ။ ။ မျက်နှာသစ်တော်မူပြီးနောက် အဘယ်သူများ ဘုရားရှင်ထံသို့ လာရောက်ကြပါသနည်း။

http://www.dhammadownload.com



ဖြေ ။ ။ ဥက္ကလာပဇနပုဒ် ပေါက္ခရဝတီမှ တဖုဿ၊ ဘလ္လိက မည်သော ကုန်သည်ညီနောင် နှစ်ယောက်တို့သည် နတ်တို့၏ တိုက်တွန်းညွှန်ကြားချက်ဖြင့် ရှင်တော်ဘုရား၏ထံမှောက်သို့ ဆိုက်ရောက်ဖူးမြော်ကြပါသည်။

မေး ။ ။ ထိုကုန်သည် ညီနောင်တို့သည် ရှင်တော်ဘုရားအား အဘယ်ဝတ္ထုဖြင့် လှူဒါန်းပူဇော်ကြပါသနည်း။

ဖြေ ။ ။ ထိုကုန်သည် ညီနောင်တို့သည် ရှင်တော်ဘုရားအား ပျားမုန့်ဆုပ်တို့ဖြင့် လှူဒါန်းပူဇော်ကြပါသည်။

မေး ။ ။ ထိုပျားမုန့်ဆုပ်များကို ခံယူတော်မူရန် ရှင်တော်ဘုရားမှာ သပိတ်တော်ရှိပါ၏လော။

ဖြေ ။ ။ အနော်မာ သောင်ဆွယ်တွင် ဆံတော်ကိုပယ်၍ ရဟန်းပြုတော်မူစဉ်က ဃဋိကာရဗြဟ္မာလှူဒါန်းသော သပိတ်တော်သည် သုဇာတာ၏ ဃနာနို့ဆွမ်းကို ခံယူတော်မူစဉ်က ပင် ပျောက်ကွယ်လေပြီဖြစ်၍ ပျားမုန့်ဆုပ် လှူဒါန်းသောအခါ သပိတ်တော် မရှိတော့ပါ။

မေး ။ ။ ထိုသို့မရှိလျှင် အဘယ်သပိတ်နှင့် ခံယူတော်မူပါ သနည်း။

ဖြေ ။ ။ ကုန်သည်ညီနောင်တို့ လှူဒါန်းသော ပျားမုန့်ဆုပ် ကို ခံယူတော်မူရန် သပိတ်တော်ကို တောင့်တတော်မူလေသော် ရှင်တော်ဘုရား၏ အလိုတော်ကိုသိသဖြင့် စတုမဟာရာဇ်

http://www.dhammadownload.com



နတ်မင်းကြီးလေးပါးတို့သည် ဣန္ဒနီလာ ကျောက်ရတနာ အတိပြီးသော သပိတ်ကြီးလေးလုံးကို လှူဒန်းလာကြပါသည်။ ထိုအခါ ရတနာသပိတ်ကို ခံတော်မမူဘဲ ပယ်တော်မူသည့် အတွက် နတ်မင်းကြီး လေးပါးတို့သည် ပဲနောက်အဆင်းရှိသော ကျောက်သပိတ်လေးလုံးကို လှူဒါန်းကြပြန်ပါသည်။ ထိုသပိတ်လေးလုံးကို အလှူခံတော်မူပြီးလျှင် လက်တော်ဖြင့် နှိပ်၍ သပိတ်တစ်လုံးတည်းဖြစ်အောင် ဓိဋ္ဌာန်တော်မူရာ အနားလေးရစ်ရှိသော သပိတ်ဖြစ်၍လာပါသည်။ ထိုသပိတ်တော်ဖြင့် ပျားမုန့်ဆုပ်များကို ခံတော်မူသည်။

မေး ။ ။ ထိုကုန်သည် ညီနောင်တို့အား အဘယ်သို့သော တရားကို ဟောကြားတော်မူပါသနည်း။

ဖြေ ။ ။ ရှင်တော်ဘုရားက တရားထူးဟောတော်မူသည် ဟူ၍ ကျမ်းဂန်တို့၌ မတွေ့ဖူးပါ။ ဒွေဝါစိက သရဏဂုံကို ထိုကုန်သည် ညီနောင်တို့အား ခံယူဆောက်တည်ကြစေသည် ဟူ၍သာ ကျမ်းဂန်တို့၌ လာပါသည်။

မေး ။ ။ ဒွေဝါစိက သရဏဂုံကို ခံယူပုံနှင့်တကွ အဓိပ္ပာယ်ကို ဖော်ပြပါ။

ဖြေ ။ ။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိဟူ၍ ဆောက်တည်ရပါသည်။ အဓိပ္ပာယ်မှာ ဘုရားကို ကိုးကွယ်ရာ ဟူ၍ ဆည်းကပ်ပါ၏။ တရားတော်ကို ကိုးကွယ်ရာဟူ၍

http://www.dhammadownload.com



ဆည်းကပ်ပါ၏။ ဤသို့ဆိုလိုပါသည်။

မေး ။ ။ အဘယ်ကြောင့် ဒွေဝါစိက သရဏဂုံ ခေါ်ပါသနည်း။

ဖြေ ။ ။ ဘုရား၊ တရား ဤကိုးကွယ်ရာနှစ်ပါးကို ဆည်းကပ်သောကြောင့် ဒွေဝါစိက သရဏဂုံဟုခေါ်ပါသည်။

မေး ။ ။ သာသနာတော်မှာ သရဏဂုံသုံးပါး ရှိသည်ဟူ၍ အမြဲပင်ပြောဆိုကြရာ ထိုကုန်သည်ညီနောင်တို့သည် အဘယ်ကြောင့် သရဏဂုံနှစ်ပါးကိုသာ ခံယူဆောက်တည်ကြပါသနည်း။

ဖြေ ။ ။ ကုန်သည်ညီနောင်တို့ ဆိုက်ရောက်လာကြသောအခါ လောကမှာ သံဃာရတနာတော် မထွန်းပေါ်သေးပါ။ ဘုရားရတနာ၊ တရားရတနာ နှစ်ပါးတို့သာလျှင် ထွန်းပေါ်ကြပါသေးသည်။ ထို့ကြောင့် သရဏဂုံသုံးပါးကို ခံယူဆောက်တည်ခွင့်မရဘဲ သရဏဂုံနှစ်ပါးကိုသာလျှင် ခံယူဆောက်တည်ကြရပါသည်။

မေး ။ ။ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးဟု ဆိုအပ်သော တေဝါစိကသရဏဂုံကို ယခုမြတ်စွာဘုရား၏ သာသနာမှာ ရှေးဦးစွာ အဘယ်ပုဂ္ဂိုလ်များ ဆောက်တည်ကြရပါသနည်း။

ဖြေ ။ ။ ဤဘုရားသာသနာ၌ ရှင်ယသမထေရ်၏ မယ်

http://www.dhammadownload.com



တော်၊ ခမည်းတော်များသည် ရတနာသုံးပါးဟု ဆိုအပ်သော တေဝါစိက သရဏဂုံကို ရှေးဦးစွာ ဆောက်တည်ကြရပါသည်။

မေး ။ ။ ဤရှင်ဂေါတမမြတ်စွာဘုရား၏ သာသနာတော်၌ အဘယ်သူသည် ရှေးဦးစွာ သရဏဂုံကို ဆောက်တည်ရပါသနည်း။

ဖြေ ။ ။ ဤမြတ်စွာဘုရား၏ သာသနာတော်မှာ တဖုဿ၊ ဘလ္လိက ကုန်သည်ညီနောင်တို့သည် ရှေးဦးစွာ သရဏဂုံကို ဆောက်တည်ကြပါသည်။ ထိုညီနောင်နှစ်ဦးကို ထူးသောပုဂ္ဂိုလ်များဟူ၍ ခေါ် ဆိုချီးမွမ်းထိုက်ပါသည်။

မေး ။ ။ ထိုကုန်သည်ညီနောင်တို့၏ နေရင်းဌာနဖြစ်သော ဥက္ကလာပဇနပုဒ် ပေါက္ခရဝတီမြို့ဆိုသည်မှာ ယခုအခါ အဘယ်မြို့များဖြစ်သည်ဟူ၍ ပြောဆိုကြပါသနည်း။

ဖြေ ။ ။ ရှေးဟောင်း သမိုင်းစာညွှန်းတို့၏ အဆိုအားဖြင့် ထိုကုန်သည်ညီနောင်တို့၏ နေရင်းဌာနဖြစ်သော ဥက္ကလာပဇနပုဒ် ပေါက္ခရဝတီမြို့ဆိုသည်မှာ ယခုအခါ မြန်မာပြည်၌ တည်ရှိသော ရန်ကုန်မြို့ကြီးဖြစ်သည်ဟူ၍ အများပင် ပြောကြားကြပါသည်။

မေး ။ ။ ရှင်တော်ဘုရားသည် ထိုကုန်သည်ညီနောင်တို့အား အဘယ်သို့သော ချီးမြှင့်ခြင်းဖြင့် ချီးမြှင့်တော်မူပါသနည်း။

ဖြေ ။ ။ ရှင်တော်ဘုရားသည် ထိုကုန်သည် ညီနောင်တို့အား

http://www.dhammadownload.com



ဒွေ၀ါစိက သရဏဂုံကို ပေးတော်မူပြီးသောအခါ လက်ယာလက်ဖြင့် ဦးခေါင်းတော်ကို သုံးသပ်တော်မူရာ ဆံတော်များပါလာပါ သည်။ ထိုဆံတော်များကို ကုန်သည်ညီနောင်တို့အား သနားသဖြင့် ချီးမြှင့်တော်မူပါသည်။

မေး ။ ။ ထိုဆံတော်မြတ်တို့ကို ယခုအခါ အဘယ်အရပ်အဘယ်စေတီတော်၌ ဌာပနာထားပါသနည်း။

ဖြေ ။ ။ ရှေးဟောင်း သမိုင်းစာညွှန်းတို့ အဆိုအားဖြင့် ကုန်သည် ညီနောင်တို့သည် ထိုဆံတော်ဓာတ်တို့ကို မြတ်နိုးစွာယူဆောင်ခဲ့ပြီးလျှင် ဥက္ကလာပမင်းကြီးကို ဆက်သကြပါသည်။ ဥက္ကလာပမင်းကြီးသည် ထိုဆံတော်ဓာတ်မြတ်တို့ကို ရှေးရှေးဘုရားသုံးဆူတို့၏ ပရိဘောဂများကို ဌာပနာရာဖြစ်သောကုန်းထိပ်၌ စေတီတည်ပြီးလျှင်ထိုစေတီတော်အတွင်း၌ သွင်းနှံ၍ ဌာပနာပါသည်။ ထိုစေတီတော်မှာ အခြားမဟုတ်ပါ။ ယခုအခါ ကမ္ဘာတစ်ဝန်းလုံး ထင်ရှားကျော်စော၍နေသောရန်ကုန်မြို့ ရွှေတိဂုံစေတီတော်ကြီးပင်ဖြစ်ပါသည်။

မေး ။ ။ သာဓု-သာဓု-သာဓု။ ကျမ်းဂန်နှင့်မသွေ ဖြေဆိုပေသည့်အတွက် ရှင်တော်ဘုရားပွင့်တော်မူပုံများနှင့် သတ္တာဟအစဉ်များကို ကြားနာရသော သူအပေါင်းတို့ ကောင်းမွန်ဆန်းကြယ် ကြည်ညိုဖွယ်ရှိအောင်ကြားရပါပေပြီ။ ထို့နောက်တစ်ဖန်မေးမြန်းရန် ရှိပြန်သည်မှာ ရှင်တော်ဘုရားသည်

http://www.dhammadownload.com



သတ္တာဟမှ ထွက်တော်မူသောအခါ အဘယ်အရပ်ဌာနသို့ ကြွရောက် သီတင်းသုံးတော်မူပါသနည်း။
ဖြေ ။ ။ သတ္တာဟမှ ထွက်တော်မူသောအခါ "အဇပါလ" မည်သော ဆိတ်ကျောင်းညောင်ပင်သို့ တစ်ဖန်ကြွတော်မူကာ သီတင်းသုံး စံတော်မူပါသည်။
မေး ။ ။ ထိုအခါ ဘယ်ကဲ့သို့ ဆင်ခြင်တော်မူပါသနည်း။
ဖြေ ။ ။ ရှင်တော်ဘုရားသည် ကိုယ်တော်တိုင် ထိုးထွင်း သိမြင်အပ်ပြီးသော တရားတို့ကို ဆင်ခြင်တော်မူရာ လွန်စွာ နက်နဲကြောင်းကို သိတော်မူသဖြင့် ကိလေသာမြူ ညစ်ကြေး ထူကြကုန်သောလူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါ အများတို့အား ငါသိအပ်သောတရားကို ဟောကြားခြင်းငှာမသင့်။ ဟောကြား လျှင် ပင်ပန်းရုံမျှသာ ရှိတော်မူလိမ့်မည်။ သမာပတ်ချမ်းသာဖြင့် အေးငြိမ်းစွာ သီတင်းသုံးတော်မူတော့မည်ဟူ၍ ကြံစည်တော် မူပါသည်။
မေး ။ ။ ထိုအကြံကို မည်သည့်ပုဂ္ဂိုလ်က သိပါသနည်း။
ဖြေ ။ ။ သတ္တဝါအများတို့အား တရားဟောတော်မူရန် ဆုတ်နစ်သော စိတ်တော်များဖြစ်ပုံကို သဟမ္ပတိ ဗြဟ္မာကြီး သိပါသည်။
မေး ။ ။ ထိုအခါ သဟမ္ပတိ ဗြဟ္မာကြီး၏စိတ်မှာ မည်သို့ သော အခြင်းအရာများဖြစ်ပေါ်လာပါသနည်း။

http://www.dhammadownload.com



ဖြေ ။ ။ သဟမ္ပတိ ဗြဟ္မာကြီး၏ စိတ်ထဲ၌ ဖြစ်ပေါ်ပုံမှာ "ဤလောကကြီးသည် ပျက်စီးလေပြီတကား။ လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါ အားလုံးသည် ရှုံးခြင်းကြီးရှုံးလေပြီတကား"။ ဤကဲ့သို့ သဘောထားဖြစ်ပေါ်လာသဖြင့် "နဿတိ ဝတ ဘော လောကော၊ နဿတိ ဝတ ဘော လောကော" ဟူ၍ ညည်းညူဟစ်ကြွေးပါသည်။

မေး ။ ။ သဟမ္ပတိ ဗြဟ္မာကြီးသည် ထိုသို့ညည်းညူပြီးနောက် အဘယ်ကဲ့သို့ ဆောက်ရွက်ပါသနည်း။

ဖြေ ။ ။ ထိုသို့ ညည်းညူပြီးနောက် သဟမ္ပတိဗြဟ္မာကြီးသည် နတ်ဗြဟ္မာအပေါင်းတို့ကို နှိုးဆော်၍ ရှင်တော်ဘုရားအထံတော်သို့ မိမိနှင့်အတူခေါ်လာပြီးလျှင် မြင်းမိုရ်တောင်လုံးမျှလောက်ရှိသော ရတနာပန်းကုံးနှင့်ပူဇော်လျက် "ဒေသေတု ဘန္တေ ဘဂဝါ ဓမ္မံ၊ ဒေသေတု သုဂတော"။ ဘန္တေ၊ သောင်းတိုက်စကြဝဠာ ကမ္ဘာမြေမိုး ဖြန်းဖြန်းကျိုးမျှ တန်ခိုးတော်အနန္တနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား။ ဘဂဝါ၊ ဘုန်းတော်ကြီးလှသော မြတ်စွာဘုရားသည်။ ဓမ္မံ၊ သိမြင်လေးနက် ဓမ္မစက်ကို။ ဒေသေတု၊ ဟောတော်မူပါဘုရား။ သုဂတော၊ ကောင်းသောစကားကို မိန့်တော်မူတတ်သော မြတ်စွာဘုရား။ ဓမ္မံ၊ သိမြင်လေးနက် ဓမ္မစက်ကို။ ဒေသေတု၊ ဟောတော်မူပါဘုရား။ ဤကဲ့သို့ လျှောက်ထား၍ သတ္တဝါအများ၏ အပါယ်

http://www.dhammadownload.com



တံခါးကို ပိတ်တော်မူပါ။ နတ်ရွာနိဗ္ဗာန်တံခါးကို ဖွင့်တော်မူပါ။ ဤလောကတစ်ခွင်မှာ ကျွတ်ထိုက်သော သတ္တဝါများလည်း ရှိပါလိမ့်မည်ဘုရား။ ဤသို့သောစကားဖြင့် တရားဟောတော်မူရန် တောင်းပန်လျှောက်ထားပါသည်။

မေး ။ ။ ထိုသို့လျှောက်ထားရာ ရှင်တော်ဘုရားက တရားဟောတော်မူရန် ပဋိညာဉ်ပေးတော်မူပါသလော။

ဖြေ ။ ။ ဤသို့လျှောက်ထားသောအခါ နတ်လူတို့၏ ဆရာဖြစ်တော်မူသော ရှင်တော်မြတ်ဘုရားသည် ရွှေဉာဏ်တော်ကွန်ရက်ကို ဖြန့်လွှား၍ လောကကြီးကို ကြည့်ရှုတော်မူရာ ကျွတ်ထိုက်သော သတ္တဝါတို့ကို မြင်တော်မူသောကြောင့် ငါဘုရား တရားဟောတော်မူမည် ဟူသော ပဋိညာဉ်ကို ပေးတော်မူပါသည်။

မေး ။ ။ ထိုသို့ ပဋိညာဉ်ပေးပြီးနောက် အဘယ်သူအား ရှေးဦးစွာ တရားဟောရန် ဆင်ခြင်တော်မူပါသနည်း။

ဖြေ ။ ။ ပဋိညာဉ်ပေးပြီးသောအခါ ရှေးဦးစွာ ဟောကြားရန် ကြည့်ရှုတော်မူရာ ၁-အာဠာရ ရသေ့၊ ၂-ဥဒကရသေ့တို့အား တရားဦးဟောတော်မူရန် ဆင်ခြင်တော်မူပါသည်။

မေး ။ ။ ထိုရသေ့ကြီးနှစ်ပါးကို တရားဟောတော်မူရပါ၏လော။

ဖြေ ။ ။ ထိုရသေ့ကြီးနှစ်ပါးသည် မကြာမီကပင် ကွယ်လွန်

http://www.dhammadownload.com



စုတေကြလေပြီဖြစ်ကြောင်းကို သိတော်မူသောကြောင့် တရားဟောခွင့်ကိုမရဘဲ “ရှုံးလေစွ ရှုံးလေစွ”ဟူ၍ ရှင်တော်ဘုရား ညည်းတွားတော်မူပြန်ပါသည်။

မေး ။ ။ ထို့နောက် အဘယ်ပုဂ္ဂိုလ်အား တရားဟောရန် ဆင်ခြင်တော်မူပြန်ပါသနည်း။

ဖြေ ။ ။ ဒုက္ကရစရိယာ ကျင့်တော်မူစဉ်အခါက လွန်စွာကျေးဇူးများပေဖူးသော ပဉ္စဝဂ္ဂီငါးဦးတို့အား တရားဦးကိုဟောရန် ဆင်ခြင်တော်မူပြန်ပါသည်။

မေး ။ ။ ထိုပဉ္စဝဂ္ဂီငါးဦးတို့သည် တရားဦးကို နာကြရပါမည်လော။

ဖြေ ။ ။ ထိုပဉ္စဝဂ္ဂီငါးဦးတို့သည် မိဂဒါဝုန်တောကြီးမှာ တရားထူးရှာ၍ နေကြဆဲဖြစ်သောကြောင့် ရှင်တော်ဘုရား ဆင်ခြင်တော်မူသောအတိုင်း တရားဦးနာကြရပါမည်။

မေး ။ ။ ထို့နောက် ရှင်တော်မြတ်ဘုရားသည် တရားကိုဟောရန် အဘယ်သို့စီမံတော်မူပါသနည်း။

ဖြေ ။ ။ ထိုသို့ ဆင်ခြင်တော်မူပြီးနောက် အဇပါလညောင်ပင်ရင်း၌ နှစ်ရက် သုံးရက်မျှ စံနေတော်မူပြီးလျှင် ဓမ္မစကြာတရားကိုဟောတော်မူရန် ဗာရာဏသီပြည်အနီး မိဂဒါဝုန်တောကြီးသို့ ရွှေစကြာဖြန့်မြန်း၍ ကြွလှမ်းတော်မူပါသည်။

မေး ။ ။ ကြွလှမ်းတော်မူသောအခါ သမ်းခရီးအကြားမှာ

http://www.dhammadownload.com



အဘယ်ပုဂ္ဂိုလ်နှင့် တွေ့ကြုံတော်မူပါသနည်း။

ဖြေ ။ ။ ကြွလှမ်းတော်မူသောအခါ ဗောဓိပင်နှင့် ဂယာသီသ အကြားတွင် ဥပကမည်သော တက္ကတွန်းကြီးနှင့် တွေ့ကြုံတော်မူပါသည်။

မေး ။ ။ တွေ့ဆုံသောအခါ ဥပကတက္ကတွန်းကြီးက ရှင်တော်ဘုရားအား မည်သို့လျှောက်ထားမေးမြန်းပါသနည်း။

ဖြေ ။ ။ ဥပကတက္ကတွန်းကြီးက "ငါ့ရှင်၊ သင်၏ဣန္ဒြေများသည် ကြည်ညိုဖွယ်ရှိပေစွ၊ အရေအဆင်းများလည်း ဝါဝင်းထိန်ပြောင် အရောင်လင်းပေစွ၊ သင်၏ဆရာကား အဘယ်ပုဂ္ဂိုလ်နည်း၊ သင်၏အမည်ကား အဘယ်နည်း" ဤကဲ့သို့မေးမြန်းပါသည်။

မေး ။ ။ ထိုအခါ ရှင်တော်ဘုရားက မည်သို့မိန့်ကြားတော်မူပါသနည်း။

ဖြေ ။ ။ ရှင်တော်ဘုရားက မိန့်ကြားတော်မူပုံမှာ "အိုဥပက၊ ငါသည်ကား ကိလေသာရန်ခပင်းကို ရှင်းလင်းသုတ်သင်၍ တရားအားလုံးကို အကုန်သိမြင်သော ဘုရားရှင်ဖြစ်တော်မူ၏။ သုံးဘုံသော လောက၌ ငါနှင့်ပြိုင်ဘက်ဟူ၍ တစ်ယောက်မျှ မရှိ၊ ငါ၏ဆရာ အဘယ်မှာရှိပါအံ့နည်း၊ ငါ၏အမည်တော်သည်ကား မာရ်ငါးပါးကိုအောင်မြင်သဖြင့် 'အနန္တဇိန' မည်၏" ဟူ၍ မိန့်ကြားတော်မူပါသည်။

http://www.dhammadownload.com



မေး ။ ။ ထိုသို့ မိန့်ကြားတော်မူသောအခါ ဥပက တက္ကတွန်းကြီးက မည်သို့ပြောဆိုပြန်ပါသနည်း။

ဖြေ ။ ။ ထိုသို့ မိန့်တော်မူသောအခါ ဥပကတက္ကတွန်းကြီးက ဦးခေါင်းကိုညိတ်လျက် အမှုမထားသော အမူအရာမျိုးဖြင့် "ဟုတ်ပါပေလိမ့်မည်၊ သို့ရာတွင် ယခုအခါ အဘယ်အရပ်သို့ ကြွတော်မူပါမည်နည်း" ဤသို့ မေးမြန်းလျှောက်ထားပြန်ပါသည်။

မေး ။ ။ ထိုအခါ ရှင်တော်ဘုရားက မည်သို့မိန့်တော်မူပါသနည်း။

ဖြေ ။ ။ ရှင်တော်ဘုရားက "အိုဥပက၊ ငါသည်ကား ရှေးရှေး နောင်တော်ဘုရားတို့၏ဓမ္မတာ ဓမ္မစကြာတည်းဟူသော တရားစည်ကြီးကို ရိုက်တီးဆောင်ရွက်ခြင်းငှာ ဗာရာဏသီပြည်အနီး မိဂဒါဝုန်တောကြီးသို့ ကြွတော်မူမည်" ဟူ၍ မိန့်တော်မူပါသည်။

မေး ။ ။ ထို့နောက် ဥပကတက္ကတွန်းကြီးက မည်သို့လျှောက်ထားပါသေးသနည်း။

ဖြေ ။ ။ (ဟုတ်ပါလိမ့်မည်) ဟူ၍ လျှောက်ထား၍ ခေါင်းညိတ်ပြီးလျှင် ဥပက တက္ကတွန်းကြီးလည်း နောက်ထပ်မံ၍ လျှောက်ထားခြင်းမပြုဘဲ ရှင်တော်ဘုရားကိုဖဲခွာ၍ ဝင်္ကဇနပုဒ်သို့ထွက်သွားပါသည်။

http://www.dhammadownload.com



မှတ်ချက်။ ။ ဤဥပကကြီးသည်ကား အခြားသူမဟုတ်၊ ဝင်္ကဇနပုဒ်သို့ ရောက်သောအခါ မုဆိုးသမီး စာပါနှင့်အကြောင်းဆုံသော သုဘဒ္ဒ၏ဖခင် ဥပကကြီးပင် ဖြစ်လေသည်။

မေး ။ ။ ရှင်တော်မြတ်ဘုရားသည် ဘုရားဖြစ်တော်မူပြီးစအခါ ဓမ္မစကြာတရားကို ဟောတော်မူရန် မိဂဒါဝုန်တောသို့ ကြွတော်မူရာတွင် မိမိတန်ခိုးတော်ကို အသုံးပြု၍ ကောင်းကင်ခရီးဖြင့် ကြွတော်မမူဘဲ အဘယ့်ကြောင့် အပင်ပန်းခံတော်မူကာ မြေပြင်ခရီးဖြင့် ကြွတော်မူပါသနည်း။

ဖြေ ။ ။ လမ်းခရီးတွင် ဥပကတက္ကတွန်းကြီးနှင့်တွေ့လတ္တံ့။ ငါနှင့်တွေ့ရခြင်းကို အကြောင်းပြု၍ ဥပကသည် နောင်အခါ အနာဂါမ် ပုဂ္ဂိုလ်ကြီးဖြစ်လတ္တံ့။ ဤကဲ့သို့သောအကြောင်းကို မြင်တော်မူသောကြောင့် ကောင်းကင်ဖြင့်ကြွတော်မမူဘဲ မြေပြင်ခရီးဖြင့် ကြွတော်မူပါသည်။

မှတ်ချက်။ ။ ဥပကကြီးသည် သားတစ်ယောက် ရပြီးသောအခါ စာပါကိုစွန့်ခွာ၍ ရှင်တော်ဘုရားထံတော်သို့လာပြီးလျှင် တရားကို ကြားနာသောအခါ အနာဂါမ်ဖြစ်ပုံ အကြောင်းများမှာ ကျမ်းဂန်တို့၌ထင်ရှားပါရှိလေသည်။

http://www.dhammadownload.com



မေး ။ ။ မိဂဒါဝုန်တောသို့ ရှင်တော်ဘုရား ကြွတော်မမူမီ ပဥ္စဝဂ္ဂီငါးဦးတို့သည် အဘယ်ကဲ့သို့သော ကတိကဝတ်ထား ကြပါသနည်း။

ဖြေ ။ ။ ပဥ္စဝဂ္ဂီငါးဦးတို့သည် ဘုရားရှင်နှင့်မတွေ့မီ အထင် လွဲနေကြသဖြင့် "ငါ့ရှင်တို့၊ ရှင်ဂေါတမသည် ဘုရားအဖြစ်သို့ ရောက်အောင်မကျင့်နိုင်သဖြင့် ဒုက္ကရစရိယာ အကျင့်မှထွက် ၍ ဆွမ်းသက်န်း ပေါများခြင်းငှာ မြို့၊ ရွာ၊ နိဂုံးအရပ်ရပ် လှည့်ပတ်၍နေပြီဟု သတင်းကြားရသည်၊ ရှင်ဂေါတမသည် အကယ်၍ မိဂဒါဝုန်တောသို့ ဆိုက်ရောက်လာပါလျှင် ဝတ် ကြီး ဝတ်ငယ်တို့ကို မပြုစတမ်း" ဟု ဤကဲ့သို့သော ကတိ ကဝတ်များကို ထားကြပါသည်။

မေး ။ ။ မိဂဒါဝုန်တောသို့ ရှင်တော်ဘုရား ဆိုက်ရောက် တော်မူသောအခါ ထိုကတိကဝတ်အတိုင်း တည်ကြပါ၏ လော။

ဖြေ ။ ။ ကတိကဝတ်အတိုင်း မတည်နိုင်ကြပါ။ ရှင်တော် ဘုရား ကြွလာတော်မူသည်ကိုမြင်လျှင် ဘုရားရှင်၏ တန်ခိုး တော်ကြောင့် ပဥ္စဝဂ္ဂီငါးဦးသည် သပိတ်သက်န်းကိုလှမ်းယူ ခြင်း၊ ခြေတော်ကိုဆေး၍ပေးခြင်း၊ နေရာခင်းခြင်းစသော ဝတ်ကြီးဝတ်ငယ်များကို ပြုကြရပါသည်။

မေး ။ ။ ပဥ္စဝဂ္ဂီငါးဦးတို့နှင့် တွေ့တော်မူသောအခါ ရှင်တော်

http://www.dhammadownload.com



ဘုရားက မည်သို့မိန့်ကြားတော်မူပါသနည်း။

ဖြေ ။ ။ ထိုအခါ ရှင်တော်မြတ်ဘုရားက "အိုချစ်သားတို့၊ ငါသည်ကား အလုံးစုံသောတရားကို သိမြင်၍ ဘုရားရှင်အဖြစ်သို့ ရောက်ခဲ့ပြီ၊ သင်တို့အား အမြိုက်နိဗ္ဗာန်တရားကို ဟောကြားခြင်းငှာ ငါကြွလာတော်မူ၏၊ ငါ၏တရားကို ရိုသေစွာနာကြားကြကုန်လော" ဟူ၍ မိန့်ကြားတော်မူပါသည်။

မေး ။ ။ ထိုအခါ ပဥ္စဝဂ္ဂီတို့က မည်သို့လျှောက်ထားကြပါသနည်း။

ဖြေ ။ ။ ဘုရားဖြစ်ကြောင်းကို အတိအလင်းဖွင့်၍ ဝန်ခံတော်မူသောအခါ ပဥ္စဝဂ္ဂီတို့က ယုံကြည်ခြင်းမရှိကြသည်နှင့် "ရှင်ဂေါတမ၊ ငြိုငြင်ခဲယဉ်းစွာ ဒုက္ကရစရိယာအကျင့်ကို ကျင့်တုန်းကပင်လျှင် ဘုရားရှင်အဖြစ်သို့ မရောက်နိုင်ပါဘဲလျက် ယခုအခါ မကျင့်နိုင်သည့်အတွက် အကျင့်မှထွက်၍ ပစ္စည်းလာဘ်လာဘ ပေါမျှားခြင်းငှာ မြို့၊ ရွာ၊ နိဂုံးတို့ကို လှည့်လည်သောအခါတွင်မှ ဘုရားရှင်အဖြစ်သို့ ရောက်၏ဆိုသည်ကို မယုံနိုင်ပါ" ဟူ၍ လျှောက်ထားကြပါသည်။

မေး ။ ။ ထိုသို့ လျှောက်ထားကြရာ ရှင်တော်ဘုရားက မည်သို့ မိန့်ကြားတော်မူပါသနည်း။

ဖြေ ။ ။ ရှင်တော်ဘုရားသည် သတ္တဝါအများတို့အား ရင်ဝယ်သားကဲ့သို့ သနားသော ကရုဏာရှင် ဖြစ်တော်မူသော

http://www.dhammadownload.com



အတိုင်း သုံးကြိမ်တိုင်တိုင် ပဉ္စဝဂ္ဂီတို့အား ဘုရားဖြစ်ကြောင်း မိန့်ကြားတော်မူပါသည်။

မေး ။ ။ သုံးကြိမ်တိုင်တိုင် မိန့်ကြားတော်မူသောအခါ ပဉ္စဝဂ္ဂီတို့က ယုံကြည်ကြပါ၏လော။

ဖြေ ။ ။ သုံးကြိမ်တိုင်တိုင် မိန့်ကြားတော်မူသော်လည်း မယုံကြည်ပါ။

မေး ။ ။ ထိုအခါ ရှင်တော်မြတ်ဘုရားက မည်သို့ စီမံတော်မူရပါသနည်း။

ဖြေ ။ ။ ထိုအခါ ပဉ္စဝဂ္ဂီငါးဦးတို့၏ ယုံမှားသက်ာကို ရှင်းလင်းစေလိုသောဆန္ဒတော်၊ ထိုပဉ္စဝဂ္ဂီငါးဦးတို့အား တရားဦးဟော၍ ကျွတ်တမ်းဝင်စေလိုသော ဆန္ဒတော်၊ သုံးလောကဘုံပြင်မှာ ဘုရားရှင်ပွင့်တော်မူလာပြီဟူ၍ ကြွေးကြော်နှံ့သိစေလိုသော ဆန္ဒတော်၊ တစ်သောင်းသော လောကဓာတ်မှ ရောက်လာကြကုန်သော နတ်ဗြဟ္မာ တစ်ဆယ့်ရှစ်ကုဋေတို့အား အကျွတ်တရားရစေလိုသော ဆန္ဒတော်။ ဤကဲ့သို့ မြင့်မြတ်လှသော ဆန္ဒတော်ဖြင့် ဒွေ မေ ဘိက္ခဝေ အန္တာ ပဗ္ဗဇိတေန န သေဝိတဗ္ဗာ အစဖြာသော ဓမ္မစကြာ တရားတော်ကို ဟောကြားတော်မူပါသတည်း။

(ဓမ္မစကြာနိဒါန်း အမေးအဖြေပြီး၏။)

http://www.dhammadownload.com



မှတ်ချက်။ ။ ဤဓမ္မစကြာနိဒါန်း အမေးအဖြေကို ကျယ်ဝန်းစွာ ရေးသားခဲ့သည်မှာ ဗုဒ္ဓဘာသာ အမျိုးသား အမျိုးသမီး အပေါင်းတို့သည် ဘုရားရတနာ၏ ဖြစ်ပေါ်လာပုံကို ကောင်းမွန်ရှင်းလင်းစွာ သိရှိကြ၍ ငါတို့ကိုးကွယ်ရာ ဖြစ်သော မြတ်စွာဘုရားသည် တကယ် ဧကန် ဘုရားမှန်၊ ဘုရားစစ်ဖြစ်ကြောင်းကို ယုံမှားကင်းစွာနှင့် သဒ္ဓါတရား ထက်မြက်ကြစေရန် ရည်သန်၍ ရေးသားလိုက်ရခြင်း ဖြစ်ပေသတည်း။

http://www.dhammadownload.com



# ဓမ္မစက္ကပဝတ္တန သုတ်တော်ကြီး အမေး အဖြေ

မေး ။ ။ ဘုန်းတော်သရဖူ ဆောင်တော်မူ၍ နတ်၊ လူ၊ ဥက္ကဋ္ဌ၊ မြတ်ထက်မြတ် ဖြစ်တော်မူသော ရှင်တော်ဘုရားသည် ဓမ္မစကြာတရားကို အဘယ်အရပ်ဌာနမှာ ဟောကြားတော်မူပါသနည်း။

ဖြေ ။ ။ ဘုန်းတော်ခြောက်ဆင့် အောင်လံမြှင့်၍ မင်းမင့်ထွတ်ထား သဗ္ဗညုရှင်တော်မြတ်ဘုရားသည် ဓမ္မစကြာတရားကို ဗာရာဏသီမြို့တော်အနီး မိဂဒါဝုန်တောကြီးအတွင်း၌ ဟောကြားတော်မူပါသည်။

မေး ။ ။ အဘယ်ကြောင့် မိဂဒါဝုန်တောဟူ၍ ခေါ်ဆိုပါသနည်း။

ဖြေ ။ ။ ရှေးရှေးမင်း အစဉ်တို့သည် သားသမင်အပေါင်းတို့ကို ဘေးမဲ့ပေး၍ မွေးမြူရာဖြစ်သောကြောင့် မိဂဒါယ၊ မိဂဒါဝန၊ မိဂဒါဝုန်ဟူ၍ခေါ်ဆိုပါသည်။

မေး ။ ။ ဓမ္မစကြာတရားကို အဘယ်ပုဂ္ဂိုလ်တို့အား အမှူးထား၍ ဟောကြားတော်မူပါသနည်း။

ဖြေ ။ ။ ပဥ္စဝဂ္ဂီငါးဦးတို့အား အမှူးထား၍ ဟောကြားတော်မူပါသည်။

http://www.dhammadownload.com



မေး ။ ။ အဘယ်ကြောင့် ပဉ္စဝဂ္ဂီခေါ်ပါသနည်း။

ဖြေ ။ ။ ပုဂ္ဂိုလ်ငါးဦးတို့၏ အစုအသင်းဖြစ်၍ ပဉ္စဝဂ္ဂီခေါ်ပါသည်။

မေး ။ ။ ပဉ္စဝဂ္ဂီငါးဦးတွင် ပါဝင်သော ပုဂ္ဂိုလ်တို့၏အမည်များကို ထင်ရှားစွာဖော်ပြပါ။

ဖြေ ။ ။ ၁-ကောဏ္ဍည။ ၂-ဝပ္ပ။ ၃-ဘဒ္ဒိယ။ ၄-မဟာနာမ်။ ၅-အဿဇိ။ ဤသည်ကား ပဉ္စဝဂ္ဂီငါးဦးတို့၏ အမည်များဖြစ်ပါ သည်။

မေး ။ ။ ဘယ်နှစ်၊ ဘယ်လ၊ ဘယ်ရက်၊ ဘယ်နေ့၊ ဘယ်အချိန်တွင် ဤဓမ္မစကြာတရားတော်ကို ဟောကြားတော်မူပါသနည်း။

ဖြေ ။ ။ မဟာသက္ကရာဇ် ၁၀၃-ခုနှစ် ဝါဆိုလပြည့် စနေနေ့ ညနေ အနောက် လောကဓာတ်သို့ နေမင်းလည်းဝင်ခါနီး အရှေ့လောကဓာတ်မှ လဝန်းလည်း ထွက်ခါစ ထိုအချိန်မှာ ဓမ္မစကြာတရားကို ဟောကြားတော်မူပါသည်။

## ဆောင်ပုဒ်လင်္ကာ

ဘုရားဖြစ်ခါ၊ မိဂဒါသို့၊ စကြာရွှေဘွား၊ ဖြန့်ချီသွား၍၊ ငါးပါး ဝဂ္ဂီ၊ စုံအညီနှင့်၊ မဟီတစ်သောင်း၊ တိုက်အပေါင်းမှ၊ ချောင်းကပ်လာ၊ နတ်ပြဟ္မာအား၊ ဝါဆိုလပြည့်၊ စနေနေ့ဝယ်၊ ကြွေ့ကြွေ့လျှံတက်၊ ဓမ္မစက်ကို၊ မိန့်မြွက်ထွေပြား၊ ဟောဖော်

http://www.dhammadownload.com



ကြားသည်၊ တရားနတ်စည် ရွှမ်းတယ်ကို။

မေး ။ ။ ဓမ္မစကြာတရားကို ဟောကြားတော်မူသောအခါ နတ်ဗြဟ္မာ ပရိသတ်အပေါင်း မည်မျှလာရောက်ကြပါသနည်း။

ဖြေ ။ ။ ထိုဓမ္မစကြာ တရားပွဲကြီးသို့ စကြဝဠာတိုက်တစ်သောင်းမှ ဗြဟ္မာပေါင်း တစ်ဆယ့်ရှစ်ကုဋေ၊ နတ်ပေါင်း အသင်္ချေ လာရောက်၍ ကြားနာကြပါသည်။

မေး ။ ။ ထိုတရားပွဲကြီးမှာ လူပရိသတ်အပေါင်း မည်မျှပါဝင်ပါသနည်း။

ဖြေ ။ ။ ပဉ္စဝဂ္ဂီငါးဦးတို့မှ တစ်ပါး လူပရိသတ်ဟူ၍ တစ်ဦးတစ်ယောက်မျှ မပါဝင်ပါ။ စင်စစ်အားဖြင့် နတ် ဗြဟ္မာတို့၏ တရားပွဲကြီးဟူ၍ ဆိုထိုက်ပါသည်။

မေး ။ ။ ဤဓမ္မစကြာ တရားတော်ကို အဘယ်သို့အစချီ၍ ဟောတော်မူပါသနည်း။

ဖြေ ။ ။ ဒွေ မေ ဘိက္ခဝေ အန္တာ ပဗ္ဗဇိတေန န သေဝိတဗ္ဗာ။ ဤသို့အစချီ၍ ဟောတော်မူပါသည်။

မေး ။ ။ အစချီ၍ဟောသော ထိုပါဠိတော်၏ အနက်ကို မြန်မာဘာသာဖြင့် ပြန်ဆိုဖော်ပြပါ။

ဖြေ ။ ။ အိုချစ်သားတို့၊ ရဟန်းဖြစ်သော ပုဂ္ဂိုလ်သည် ဤယုတ်မာသော အစွန်းတရားနှစ်ပါးတို့ကို မမှီဝဲအပ်ကုန်။ ဤ

http://www.dhammadownload.com



သို့ မြန်မာဘာသာပြန်ဆိုရပါသည်။

မေး ။ ။ ဤပါဠိတော်၌ အန္တ-သဒ္ဒါသည် အဘယ်အနက်များကို ဟောပါသနည်း။

ဖြေ ။ ။ အယုတ်ဟူသော အနက်၊ အစွန်းဟူသောအနက်။ ဤအနက်များကို ဟောပါသည်။ အယုတ်တရား နှစ်ပါး၊ အလယ်လမ်း မဟုတ်သော အစွန်းတရားနှစ်ပါးဟူ၍ ဆိုလိုပါသည်။

မေး ။ ။ ယုတ်မာသော အစွန်းတရားနှစ်ပါးကို သရုပ်အားဖြင့် ဖော်ပြပါ။

ဖြေ ။ ။ ယုတ်မာသော အစွန်းတရားနှစ်ပါးတို့၏ သရုပ်မှာ ၁-ကာမ သုခလ္လိကာနုယောဂ တစ်ပါး၊ ၂-အတ္တကိလမထာနုယောဂ တစ်ပါး။ ဤနှစ်ပါးပင်ဖြစ်ပါသည်။

မေး ။ ။ ကာမ သုခလ္လိကာနုယောဂ၏ အဓိပ္ပာယ်ကို ဖော်ပြပါ။

ဖြေ ။ ။ ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ။ ဤကာမဂုဏ်ငါးပါးတို့ကို လိုက်စားမြူးထူး၍ ယစ်မူးမေ့လျော့တရားဘက်၌ ပေါ့၍နေကြသည်ကို ကာမသုခလ္လိကာနုယောဂဟု ဆိုပါသည်။

မေး ။ ။ ဤ ကာမသုခလ္လိကာနုယောဂကို အဘိဓမ္မာနည်းအားဖြင့် တရားကိုယ်ကောက်ပါလျှင် အဘယ်တရားကို

http://www.dhammadownload.com



ကောက်ယူပါ မည်နည်း။

ဖြေ ။ ။ ကာမဂုဏ်တို့၌ သာယာလိုက်စားသော တဏှာ လောဘကို ကောက်ယူရပါသည်။

မေး ။ ။ အဘယ်သို့ သဘောထားသောသူတို့သည် ကာမ သုခလ္လိကာနုယောဂ အကျင့်ကို ကျင့်ကြံလိုက်စားကြပါသ နည်း။

ဖြေ ။ ။ လောက၌အမြင်မှားသော အချို့တိတ္ထိတို့က ထင် မြင်ကြသည်မှာ (တင်းတိမ်ရောင့်ရဲစွာ ခံစားခွင့်မရသည့် အတွက်ကြောင့် တဏှာခေတ်သည် အမြဲမပြတ် ငတ်၍သာ နေသည်။ တဏှာ သဘောကျအတိုင်း အဆီးအတားမရှိ၊ တွေ့တွေ့သမျှ ကာမဂုဏ်တို့ကို တင်းတိမ်အောင်နှစ်၍ ခံစား လိုက်ပါလျှင် တဏှာသည် အားရတင်းတိမ်ခြင်းသို့ရောက်၍ နောက်တစ်ဖန် သာယာတပ်မက်ခြင်း မရှိတော့ပြီ။) ဤကဲ့သို့ သော သဘောထားဖြင့် အမြင်မှောက်မှားသော တိတ္ထိတို့ သည် ကာမဂုဏ်လိုက်စားခြင်း တည်းဟူသော ကာမ သုခလ္လိကာနုယောဂအကျင့်ကို ကျင့်ကြံကြပါသည်။

မေး ။ ။ အတ္တကိလမထာနုယောဂ၏ အဓိပ္ပာယ်ကိုဖော်ပြပါ။

ဖြေ ။ ။ ရေချိုးခြင်း၊ မီးလှုံခြင်း၊ ဆူးပေါ်၌ အိပ်ခြင်း၊ အကြောင်းမဲ့ အာဟာရဖြတ်ထားခြင်း၊ ပြာလူးခြင်းမှစ၍ မိမိ ကိုယ်ကို ပင်ပန်းဆင်းရဲအောင် ကျင့်သော အကျင့်များကို

http://www.dhammadownload.com



အတ္တကိလမထာနုယောဂဟုခေါ်ပါသည်။

မေး ။ ။ အတ္တကိလမထာနုယောဂကို အဘိဓမ္မာနည်းအား ဖြင့် တရားကိုယ်ကောက်ပါလျှင် အဘယ်တရားကို ကောက် ယူပါမည်နည်း။

ဖြေ ။ ။ ဆင်းရဲပင်ပန်းအောင် ပြုလုပ်သော သဘောမျိုး ဖြစ်၍ ဒေါသကို ကောက်ယူရပါမည်။

မေး ။ ။ အယုတ်တရားနှစ်ပါးတို့တွင် မောဟပါဝင်ခြင်း မရှိ ပါသလော။

ဖြေ ။ ။ လောဘနှင့်ဒေါသကို ကောက်ယူခဲ့ပါလျှင် မောဟ လည်းပါဝင်ပြီးဖြစ်ပါသည်။ လောဘနှင့် ဒေါသဆိုသည်မှာ မည်သည့်အခါမှာမှ မောဟနှင့်မကင်းနိုင်ပါ။

မေး ။ ။ အဘယ်ကဲ့သို့ သဘောထားသော သူတို့သည် အတ္တကိလမထာနုယောဂ အကျင့်ကို ကျင့်ကြံကြပါသနည်း။

ဖြေ ။ ။ လောက၌ အမြင်မှားသော တိတ္ထိအချို့တို့က ထင် မြင်ကြသည်မှာ ဤကိုယ်ကာယကြီးကို ချမ်းသာအောင် မွေး မြူ၍ထားသောကြောင့် တဏှာတိုးပွား၍နေသည်။ ဤကိုယ် ကြီးကို ညှဉ်းဆဲနိုင်သမျှ ညှဉ်းဆဲခဲ့ပါလျှင် တဏှာဖြစ်ပေါ်ခွင့် ကိုမရနိုင်ဘဲ ဘဏှာကုန်ခန်းခြင်းသို့ ရောက်လေတော့သည်။ ဤကဲ့သို့သော သဘောထားဖြင့် အမြင်မှောက်မှားသော တိတ္ထိတို့သည် အတ္တကိလမထာနုယောဂ အကျင့်ကို ကျင့်ကြံ

http://www.dhammadownload.com



ကြပါသည်။

**မေး ။** ။ အဘယ်ကြောင့် တရားနှစ်ပါးကို အစွန်းတရား၊ အယုတ်တရားဟူ၍ ရှင်တော်ဘုရား ဟောကြားတော်မူပါသနည်း။

**ဖြေ ။** ။ သံသရာမှ လွတ်မြောက်ရန် ဖြောင့်မှန်တည့်မတ်သော အလယ်ဗဟိုလမ်းမဟုတ်သောကြောင့် အစွန်းတရားဟူ၍ မိန့်တော်မူပါသည်။ သံသရာမှ ထွက်မြောက်ကြောင်းမဟုတ်၊ နစ်မြုပ်မျောပါစေတတ်သော သဘောမျိုး၊ သူတော်ကောင်းတို့ စက်ဆုပ်အပ်သော သဘောမျိုးဖြစ်သောကြောင့် အယုတ်တရားဟူ၍ မိန့်ကြားတော်မူပါသည်။

**မေး ။** ။ ထိုတရားနှစ်မျိုးတို့တွင် ကာမသုခလ္လိကာနုယောဂ တရားကို ရှင်တော်ဘုရားက အဘယ်ကဲ့သို့သော စကားလုံးတို့ဖြင့် ကဲ့ရဲ့တော်မူပါသနည်း။

**ဖြေ ။** ။ ဟီနော၊ ဂမ္မော၊ ပေါထုဇ္ဇနိကော၊ အနရိယော၊ အနတ္ထ သံဟိတောဟူသော စကားလုံးတို့ဖြင့် ကဲ့ရဲ့တော်မူပါသည်။

**မေး ။** ။ ထို ဟီနော၊ ဂမ္မော စသောပုဒ်တို့၏ အဓိပ္ပာယ်များကို ထင်ရှားစွာဖော်ပြပါ။

**ဖြေ ။** ။ ကာမဂုဏ် ငါးပါးတို့၌ လိုက်စားသာယာသော ကာမသုခလ္လိကာနုယောဂ သဘောကို ယုတ်မာသောကြောင့်

http://www.dhammadownload.com



ဟီန ဟူ၍ဆိုပါသည်။ မြို့သူမြို့သား၊ ရွာသူရွာသားတို့၏ အလေ့အကျင့်ဖြစ်သောကြောင့် ဂမ္မဟူ၍ဆိုပါသည်။ ပုထုဇ္ဇန် အလေ့အကျင့်ဖြစ်သောကြောင့် ပေါထုဇ္ဇနိက ဟူ၍ဆိုပါသည်။ အရိယာပုဂ္ဂိုလ်တို့ အလေ့အကျင့်မဟုတ်သောကြောင့် အနရိယ ဟူ၍ခေါ်ပါသည်။ တစ်စုံတစ်ရာမျှ အကျိုးမရှိသောကြောင့် အနတ္ထသံဟိတဟူ၍ ခေါ်ဆိုပါသည်။

**မေး ။** ။ ကာမသုခလ္လိကာနုယောဂ၏ အပြစ်များကို သိရပါပြီ။ အတ္တကိလမထာနုယောဂ အကျင့်ကို ရှင်တော်ဘုရားက အဘယ်သို့သော စကားလုံးတို့ဖြင့် ကဲ့ရဲ့တော်မူပါသနည်း။

**ဖြေ ။** ။ ဒုက္ခော၊ အနရိယော၊ အနတ္ထသံဟိတော ဟူသော စကားတို့ဖြင့် ကဲ့ရဲ့တော်မူပါသည်။

**မေး ။** ။ ထိုပုဒ်တို့၏ အဓိပ္ပာယ်များကို ထင်ရှားအောင် ရှင်းလင်း၍ပြပါ။

**ဖြေ ။** ။ အတ္တကိလမထာနုယောဂအကျင့်ကို ပင်ပန်းဆင်းရဲရုံမျှကို ဖြစ်စေတတ်သောကြောင့် ဒုက္ခဟူ၍ ဆိုပါသည်။ အရိယာပုဂ္ဂိုလ်တို့၏ ကျင့်ရိုးအလေ့ မဟုတ်သောကြောင့် အနရိယခေါ်ပါသည်။ တစ်စုံတစ်ရာမျှ အကျိုးမရှိသောကြောင့် အနတ္ထသံဟိတ ခေါ်ပါသည်။

**မေး ။** ။ အယုတ်တရား၊ အစွန်းတရားနှစ်ပါးကို ရှင်တော်ဘုရား ကဲ့ရဲ့တော်မူကြောင်းကို ကောင်းစွာသိရပါပြီ။ ကဲ့ရဲ့ရုံ

http://www.dhammadownload.com



မျှသာ ကဲ့ရဲ့တော်မူပါသလော။ သံသရာမှ ထွက်မြောက်ကြောင်း လမ်းကောင်း လမ်းမှန်ဖြစ်သော အလယ်ဗဟိုလမ်းများကို ရှင်တော်ဘုရားက ဟောကြားတော်မူပါ၏လော။

ဖြေ ။ ။ သံသရာမှထွက်မြောက်ကြောင်း လမ်းကောင်းလမ်းမှန်ဖြစ်သော ဗဟိုလမ်း ဗဟိုအကျင့်များကိုလည်း ရှင်တော်ဘုရားက ဟောကြားတော်မူပါသည်။

မေး ။ ။ ဟောကြားတော်မူသော ဗဟိုလမ်း ဗဟိုအကျင့်ဆိုသည်မှာ အဘယ်တရားဖြစ်ပါသနည်း။

ဖြေ ။ ။ မဂ္ဂင်ရှစ်ပါး ဖြစ်ပါသည်။

မေး ။ ။ မဂ္ဂင်ရှစ်ပါးသရုပ်ကို ဖော်ထုတ်၍ပြပါ။

ဖြေ ။ ။ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ။ ဤကား မဂ္ဂင်ရှစ်ပါးသရုပ်ဖြစ်ပါသည်။

မေး ။ ။ ထိုမဂ္ဂင်ရှစ်ပါးတို့၏ သဘောအဓိပ္ပာယ်ကို တစ်ပါးစီ တစ်ပါးစီ ဝေဖန်၍ပြဆိုပါ။

ဖြေ ။ ။ ကောင်းစွာမြင်မှုကို သမ္မာဒိဋ္ဌိခေါ်ပါသည်။ ကောင်းစွာကြံစည်မှုကို သမ္မာသင်္ကပ္ပခေါ်ပါသည်။ ကောင်းစွာဆိုမှုကို သမ္မာဝါစာခေါ်ပါသည်။ ကောင်းစွာပြုလုပ်မှုကို သမ္မာကမ္မန္တခေါ်ပါသည်။ ကောင်းစွာအသက်မွေးမှုကို သမ္မာအာဇီဝ ခေါ်ပါသည်။ ကောင်းစွာအားထုတ်မှုကို သမ္မာဝါယာမ ခေါ်ပါ

http://www.dhammadownload.com



သည်။ ကောင်းစွာအောက်မေ့မှုကို သမ္မာသတိခေါ်ပါသည်။ ကောင်းစွာတည်ကြည်မှုကို သမ္မာသမာဓိခေါ်ပါသည်။ ဤကား မဂ္ဂင်ရှစ်ပါး၏ သဘောအဓိပ္ပာယ်ဖြစ်ပါသည်။

မေး ။ ။ မဂ္ဂင်ရှစ်ပါးတို့၏ အဓိပ္ပာယ်ကို အချုပ်အားဖြင့် သိရပါပြီ။ အကျယ်အားဖြင့် သိဖို့လိုပါသေးသည်။ မဂ္ဂင်တစ်ပါး တစ်ပါး၏ အဓိပ္ပာယ်ကို ဖြေဆိုပါ။ အဘယ်သို့သော သိမြင်မှုကို ကောင်းစွာသိသော သမ္မာဒိဋ္ဌိဟုခေါ်ဆိုပါသနည်း။

ဖြေ ။ ။ ကံနှင့် ကံ၏အကျိုးကို ယုံကြည်စွာသိမြင်မှု၊ ရုပ်နာမ် ခန္ဓာတို့ကို သိမြင်မှု။ ဤကဲ့သို့သော သိမြင်မှုများကို ကောင်းစွာသိသော သမ္မာဒိဋ္ဌိဟု ခေါ်ဆိုပါသည်။

မေး ။ ။ အဘယ်သို့သော ကြံစည်မှုကို ကောင်းစွာကြံစည်သော သမ္မာသင်္ကပ္ပဟု ခေါ်ဆိုပါသနည်း။

ဖြေ ။ ။ ကာမဂုဏ်တို့မှ လွတ်မြောက်ရန်ကြံစည်မှု၊ သတ္တဝါအပေါင်းတို့ကို မပျက်စီးစေဘဲ ချမ်းသာစေလိုသော မေတ္တာဖြင့်ကြံစည်မှု၊ သတ္တဝါအပေါင်းတို့အား မညှဉ်းဆဲလိုဘဲ ဆင်းရဲကင်းစေလိုသော ကရုဏာသဘောအားဖြင့် ကြံစည်မှု၊ ဤကဲ့သော ကြံစည်မှုများကို သမ္မာသင်္ကပ္ပ ဟူ၍ခေါ်ဆိုပါသည်။

မေး ။ ။ အဘယ်သို့သော ပြောဆိုမှုကို ကောင်းစွာပြောဆိုသော သမ္မာဝါစာဟု ခေါ်ဆိုပါသနည်း။

http://www.dhammadownload.com



ဖြေ ။ ။ မဟုတ်မမှန်သော စကားမှရှောင်ကြဉ်ခြင်း၊ အချင်းချင်း ကွဲပြားအောင် ကုန်းချောစကားမှ ရှောင်ကြဉ်ခြင်း၊ ကြမ်းကြုတ်သော ဆဲရေးမှုစကားတို့မှ ရှောင်ကြဉ်ခြင်း၊ အကျိုးမဲ့ သိမ်ဖျင်းသော စကားတို့မှ ရှောင်ကြဉ်ခြင်း။ ဤသို့လျှင် ဝစီဒုစရိုက်လေးပါးတို့မှ ရှောင်ကြဉ်၍ မှန်သောစကားကိုသာ ဆိုခြင်း၊ အများချစ်ဖွယ်ကိုဆိုခြင်း၊ နူးညံ့သိမ်မွေ့စွာဆိုခြင်း၊ အကျိုးရှိသော စကားကိုဆိုခြင်း။ ဤကဲ့သို့ ပြောဆိုမှုများကို သမ္မာဝါစာဟူ၍ခေါ်ဆိုပါသည်။

မေး ။ ။ အဘယ်သို့သော ပြုလုပ်မှုများကို ကောင်းစွာပြုလုပ်သော သမ္မာကမ္မန္တဟူ၍ ခေါ်ဆိုပါသနည်း။

ဖြေ ။ ။ သူ့အသက်သတ်မှုမှ ရှောင်ကြဉ်ခြင်း၊ သူ့ဥစ္စာခိုးယူမှုမှ ရှောင်ကြဉ်ခြင်း၊ သူ့သားအိမ်ရာပြစ်မှားမှုမှ ရှောင်ကြဉ်ခြင်း။ ဤသို့လျှင် ကာယဒုစရိုက် သုံးခုတို့မှ ရှောင်ကြဉ်၍ အပြစ်ကင်းရှင်းစွာ ပြုလုပ်မှုကို သမ္မာကမ္မန္တဟူ၍ ခေါ်ဆိုပါသည်။

မေး ။ ။ အဘယ်သို့သော အသက်မွေးမှုကို ကောင်းစွာ အသက်မွေးသော သမ္မာအာဇီဝဟူ၍ ခေါ်ဆိုပါသနည်း။

ဖြေ ။ ။ ကာယဒုစရိုက် သုံးပါး၊ ဝစီဒုစရိုက် လေးပါးတို့မှ ဝေးစွာရှောင်ကြဉ်၍ စင်စင်ကြယ်ကြယ် အသက်မွေးမှုကို သမ္မာအာဇီဝ ဟူ၍ခေါ်ဆိုပါသည်။

http://www.dhammadownload.com



မေး ။ ။ အဘယ်သို့သော အားထုတ်မှုကို ကောင်းစွာ အားထုတ်သော သမ္မာဝါယာမဟူ၍ ခေါ်ဆိုပါသနည်း။

ဖြေ ။ ။ ဖြစ်ပြီးသော အကုသိုလ်တရားတို့ကို ပယ်ရှားရန် အားထုတ်ခြင်း၊ မဖြစ်သေးသော အကုသိုလ်တရားတို့ကို မဖြစ်ပွားအောင် အားထုတ်ခြင်း၊ ဖြစ်ပြီးသော ကုသိုလ်တရား တို့ကို တိုးပွားအောင် အားထုတ်ခြင်း၊ မဖြစ်သေးသော ကုသိုလ်တရားတို့ကို ဖြစ်အောင်အားထုတ်ခြင်း။ ဤလေးပါး သော အားထုတ်မှုကို သမ္မာဝါယာမ ဟူ၍ခေါ်ဆိုရပါသည်။

မှတ်ချက် ။ ။ သမ္မပ္ပဓာန် ဝီရိယလေးမျိုးကိုပင် သမ္မာဝါယာမ ဟုဆိုပါသည်။

မေး ။ ။ အဘယ်သို့သော အောက်မေ့မှုကို ကောင်းစွာ အောက်မေ့သော သမ္မာသတိဟူ၍ ခေါ်ဆိုပါသနည်း။

ဖြေ ။ ။ ကိုယ်ကာယအတွင်း၌ သတိကို စူးစိုက်စွာထား ခြင်း၊ ဝေဒနာသုံးပါးတို့၌ သတိကိုစူးစိုက်စွာထားခြင်း၊ စိတ် အမျိုးမျိုးတို့၌ သတိကိုစူးစိုက်စွာထားခြင်း၊ ခန္ဓာ အာယတန စသော တရားအမျိုးမျိုးတို့၌ သတိကို စူးစိုက်စွာထားခြင်း။ ဤကဲ့သို့ အောက်မေ့ခြင်းလေးမျိုး သတိစူးစိုက်ခြင်းလေးမျိုး ကို သမ္မာသတိ ဟူ၍ခေါ်ဆိုပါသည်။

http://www.dhammadownload.com



**မှတ်ချက်** ။ ။ သမ္မာသတိဆိုသည်မှာ သတိပဋ္ဌာန်လေးပါးပင်ဖြစ်သည်။ အကျယ်သိလိုလျှင် သတိပဋ္ဌာန် အမေးအဖြေစာအုပ်တွင် ကြည့်ရှုတော်မူကြပါ။

**မေး** ။ ။ အဘယ်သို့သော တည်ကြည်မှုကို ကောင်းစွာတည်ကြည်သော သမ္မာသမာဓိဟူ၍ ခေါ်ဆိုပါသနည်း။

**ဖြေ** ။ ။ ယောဂီလုပ်ငန်းဟုဆိုအပ်သော သမထ ဘာဝနာအလုပ်၌ စိတ်၏တည်ကြည်ခြင်း၊ ဝိပဿနာ ဘာဝနာအလုပ်၌ စိတ်၏တည်ကြည်ခြင်း၊ ဈာန်၊ မဂ်၊ ဖိုလ်တို့၌ စိတ်၏တည်ကြည်ခြင်း။ ဤကဲ့သို့သောတည်ကြည်ကြံ့ခိုင်ခြင်း သဘောမျိုးကို သမ္မာသမာဓိမဂ္ဂင်ဟူ၍ ခေါ်ဆိုပါသည်။

**မေး** ။ ။ ထိုသမာဓိသည် အဘယ်မျှ အပြားရှိပါသနည်း။

**ဖြေ** ။ ။ ပရိကမ္မသမာဓိ၊ ဥပစာရသမာဓိ၊ အပ္ပနာသမာဓိအားဖြင့် သုံးပါးအပြားရှိပါသည်။

**မေး** ။ ။ ထိုသမာဓိသုံးပါးတို့၏ အဓိပ္ပာယ်ကို သိလွယ်ရုံဖော်ပြပါ။

**ဖြေ** ။ ။ ယောဂီအလုပ်ကို အားထုတ်စအခါ၌ ကာမဂုဏ်တို့မှ ကင်းလွတ်၍ စိတ်၏တည်ကြည်မှုကို ပရိကမ္မသမာဓိခေါ်ပါသည်။ တစ်စုံတစ်ခုသော နိမိတ်အာရုံ ထင်မြင်လာ

http://www.dhammadownload.com



သောအခါ အားရှိခိုင်မြဲစွာ စိတ်၏တည်ကြည်မှုကို ဥပစာရ သမာဓိခေါ်ပါသည်။ အပ္ပနာ ဇောကျလာသောအခါ လွန်စွာ ကြံ့ခိုင်၍ မလှုပ်မရှားနိုင်သောတည်ကြည်မှုကို အပ္ပနာသမာဓိ ခေါ်ပါသည်။

မေး ။ ။ အလယ်ဗဟို ကျင့်လမ်းဖြစ်သော မဂ္ဂင်ရှစ်ပါးတို့ ကို အဘယ်ဂုဏ်ပုဒ်တို့ဖြင့် ရှင်တော်ဘုရား မိန့်ကြားချီးမွမ်း တော်မူပါသနည်း။

ဖြေ ။ ။ အလယ်ဗဟို ကျင့်လမ်းဖြစ်သော မဂ္ဂင်ရှစ်ပါးတို့ ကို စက္ခုကရဏီ၊ ဉာဏကရဏီ စသောဂုဏ်ပုဒ်တို့ဖြင့် ချီးမွမ်း တော်မူပါသည်။

မေး ။ ။ ထိုဂုဏ်ပုဒ်တို့၏ အဓိပ္ပာယ်ကိုဖော်ပြပါ။

ဖြေ ။ ။ မဂ္ဂင်ရှစ်ပါး အလယ်ကျင့်လမ်းတရားကို ဉာဏ် မျက်စိ ပွင့်လင်းစေတတ်သောကြောင့် စက္ခုကရဏီ ခေါ်ပါ သည်။ ကိလေသာမီးကို ငြိမ်းစေသောကြောင့် ဥပသမ ခေါ်ပါသည်။ အထူးသိမြင် စေတတ်သောကြောင့် အဘိည ခေါ်ပါသည်။ သစ္စာလေးပါးကို သိမြင်စေတတ်သောကြောင့် သမ္ဗောဓ ခေါ်သည်။ ဒုက္ခခပ်သိမ်း ချုပ်ငြိမ်းလျက် သံသရာ ဝဋ် ဇာတ်သိမ်းစေနိုင်သောကြောင့် နိဗ္ဗာန ခေါ်ပါသည်။ အလယ်ဗဟိုကျင့်လမ်းဖြစ်သောကြောင့် မဇ္ဈိမပဋိပဒါ ခေါ်ပါ သည်၊

http://www.dhammadownload.com



မေး ။ ။ သာဓု-သာဓု။ အလယ်ဗဟိုကျင့်စဉ် ကျင့်လမ်းဖြစ်သော မဂ္ဂင်ရှစ်ပါးတို့ကို သရုပ်အဓိပ္ပာယ်နှင့်တကွ အကျယ်ဖော်ပြ၍ သိရပေပြီ။ ဓမ္မစကြာသုတ္တန်မှာ မဂ္ဂင်ရှစ်ပါးကို ဟောကြား၍အပြီးတွင် အဘယ်တရားကို ဆက်လက်၍ ဟောကြားတော်မူပါသနည်း။

ဖြေ ။ ။ သစ္စာလေးပါးကို ဆက်လက်၍ ဟောကြားတော်မူပါ သည်။

မေး ။ ။ သစ္စာလေးပါးတို့၏သရုပ်ကို ဖော်ထုတ်၍ပြဆိုပါ။

ဖြေ ။ ။ ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ။ ဤသည်ကား သစ္စာလေးပါး၏ သရုပ်ဖြစ်ပါသည်။

မေး ။ ။ အဘယ်ကြောင့် သစ္စာဟူ၍ခေါ်ဆိုပါသနည်း။

ဖြေ ။ ။ မဖောက်မပြန် မှန်ကန်သော သဘောဖြစ်သောကြောင့် သစ္စာဟူ၍ခေါ်ဆိုပါသည်။

မေး ။ ။ အဘယ်ကြောင့် ဒုက္ခသစ္စာဟူ၍ ခေါ်ဆိုရပါသနည်း။

ဖြေ ။ ။ ဆင်းရဲအစစ် ဆင်းရဲအမှန်ဖြစ်သောကြောင့် ဒုက္ခသစ္စာ ဟူ၍ခေါ်ပါသည်။

မေး ။ ။ ဓမ္မစကြာ ဒေသနာနည်းအားဖြင့် ဆင်းရဲခြင်းဒုက္ခအမျိုးမျိုးကို ဖော်ထုတ်၍ပြပါ။

ဖြေ ။ ။ သံသရာတစ်ခွင်မှာ အဖန်ဖန် ပဋိသန္ဓေနေရခြင်း

http://www.dhammadownload.com



တည်းဟူသော ဇာတိဒုက္ခ၊ အဖန်ဖန်အိုရခြင်း တည်းဟူသော ဇရာဒုက္ခ၊ အဖန်ဖန် နာရခြင်းတည်းဟူသော ဗျာဓိဒုက္ခ၊ အဖန်ဖန်သေရခြင်း တည်းဟူသော မရဏဒုက္ခ၊ မချစ်မနှစ်သက်သောသူတို့နှင့် အဖန်ဖန် ပေါင်းသင်းတွေ့ကြုံရခြင်း တည်းဟူသော အပ္ပိယသမ္ပယောဂဒုက္ခ၊ ချစ်သောသူတို့နှင့် အဖန်ဖန် ကွေကွင်းရခြင်းတည်းဟူသော ပိယ ဝိပ္ပယောဂဒုက္ခ၊ အလိုရှိတိုင်းမရသဖြင့် ဆင်းရဲရခြင်းတည်းဟူသော အလာဘဒုက္ခ။ ဤသည်ကား ဓမ္မစကြာဒေသနာနည်းအားဖြင့် ဟောကြားတော်မူအပ်သော ဒုက္ခအမျိုးမျိုးဖြစ်ပါသည်။

မေး ။ ။ ဒုက္ခသစ္စာဂိုဏ်းတွင် ပါဝင်သော ပဋိသန္ဓေနေမှုကို ဇာတိဆိုသောကြောင့် ထိုဇာတိ ပဋိသန္ဓေသည် ဘယ်နှစ်မျိုးပြားပါသနည်း။

ဖြေ ။ ။ ပဋိသန္ဓေသည် ၁-ဇလာဗုဇပဋိသန္ဓေ၊ ၂-သံသေဒဇပဋိသန္ဓေ၊ ၃-အဏ္ဍဇပဋိသန္ဓေ၊ ၄-ဥပပတ်ပဋိသန္ဓေအားဖြင့် လေးမျိုးပြားပါသည်။

မေး ။ ။ ထိုပဋိသန္ဓေလေးမျိုးတို့၏ သဘောကို ဝေဖန်၍ ဖော်ပြပါ။

ဖြေ ။ ။ အမိဝမ်းတိုက်၌ ပဋိသန္ဓေနေသည်ကို ဇလာဗုဇပဋိသန္ဓေခေါ်ပါသည်။ ကြာပွင့်ကြာဝတ်မှုန်မှစ၍ စိုစွတ်သောအညိုကိုစွဲ၍ ပဋိသန္ဓေနေသည်ကို သံသေဒဇပဋိသန္ဓေ ခေါ်

http://www.dhammadownload.com



ပါသည်။ ကြက်ဥ၊ ငှက်ဥမှစ၍ ဥခွံအတွင်း၌ ပဋိသန္ဓေ နေသည်ကို အဏ္ဍဇပဋိသန္ဓေခေါ်ပါသည်။ နတ် ဗြဟ္မာတို့ကဲ့သို့ ထင်ထင်ရှားရှား ဘွားခနဲ ဖြစ်ပေါ်လာသည်ကို ဥပပတ် ပဋိသန္ဓေခေါ်ပါသည်။

**မေး ။ ။** ထိုပဋိသန္ဓေလေးပါးတို့တွင် ဇလာဗုဇ ပဋိသန္ဓေ ဖြစ်စဉ်ကို အချုပ်အားဖြင့် ဖော်ပြပါ။

**ဖြေ ။ ။** အမိဝမ်းတိုက်တွင်း၌ ရှေးဦးစွာ ကလလရေကြည် တည်ပါသည်။ ထိုကလလရေကြည်သည် အလွန်နူးညံ့ သိမ်မွေ့လစွာသော သားမွေးဖျား၌ငြိကပ်သော ဆီပေါက်ကလေးမျှ အသွင်တရာ သေးသိမ်မှုန်မွှားလှပါသည်။ ကလလရေကြည် တည်၍ ခုနစ်ရက်ကြာသော် အမြှုပ်ဖြစ်ပေါ်လာပါသည်။ ထို့နောက် ခုနစ်ရက်ကြာပြန်သော် အစိုင်အခဲဖြစ်ပေါ်၍လာပါသည်။ ထို့နောက် ခုနစ်ရက်ကြာပြန်သော် သားတစ်ဖြစ်ပေါ်၍လာပါသည်။ ထို့နောက် ခုနစ်ရက်ကြာပြန်သော် ခက်မငါးဖြာ ဖြစ်ပေါ်၍လာပါသည်။ ထို့နောက် ရက်သတ္တငါးပတ်တိုင်တိုင် ကြီးရင့်၍ တစ်ဆယ့်တစ်သတ္တာဟ မြောက်လေသော် စက္ခု၊ သောတ၊ ဃာန၊ ဇိဝှာ၊ ဤရုပ်လေးဖြာ ပေါ်ပေါက်၍ လာပါသည်။ ထိုအခါကစ၍ မွေးဖွားသည့် တိုင်အောင် အမိဝမ်းတိုက်အတွင်း၌ ကြီးပြင်း၍လာပါသည်။

http://www.dhammadownload.com



## ဆောင်ပုဒ်လင်္ကာ

(က) ရေမြှုပ် ခဲတစ်၊ ခက်မ ဖြစ်၊ ရင့်လစ်ငါးသတ္တာ။

(ခ) စက်၊ သော၊ ယာ၊ ဓိ°ဤလေးလီ၊ ဖြစ်ပြီ ဆယ့်တစ်မှာ။

မေး ။ ။ အမိဝမ်းတိုက်၌ ရှေးဦးစွာ ပဋိသန္ဓေတည်နေဆဲအခါ ရုပ်ကလာပ်ပေါင်း မည်မျှရှိပါသနည်း။

ဖြေ ။ ။ ကာယဒသက၊ ဘာဝဒသက၊ ဝတ္ထုဒသက။ ဤကလာပ်သုံးစည်းနှင့် ရုပ်ပေါင်းသုံးဆယ်ရှိပါသည်။ နပုလ္လိင်ဖြစ်ခဲ့ပါလျှင် ဘာဝဒသက ကလာပ်ကိုကြဉ်ထား၍ ကလာပ်နှစ်စည်းနှင့် ရုပ်ပေါင်းနှစ်ဆယ်ရပါသည်။

## ဆောင်ပုဒ်လင်္ကာ

(က) ကာယ ဘာဝ၊ ဟဒယ၊ ဂဗ္ဘသန္ဓိမှာ။

(ခ) နပုန်းဖြစ်လျှင်၊ ဘာဝကြဉ်၊ နှစ်ပင်ရသည်သာ။

မေး ။ ။ ဇာတိကို အဘယ့်ကြောင့် ဒုက္ခဟူ၍ခေါ်ဆိုရပါသနည်း။

ဖြေ ။ ။ ဆင်းရဲဟူသမျှသည် မူလဇာတိ ရှိသောကြောင့်သာလျှင် ဖြစ်ပေါ်ကြပါသည်။ ဇာတိမရှိလျှင် ဆင်းရဲမရှိနိုင်ပါ။ ထို့ကြောင့် ဇာတိကို ဒုက္ခဟူ၍ ခေါ်ဆိုရပါသည်။

http://www.dhammadownload.com



မေး ။ ။ အိုခြင်း ဇရာသည် အဘယ်မျှ အပြားရှိပါသနည်း။

ဖြေ ။ ။ မထင်ရှားသော အပါကဋဇရာ၊ ထင်ရှားသော ပါကဋ ဇရာအားဖြင့် နှစ်ပါးအပြားရှိပါသည်။

မေး ။ ။ ထိုဇရာနှစ်ပါး၏ သဘောကို ထင်ရှားစွာဖော်ပြပါ။

ဖြေ ။ ။ အိုရုပ်မပေါ်ခင် မထင်မရှား တဖြည်းဖြည်းရင့်ရော်၍ နေသည်ကို အပါကဋ ဇရာခေါ်ပါသည်။ ဆံဖြူ သားကြွေ၊ သားရေတွန့်ဘိ၊ မျက်စိကမှုန်၊ ခြေလက်တုန်၍၊ အာရုံကြော ဆိုင်းပြီးလျှင် ခါးကိုင်း နားထိုင်းခြင်းမှစ၍ အထင်အရှား အိုရုပ်များ ပေါ်လာသည်ကို ပါကဋဇရာခေါ်ပါသည်။

မေး ။ ။ ခဏိကဇရာ၊ သမ္မုတိဇရာဟူ၍ အိုခြင်းနှစ်ပါး ရှိခဲ့ပြန်ရာ ထိုနှစ်ပါးတို့၏သဘောကို ထင်ရှားစွာဖော်ပြပါ။

ဖြေ ။ ။ ရုပ်နာမ်တရားတို့၏ အခိုက်ကို ခဏိကဇရာခေါ်ပါသည်။ ထင်ရှားစွာ အိုရုပ်ပေါ်လာအောင် အိုခြင်းကို သမ္မုတိဇရာ ခေါ်ပါသည်။

မေး ။ ။ စုတေမနေ သေရခြင်းဟူသော မရဏတရားသည် အပြားအားဖြင့် ဘယ်မျှရှိပါသနည်း။

ဖြေ ။ ။ အာယုက္ခယ၊ ကမ္မက္ခယ၊ ဥဘယက္ခယ၊ ဥပစ္ဆေဒက အားဖြင့် မရဏအပြား လေးပါးရှိပါသည်။

မေး ။ ။ ထိုမရဏလေးပါးတို့၏ သဘောအစိပ္ပာယ်ကို သိလွယ်အောင်ဖော်ပြပါ။

http://www.dhammadownload.com



ဖြေ ။ ။ အသက်တမ်းကုန်၍ သေခြင်းကို အာယုက္ခယ မရဏ ခေါ်ပါသည်။ ကံကုန်၍ သေခြင်းကို ကမ္မက္ခယမရဏ ခေါ်ပါသည်။ အသက်တမ်းရော ကံအစွမ်းရော နှစ်ပါးစုံ ကုန်ဆုံး၍ သေခြင်းကို ဥဘယက္ခယမရဏခေါ်ပါသည်။ အသက်တမ်းနှင့် ကံစွမ်းမကုန်သေးဘဲလျက် လောလောလတ်လတ် ကံတစ်ပါးအတင်းဖြတ်၍ သေခြင်းကို ဥပစ္ဆေဒကမရဏ ခေါ်ပါသည်။ ဤသည်ကား သေခြင်းလေးပါး၏ သဘောအဓိပ္ပာယ်များဖြစ်ပါသည်။

**ဆောင်ပုဒ်ဃာထာ**

**အသက်တမ်းကုန်၊ ကံစွမ်းကုန်နှင့်၊ အတုန်နှစ်မျိုး၊ ကံဆိုးဖြတ်ခြွေ၊ သေမြဲပေ၊ လေးထွေမရဏ။**

မေး ။ ။ ခဏိက မရဏ၊ သမ္မုတိ မရဏအားဖြင့် သေခြင်း နှစ် ပါးရှိပြန်ရာ၊ ထိုနှစ်ပါးတို့၏ အဓိပ္ပာယ်ကိုဖော်ပြပါ။

ဖြေ ။ ။ ဥပါဒ်၊ ဋ္ဌီ၊ ဘင် သဘောအားဖြင့် ရုပ်နာမ်တို့၏ ချုပ်ဆုံးပျက်စီးမှုကို ခဏိကမရဏခေါ်ပါသည်။ မျက်မှောက်ဘဝကို စွန့်လွှတ်၍ ဘဝတုံးသဖြင့် အဆုံးသေသည်ကို သမ္မုတိမရဏခေါ်ပါသည်။ ခဏိကမရဏမှာ လွန်စွာလျင်မြန်လှသဖြင့် သတ္တဝါတို့ဉာဏ်တွင် ထင်မြင်ရန်ခဲယဉ်းလှပါသည်။ သမ္မုတိမရဏမှာ တစ်ဘဝတွင် တစ်ခါမျှဖြစ်၍ လွန်စွာထင်ရှား

http://www.dhammadownload.com



လှပါသည်။ ခဏိကမရဏမှာ ဝိပဿနာဘာဝနာ၏ အာရုံမျိုး ဖြစ်ပါသည်။ သမ္မုတိမရဏမှာ သမထဘာဝနာ၏ အာရုံမျိုး ဖြစ်ပါသည်။

မေး ။ ။ ဤဒုက္ခသစ္စာခန်း၌ ဒုက္ခသစ္စာ၏သဘောအရ ဒုက္ခ ပေါင်း အဘယ်မျှရှိပါသနည်း။

ဖြေ ။ ။ သင်္ခါရဒုက္ခ၊ ဝိပရိဏာမဒုက္ခ၊ ဒုက္ခဒုက္ခအားဖြင့် သုံးပါးရှိပါသည်။

မေး ။ ။ ထိုဒုက္ခသုံးပါးတို့ကို အဓိပ္ပာယ်ထင်ရှားအောင် ဖွင့် ပြပါ။

ဖြေ ။ ။ ဖြစ်ပေါ်လာအောင် ထူထောင်အားထုတ် ပြုလုပ် ကြိုးစားသော ဆင်းရဲသဘောကို သင်္ခါရဒုက္ခခေါ်ပါသည်။ ထူထောင်ပြုလုပ်ပြီး၍ ဖြစ်ပေါ်လာသော်လည်း အမြဲတည်တံ့ ခြင်းမရှိဘဲ ဖောက်ပြန်ပျက်စီးမှုသဘောကို ဝိပရိဏာမဒုက္ခ ခေါ်ပါသည်။ ဘေးဒဏ်ဥပဒ် ကပ်ရောက်ဖြစ်ပွား၍ များစွာ ဆင်းရဲရခြင်းသဘောကို ဒုက္ခ ဒုက္ခခေါ်ပါသည်။

မေး ။ ။ ပဋိစ္ဆန္နဒုက္ခ၊ အပ္ပဋိစ္ဆန္နဒုက္ခဟူ၍ ဆင်းရဲခြင်းဒုက္ခ နှစ်မျိုးရှိခဲ့ပြန်ရာ ထိုဆင်းရဲနှစ်မျိုးတို့၏ သဘောကို ထင်ရှား အောင်ဖော်ပြပါ။

ဖြေ ။ ။ ဆင်းရဲမျိုး အမှန်ပင်ဖြစ်ပါသော်လည်း သတ္တဝါတို့ ၏စိတ်မှာ ကွယ်ကာဖုံးလွှမ်းသဖြင့် ဆင်းရဲမှန်းမသိရသော

http://www.dhammadownload.com



ဒုက္ခမျိုးကို ပဋိစ္ဆန္နဒုက္ခခေါ်ပါသည်။ စိုးရိမ် ပူဆွေး၊ ငိုကြွေး ငြိုငြင်၊ နာကျင်ပြင်းပြ၊ ဖုံးလွှမ်း၍ မရသော ဆင်းရဲမျိုးကို အပ္ပဋိစ္ဆန္နဒုက္ခခေါ်ပါသည်။

**မေး ။ ။** အကျဉ်းချုပ်အားဖြင့် ဟောကြားတော်မူအပ်သော ဒုက္ခအစစ်ကား အဘယ်နည်း။

**ဖြေ ။ ။** သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာဟူ၍ဟောကြား တော်မူအပ်သောအတိုင်း အကျဉ်းချုပ်အားဖြင့် အနမတဂ္ဂ သံသရာ၌ ခန္ဓာငါးပါးသည် ဒုက္ခတုံး၊ ဒုက္ခခဲအစစ်ဖြစ်ပါသည်။

**မေး ။ ။** ဒုက္ခသစ္စာကို အဘိဓမ္မာနည်းအားဖြင့် တရားကိုယ် ကို ကောက်၍ပြပါ။

**ဖြေ ။ ။** စိတ် ၈၉၊ လောဘကြဉ်သော စေတသိက် ၅၁၊ ရုပ် ၂၈။ ဤတရားစုသည် ဒုက္ခသစ္စာ တရားကိုယ်များဖြစ်ပါသည်။

**မေး ။ ။** သာဓု-သာဓု၊ ဒုက္ခသစ္စာ၏ သရုပ်အဓိပ္ပာယ်ကို အကျယ်ဖော်ပြသောအားဖြင့် သိရပေပြီ။ သမုဒယသစ္စာကို ဆက်လက်၍ ဖြေကြားပါဦးလော။ အဘယ်ကြောင့် သမုဒယ ဟူ၍ခေါ်ဆိုရပါသနည်း။

**ဖြေ ။ ။** ဆင်းရဲ၏ အကြောင်းရင်းမူလ ဖြစ်သောကြောင့် သမုဒယဟူ၍ခေါ်ဆိုရပါသည်။

**မေး ။ ။** ထိုသမုဒယသစ္စာ၏ တရားကိုယ်အစစ်မှာ အဘယ် တရားဖြစ်ပါသနည်း။

http://www.dhammadownload.com



ဖြေ ။ ။ လောဘစေတသိက် ဖြစ်ပါသည်။ ထိုတဏှာ လောဘကိုပင် သံသရာတစ်ဝိုက်၌ ဒုက္ခပင်လယ်ဝေစိုက်၍ အဆင့်ဆင့်ပွားများအောင် ထူထောင်တတ်သောကြောင့် သမုဒယ ဟူ၍ခေါ်ဆိုပါသည်။ ဒုက္ခမျိုးစေ့ကြီး၊ ဒုက္ခအမြစ်ကြီး ဟူ၍လည်းခေါ်ဆိုရပါသည်။

မေး ။ ။ ဤဓမ္မစကြာသုတ္တန် ပါဠိတော်၌ သမုဒယသစ္စာ တဏှာကိုဟောတော်မူရာတွင်"ယာယံတဏှာ ပေါနောဗ္ဘဝိကာ" စသည်ဖြင့် ဟောတော်မူအပ်ပါသည်။ "ပေါနောဗ္ဘဝိကာ" ဆိုသောပုဒ်၏ ဝိဂြိုဟ်ကိုပြဆို၍ သဘောအဓိပ္ပာယ်များကိုလည်း ထင်ရှားစွာဖော်ပြပါ။

ဖြေ ။ ။ ပုနဗ္ဘဝံ ပဝတ္တေတီတိ ပေါနောဗ္ဘဝိကာ။ ယာ၊ အကြင်တဏှာသည်။ ပုနဗ္ဘဝံ၊ တစ်ဖန်ဘဝသစ်ကို။ ပဝတ္တေတိ၊ ဖြစ်ပွားစေတတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ သာ၊ ထိုတဏှာသည်။ ပေါနောဗ္ဘဝိကာ၊ ပေါနောဗ္ဘဝိကာ မည်၏။ ဤသို့ ဝိဂြိုဟ်ပြုရပါသည်။ ထိုတဏှာသည် သံသရာတစ်ကြောမှာ တောထအောင် ရှုပ်ပွေသော ဘဝအသစ်အသစ်တွေကို ဖြစ်စေတတ်သောကြောင့် ပေါနောဗ္ဘဝိကာမည်ပါသည်။

မေး ။ ။ ထိုတဏှာကို အဘယ်ကြောင့် "တတြ တတြာဘိနန္ဒိနီ" ဟူ၍အမည်ပေးတော်မူပါသနည်း။ ဝိဂြိုဟ်ဝစနတ်နှင့်တကွ အဓိပ္ပာယ်ကိုဖော်ပြပါ။

http://www.dhammadownload.com



ဖြေ ။ ။ တဏှာ ပေါနောဗ္ဘဝိကာ နန္ဒီရာဂသဟဂတာ တတြ တတြာဘိနန္ဒိနီ။ ယာ၊ အကြင်တဏှာသည်၊ တတြတတြ အာရမ္မဏေသု၊ ထိုထိုအာရုံ အမျိုးစုံတို့၌။ အဘိနန္ဒတိ၊ တင်းမတိမ်နိုင်ဘဲ တစွဲလမ်းလမ်း သာယာနှစ်သက်တတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ သာ၊ ထိုတဏှာသည်။ တတြ တတြာဘိနန္ဒိနီ။ တတြတတြာ ဘိနန္ဒိနီ မည်ပါသတည်း။ တဏှာသည် အာရုံအမျိုးမျိုးဖြင့် တင်းတိမ်ခြင်းမရှိဘဲ တွေ့ တွေ့သမျှသော အာရုံအသစ်အသစ်တို့ကို နှစ်သက်၍ ရွှင် လန်းကာ သာယာတတ်သော သဘောရှိသောကြောင့် "တတြ တတြာဘိနန္ဒိနီ" ဟူသောအမည်ဖြင့် ရှင်တော်ဘုရား ဟော ကြားတော်မူပါသည်။

မေး ။ ။ ဓမ္မစကြာ ဒေသနာနည်းအားဖြင့် ထိုတဏှာသည် အဘယ်မျှ အပြားရှိပါသနည်း။

ဖြေ ။ ။ ကာမတဏှာ၊ ဘဝတဏှာ၊ ဝိဘဝတဏှာဟူ၍ သုံးပါး အပြားရှိပါသည်။

မေး ။ ။ ထိုတဏှာသုံးပါးတွင် အဘယ်သို့သော တဏှာကို ကာမတဏှာဟူ၍ခေါ်ဆိုရပါသနည်း။

ဖြေ ။ ။ ရူပါရုံ အစရှိသော အာရုံတို့၌ ကာမဂုဏ်သဘော မျိုးအားဖြင့် သာယာသောတဏှာကို ကာမတဏှာ ခေါ်ဆိုရ ပါသည်။

http://www.dhammadownload.com



မေး ။ ။ အဘယ်သို့သော တဏှာကို ဘဝတဏှာဟူ၍ ခေါ်ဆိုရပါသနည်း။

ဖြေ ။ ။ ထာဝရမြဲ၏ဟူသော သဿတဒိဋ္ဌိသဘောနှင့်တကွ သာယာသော တဏှာကို ဘဝတဏှာဟူ၍ ခေါ်ဆိုရပါသည်။

မေး ။ ။ အဘယ်သို့သော တဏှာကို ဝိဘဝတဏှာဟူ၍ ခေါ်ဆိုရပါသနည်း။

ဖြေ ။ ။ ထာဝရမြဲသည်မဟုတ်၊ ပြတ်စဲခြင်းသဘောရှိ၏။ အကျိုးအကြောင်း ဆက်လက်ခြင်းမရှိ။ ဤသို့သော ဥစ္ဆေဒဒိဋ္ဌိ သဘောနှင့်တကွ သာယာသောတဏှာကို ဝိဘဝတဏှာဟူ၍ ခေါ်ဆိုရပါသည်။

မေး ။ ။ ထို့ပြင်တစ်ပါး အာရုံမွာနည်းအားဖြင့် တဏှာ အပြား မည်မျှရှိပါသနည်း။

ဖြေ ။ ။ ရူပတဏှာ၊ သဒ္ဒတဏှာ၊ ဂန္ဓတဏှာ၊ ရသတဏှာ။ ဖောဋ္ဌဗ္ဗတဏှာ၊ ဓမ္မတဏှာအားဖြင့် ခြောက်ပါးအပြားရှိပါ သည်။

မေး ။ ။ ထိုတဏှာခြောက်ပါးတို့၏ သဘောကို ထင်ရှားစွာ ဖော်ပြပါ။

ဖြေ ။ ။ အဆင်းအမျိုးမျိုး၌ သာယာသော တဏှာကို ရူပ တဏှာခေါ်ပါသည်။ အသံအမျိုးမျိုး၌ သာယာသောတဏှာ ကို သဒ္ဒတဏှာခေါ်ပါသည်။ အနံ့အမျိုးမျိုး၌ သာယာသော

http://www.dhammadownload.com



တဏှာကို ဂန္ဓတဏှာခေါ်ပါသည်။ အရသာအမျိုးမျိုး၌ သာယာသောတဏှာကို ရသတဏှာခေါ်ပါသည်။ အတွေ့အထိအမျိုးမျိုး၌ သာယာသော တဏှာကို ဖောဋ္ဌဗ္ဗတဏှာခေါ်ပါသည်။ ဓမ္မာရုံအမျိုးမျိုး၌ သာယာသောတဏှာကို ဓမ္မတဏှာခေါ်ပါသည်။ ဤသည်ကား တဏှာခြောက်ပါး၏ သဘောအဓိပ္ပာယ်များဖြစ်ပါသည်။

မေး ။ ။ သာဓု-သာဓု။ သမုဒယသစ္စာ၏ သရုပ်အဓိပ္ပာယ်ကို အကျယ်ဝေဖန်၍ ဖြေကြားသောအားဖြင့် သိရပေပြီ။ နိရောဓသစ္စာကို ဆက်လက်၍ ဖြေကြားပါဦးလော။ အဘယ်သဘောမျိုးကို နိရောဓသစ္စာဟူ၍ ခေါ်ဆိုပါသနည်း။

ဖြေ ။ ။ ဒုက္ခအမျိုးမျိုးကို ဖြစ်ပွားစေတတ်သော တဏှာသမုဒယ၏ ချုပ်ငြိမ်းခြင်းသဘောကိုပင် နိရောဓသစ္စာ ခေါ်ပါသည်။

မေး ။ ။ တဏှာ၏ချုပ်ငြိမ်းခြင်းကိုပင် နိရောဓသစ္စာဆိုပါသလော။ ဒုက္ခသစ္စာ၏ ချုပ်ခြင်းကိုပင် နိရောဓသစ္စာဆိုပါသလော။ ဤသဘောနှစ်ပါးကိုပင် ခြားနားစွာ ဖြေဆိုပါ။

ဖြေ ။ ။ ဤဓမ္မစကြာ ဒေသနာတော်၌ "ယော တဿာယေဝ တဏှာယ အသေသ ဝိရာဂ နိရောဓော" ဟူ၍ဟောတော်မူသောကြောင့် တဏှာ၏ချုပ်ခြင်းကိုပင် နိရောဓသစ္စာဟူ၍ ဆိုရပါသည်။ တဏှာသည် ဒုက္ခကိုဖြစ်ပွားစေတတ်သော

http://www.dhammadownload.com



အကြောင်းရင်းကြီးဖြစ်သောကြောင့် တဏှာချုပ်လျှင်လည်း ဒုက္ခအမျိုးမျိုးချုပ်ခြင်းကိစ္စ ပြီးပါတော့သည်။ ထို့ကြောင့် "ဒုက္ခနိရောဓံ အရိယသစ္စံ" ဟူ၍လည်း ရှင်တော်ဘုရား ဟောကြားတော်မူပါသည်။

**မေး ။ ။** နိရောဓသစ္စာ၏ တရားကိုယ် အစစ်ကား အဘယ် တရားပါနည်း။

**ဖြေ ။ ။** အသင်္ခတ ပရမတ်ဟု ဆိုအပ်သော နိဗ္ဗာန်သည် ပင်လျှင် နိရောဓသစ္စာ၏ တရားကိုယ်အစစ်ဖြစ်ပါသည်။

**မေး ။ ။** ချုပ်ချင်းသဘောဖြစ်သော နိဗ္ဗာန်ကို အဘယ် ကြောင့် အချမ်းသာဆုံးဟူ၍ ရှင်တော်ဘုရား ဟောကြား တော်မူပါသနည်း။

**ဖြေ ။ ။** ချုပ်ခြင်းသဘောမဟုတ်သော ဖြစ်ခြင်းသဘောတို့ ကြောင့် အနမတဂ္ဂသံသရာမှာ ခန္ဓာအစဉ် မပြတ်နိုင်ကြဘဲ အဖန် တလဲလဲ ဖြစ်နေကြပါသည်။ အဖန်တလဲလဲ ဖြစ်လေ သမျှ သုခမဘက် ဆင်းရဲသက်သက်တို့သာ ဖြစ်ကြပါသည်။ ထိုသို့ အဖန် တလဲလဲ မဖြစ်မူ၍ ဒုက္ခတွေ ချုပ်ငြိမ်းခဲ့ပါလျှင် ဆင်းရဲခြင်းမှ ကင်းလွတ်ပါသည်။ ထိုသို့ ဆင်းရဲကင်းမှုကြီး ကိုပင် အချမ်းသာဆုံးဟူ၍ ရှင်တော်ဘုရား ဟောကြားတော် မူပါသည်။

**မေး ။ ။** ထိုနိဗ္ဗာန်သည် အဘယ်မျှ အပြားရှိပါသနည်း။

http://www.dhammadownload.com



ဖြေ ။ ။ သဉပါဒိသေသ နိဗ္ဗာန်၊ အနုပါဒိသေသနိဗ္ဗာန် အားဖြင့် နှစ်ပါးအပြားရှိပါသည်။

မေး ။ ။ ထိုနိဗ္ဗာန်နှစ်ပါးတို့၏ သဘောအဓိပ္ပာယ်များကို ထင်ရှားစွာဖော်ပြပါ။

ဖြေ ။ ။ ခန္ဓာကျန်ကြွင်းသေးသောနိဗ္ဗာန်ကို သဉပါဒိသေသ နိဗ္ဗာန်ခေါ်ပါသည်။ ခန္ဓာအကြွင်းအကျန်မရှိသော နိဗ္ဗာန်ကို အနုပါဒိသေသနိဗ္ဗာန် ခေါ်ပါသည်။ ဤကား နိဗ္ဗာန်နှစ်ပါးတို့၏ သဘောအဓိပ္ပာယ်များဖြစ်ပါသည်။

**ဆောင်ပုဒ်ဃာထာ**

(က) သဉပါဒိ၊ သေသနိ၊ ကြွင်းရှိငါးရပ်ခန်း။

(ခ) အနုပါဒိ၊ သေသနိ၊ မရှိငါးရပ်ခန်း။

မေး ။ ။ ထို့ပြင် တစ်နည်းအားဖြင့် နိဗ္ဗာန်သည် ဘယ်မျှ အပြားရှိပါသေးသနည်း။

ဖြေ ။ ။ သုညတနိဗ္ဗာန်၊ အနိမိတ္တနိဗ္ဗာန်၊ အပ္ပဏိဟိတ နိဗ္ဗာန်အားဖြင့် သုံးပါးအပြားရှိပါသေးသည်။

မေး ။ ။ သုညတနိဗ္ဗာန်၏ သဘောကို ပြဆိုပါ။

ဖြေ ။ ။ အနတ္တ ဝိပဿနာ ဉာဏ်ဖြင့် ရင့်သန်ပွားများ၍ ဆိုက်ရောက်သော နိဗ္ဗာန်ကို သုညတနိဗ္ဗာန် ခေါ်ပါသည်။ ပလိဗောဓ ကြောင့်ကြခပ်သိမ်း ကင်းငြိမ်းသော နိဗ္ဗာန်ဟူ၍ လည်း ခေါ်ဆိုရပါသည်။

http://www.dhammadownload.com



**ဆောင်ပုဒ်ဂါထာ**

ပလိဗောဓ၊ ကြောင့်ကြ သင့်၊ ကင်းဆိတ်ည်၊ နိဗ္ဗာန်
သုညတ။

မေး ။ ။ အနိမိတ္တနိဗ္ဗာန်ကိုဖော်ပြပါ။

ဖြေ ။ ။ အနိစ္စ ဝိပဿနာဉာဏ် ရင့်သန်ပွားများ၍ ဆိုက်ရောက်သော နိဗ္ဗာန်ကို အနိမိတ္တနိဗ္ဗာန်ခေါ်ပါသည်။ အန္တရာယ်ဘေးရန်နှင့် မဆက်ဆံသော နိဗ္ဗာန်ဟူ၍လည်း ခေါ်ဆိုရပါသည်။

**ဆောင်ပုဒ်ဂါထာ**

ဘေးပေါင်းတစ်ရုံ မဆက်ဆံ၊ နိဗ္ဗာန် နိမိတ္တ။

မေး ။ ။ အပ္ပဏိဟိတနိဗ္ဗာန်ကိုဖော်ပြပါ။

ဖြေ ။ ။ ဒုက္ခဝိပဿနာဉာဏ် ရင့်သန်ပွားများ၍ ပေါက်ရောက်သော နိဗ္ဗာန်ကို အပ္ပဏိဟိတ နိဗ္ဗာန်ခေါ်ပါသည်။ တောင့်တပူပန်ခြင်းနှင့် မဆက်ဆံသော နိဗ္ဗာန်ဟူ၍လည်း ခေါ်ဆိုရပါသည်။

**ဆောင်ပုဒ်ဂါထာ**

တောင့်တပူပန်၊ မဆက်ဆံ၊ နိဗ္ဗာန်အပ္ပဏိဟိတ။

http://www.dhammadownload.com



မေး ။ ။ နိဗ္ဗာန်ကို အဘယ်ကြောင့် အသင်္ခတဓာတ်ဟူ၍ ဆိုရပါသနည်း။

ဖြေ ။ ။ ပြုပြင်စီရင်ခြင်း သဘောမရှိ၊ ပြုပြင်စီရင်အပ်သော သဘောမရှိ၊ ပြုပြင်စီရင်တတ်သော သဘောမရှိသောကြောင့် အသင်္ခတဓာတ်ဟူ၍ ခေါ်ဆိုရပါသည်။

မေး ။ ။ နိဗ္ဗာန်ဟူ၍ အဘယ်ကြောင့် ခေါ်ဆိုရပါသနည်း။ ဝိဂြိုဟ်နှင့်တကွ ဖော်ပြပါ။

ဖြေ ။ ။ ဝါနတော နိက္ခန္တန္တိ နိဗ္ဗာနံ။ ဝါနတော၊ တဏှာမှ။ နိက္ခန္တံ၊ ထွက်မြောက်သည်တည်း။ ဣတိတသ္မာ၊ ထို့ကြောင့်။ နိဗ္ဗာနံ၊ နိဗ္ဗာန်မည်၏။ တဏှာမှ ထွက်မြောက်သောကြောင့် နိဗ္ဗာန်ဟုခေါ်ရပါသည်။ တဏှာမှလွတ်မြောက်သည်ဆိုခြင်းမှာလည်း တဏှာ၏ အကြွင်းမဲ့ချုပ်ငြိမ်းမှုကိုပင် ဆိုလိုရင်းဖြစ်ပါသည်။

မေး ။ ။ သာဓု- သာဓု- သာဓု။ နိရောဓသစ္စာ၏ သဘောအဓိပ္ပာယ်ကို အကျယ်ဝေဖန်ကာ ဖြေကြားသော အားဖြင့် ခြားနားစွာသိရပေပြီ။ ထို့နောက် တစ်ဖန် မဂ္ဂသစ္စာကို ဖြေကြားပါဦးလော။ အဘယ်ကြောင့် ဒုက္ခနိရောဓဂါမိနီပဋိပဒါဟူ၍ ဟောတော်မူပါသနည်း။

ဖြေ ။ ။ ဒုက္ခခပ်သိမ်းတို့၏ ဇာတ်သိမ်းမှု ချုပ်ငြိမ်းမှုဖြစ်သော နိဗ္ဗာန်သို့ ဆိုက်ရောက်စေကြောင်း အကျင့်ကောင်းဖြစ်သော

http://www.dhammadownload.com



ကြောင့်ဒုက္ခနိရောဓဂါမိနီပဋိပဒါ ခေါ်ပါသည်။ အကျဉ်းချုပ်အားဖြင့် မဂ္ဂသစ္စာခေါ်ပါသည်။

**မေး ။ ။** ထိုမဂ္ဂသစ္စာ၏ တရားကိုယ်များကား အဘယ်မျှ အပြားရှိပါသနည်း။

**ဖြေ ။ ။** မဂ္ဂင်ရှစ်ပါးကိုပင်မဂ္ဂသစ္စာခေါ်သောကြောင့် တရားကိုယ်အားဖြင့် ရှစ်ပါးပင်ရှိပါသည်။

**မှတ် ချက်။ ။** မဂ္ဂင်ရှစ်ပါးအခန်းတွင် အကျယ်ပြဆိုခဲ့ပြီးဖြစ်၍ ဤမဂ္ဂသစ္စာခန်းတွင် အကျယ်ပြရန် မလိုတော့ပြီ။

**မေး ။ ။** သာဓု- သာဓု- သာဓု။ သစ္စာလေးပါးတို့၏ သရုပ်အဓိပ္ပာယ်များကို အကျယ်ဝေဖန်ကာ ဖြေကြားပေသောကြောင့် ပေါ်လွင်ထင်ရှားစွာသိရပေပြီ။ ဤသစ္စာလေးပါးနှင့် စပ်လျဉ်း၍ မေးရန်ရှိပြန်သည်မှာ ထိုသစ္စာလေးပါးကိုပင် အရိယသဒ္ဒါဖြင့်တွဲစပ်၍ အရိယ သစ္စာဟူ၍ ဟောတော်မူပါသည်။ အဘယ်ကြောင့် အရိယသစ္စာဟူ၍ ဟောတော်မူပါသနည်း။

**ဖြေ ။ ။** အရိယာပုဂ္ဂိုလ်တို့သာ ထိထိရောက်ရောက် ဖောက်ဖောက်ထွင်းထွင်း အလင်းသိမြင်နိုင်သောကြောင့် အရိယသစ္စာဟူ၍ ရှင်တော်ဘုရား ဟောကြားတော်မူပါသည်။

http://www.dhammadownload.com



## သစ္စာအနက် ၁၆ ချက် အမေးအဖြေ

မေး ။ ။ "သစ္စာအနက်၊ တစ်ဆယ့်ခြောက်ချက်" ဟူ၍ ကျမ်းဂန်တို့၌ ပြဆိုကြပါသည်။ အဘယ်သို့သောနည်းအားဖြင့် သစ္စာအနက် တစ်ဆယ့်ခြောက်ချက် ဖြစ်ပါသနည်း။

ဖြေ ။ ။ ဒုက္ခ၌ သစ္စာအနက်လေးပါး၊ သမုဒယ၌ သစ္စာအနက်လေးပါး၊ နိရောဓ၌ သစ္စာအနက်လေးပါး၊ မဂ္ဂ၌ သစ္စာအနက်လေးပါး။ ဤသို့အားဖြင့် လေးပါး လေးလီပေါင်းသော အခါ သစ္စာအနက် တစ်ဆယ့်ခြောက်ချက် ဖြစ်လာပါသည်။

မေး ။ ။ ဒုက္ခ၌ သစ္စာအနက်လေးပါးကိုဖော်ပြပါ။

ဖြေ ။ ။ ပီဠနဋ္ဌော၊ နှိပ်စက်အပ်၊ နှိပ်စက်တတ်၊ နှိပ်စက်ခြင်း ဟူသော အနက်သဘောတစ်ပါး။ သင်္ခတဋ္ဌော၊ အဖန်ဖန်ပြုပြင် အပ်သော အနက်သဘောတစ်ပါး။ သန္တာပဋ္ဌော၊ ပူပန်စေတတ်၊ ပူပန်စေအပ်၊ပူပန်ခြင်းအနက်သဘောတစ်ပါး။ ဝိပရိဏာမဋ္ဌော၊ ဖရိုဖရဲဖောက်လွဲဖောက်ပြန် ဖြစ်စေတတ်သော အနက်သဘော တစ်ပါး။ ဤသည်ကား ဒုက္ခ၌ သစ္စာအနက်လေးပါးဖြစ်ပါသည်။

**ဆောင်ပုဒ်ဃာထာ**

**နှိပ်စက်ပြုပြင်၊ ပူပင်ဖောက်လွှဲ၊ ဒုက္ခမြဲ၊**

http://www.dhammadownload.com



မေး ။ ။ သမုဒယ၌ သစ္စာအနက်လေးပါးကိုဖော်ပြပါ။

ဖြေ ။ ။ အာယူဟနဋ္ဌော၊ ဒုက္ခများအောင် ရွက်ဆောင် ဆည်းပူးတတ်သော အနက်သဘောတစ်ပါး။ နိဒါနဋ္ဌော၊ ဒုက္ခဝဋ္ဋ၊ ဒုက္ခအမှုတို့ကို ပေးကမ်းဆောင်နှင်းတတ်သော အနက်သဘောတစ်ပါး။ သံယောဂဋ္ဌော၊ မကွေမကွဲ ဒုက္ခနှင့်တွဲဖက်သော အနက်သဘော တစ်ပါး။ ပလိဗောဓဋ္ဌော၊ ဒုက္ခလက်မှ မထွက်ရအောင် နှောင့်ယှက်တတ်သော အနက်သဘော တစ်ပါး။ ဤသည်ကား သမုဒယ၌ သစ္စာအနက်လေးပါး ဖြစ်ပါသည်။

**ဆောင်ပုဒ်ဂါထာ**

ဆည်းပူး နှင်းဆောင်၊ ဖွဲ့နှောင် နှောင့်ယှက်၊ အချက် လေးပါး၊ ဒုက္ခပွား။

မေး ။ ။ နိရောဓ၌ သစ္စာအနက်လေးပါးကို ဖော်ပြပါ။

ဖြေ ။ ။ နိဿရဏဋ္ဌော၊ ဒုက္ခဝဋ်မှ ကျွတ်လွတ်ခြင်းအနက် သဘောတစ်ပါး။ ပဝိဝေကဋ္ဌော၊ ဒုက္ခမီးရှိန်မှ ဆိတ်ငြိမ်ခြင်း အနက်သဘောတစ်ပါး။ အသင်္ခတဋ္ဌော၊ ပြုပြင်မှုမှ ကင်းလွတ်ခြင်းအနက်သဘောတစ်ပါး။ အမတဋ္ဌော၊ သေခြင်းပျက်ခြင်းမှ လွတ်ကင်းခြင်း အနက်သဘောတစ်ပါး။ ဤသည်ကား နိရောဓ၌ သစ္စာအနက်လေးပါးဖြစ်ပါသည်။

http://www.dhammadownload.com



**ဆောင်ပုဒ်လင်္ကာ**

ကျွတ် လွတ် ဆိတ်ကွေ၊ မသေ မပြု၊ သုခအမှန်။

မေး ။ ။ မဂ္ဂဋ္ဌ သစ္စာအနက်လေးပါးကိုဖော်ပြပါ။

ဖြေ ။ ။ နိယျာနဋ္ဌော။ ဒုက္ခဝတ်မှ ထွက်၍ နိဗ္ဗာန်ဘက်သို့ ပေါက်ရောက်ကြောင်း လမ်းကောင်းအမှန်ဖြစ်ခြင်း အနက်သဘောတစ်ပါး။ ဟေတုဋ္ဌော၊ လောကုတ္တရာ တရားအပေါင်းတို့၏ ကြောင်းရင်းမူလဖြစ်ခြင်း အနက်သဘောတစ်ပါး။ ဒဿနဋ္ဌော၊ အနမတဂ္ဂ ဘဝစက်ဝယ် အိပ်မက်တွင်မျှ မမြင်စဖူး အထူးအချွန် အလွန်မြတ်လှ နိဗ္ဗာနကို လဝန်းနေဝန်း ပေါ်တက်ထွန်းသို့ ရွှန်းရွှန်းမြိုင်မြိုင် မြင်စွမ်းနိုင်သော· အနက်သဘောတစ်ပါး။ အဓိပတေယျဋ္ဌော၊ သိက္ခာသုံးခု အကျင့်မှုတွင် သူပြင်မရှိ ကြီးဘိတုလွတ် အထွတ်အထိပ်ဖြစ်ခြင်း အနက်သဘောတစ်ပါး။ ဤသည်ကား မဂ္ဂဋ္ဌ သစ္စာအနက်လေးပါးဖြစ်ပါသည်။

**ဆောင်ပုဒ်လင်္ကာ**

ထွက်မြောက် တည်ခိုင်၊ မြင်နိုင် ကြီးကဲ၊ သွလမ်းမြဲ။

မှတ်ချက်။ ။ ထိုပြဆိုခဲ့ပြီးသော သစ္စာအနက် ၁၆-ချက် ဆောင်ပုဒ်လင်္ကာလေးများကို ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီး ရေးသားတော်

http://www.dhammadownload.com



မှုအပ်သော လက်ာအတိုင်း ထည့်သွင်းဖော်ပြ
လိုက်ပါသည်။

မေး ။ ။ သစ္စာလေးပါးတို့တွင် အကြောင်းအကျိုးကို ဆင်ခြင်ပါလျှင် အဘယ်သစ္စာက အကျိုးသစ္စာဖြစ်၍ အဘယ်သစ္စာက အကြောင်းသစ္စာ ဖြစ်ပါသနည်း။

ဖြေ ။ ။ အကျိုးအကြောင်းအားဖြင့် ဆင်ခြင်ပါလျှင် ဒုက္ခကို ဖြစ် စေတတ်သောကြောင့် သမုဒယကို အကြောင်းသစ္စာ ဟူ၍ ဆိုရပါမည်။ သမုဒယကြောင့် ဖြစ်သောဒုက္ခကို အကျိုး သစ္စာဟူ၍ ဆိုရပါမည်။ နိဗ္ဗာန်သို့ ဆိုက်ရောက်စေတတ် သောအကြောင်းဖြစ်သောကြောင့် မဂ္ဂကို အကြောင်းသစ္စာ ဟူ၍ဆိုရပါမည်။ နိရောဓကို အကျိုးသစ္စာဟူ၍ ဆိုရပါမည်။

မေး ။ ။ ထိုသစ္စာ လေးပါးတို့တွင် လောကီ သစ္စာ၊ လောကုတ္တရာသစ္စာအားဖြင့် ခွဲဝေခဲ့ပါလျှင် အဘယ်သို့ ခွဲဝေ ထိုက်ကြောင်းကိုဖော်ပြပါ။

ဖြေ ။ ။ ဒုက္ခသစ္စာနှင့် သမုဒယသစ္စာနှစ်ပါးကို လောကီ ဝဋ်ဒုက္ခထဲ၌ အကျုံးဝင်သောကြောင့် လောကီသစ္စာဟူ၍ခေါ် ရပါမည်။ နိရောဓသစ္စာနှင့် မဂ္ဂသစ္စာနှစ်ပါးကို လောကီဝဋ်မှ ကျွတ်လွတ်ကြ သောကြောင့် လောကုတ္တရာသစ္စာ ဟူ၍ခေါ်ရ ပါသည်။ လောကီသစ္စာ၊ လောကုတ္တရာသစ္စာကို ဤသို့ခွဲဝေ ထိုက်ပါသည်။

http://www.dhammadownload.com



# သစ္စဉာဏ်၊ ကိစ္စဉာဏ်၊ ကတဉာဏ်သုံးပါး အမေးအဖြေ

မေး ။ ။ သစ္စာလေးပါးတို့၌ သစ္စဉာဏ်၊ ကိစ္စဉာဏ်၊ ကတဉာဏ်သုံးပါးတို့၏ သဘောအဓိပ္ပာယ်ကိုဖော်ပြပါ။

ဖြေ ။ ။ သစ္စာလေးပါးတို့၏ သရုပ်သဘော သက်သက်ကို သိသောဉာဏ်ကို သစ္စဉာဏ်ခေါ်ပါသည်။ ထိုသစ္စာလေးပါးတို့၏ ဆိုင်ရာလုပ်ငန်းကို သိသောဉာဏ်ကို ကိစ္စဉာဏ်ခေါ်ပါသည်။ ထိုသစ္စာလေးပါးတို့၌ အလုပ်စခန်းပြီးမြောက်ပြီဟု သိသောဉာဏ်ကို ကတဉာဏ်ခေါ်ပါသည်။

မေး ။ ။ ဒုက္ခသစ္စာ၌ ထိုဉာဏ်သုံးချက်ကို ခွဲဝေ၍ပြပါ။

ဖြေ ။ ။ ဘုံသုံးပါး၌ အကျုံးဝင်သော လောကီ တရားစုသည်ကား ချမ်းသာမဖက် အဆင်းရဲသက်သက်ဟူ၍ သိသောဉာဏ်ကို သစ္စဉာဏ်ခေါ်ပါသည်။ ထိုဒုက္ခတရားစုကို ပိုင်းပိုင်းခြားခြား ထင်ရှားစွာ သိအောင်ပြုအပ်သည်ဟု သိသောဉာဏ်ကို ကိစ္စဉာဏ်ဟုခေါ်ပါသည်။ ထိုဒုက္ခတရားစုကို ပိုင်းခြား၍သိခြင်း ကိစ္စပြီးပြီဟု သိသောဉာဏ်ကို ကတဉာဏ်ခေါ်ပါသည်။

မေး ။ ။ သမုဒယသစ္စာ၌ ထိုဉာဏ်သုံးချက်ကို ခွဲဝေ၍ ပြဆိုပါ။

ဖြေ ။ ။ တဏှာလောဘသည် ဒုက္ခ၏အကြောင်းရင်းအမှန် ဖြစ်သည်ဟု သိသောဉာဏ်ကို သစ္စဉာဏ်ခေါ်ပါသည်။ ထို

http://www.dhammadownload.com



တဏှာလောဘကို အကြွင်းမဲ့ ပယ်သင့်ပယ်ထိုက်သည်ဟု သိသောဉာဏ်ကို ကိစ္စဉာဏ်ခေါ်ပါသည်။ ထိုတဏှာလောဘကိုအကြွင်းမဲ့ ပယ်ခြင်းကိစ္စ ပြီးပြီဟုသိသောဉာဏ်ကို ကတဉာဏ်ခေါ်ပါသည်။

မေး ။ ။ နိရောဓသစ္စာ၌ ထိုဉာဏ်သုံးချက်ကို ခွဲဝေ၍ပြပါ။

ဖြေ ။ ။ နိဗ္ဗာန်ဆိုသည်မှာ ဒုက္ခချုပ်ရာ အမှန်ဟု သိသောဉာဏ်ကို သစ္စဉာဏ်ခေါ်ပါသည်။ ထိုနိဗ္ဗာန်ကို မျက်မှောက်ပြုထိုက်သည်၊ ကိုယ်တိုင် ဆိုက်ရောက်အောင်ပြုထိုက်သည်ဟု သိသောဉာဏ်ကို ကိစ္စဉာဏ်ခေါ်ပါသည်။ ထိုနိဗ္ဗာန်ကို မျက်မှောက်ပြုပြီး၊ ကိုယ်တိုင်ဆိုက်ရောက်ပြီးပြီဟု သိသောဉာဏ်ကို ကတဉာဏ်ခေါ်ပါသည်။

မေး ။ ။ မဂ္ဂသစ္စာ၌ ထိုဉာဏ်သုံးချက်ကို ခွဲဝေ၍ပြဆိုပါ။

ဖြေ ။ ။ မဂ္ဂင်ရှစ်ပါးသည် နိဗ္ဗာန်သို့ ဆိုက်ရောက်ကြောင်းလမ်းကောင်းအမှန်ဖြစ်သည်ဟု သိသောဉာဏ်ကို သစ္စဉာဏ်ခေါ်ပါ သည်။ မဂ္ဂင်ရှစ်ပါးကို ပွားများအားထုတ်သင့်သည်ဟူ၍ သိသောဉာဏ်ကို ကိစ္စဉာဏ်ခေါ်ပါသည်။ မဂ္ဂင်ရှစ်ပါးကို ပွားများခြင်းကိစ္စ ပြီးပြီဟူ၍ သိသောဉာဏ်ကို ကတဉာဏ်ခေါ်ပါသည်။

မေး ။ ။ ပြဆိုခဲ့ပြီးသောနည်းအားဖြင့် သစ္စာလေးပါး၌ ဉာဏ်ပေါင်းမည်မျှရှိပါသနည်း။

http://www.dhammadownload.com



ဖြေ ။ ။ သစ္စာတစ်ပါး တစ်ပါး၌ သစ္စဉာဏ်၊ ကိစ္စဉာဏ်၊ ကတဉာဏ်ဟူ၍ သုံးပါးစီရှိခဲ့ရာ သစ္စာလေးပါး၌ ဉာဏ်ပေါင်း ၁၂-ပါးရှိပါသည်။ ဤဉာဏ်များကို ရည်တော်မူ၍ ဇဝံ တိပရိဝဋ္ဋံ ဒွါဒသာကာရံ ယထာဘူတံ ဉာဏဒဿနံ ဟူ၍ ရှင်တော်ဘုရား ဟောကြားတော်မူပါသည်။

မေး ။ ။ ထိုဉာဏ်သုံးပါးတို့တွင် အဘယ်ပုဂ္ဂိုလ်တို့၌ အဘယ် ဉာဏ်မျိုးကို ရထိုက်ကြောင်း ပိုင်းခြား၍ပြဆိုပါ။

ဖြေ ။ ။ အရိယာပုဂ္ဂိုလ်တို့မှာ သစ္စဉာဏ်၊ ကိစ္စဉာဏ်၊ ကတ ဉာဏ်။ ဤသုံးပါးတို့ကို အလုံးစုံရရှိနိုင်ပါသည်။ တိဟိတ် ပုထုဇဉ်တို့မှာကတဉာဏ်ကို မရနိုင်ပါ။ သစ္စဉာဏ်၊ ကိစ္စဉာဏ် နှစ်ပါးကိုသာရထိုက်ပါသည်။

မေး ။ ။ တိဟိတ်ပုထုဇဉ်တို့မှာ အဘယ်ကြောင့် ကတဉာဏ် မရနိုင်ပါသနည်း။

ဖြေ ။ ။ ကတဉာဏ်ဆိုသည်မှာ သစ္စာလေးပါး ကိစ္စပြီး မြောက်၍ အရိယာအဖြစ်သို့ရောက်သော ပုဂ္ဂိုလ်တို့နှင့်သာ ဆိုင်သောဉာဏ်ဖြစ်ပါသည်။ ထို့ကြောင့် တိဟိတ်ပုထုဇဉ် ပုဂ္ဂိုလ်တို့မှာ ကတဉာဏ်ကို မရထိုက်ကြောင်းထင်ရှားလှပါ သည်။

မေး ။ ။ သစ္စာလေးပါး မြတ်တရားကို ဆန်းပြားထူးထွေလှစွာ ဝေဖန်၍ ပညာဉာဏ်ပွင့်လင်းအောင် ဖြေဆိုပေသောကြောင့်

http://www.dhammadownload.com



သိရှိ ရပေပြီ။ ယခု ဘုရားသာသနာမှာ အဘယ်ပုဂ္ဂိုလ်သည် ရှေးဦးစွာ သစ္စာဉာဏ် ၁၂-ပါးကို ရရှိပါသနည်း။

ဖြေ ။ ။ ဘုန်းတော်ခြောက်တန် ဂုဏ်တော်အနန္တ မြင့်မြတ်တော်မူလှသော သမ္မာသမ္ဗုဒ္ဓထွတ်ဖျား ဂေါတမရှင်တော်ဘုရားသည် သစ္စာဉာဏ် ၁၂-ပါးကို ရှေးဦးစွာရရှိတော်မူပါသည်။

မေး ။ ။ သစ္စာဉာဏ် အလုံးစုံကုန် ရရှိတော်မူကြောင်းကို ဓမ္မစကြာသုတ်၌ ရှင်တော်ဘုရား မည်ကဲ့သို့ဟောကြားတော်မူပါသနည်း။

ဖြေ ။ ။ ဣဒံ ဒုက္ခံ အရိယသစ္စန္တိမေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ။ ဤသို့ စသည်ဖြင့် ဓမ္မစကြာသုတ္တန်၌ ရှင်တော်ဘုရားဟောကြားတော်မူပါသည်။

မေး ။ ။ ပြဆိုခဲ့သော ပါဠိကို မြန်မာသက်သက် အနက်ပြန်ဆို၍ပြပါ။

ဖြေ ။ ။ ချစ်သားရဟန်းတို့၊ ငါဘုရားသည် ဘုရားမဖြစ်မီ ရှေးအခါ ကြားရုံမျှ မကြားဖူးသော တရားအပေါင်းတို့၌ ဤတေဘူမက တရားစုကား ချမ်းသာမဖက် ဆင်းရဲအမှန် သက်သက်ဖြစ်သည်ဟူ၍ မျက်စိပွင့်လင်းတော်မူပြီ၊ အသိပညာ ဝိဇ္ဇာတရား ထင်ရှားစွာပေါ်ပေါက်ခဲ့ပြီ၊ မောဟမှောင်တိုက်ကို ခွင်း၍ အလင်းကြီးပေါ်ပေါက်ခဲ့ပြီ။ ဤသည်ကား မြန်မာသက်သက် အနက်ပြန်ဆိုခြင်းဖြစ်ပါသည်။

http://www.dhammadownload.com



မေး ။ ။ လောကသုံးပါး၌ ဘုရားဖြစ်တော်မူပြီဟူ၍ ဝန်ခံတော်မူသည်မှာ အဘယ်ဉာဏ်ကို အကြောင်းပြု၍ ဝန်ခံတော်မူခြင်းဖြစ်ပါသနည်း။

ဖြေ ။ ။ လောကသုံးပါး၌ ဉာဏ်သုံးပါး၊ ဉာဏ်ဆယ့်နှစ်ပါးတို့ကိုအကြောင်းပြု၍ လောကသုံးပါး၌ ဘုရားဖြစ်တော်မူပြီဟူ၍ ဝန်ခံတော်မူခြင်းဖြစ်ပါသည်။

မေး ။ ။ သစ္စဉာဏ်ကို အကြောင်းပြု၍ ဝန်ခံတော်မူကြောင်းနှင့် ရှင်တော်ဘုရားကိုယ်တော်တိုင် ဟောကြားပုံကို မြန်မာဘာသာအားဖြင့် ထုတ်ဆောင်၍ပြပါ။

ဖြေ ။ ။ ချစ်သားရဟန်းတို့၊ သစ္စာလေးပါး မြတ်တရားတို့၌ တစ်ပါး တစ်ပါးလျှင် သစ္စဉာဏ်၊ ကိစ္စဉာဏ်၊ ကတဉာဏ်အားဖြင့် သုံးပါးအပြားရှိသော ဉာဏ်တော်၊ သစ္စာလေးပါးအပေါင်းအားဖြင့် ဆယ့်နှစ်ပါးအပြားရှိသော ဉာဏ်တော်။ ဤဉာဏ်တော်များသည် ငါဘုရား၏သန္တာန်၌ အကြွင်းမဲ့လောက်စင်ကြယ်သန့်ရှင်းစွာ မဖြစ်ပေါ်လာသေး။ ထိုမျှလောက်သောကာလပတ်လုံး လောကသုံးပါး၌ ဘုရားဖြစ်တော်မူပြီဟူ၍ ငါဝန်ခံတော်မမူ။ ထိုဉာဏ်တော်များသည် ငါဘုရား၏သန္တာန်၌ စင်ကြယ်စွာဖြစ်ပေါ်လာပြီဖြစ်သောကြောင့်သာလျှင် လောကသုံးပါး၌ ဘုရားဖြစ်ပြီဟူ၍ ငါဝန်ခံတော်မူ၏။ ငါဘုရားသည် ဘဝအဆုံးသို့ရောက်ပြီ။ တစ်ဖန်ဘဝအသစ် ဖြစ်ရန်အကြောင်း

http://www.dhammadownload.com



မရှိတော့ပြီ။ ဤကဲ့သို့ ရှင်တော်ဘုရားမိန့်ကြားတော်မူပါသည်။

မေး ။ ။ ဤဓမ္မစကြာတရားကို ရှင်တော်ဘုရားဟောကြားတော်မူသောအခါ ပဥ္စဝဂ္ဂီရဟန်းတို့သည် နှစ်သက်ဝမ်းမြောက်ကြပါ၏လော။

ဖြေ ။ ။ ဘုရားဖြစ်တော်မူပြီးသောအခါ ရှေးဦးစွာ ဟောကြားတော်မူအပ်သော ဓမ္မစကြာတရားကို ငါးပါးသော ပဥ္စဝဂ္ဂီရဟန်းတို့သည် မကြားစဖူး အလွန်ထူး ဆန်းနက်နဲစွာ ကြားနာရပါသဖြင့် ဝမ်းမြောက်ဝမ်းသာ လွန်စွာနှစ်ခြိုက်ကြပါသည်။

မေး ။ ။ ထိုဓမ္မစကြာ တရားကို ကြားနာရသောအခါ ပဥ္စဝဂ္ဂီရဟန်းတို့သည် အလုံးစုံကျွတ်တမ်းဝင်ကြပါ၏လော။

ဖြေ ။ ။ အလုံးစုံကျွတ်တမ်းမဝင်ကြသေးပါ။ ပဥ္စဝဂ္ဂီ ရဟန်းတို့၏ အကြီးအမှူးဖြစ်သော အရှင်ကောဏ္ဍည တစ်ပါးသာလျှင် သစ္စာဉာဏ်ပေါက်၍ သောတာပန်အဖြစ်သို့ ရောက်ပါသည်။

မေး ။ ။ ဤဓမ္မစကြာပွဲကြီး၌ အရှင်ကောဏ္ဍညမှတစ်ပါး အဘယ်ပုဂ္ဂိုလ်များ ကျွတ်တမ်းဝင်ကြပါသေးသနည်း။

ဖြေ ။ ။ တစ်သောင်းသော စကြဝဠာတိုက်မှလာရောက်၍ တရားနာကြကုန်သော ဗြဟ္မာအပေါင်း တစ်ဆယ့်ရှစ်ကုဋေ၊ နတ်အပေါင်း အသင်္ချေတို့သည်လည်း သစ္စာဉာဏ်ပွင့်လန်း၍

http://www.dhammadownload.com



ကျွတ်တမ်းဝင်ကြပါသေးသည်။

**မေး ။ ။** ဓမ္မစကြာ တရားကို ဟောကြားတော်မူ၍ အပြီးတွင် အဘယ်ကဲ့သို့ ထူးထွေသော အကြောင်းများဖြစ်ပေါ်လာကြပါသနည်း။

**ဖြေ ။ ။** ဓမ္မစကြာတရားကို ဟောကြား၍ အပြီးတွင် နတ်ဗြဟ္မာအပေါင်းတို့သည် အထူးအချွန် အလွန်ဝမ်းမြောက်ကြသောကြောင့် ဘုမ္မစိုးနတ်များမှ အစပြုပြီးလျှင် ကောင်းချီးပေးကာ အဆင့်ဆင့်ဟစ်ကြွေး ကြော်ငြာကြပါသည်။

**မေး ။ ။** အဘယ်ကဲ့သို့ ဟစ်ကြွေးကြော်ငြာကြပါသနည်း။

**ဖြေ ။ ။** ရှေးဦးစွာ ဘုမ္မစိုးနတ်တို့က ဟစ်ကြွေးကြသည်မှာ ဘုန်းတော်ခြောက်စုံ ကိုးဂုဏ်သခင်ဘုရားရှင်သည် ဗာရာဏသီပြည်၏အနီး မိဂဒါဝုန်တောကြီး၌ ဓမ္မစကြာတရားကို ဟောကြားတော်မူပြီး ဤကဲ့သို့ကြွေးကြော်ကြပါသည်။

**မေး ။ ။** ထို့နောက် အဘယ်နတ်များက တစ်ဖန်ဆင့်၍ ကြွေးကြော်ကြပြန်ပါသနည်း။ကြွေးကြော်ကြပုံကို စုံလင်အောင် ဖော်ပြပါ။

**ဖြေ ။ ။** ဘုမ္မစိုးနတ်တို့၏ ကြွေးကြော်သံကို ကြားသောအခါ စတုမဟာရာဇ် နတ်တို့က ကြွေးကြော်ကြပါသည်။ ထို့နောက် တာဝတိံသာနတ်များ၊ ထို့နောက် ယာမာနတ်များ၊ ထို့နောက် တုသိတာနတ်များ၊ ထို့နောက် နိမ္မာနရတိနတ်များ၊ ထို့နောက်

http://www.dhammadownload.com



ပရနိမ္မိတဝသဝတ္တိနတ်များ အဆင့်ဆင့်ကွေးကြော်ကြပါသည်။ ထို့နောက် နတ်တို့၏အသံကိုကြား၍ ရူပါဝစရဗြဟ္မာဘုံ၌ ရှိကြကုန်သော ဗြဟ္မာအပေါင်းတို့ကလည်း သောင်းသောင်းဖြဖြ ကွေးကြော်ကြပါသည်။

**မေး ။ ။** ထိုသို့ကွေးကြော်သောအသံများသည် အဘယ်သို့တိုင်အောင် ပျံ့နှံ့၍သွားပါသနည်း။

**ဖြေ ။ ။** နတ်ဗြဟ္မာအပေါင်းတို့ အဆင့်ဆင့်ကွေးကြော်ကြသော အသံများသည် များမကြာမီပင်လျှင် အကနိဋ္ဌဘုံသို့တိုင်အောင် ပျံ့နှံ့၍သွားပါသည်။

**မေး ။ ။** ထိုကွေးကြော်သံ ပျံ့နှံ့ခြင်းမှတစ်ပါး အဘယ်သို့သောအံ့ဘွယ်သရဲများ ဖြစ်ပေါ်လာပါသေးသနည်း။

**ဖြေ ။ ။** ဓမ္မစကြာတရားကို ဟောကြားပြီးဆုံးသောအခါ စကြဝဠာတိုက်တစ်သောင်းသည် တစ်ပြိုင်နက်ပဲ့တင်ဟည်း၍ ကြီးစွာ မြေငလျင်လှုပ်ရှားခြင်း ဖြစ်ပေါ်၍လာပါသည်။

**မေး ။ ။** ထိုမှတစ်ပါး အဘယ်သို့သော အံ့ဘွယ်သရဲများ ဖြစ်ပေါ်၍လာပါသနည်း။

**ဖြေ ။ ။** ဓမ္မစကြာတရားကို ဟောကြားပြီးဆုံးသောအခါ နတ်တို့၏ အရောင်၊ ဗြဟ္မာတို့၏ အရောင်တို့ထက် ထူးချွန်၍ အလွန်ထွန်းလင်းသော ရောင်တော်ကြီးသည် တစ်သောင်းသော လောကဓာတ်တိုက်ဘောင်မှာ ထိန်ပြောင်လင်း၍လာပါသည်။

http://www.dhammadownload.com



မေး ။ ။ ထို့ပြင်တစ်ပါး ကျမ်းဂန်များ၌ ဓမ္မစကြာတရားကို ဟောကြားပြီးသောအခါ အဘယ်သို့သော နိမိတ်ကြီးများ ထင်လာသည်ဟူ၍ ပြဆိုကြပါသေးသနည်း။

ဖြေ ။ ။ သုံးဆယ့်နှစ်ပါးသော နိမိတ်ကြီးများ ထင်မြင်လာသည်ဟူ၍ ကျမ်းဂန်တို့၌ ပြဆိုကြပါသေးသည်။

မေး ။ ။ ထိုနိမိတ်ကြီး သုံးဆယ့်နှစ်ပါးတို့၏ သရုပ်ကို အကျဉ်းချုပ်အားဖြင့် ထုတ်ဖော်ပြပါ။

ဖြေ ။ ။ ဝါဆိုလပြည့်နေ့အခါ ဓမ္မစကြာတရားကို ဟောကြားတော်မူသောအဆုံး၌-

၁။ လောကဓာတ် တစ်သောင်း တုန်လှုပ်ခြင်း။

၂။ အပူအအေး မျှတခြင်း။

၃။ တစ်သောင်းသော လောကဓာတ်၌ ရုတ်တရက်အသံတိတ်၍ ငြိမ်သက်သွားခြင်း။

၄။ လေပြင်းမုန်တိုင်း မလာခြင်း။

၅။ လေပြည် လေညင်း တိုက်ခတ်ခြင်း။

၆။ မြစ်အပေါင်းတို့၌ ရေမစီးဘဲ တန့်ရပ်ခြင်း။

၇။ ပန်းသစ်ပင်အပေါင်းတို့ တစ်ပြိုင်နက်ပွင့်ခြင်း။

၈။ ကောင်းကင်၌တည်သော အာကာသဌရတနာတို့ ရောင်ဝါဖြင့် ကွန်မြူးခြင်း။

၉။ လူ့ပြည် နတ်ပြည်တို့၌ရှိသော တူရိယာအပေါင်းတို့

http://www.dhammadownload.com



တစ်ပြိုင်နက် အလိုလိုမြည်ခြင်း။

၁၀။ ကောင်းကင်မှ နတ်ပန်းမိုးရွာချခြင်း။

၁၁။ တစ်ပြိုင်နက် ပွဲတင်ဟည်းခြင်း။

၁၂။ ငရဲကြီးရှစ်ထပ်၌ ငရဲမီးငြိမ်းခြင်း။

၁၃။ အညစ်အကြေးကင်းစင်လျက် ကောင်းကင်က နေဝန်းအထူးသဖြင့် ထွန်းလင်းခြင်း။

၁၄။ နေ့အခါ ကြယ်တာရာတို့ကို မြင်ရခြင်း။

၁၅။ မိုးမရွာဘဲ ကောင်းကင်မှ နတ်ရေစင်သွန်းချခြင်း။

၁၆။ ဂြိုဟ်ကြီး ၇-လုံးတို့ ကြည်လင်ထင်ရှားစွာပေါ်လာခြင်း။

၁၇။ သတ္တဗ္ဗီသ နက္ခတ်များလည်း ထင်ရှားစွာပေါ်ခြင်း။

၁၈။ လဝန်းသည် ပြုဿာသင်္ဂနက္ခတ်နှင့်ယှဉ်၍ပေါ်လာခြင်း။

၁၉။ တွင်း၊ ဂူ၊ လိုဏ်ခေါင်းအောင်း၍နေသော သတ္တဝါတို့ ထွက်လာခြင်း။

၂၀။ လူအပေါင်းတို့၌ အလိုခပ်သိမ်း ပြည့်စုံ၍ ရောင့်ရဲတင်းတိမ်ခြင်း။

၂၁။ ကိုးဆယ့်ခြောက်ဖြာ ဝေဒနာစွဲကပ်သူတို့ ပျောက်ကင်းခြင်း။

၂၂။ ဆာလောင်မွတ်သိပ်မှု ပြေခြင်း။

၂၃။ ပြိတ္တာအပေါင်း ဝပြောခြင်း။

၂၄။ ကိလေသာ တရားတို့ ငြိမ်းခြင်း။

http://www.dhammadownload.com



၂၅။ အပါယ်လေးပါး၌ ဒုက္ခဘေးကင်းခြင်း။

၂၆။ တစ်လောကလုံး၌ မြူအညစ်အကြေးကင်း၍ သန့်ရှင်းကြည်လင်ခြင်း။

၂၇။ မကောင်းသော ရနံ့ပျောက်ခြင်း။

၂၈။ နတ်ပန်းနံ့သာ ကြိုင်လှိုင်ခြင်း။

၂၉။ နတ်ပြည်ခြောက်ဘုံနှင့် ရူပဗြဟ္မာ ၁၆-ဘုံကို အကုန်မြင်ရခြင်း။

၃၀။ ငရဲကြီးရှစ်ထပ်၌ ခံနေရသော သတ္တဝါအလုံးစုံကို အကုန်မြင်ရခြင်း။

၃၁။ မြို့တံခါး၊ အိမ်တံခါးမှစ၍ ပိတ်ထားသမျှ အလုံးစုံ အကုန်ပွင့်ခြင်း။

၃၂။ သတ္တဝါအပေါင်းတို့၌ သေမှု၊ ပဋိသန္ဓေနေမှု၊ ဖွားမြင်မှုမရှိခြင်း။ ဤသို့လျှင် ၃၂-ပါးသော နိမိတ်တော်ကြီးများသည် ထင်ရှားစွာဖြစ်ပေါ်လာကြပါသည်။

မေး ။ ။ သာဓု - သာဓု - သာဓု။ မဓမ္မစကြာဒေသနာ၏ တန်ခိုးကြောင့် မြေမိုးမဆုံအောင် အံ့ဘွယ်သရဲကြီးတွေဖြစ်ပုံကို စုံလင်စွာဖြေကြားသဖြင့် နားစိုက်၍နေကြသော အမျိုးသား၊ အမျိုးသမီး အပေါင်းတို့မှာ သဒ္ဓါတရားပွားများထက်သန်စွာ ဖြစ်ပေါ်ကြရပေပြီ။ ထို့နောက်တစ်ဖန် မေးရန်ရှိပြန်သည်မှာ နိမိတ်တော်ကြီးတွေ ထင်မြင်၍ ကောင်းကင်မြေမိုး ဖြန်းဖြန်း

http://www.dhammadownload.com



ကျိုးမျှ တန်ခိုးတော်ရောင် တောက်ပြောင်ထွန်းလင်းသောအခါ ရှင်တော်ဘုရားက မည်သို့သော ဥဒါန်းစကားကို မိန့်ကြားတော်မူပါသနည်း။

**ဖြေ ။ ။** ဓမ္မစကြာ ဒေသနာတန်ခိုးဖြင့် မြေမိုးတုန်လှုပ်သောအခါ ရှင်တော်မြတ်ဘုရားက 'အညာသိ ဝတ ဘော ကောဏ္ဍညော၊ အညာသိ ဝတ ဘော ကောဏ္ဍညော" ဤသို့သော ဥဒါန်းကို ကျူးရင့်တော်မူသည်။

**မေး ။ ။** ထိုဥဒါန်းစကားတော်၏ ဆိုလိုရင်း အဓိပ္ပာယ်ကို ဖော်ပြပါ။

**ဖြေ ။ ။** "အို လူ နတ် ပြဟ္မာ သတ္တဝါအပေါင်းတို့၊ ချစ်သား ကောဏ္ဍညသည် ငါဘုရား၏တရားတော်ကို သိလေပြီ။ အို-လူ နတ် ပြဟ္မာ သတ္တဝါအပေါင်းတို့၊ ချစ်သား ကောဏ္ဍညသည် ငါဘုရား၏ တရားတော်ကို သိလေပြီ"။ ဤသည်ကား မိန့်ကြားတော်မူသော ဥဒါန်း၏ ဆိုလိုရင်း အဓိပ္ပာယ်ဖြစ်ပါသည်။ ဤဥဒါန်းစကားကို အကြောင်းပြု၍ အရှင်ကောဏ္ဍညအား "အညာသိ ကောဏ္ဍည" ဟူသောအမည်ဖြင့် ထင်ရှားကျော်စော၍သွားပါသည်။

**မေး ။ ။** ဓမ္မစကြာတရားကို ကြားနာရပြီးနောက် အရှင်ကောဏ္ဍညသည် ဘုန်းတော်ကြီးလှသော မြတ်စွာဘုရားအား အဘယ်သို့လျှောက်ထားပါသနည်း။

http://www.dhammadownload.com



ဖြေ ။ ။ အရှင်ကောဏ္ဍညသည် လက်ဦးစွာ ဟောကြား တော်မူအပ်သော ဓမ္မစကြာတရားကို ကြားနာရ၍ ယုံမှားခြင်း ကင်းပျောက် အသိဉာဏ်ပေါ်ပေါက်၍ သောတာပန်အဖြစ်သို့ ရောက်လေသောအခါ ရှင်တော်ဘုရားကို ရှိသေစွာဝပ်တွား ရှိခိုး၍ "ဘုန်းတော်ကြီးလှသော မြတ်စွာဘုရား၊ တပည့်တော် အား အရှင်ဘုရား အထံတော်၌ ရဟန်းအဖြစ်ကို ရယူလိုပါ သည်၊ ခွင့်ပေးသနားတော်မူပါ" ဟူ၍ လျှောက်ထားတောင်း ပန်ပါသည်။

မေး ။ ။ ထိုအခါ ရှင်တော်ဘုရားက အဘယ်သို့မိန့်ကြား ခွင့်ပေးတော်မူပါသနည်း။

ဖြေ ။ ။ ဧဟိ ဘိက္ခု ခေါ်တော်မူပြီးလျှင် လျှောက်ထား တောင်းပန်သောအတိုင်း ရဟန်းအဖြစ်ကို ပေးတော်မူပါသည်။ အရှင်ကောဏ္ဍညလည်း ရှင်တော်ဘုရား၏အထံမှ ဧဟိဘိက္ခု ရဟန်းအဖြစ်ကို ရရှိပါသည်။

မေး ။ ။ အဘယ်ရဟန်းမျိုးကို ဧဟိ ဘိက္ခုရဟန်း ဟူ၍ ခေါ်ဆိုအပ်ပါသနည်း။

ဖြေ ။ ။ ဧဟိ ဘိက္ခု ရဟန်းဆိုသည်မှာ သိမ်ဝင်ခြင်း၊ ကမ္မ ဝါဖတ်ခြင်းကို မပြုရတော့ဘဲ ရှင်တော်ဘုရားက "အိုချစ်သား ရဟန်း၊ ငါ၏အထံတော်သို့ လာလော့၊ ဒုက္ခကင်းငြိမ်းခြင်းငှာ ငါဘုရား ဟောကြားတော်မူအပ်သော အကျင့်မြတ်ကို ကျင့်

http://www.dhammadownload.com



လော့" ဤသို့အမိန့်တော်ရှိသည်နှင့် တစ်ပြိုင်နက် ရဟန်းအဖြစ်သို့ရောက်သော ပုဂ္ဂိုလ်ကို ဧဟိ ဘိက္ခုရဟန်း ဟူ၍ ခေါ်ဆိုရပါသည်။

**မေး ။** ။ သာမည ပုဂ္ဂိုလ်များသည် ထို ဧဟိ ဘိက္ခုရဟန်းအဖြစ်ကို ရနိုင်ပါမည်လော။

**ဖြေ ။** ။ မရနိုင်ကြပါ။ ရှေးရှေးသော ဘုရားရှင်တို့ ရှေ့လက်ထက်တော်အခါ ပါရမီဖြည့်ဆည်းပူး၍ ထူးချွန်သောပုဂ္ဂိုလ်များဖြစ်မှသာလျှင် ဧဟိ ဘိက္ခု ရဟန်းအဖြစ် ရနိုင်ကြပါသည်။

**မေး ။** ။ အဘယ်သို့သောအင်္ဂါနှင့် ပြည့်စုံမှ ဧဟိ ဘိက္ခုရဟန်းအဖြစ်ကို ရနိုင်ပါသနည်း။

**ဖြေ ။** ။ ရှေးရှေးသော ဘုရားရှင်တို့၏ လက်ထက်တော်မှာ ပါရမီကိုဖြည့်ဆည်းပူးခဲ့ခြင်း၊ သက်တော်ထင်ရှားဘုရားမြတ်စွာနှင့်တွေ့ကြုံခဲ့ရခြင်း၊ တွေ့ကြုံသောအခါ ရှင်တော်ဘုရားက ဧဟိဘိက္ခုခေါ်တော်မူခြင်း။ ဤအင်္ဂါသုံးပါးနှင့် ပြည့်စုံမှ ဧဟိဘိက္ခုရဟန်းအဖြစ်ကို ရနိုင်ပါသည်။

**မေး ။** ။ ယခုမြတ်စွာဘုရား၏ သာသနာတော်၌ အဘယ်ပုဂ္ဂိုလ်သည် သူတကာတို့ထက်ထူး၍ လက်ဦးဆုံး ရဟန်းအဖြစ်ကို ရရှိပါသနည်း။

**ဖြေ ။** ။ ယခုမြတ်စွာဘုရား၏ သာသနာတော်၌ အရှင်ကောဏ္ဍညသည် သူတကာတို့ထက်ထူး၍ လက်ဦးဆုံး ရဟန်း

http://www.dhammadownload.com



အဖြစ်ကို ရရှိပါသည်။

**မေး ။ ။** သာဓု- သာဓု- သာဓု။ ယခု မြတ်စွာဘုရား၏ သာသနာတော်တွင် ပထမတန်း စာရင်းဝင်ဖြစ်တော်မူသော အရှင်ကောဏ္ဍည၏ သောတာပန်တည်ကြောင်း၊ ဧဟိ ဘိက္ခု ရဟန်း အဖြစ်ကို ရရှိကြောင်း။ ဤအကြောင်းများကို ကောင်းစွာသိရှိရပါပြီ။ အရှင်ဝပ္ပစသော ပုဂ္ဂိုလ်လေးပါးတို့သည်ကား အဘယ်အခါမှ တရားထူးကို ရရှိကြပါသနည်း။

**ဖြေ ။ ။** ဓမ္မစကြာတရားကို ရှေးဦးစွာ ဟောတော်မူပြီးသည် နောက် လပြည့်ကျော် တစ်ရက်နေ့သို့ ရောက်သောအခါ ထို ဓမ္မစကြာကိုပင် အကျယ်ထပ်မံ၍ ဟောတော်မူပြန်ရာ ထို လပြည့်ကျော် တစ်ရက်နေ့မှာပင် အရှင်ဝပ္ပသည် သောတာပန် အဖြစ်သို့ ရောက်ပါသည်။ နှစ်ရက်နေ့တွင် အရှင်ဘဒ္ဒိယ၊ သုံးရက်နေ့တွင် အရှင်မဟာနာမ်၊ လေးရက်နေ့တွင် အရှင် အဿဇိ အစဉ်အတိုင်း သောတာပန်အဖြစ်သို့ ဆိုက်ရောက် တော်မူကြပါသည်။ ပဉ္စဝဂ္ဂီငါးဦးလုံးပင် ဧဟိ ဘိက္ခုရဟန်း အဖြစ်ကို ရရှိကြပါသည်။

**မေး ။ ။** ထိုပဉ္စဝဂ္ဂီငါးဦးတို့သည် အဘယ်နေ့တွင် အဘယ် တရားကို ကြားနာရ၍ ရဟန္တာအဖြစ်သို့ ဆိုက်ရောက်ကြပါ သနည်း။

**ဖြေ ။ ။** ဝါဆိုလပြည့်ကျော် ငါးရက်နေ့တွင် ရှင်တော်မြတ်

http://www.dhammadownload.com



ဘုရားသည် ပဉ္စဝဂ္ဂီရဟန်းတို့ကို စည်းဝေးစေပြီးလျှင် အလွန်တရာ နက်နဲလှစွာသော အနတ္တလက္ခဏသုတ်ကို ဟောတော်မူပါသည်။ ထိုအနတ္တလက္ခဏသုတ်ကို ဟောတော်မူပြီးသည် အဆုံး၌ ပဉ္စဝဂ္ဂီငါးပါးတို့သည် တရားအထူးကို သိမြင်၍ ကြည်လင်သောဉာဏ်ဇောဖြင့် အာသဝေါအလုံးစုံကို အကုန်ရှင်းခွာပြီးလျှင် ရဟန္တာအဖြစ်သို့ရောက်တော်မူကြပါသတည်း။

(ဓမ္မစကြာသုတ် အမေးအဖြေ ပြီး၏။)

http://www.dhammadownload.com



# ဓမ္မစကြာ နိဂုံး

၁။ ဟောဖျွင်စကြာ၊ ပိုင်စိုးကာ၊ မြတ်စွာထွတ်သနင်း။

၂။ ဖဝါးတော်စက်၊ ရာ့ရှစ်ကွက်၊ ဘဝဂ်တိုင်အောင်နင်း။

၃။ သုတ္တန်မိန့်မြွက်၊ ဓမ္မစက်၊ နက်နဲပါဘိခြင်း။

၄။ ဝိနည်းမိန့်မြွက်၊ အာဏာစက်၊ ထက်မြက်အရှိန်ပြင်း။

၅။ ဓမ္မစက်သုတ်၊ ဟောမြွက်ထုတ်၊ လောကုတ်အခြေခင်း။

၆။ ဓမ္မစကြာ၊ မခက်ပါ၊ လွယ်စွာသိစေခြင်း။

၇။ ဉာဏ်မြင်ဖွံ့ဖြိုး၊ များအကျိုး၊ မြော်ကိုးနှလုံးသွင်း။

၈။ အမေး အဖြေ၊ ရေးခဲ့ပေ၊ စိတ်နေဖြောင့်စင်းစင်း။

၉။ သိဖို့အလွယ်၊ အဓိပ္ပာယ်၊ မကျယ်လွန်ပွင့်လင်း။

၁၀။ မေးချက် ဖြေချက်၊ သင်လေ့ကျက်၊ နက်နဲဉာဏ်ထိုး ထွင်း။

၁၁။ ဗုဒ္ဓဘာသာ၊ မျိုးမြန်မာ၊ ရှုကာနှလုံးသွင်း။

၁၂။ အမျိုးသမီးများ၊ အမျိုးသား၊ တိုးပွားဉာဏ်အလင်း။

၁၃။ အစုံအလင်၊ မိပ္ပာယ်ထွင်၊ ဘယ်တွင်မလစ်ဟင်း။

၁၄။ ပညာအလှူ၊ ပေးအံ့ဟူ၊ စင်ဖြူစိတ်ဓာတ်ရင်း။

၁၅။ လယ်တီအစ၊ ပဏ္ဍိတ၊ နာမတသင်းသင်း။

၁၆။ တစ်ထောင့်နှစ်ရာ၊ ရှစ်ဆယ်မှာ၊ သဗ္ဗာအစွန်းသွင်း။

၁၇။ ဝါဆိုလပြည့်၊ နေ့မွန်းတည့်၊ ရေး၏အစခင်း။

http://www.dhammadownload.com



၁၈။ ပြည့်ကျော်ငါးရက်၊ ပြီးပြေလျက်၊ အဖျက်ရန်ဘေးကင်း။

၁၉။ ဤသို့ရေးရ၊ မြတ်ပုညာ၊ ဓမ္မကုသိုလ်သွင်း။

၂၀။ အကျွန်ုပ်ကုသိုလ်၊ တောင်းဆုဆို၊ အလိုဆန္ဒရင်း။

၂၁။ လယ်တီအသျှင်၊ ကျွန်ုပ်သခင်၏၊ တီထွင်ဟောကြား၊ မြတ်တရားနှင့်၊ တည်ထားကျောက်စာ၊ ရှည်မြင့်စွာ၊ တည်ပါစေချင်ခြင်း။

၂၂။ လောကီစကြာ၊ ခုနစ်ဖြာကို၊ များစွာသ၀၊ ကျွန်ုပ်ရ၍၊ စက္က ၀တ္တိ၊ ရာဇာဓိပု၊ လောကီသင်းကျစ်၊ ထွတ်ဆုံးဖြစ်၊ ရန်စစ် အကုန်ရှင်း။

၂၃။ ဆုံးစွန်ဘ၀၊ တိုင်ရောက်ကလျှင်၊ သတ္တဗောဇ္ဈင်၊ စက်နန်းယာဉ်ဖြင့်၊ သဗ္ဗညုပေါင်း၊ မကိုဋ်ဆောင်း၍၊ သောင်းစက္ကဝါ၊ ပေနေယျာကို၊ ခေမာခွင်သို့၊ ကယ်တင်ပို့၊ မြိုက်မြို့ပျော်စံမင်း။

၂၄။ အများချမ်းသာ၊ အေးစိမ့်ငှာ၊ မေတ္တာနှလုံးသွင်း။

၂၅။ ဗုဒ္ဓသာသနာ၊ ထွန်းလင်းကာ၊ ရောင်ဝါတလင်းလင်း။

http://www.dhammadownload.com



# ဓမ္မစကြာ ဝတ္ထု

မှတ်ချက်။ ။ ဤဓမ္မစကြာ အမေးအဖြေကျမ်း၌ အမျိုးသား၊ အမျိုးသမီးတို့အားစေတနာသဒ္ဓါတရား တိုးပွားကြစေရန် ဓမ္မစက္က ပဝတ္တန သုတ္တန်နှင့် စပ်သောဝတ္ထုများကို လိုရင်းအားဖြင့်ဖော်ပြလိုက်ပါသည်။

## ဟေမဝတာနှင့် သာတာဂိရိဝတ္ထု

ဘုန်းတော်သရဖူ ဆောင်းတော်မူ၍ အောင်သူဥက္ကင်မြိတ်ထက်မြတ် ဖြစ်တော်မူသော ရှင်တော်ဘုရားပွင့်တော်မူသောအခါ ဟေမဝတ နတ်ဘီလူးနှင့် သာတာဂိရိ နတ်ဘီလူးတို့ဟာ လွန်စွာချစ်ခင်တဲ့ မဟာမိတ်ကြီးများ ဖြစ်ကြတယ်။ ဟေမဝတ နတ်ဘီလူးကတော့ ဟိမဝန္တာတောကြီးအတွင်း ဟေမဝတ အမည်ရှိတဲ့ တောင်မှာနေတယ်။ သာတာဂိရိ နတ်ဘီလူးကတော့ မဇ္ဈိမတိုက်ကြီးအတွင်း သာတာဂိရိ အမည်ရှိတဲ့ တောင်မှာနေတယ်။

သည်နတ်ဘီလူးကြီးနှစ်ဦးဟာ ကဿပမြတ်စွာဘုရား၏ သာသနာတော်မှာ အတူတကွ ရဟန်းပြုလုပ်ခဲ့ကြတဲ့အတွက် ယခုဘဝမှာလဲ လွန်စွာခင်မင်တဲ့ မဟာမိတ်ကြီးများဖြစ်နေကြသတဲ့။

http://www.dhammadownload.com



တစ်နေ့သောအခါ ဟိမဝန္တာ မဟာဂီရိတောင်ခြေတွင် ဆန်းကျယ်စွာဖန်ဆင်းအပ်တဲ့ "သာလဂတီ" ဆိုတဲ့ မဏ္ဍပ်ကြီး အတွင်း ကျင်းပအပ်တဲ့ နတ်သဘင်အစည်းအဝေးမှာ နတ်ဘီလူးကြီးနှစ်ဦး တွေ့ဆုံကြတယ်။ သည်အခါ ဘယ်လိုကတိ ကဝတ် ထားကြသလဲဆိုတော့ သာတာဂီရိ နတ်ဘီလူးက "အဆွေတော် ဟေမဝတ၊ သင်နေတဲ့ ဟိမဝန္တာမှာ လွန်စွာ ထူးဆန်းသော ပန်းအမျိုးမျိုး၊ ရတနာအမျိုးမျိုးတို့ဖြင့် ပြည့်စုံ ပါတယ်၊ ဘုန်းတန်ခိုးကြီးတဲ့ နတ်အပေါင်းတို့၏ ပျော်ရွှင် စံပယ်ရာဌာနကြီးလဲဖြစ်ပါပေတယ်၊ ဟိမဝန္တာ၌ တစ်စုံတစ်ရာ သော အထူးအဆန်း ဖြစ်ပေါ်လာလျှင် ကျွန်ုပ်ကိုမမေ့ပါနှင့်၊ သတိရစွာနှင့် ဖိတ်ကြားပါ"။ အဲသို့ကလို တောင်းပန်ပြောဆို တယ်။

သည်တော့ ဟေမဝတ နတ်ဘီလူးကလဲ "အဆွေတော် တောင်းပန်တဲ့အတိုင်း ကျွန်ုပ်ဝန်ခံပါတယ်၊ အဆွေတော်နေတဲ့ မဇ္ဈိမဒေသတိုင်းဆိုသည်မှာ ဘုရား၊ ရဟန္တာ၊ စကြာ၊ မန္ဓာတ်၊ မြင့်မြတ်သော ပုဂ္ဂိုလ်ကြီးများ ထွန်းကားရာ ဒေသဖြစ်တဲ့ အတွက် တစ်စုံတစ်ရာ ထူးထွေသော အရေးကိစ္စများဖြစ် ပေါ်လို့လာပါလျှင် ကျွန်ုပ်ကိုမမေ့ပါနှင့်၊ သတိရစွာဖိတ်ကြား ပါ" လို့တောင်းပန်ပြန်တယ်။

အဲသို့ကလို ချစ်ခင်တဲ့မိတ်ဆွေအချင်းချင်း ကတိကဝတ်

http://www.dhammadownload.com



ကိုထား၍ ဆက်ဆံနေကြရာ မိဂဒါဝုန်တောမှာ ဓမ္မစကြာကို ဟောတဲ့ပွဲကြီးနှင့် ကြုံပါရော။ ပြဟ္မာပေါင်း တစ်ဆယ့်ရှစ်ကုဋေ၊ နတ်အပေါင်း အသင်္ချေတို့လာရောက်ကြတဲ့ ဓမ္မစကြာပွဲတော်ကြီးမှာ သာတာဂီရိ နတ်ဘီလူးကြီးပါတယ်။ ဟေမဝတမှာ ဓမ္မစကြာတန်ခိုးကြောင့် အမျိုးမျိုးသော ပန်းသစ်ပင်ပွင့်လန်းသဖြင့် ထူးဆန်းတဲ့ ဟိမဝန္တာတောကြီးအတွင်းမှာ နတ်သမီးပေါင်းများစွာနှင့် တောသဘင် တောင်သဘင် ပျော်ရွှင်မြူးထူးနေလို့ ဓမ္မစကြာပွဲတော်ကြီးသို့ မလာနိုင်ရှာဘူးတဲ့။

သာတာဂီရိနတ်မှာလဲ သည်တရားပွဲကြီးမှာ ငါ့မိတ်ဆွေပါမှပါလေရဲ့လား၊ ထူးမြတ်တဲ့ တရားကို ကြားမှကြားပါလေရဲ့လား။ သည်လိုစိတ်တွေများပြီး တရားကို ဖြောင့်ဖြောင့်မနာနိုင်တဲ့အတွက် အခြားနတ်တွေမှာ သောတာပန် တည်ကြသော်လဲ သာတာဂီရိမှာတော့ သောတာပန်အဖြစ်သို့ မရောက်ရဘူးတဲ့။ ဝိတက်များ၍ စိတ်ထားမငြိမ်သက်ခြင်းဟာ လွန်စွာအကျိုးယုတ်တာမျိုးပါကလား။

ဓမ္မစကြာ တရားပွဲတော်ကြီးပြီးဆုံးတော့ သာတာဂီရိဘီလူးက ငါ၏မိတ်ဆွေကြီးနှင့် ကတိကဝတ်ရှိတဲ့အတိုင်း ထူးမြတ်သော ဒေသနာ ဓမ္မစကြာတရားပွဲကြီး ဖြစ်ကြောင်း၊ လောကသုံးပါး၌ ဘုရားရှင်ပွင့်တော်မူကြောင်းများကို ပြောကြား၍ တရားအတူနာရန် ဝိမာန်သို့ပြန်ပြီး ဆင်တပ်၊ မြင်း

http://www.dhammadownload.com



တပ်၊ ဂဠုန်တပ်မှစ၍ နတ်စစ်သည်တော်များကို ဖွဲ့စည်းလျက် ကောင်းကင်ခရီးဖြင့် အကြီးအကျယ် ဟိမဝန္တာသို့ ထွက်ပါရော။ ထွက်တဲ့အခါမှာ နတ်ဘီလူးအပေါင်း ငါးရာပါသတဲ့။

ဟေမဝတနတ်ဘီလူးကလဲ ထူးဆန်းသော တောတန်း၊ တောင်တန်းတို့မှာ ပန်းမျိုးစုံပွင့်ဖူး၍ ထူးထွေသော အရောင်အဝါတွေ ထင်ရှားစွာဖြစ်ပေါ်လာတဲ့အတွက် ငါ့မိတ်ဆွေကြီးနှင့်ကတိကဝတ်ရှိတဲ့အတိုင်း ထူးဆန်းတဲ့ဟိမဝန္တာမှာ သာယာဖွယ်သော ကာမဂုဏ်တို့ဖြင့် အာရုံကိုဖြေဖျော် ကြရအောင် အဆွေတော်ကြီးကို သွားခေါ်ဦးမှပဲ။ အဲသို့ကလို ကြံစည်ပြီး နတ်စစ်သည်များနှင့်တကွ ကောင်းကင်ခရီးဖြင့် အဆွေတော်ကြီးစံပျော်ရာ သာတာဂီရိတောင်ကို လာခဲ့တယ်။

တယ်အကြံတူတဲ့ မိတ်ဆွေကြီးနှစ်ဦးပဲ၊ ကံတူအကျိုးပေး ကြုံနေကြတာပေါ့လေ။

အဲသို့ကလို ကောင်းကင်ခရီးဖြင့် အကြီးအကျယ်ဖြန့်မြန်း၍လာခဲ့ကြရာ ရာဇဂြိုဟ်ပြည်၏ အထက်တည့်တည့်ကောင်းကင်ယံမှာ အချင်းချင်းတွေ့ဆုံကြပါရော။ သည်အခါ အလွန်ဝမ်းသာ နှစ်သိမ့်ခြင်းဖြစ်ပြီး သာတာဂီရိကစတင်၍ အဆွေတော်သည် အဘယ့်ကြောင့် ဟိမဝန္တာမှထွက်လာခဲ့ပါသလဲလို့မေးတယ်။

http://www.dhammadownload.com



ဟေမဝတက ယခုအခါ ဟိမဝန္တာမှာ လွန်စွာထူးဆန်းတဲ့ အံ့ဘွယ်သရဲများ ဖြစ်ပေါ်လာပါတယ်။ ရှေးကကတိကဝတ် ရှိကြတဲ့အတိုင်း ဟိမဝန္တာရဂုံမှာ နှစ်သက်ဖွယ်သော အာရုံတို့ဖြင့် ကာမဂုဏ်ပျော်မြူးရန် သင့်ထံသို့အခေါ်လာပါတယ်လို့ ဝမ်းမြောက်စွာပြောကြားသတဲ့။

သာတာဂီရိက "ထူးဆန်းလွန်ကဲသော အံ့ဘွယ်သရဲများဖြစ်ပေါ်ခြင်းမှာ အခြားကြောင့် မဟုတ်၊ လောကသုံးပါးမှာ ဘုရားစစ်စစ် ရှင်ချစ်ဘုန်းမော် ပွင့်တော်မူလာပြီး ဓမ္မစကြာ တရားကို ယနေ့ပင် ဟောကြားတော်မူပါပြီ၊ ဓမ္မစကြာ၏ တန်ခိုးကြောင့် အမျိုးမျိုးသော အံ့ဘွယ်သရဲတွေ ဖြစ်ပေါ်လာ ရပါတယ်၊ ကာမဖြင့်ပျော်မြူးခြင်းထက် တရားထူးကိုကြားနာရခြင်းက မွန်မြတ်ပါတယ်၊ ယခုပင် အကျွန်ုပ်နှင့်အတူလိုက်ခဲ့ပေတော့"။ အဲသို့ကလို အရေးတကြီးပြောကြားပြီး ဘုရားထံသို့ ခေါ်ခြင်းငှာ ဂါထာတစ်ပုဒ်ကို သို့ကလိုရွတ်ဆိုလိုက်တယ်။

(က) အဇ္ဇ ပန္နရသော ဥပေါသထော၊
ဒိဗ္ဗာ ရတ္တိ ဥပဋ္ဌိတာ။
အနောမနာမံ သတ္ထာရံ၊
ဟန္ဒ ပဿာမ ဂေါတမံ။

(က) သမ္မ၊ အဆွေတော် ဟေမဝတ။ အဇ္ဇ၊ ယနေ့သည်ကား။ ပန္နရသော၊ တစ်ဆယ့်ငါးရက် စန်းစက်ဝန်း၍

http://www.dhammadownload.com



လပြည့်နေ့ပေတည်း။ ဥပေါသထော၊ သူတော်ကောင်းများ တရားပျော်မွေ့ ဥပုသ်နေ့ပေတည်း။ ရတ္တိ၊ ယခုညဉ့်အချိန် သည်လည်း။ ဒိဗ္ဗာ၊ နတ်ပြည်တူနိုင်း ရှုတိုင်းပျော်မွေ့ ချမ်းမြေ့ အေးကြည်စွာ။ ဥပဋ္ဌိတာ၊ ကြုံကြိုက်၍ နေခဲ့လေပြီ။ သမ္မ၊ ချစ်ဆွေ။ သတ္ထာရံ၊ လူ နတ် ဗြဟ္မာ သတ္တဝါအပေါင်းတို့၏ ဆရာအစစ်ကြီးလည်း ဖြစ်တော်မူ ပေထသော။ အနောမနာမံ၊ မြင့်မြတ်သော အမည်တော်လည်း ရှိပေထသော။ ဂေါတမံ၊ သာကီနွယ်ဖွား ဂေါတမရှင်တော်ဘုရားကို။ ဟန္ဒ၊ အဆောတ လျှင်ယခုပင်။ ပဿာမ၊ လာသွားစို့ ကြာမနေ့းစေနှင့် ဖူးမြင်ဖို့ အရေးကြီးခဲ့ပြီတကား။

ဆိုလိုရင်း အဓိပ္ပာယ်ကား။ အို အဆွေတော်ဟေမဝတ၊ ယနေ့သည်ကား ဆယ့်ငါးရက်မြောက် လစန်းရောင်ထွန်း တောက်သော ဥပုသ်နေ့ကြီးဖြစ်တယ်။ ယခု ညဉ့်အချိန်အခါ ကလဲ နတ်ပြည်ကဲ့သို့ သာယာတယ်။ ကဲ- ယခုအမြန် ဂေါတမ ရှင်တော်ဘုရားထံသို့သွား၍ အားရနှစ်သက်စွာ ဖူးမြင်ကြစို့။

သို့ကလို အရေးတကြီး ပြောတဲ့စကားကို ကြားတော့ ဟေမဝတက ဘယ်လိုစဉ်းစားသလဲဆိုတော့ "လောကမှာ ဘုရားတွေက ပေါ်များပါဘိသနှင့်၊ ဘုရားမှားနေလျှင် ရှက် ဖွယ်ကြီးဖြစ်လိမ့်မယ်၊ စစ်ဆေးဦးမှ သင့်တော့မှာပဲ"။ အဲသည် လိုကြံဆပြီး သာတာဂီရိကို သို့ကလို မေးမြန်းလိုက်တယ်။

http://www.dhammadownload.com



(ခ) ကိစ္စိ န ရဇ္ဇတိ ကာမေသု၊
ကိစ္စိ စိတ္တံ အနာဝိလံ။
ကိစ္စိ မောဟံ အတိက္ကန္တော၊
ကိစ္စိ ဓမ္မေသု စက္ခုမာ။

(ခ) သမ္မ၊ အိုအဆွေတော် သာတာဂိရိ။ ကိစ္စိ၊ မေးမြန်းပါဦးအံ့။ သော၊ သင်၏။ သတ္ထာ၊ ဆရာဖြစ်သော ရှင်ဂေါတမသည်။ ကာမေသု၊ ကာမဂုဏ် ငါးပါးတို့၌။ န ရဇ္ဇတိ၊ တပ်မက်မှု လွတ်ကင်း၍ သန့်ရှင်းစင်ကြယ်ပါ၏လား။ ကိစ္စိ၊ မေးမြန်းပါဦးအံ့။ စိတ္တံ၊ သင့်ဆရာ၏ စိတ်သည်။ အနာဝိလံ၊ နောက်ကျုခြင်းမရှိဘဲ ပကတိ စင်ကြယ်ပါ၏လား။ ကိစ္စိ၊ မေးမြန်းပါဦးအံ့။ မောဟံ၊ မိုက်မှောင်တားဆီး မောဟကြီးကို။ အတိက္ကန္တော၊ လွန်မြောက်နိုင်ပါ၏လား။ ကိစ္စိ၊ မေးမြန်းပါဦးအံ့။ ဓမ္မေသု၊ တရားဥဿုံ အလုံးစုံတို့၌။ စက္ခုမာ၊ ဉာဏ်စက္ခုပွင့်လင်း၍ သိခြင်းသို့ရောက်ပါ၏လော။

**ဆိုလိုရင်းအဓိပ္ပာယ်။** ။ အိုအဆွေတော် သာတာဂိရိ၊ မေးမြန်းစိစစ်ပါရစေ။ သင်၏ဆရာဖြစ်သော ရှင်ဂေါတမသည် ကာမဂုဏ်ငါးရပ်ဝယ် တပ်မက်ခြင်း ကင်းပါရဲ့လား။ နောက်ကျုခြင်းမရှိဘဲ ပကတိကြည်လင်သော စိတ်နှလုံးရှိပါရဲ့လား။ မောဟတည်းဟူသော မှောင်တွင်းမှ လွတ်ကင်းစွာလွန်မြောက်နိုင်ပါရဲ့လား။ တရားအလုံးစုံကို အကုန်မြင်သိ၍ ဉာဏ်မျက်စိ

http://www.dhammadownload.com



ပေါက်ပါရဲ့လား။

ဘုရားမှားမည့်အတွက် မေးမြန်းစိစစ်တာဖြစ်လို့ အပြစ်မဆိုထိုက်ပေဘူး။ မေးမြန်းစိစစ်သင့်ပါပေတယ်။ အဲသို့ကလို မေးမြန်း စိစစ်တော့ သာတာဂီရိ၏ ဖြကြားပုံမှာ သည်လိုတဲ့-။

(ဂ) န သော ရဇ္ဇတိ ကာမေသု၊
အထော စိတ္တံ အနာဝိလံ။
သဗ္ဗမောဟံ အတိက္ကန္တော၊
ဗုဒ္ဓေါ ဓမ္မေသု စက္ခုမာ။

(ဂ) သမ္ဗ၊ အဆွေတော်။ သော၊ ထိုဂေါတမ ဘုရားရှင်သည်။ ကာမေသု၊ ငါးဖြာအာရုံ ကာမဂုဏ်တို့၌။ န ရဇ္ဇတိ၊ တပ်မက်မှု လွတ်ကင်း၍ သန့်ရှင်းစင်ကြယ်တော်မူပါ၏။ အထော၊ ထို့ပြင်တစ်ပါး။ စိတ္တံ၊ စိတ်တော်အမြတ် ဝိညာဏ်ဓာတ်သည်။ အနာဝိလံ၊ နောက်ကျုခြင်းမရှိဘဲ ပကတိစင်ကြယ်တော်မူပါ၏။ သဗ္ဗမောဟံ၊ မိုက်မှောင်စေတတ် အလုံးစုံသော မောဟဓာတ်ကို။ အတိက္ကန္တော၊ လွန်မြောက်ကျော်နင်း၍ အောင်မြင်ခြင်း ရှိတော်မူပေသတည်း။ ဗုဒ္ဓေါ၊ သစ္စာလေးပါး တရားသိမြင် ဘုရားရှင်သည်။ ဓမ္မေသု၊ တရားဉဿုံ အလုံးစုံတို့၌။ စက္ခုမာ၊ ဉာဏ်မျက်စိ ပွင့်လင်း၍ သိခြင်းသို့ ရောက်တော်မူပါသတည်း။

**ဆိုလိုရင်းအဓိပ္ပာယ်။** ။ အိုအဆွေတော် ဟေမဝတ၊

http://www.dhammadownload.com



လောကထွတ်ထား ဂေါတမရှင်တော်ဘုရားသည် ကာမဂုဏ် ငါးရပ်၌ တပ်မက်ခြင်း ကင်းလွတ်တော်မူပါတယ်။ နောက်ကျူ ခြင်းမရှိဘဲ ပကတိ စင်ကြယ်သော ရွှေနှုလုံးတော်လဲ ရှိပါ တယ်။ မောဟတည်းဟူသော မှောင်အတွင်းမှ လွတ်ကင်း လွန်မြောက်တော်မူပါတယ်။ တရားအလုံးစုံကို အကုန်သိမြင် ၍ ဉာဏ်မျက်စိအလင်းလဲ ရှိတော်မူပါတယ်။

အဲသို့ကလို ဖြေကြားပြီးနောက် တစ်ဖန်ထပ်၍ မေး မြန်းစိစစ်ပြန်သည်မှာ-

(ယ) ကစ္စိ ဝိဇ္ဇာယ သမ္ပန္နော၊
ကစ္စိ သံသုဒ္ဓစရဏော။
ကစ္စိဿ အာသဝါ ခီဏာ၊
ကစ္စိ နတ္ထိ ပုနဗ္ဘဝေါ။

(ယ) သမ္ဗ၊ အဆွေတော် သာတာဂီရိ။ ကစ္စိ၊ မေးမြန်း ပါဦးအံ့။ တေ၊ သင်၏။ သတ္ထာ၊ ဆရာဖြစ်သော ရှင်ဂေါတမ သည်။ ဝိဇ္ဇာယ၊ သုံးပါးရှစ်တန် ဝိဇ္ဇာဉာဏ်နှင့်။ သမ္ပန္နော၊ ပြည့်စုံပါ၏လား။ ကစ္စိ၊ မေးမြန်းပါဦးအံ့။ သံသုဒ္ဓစရဏော၊ ဆယ့်ငါးမွေ စရဏတို့ဖြင့် ပြည့်ဝစင်ကြယ်ပါ၏လော။ ကစ္စိ၊ မေးမြန်းပါဦးအံ့။ အဿ၊ ထိုသင့်ဆရာ ရှင်ဂေါတမအား။ အာသဝါ၊ နှစ်မြုပ်စုန်မျော အာသဝေါတို့သည်။ ခီဏာ၊ မရှိလုံးလုံး ပြီးဆုံးကုန်စင်ပါ၏လား။ ကစ္စိ၊ မေးမြန်းပါဦးအံ့။

http://www.dhammadownload.com



ပုနဗ္ဘဝေါ၊ တစ်ဖန်ထပ်ဖြစ် ဘဝသစ်သည်။ နတ္ထိ၊ မရှိကေန် တကယ်ပင် မှန်ပါ၏လော။

ဆိုလိုရင်းအဓိပ္ပာယ်။ ။ အိုအဆွေတော် သာတာဂီရိ၊ သင့်ဆရာဖြစ်သော ရှင်ဂေါတမသည် ဝိဇ္ဇာဉာဏ်နှင့် အလွန်ပြည့်စုံပါရဲ့လား။ စရဏတစ်ဆယ့်ငါးသွယ်ဖြင့် စင်ကြယ်သန့်ရှင်းပါရဲ့လား၊ အာသဝေါအလုံးစုံ အကုန်ကင်းရှင်းပါရဲ့လား။ ဘဝသစ်တစ်ဖန် မရှိရိုးမှန်ပါရဲ့လား။

အဲသို့ကလို မေးမြန်းစိစစ်ပြန်တဲ့အခါ သာတာဂီရိက ဒီို့ကလို ဖြေကြားရပြန်တယ်။

(၁) ဝိဇ္ဇာယ စေဝ သမ္ပန္နော၊
အထော သံသုဒ္ဓစရဏော။
သဗ္ဗဿ အာသဝါ ခီဏာ၊
နတ္ထိ အဿ နပ္ပုဗ္ဘဝေါ။

(၁) သမ္ပ၊ အဆွေတော်ကြီး။ သော၊ ထိုလောကထွတ်ထား ဂေါတမရှင်တော်ဘုရားသည်။ ဝိဇ္ဇာယစေဝ၊ သုံးပါးရှစ်တန် ဝိဇ္ဇာဉာဏ်နှင့်လည်း။ သမ္ပန္နော၊ မချွတ်မယွင်းတင်းတင်း ပြည့်စုံတော်မူပါ၏။ အထော၊ ထို့ပြင်တစ်ပါး။ သံသုဒ္ဓစရဏော၊ စရဏ တစ်ဆယ့်ငါးသွယ်ဖြင့်လည်း စင်ကြယ်တော်မူပါ၏။ အဿ၊ ထို ရှင်တော်မြတ်ဘုရားအား။ သဗ္ဗေ၊ ခပ်သိမ်းဥဿုံ၊ အလုံးစုံကုန်သော။ အာသဝါ၊ နစ်မြုပ်

http://www.dhammadownload.com



စုန်မျော အာသဝေါတို့သည်။ ခီဏာ၊ မရှိလုံးလုံး ပြီးဆုံးကုန် စင်ရိုးမှန်ပါ၏။ တဿ၊ ထိုလောကထွတ်တင် ဘုရားရှင်အား။ ပုနဗ္ဘဝေါ၊ တစ်ဖန်ထပ်ဖြစ် ဘဝသစ်သည်။ နတ္ထိ၊ မရှိရိုးကေန် တကယ်ပင် မှန်ပါသတည်း။

ဆိုလိုရင်းအဓိပ္ပာယ်။ ။ ဒို အဆွေတော် ဟေမဝတ၊ လောကထွတ်ထား ဂေါတမ ရှင်တော်ဘုရားသည် ဝိဇ္ဇာဉာဏ်နှင့်လည်း ပြည့်စုံရိုးမှန်ပါတယ်။ စရဏတစ်ဆယ့်ငါးသွယ်ဖြင့် စင်ကြယ်သန့်ရှင်းတော်မူပါတယ်။ အာသဝေါအလုံးစုံ အကုန်ကွာရှင်းတော်မူပါတယ်။ ဘဝသစ်တစ်ဖန် မရှိရိုးမှန်ပါတယ်။

အဲသို့ကလို ပြောဆိုတဲ့စကားကို ကြားရတော့ ဟေမဝတနတ်ဘီလူးသည် ကြည်နူးဝမ်းသာလှသဖြင့် "ဘုရားစစ် ဘုရားမှန် ဧကန်တွေ့မြင်ရပေပြီ။ အရတော်လေစွတကား"။ ဤကဲ့သို့စဉ်းစားပြီး မိမိကတစ်ဖန် ဘုရားရှင်ထံသို့ ချဉ်းကပ်ဖူးမြော်၍ တရားတော်ကို ကြားနာရန် နတ်ပရိသတ်များကို ဤသို့တိုက်တွန်းနှိုးတော်သတဲ့။

(စ) သီဟံဝ ဧကစာရံ နာဂံ၊
ကာမေသု အနပေက္ခိနံ။
ဥပသင်္ကမ္မ ပုစ္ဆာမ၊
မစ္စုပါသပမောစနံ။

(စ) ဒေါဏ္ဍော၊ ဒို နတ်များအပေါင်းတို့။ သီဟံဝ၊

http://www.dhammadownload.com



ရွှေဂူပျော်စံ မြိုင်ယံသနင်း ခြသေ့်မင်းကြီးကဲ့သို့။ ကေစာရုံ အဖော်မမှီး တစ်ကိုယ်တည်းသာ ကျင့်တော်မူလေ့ရှိထသော။ နာဂ၊ အင်အားခိုင်ဖြိုး ဆင်ပြောင်ကြီးနှင့်လည်း တူတော်မူ ပေထသော။ ကာမေသု၊ လောကီအာရုံ ကာမဂုဏ်တို့၌။ အနပေက္ခိနံ၊ ညှာတာငဲ့ကွက် တပ်မက်ခြင်း ကင်းဝေး၍ ညစ်ကြေးစင်ကြယ်တော်မူထသော။ ဘဂဝန္တံ၊ ရွှေဘုန်းတော်သခင် ဘုရားရှင်ကို။ ဥပသင်္ကမ္မ၊ အပါးတော်ဝယ် ဖူးမြော်ချဉ်းကပ် ကုန်လျက်။ မစ္စုပါသပမောစနံ၊ ရှင်သေမင်း၏ ညွှတ်ကွင်းမှ လွတ်ကင်းစေကြောင်း တရားကောင်းကို။ ပုစ္ဆာမ၊ မေးမြန်း လျှောက်ထားရန် အမြန်သွားကြကုန်စို့။

အဲသို့ကလို နတ်ပရိသတ်တွေကို နှိုးဆော်ပြီး နတ်ဘီလူးကြီးနှစ်ဦး ကြည်နူးဝမ်းမြောက်စွာ ဗိုလ်ပါပရိသတ်နှင့်တကွ ရှင်တော်မြတ်ဘုရား အထံတော်သို့ သွားရောက်ဖူးမြော်ကြတယ်။ ရှင်တော်မြတ်ဘုရားကလဲ နတ်ဘီလူးကြီးနှစ်ဦးတို့အား တရားဓမ္မဖြင့် ဆုံးမတော်မူပြီးလျှင် ထိုနတ်ဘီလူးကြီးတို့ မေးမြန်းအပ်တဲ့ ပုစ္ဆာဆယ်ချက်ကို နက်နဲစွာ ဝေဖန်ဖြေကြားတော်မူတယ်။

တရားတော်ကို နာကြားပြီးတဲ့အခါ ဧရာကဿပရှင်တော်ဘုရား၏ လက်ထက်တော်က ဖြည့်ဆည်းပူးခဲ့သော ပါရမီဓာတ်ခံ ရှိကြသည့်အတိုင်း နတ်ဘီလူးကြီးနှစ်ဦးဟာ

http://www.dhammadownload.com



တရားထူးကို သိမြင်၍ သောတာပန်အဖြစ်သို့ ရောက်ကြလေသတည်း။

အဲသို့ကလို သောတာပန်အဖြစ်သို့ ရောက်တဲ့နောက် မိမိတို့ ဘုံဗိမာန်သို့ ပြန်ခါနီးတွင် ကြည်ညိုလှစွာ သဒ္ဓါထက်မြက်လှသဖြင့် ရှင်တော်ဘုရားအား သို့ကလို လျှောက်ထားကြသတဲ့။

(ဆ) တေ မယံ ဝိစရိဿာမ၊
ဂါမာ ဂါမံ နဂါ နဂံ။
နမဿမာနာ သမ္ဗုဒ္ဓံ၊
ဓမ္မဿစ သုဓမ္မတံ။

(ဆ) ဘဂဝါ၊ ဘုန်းတော်သရဖူ ဆောင်းတော်မူသည့် နတ်လူဝပ်စင်း မင်းမင့်ထွဋ်တင် ဘုရားရှင်။ တေမယံ၊ ထိုတပည့်တော်တို့သည်။ သမ္ဗုဒ္ဓံ၊ ရှင်တော်မြတ်ဘုရားကို။ နမဿမာနာ၊ ဝပ်တွားဦးနှိမ် အကြိမ်ကြိမ် ရှိခိုးကြလျက်။ ဓမ္မဿစ၊ တရားတော်မြတ်၏လည်း။ သုဓမ္မတံ၊ တရားကောင်းအစစ်အမှန် ဖြစ်ကြောင်းကို။ ဝဒန္တာ၊ ပြောဆိုချီးကျူးကြကုန်လျက်။ ဂါမာ၊ တစ်ရွာမှ။ ဂါမံ၊ ရွာတစ်ရွာသို့။ ပုရာ၊ မြို့တစ်မြို့မှ။ ပုရံ၊ မြို့တစ်မြို့သို့။ နဂါ၊ တောင်တစ်ခုမှ၊ နဂံ၊ တောင်တစ်ခုသို့။ ဝနာ၊ တောတစ်ခုမှ။ ဝနံ၊ တောတစ်ခုသို့။ ဝိစရိဿာမ၊ လှည့်လည်ပြီးကာ သာသနာကို ကောင်းစွာပြု

http://www.dhammadownload.com



ကြကုန်ပါတော့မည်ဘုရား။

ဆိုလိုရင်းအဓိပ္ပာယ်။ ။ဘုန်းတော်ကြီးလှသော အရှင်ဘုရား၊ တပည့်တော်များသည် အရှင်ဘုရားအား အမြဲရှိခိုးလျက် ကောင်းမြတ်သော တရား၏ဂုဏ်တော်ကို ချီးကျူးကြွေးကြော်လျက် တစ်ရွာမှတစ်ရွာ၊ တစ်မြို့မှတစ်မြို့၊ တစ်တောင်မှတစ်တောင်၊ တစ်တောမှ တစ်တောသို့ လှည့်လည်ကာ အရှင်ဘုရား၏ သာသနာတော်ကို ကောင်းစွာပြုကြပါတော့မည်ဘုရား။

အဲ သို့ကလို လျှောက်ထားပြီး ရှင်တော်ဘုရားထံတော်ပါးမှ ခွာသွားကြလေကုန်သတည်း။

မှတ်ချက်။ ။ဓမ္မစကြာ သုတ္တန်နှင့်စပ်၍ ဤနတ်ဘီလူးကြီးနှစ်ဦး၏ ဝတ္ထုကို သုတ္တနိပါတ် အဋ္ဌကထာမှ ထုတ်ဖော်၍ အကျဉ်းအားဖြင့် ဖော်ပြလိုက်ပါသည်။

(ဟေမဝတနှင့် သာတာဂိရိ ဝတ္ထုပြီး၏။)

http://www.dhammadownload.com



## ကာဠီအမျိုးသမီး ဝတ္ထု

မမွစကြာ ဒေသနာကို ဟောကြားတော်မူတဲ့ ဝါဆိုလ ပြည့်နေ့ညဦးမှာ ရာဇဂြိုဟ်နေပြည်တော်ကြီးတွင် ပြုဗ္ဗာသဠှ နက္ခတ်ပွဲသဘင်ကို ဆင်ယင်ကျင်းပကြသဖြင့် ရာဇဂြိုဟ် တစ်ပြည်လုံးဟာ နတ်ပြည်ကဲ့သို့ သာယာတယ်။ လမ်းတိုင်း လမ်းတိုင်း ထွန်းညှိသော မီးရောင်တို့ဖြင့် တပြောင်ပြောင် ထိန်လင်းနေသတဲ့။ သည်အခါ ကာဠီဆိုတဲ့ အမျိုးသမီး တစ်ယောက်ဟာ ကိုယ်ဝန်အရင့်အမာ ရတဲ့အတွက် အခြားသူ များလို မြို့တွင်းသို့လှည့်လည်ကာ ပျော်ရွှင်ခြင်း မပြုနိုင်လေ တော့ မိမိနေထိုင်တဲ့ ပြာသာဒ်၏ အထက်ဆင့်သို့ တက်ပြီး လေညင်းခံရင်း အလွန်သာယာတဲ့မြို့တော်ကြီးကို ရှုမျှော်၍ နေတယ်။

ကံအားလျော်စွာ ဘယ်လို အချက်ကောင်းနှင့်တွေ့ကြုံ သလဲဆိုတော့ သည်လိုရှုမျှော်နေတဲ့ အခိုက်မှာ သာတာဂိရိ နှင့် ဟေမဝတတို့က မိမိဦးခေါင်းပေါ် တည့်တည့်ဖြစ်တဲ့ ကောင်းကင်ယံမှာ အချင်းချင်းတွေ့ဆုံကာ ဘုရားမှန်၊ ဘုရား စစ်ဖြစ်ကြောင်းကို မေးလား ဖြေလားနှင့် ဘုရားစာမေးပွဲကြီး ကျင်းပနေတာနှင့် ကြုံကြိုက်ပါရော။

ကောင်းကင်ယံက နတ်ဘီလူးကြီးတို့၏ အသံများကိုလဲ ကာဠီအမျိုးသမီးက ကြားရသတဲ့။ ဟေမဝတနှင့် သာတာဂိရိ

http://www.dhammadownload.com



တို့၏ မေးသံ ဖြေသံများကိုကြားတော့ သဒ္ဓါတရားအလိုလို ပေါ်ပေါက်ပြီး "ဪ-လောကသုံးပါးမှာ ဘုရားရှင်ပွင့်တော်မူလာပြီ ဆိုပါကလား" သို့ကလို ကြည်ညိုခြင်းကို အရင်းပြုကာ ဗုဒ္ဓါနုဿတိ ဘာဝနာကိုပွားများသတဲ့။

ရှေးရှေးအခါက ပါရမီဉာဏ်ရင့်သန်ပြီးတဲ့ အမျိုးသမီးတစ်ဦး ဖြစ်နေတဲ့အတွက် တောက်ချင်ရက်ရက်ဖြစ်နေတဲ့ မီးကို လေအရှိန် ကူပေးလိုက်တော့ ဟုန်းခနဲ ထတောက်တာလို ဗုဒ္ဓါနုဿတိ ဘာဝနာကို အရင်းခံပြုပြီး ထို့နောက်တစ်ဖန် ဝိပဿနာဉာဏ်သို့ ဆိုက်ရောက်၍ လေညင်းခံရင်း မပင်မပန်း ချမ်းချမ်းသာသာ သောတာပန်အဖြစ်သို့ ရောက်သွားတယ်။

အလွန် အံ့ဖွယ်ကောင်းတဲ့ အမျိုးသမီးကလေးပါပဲ။ ဘုရားရှင်ထံသို့သွားပြီး တရားလဲ မနာရဘဲနှင့် "စားရက်ကြံ့တော့ မုတ်ဆိတ်ပျားစွဲ" ဆိုသလို တစ်ဆင့်စကားကြားရုံမျှနှင့် လွယ်လင့်တကူ သောတာပန်ဆိုတဲ့ အမြိုက်ပန်းကို ဆွတ်လှမ်းလို့ ယူနိုင်ပေတယ်။

ယခု ဘုရားရှင်သာသနာတော်မှာ ရှေးဦးစွာ သောတာပန်တည်တဲ့ အမျိုးသမီးဟာ ဘယ်သူလဲလို့မေးလျှင် ကာဠီအမျိုးသမီးပဲလို့သာ ရဲရဲတင်းတင်းကြီး ဖြေလိုက်ကြပေတော့။

အဲ သို့ကလို ထူးခြားတဲ့သူဖြစ်တဲ့အတွက် ရှင်တော်

http://www.dhammadownload.com



ဘုရားက "တစ်ဆင့်ကြားနှင့် ကြည်ညို၍ ကျွတ်တမ်းဝင်သော သူတို့တွင် သမီးတော်ကာဠီဟာ အထွဋ်အမြတ်ဆုံးဖြစ်တယ်" လို့ ဧတဒဂ်ထား တော်မူပေသတည်း။

**မှတ်ချက်။** ။ ဤဝတ္ထုကို ဓမ္မစကြာသုတ္တန်နှင့် စပ်လျဉ်းသောကြောင့် အင်္ဂုတ္တိုရ် အဋ္ဌကထာမှ ထုတ်နုတ်၍ အချုပ်အားဖြင့် ဖော်ပြလိုက်ပါသည်။

(ကာဠီအမျိုးသမီး ဝတ္ထုပြီး၏။)

http://www.dhammadownload.com



## ဟေမာ ဝတ္ထု

မှတ်ချက်။ ။ ဆိုလတ္တံ့သော အမျိုးသမီး ဟေမာဝတ္ထုကို မဓုရသဝါဟိနီ ကျမ်းမှ ထုတ်ဆောင်၍ပြပါသည်။ မေ့မစကြာသုတ္တန်၏ အကျိုးအကြောင်းကို ဖော်ပြသော ဝတ္ထုပင်ဖြစ်ပါသည်။

ရှေးအခါ သီဟိုဠ်ကျွန်း အနုရာဓမြို့တော်ကြီး၏ အနောက်ပြင်မှာ လွန်စွာကျော်စောတဲ့ အမျိုးသမီးကလေး တစ်ယောက်ရှိသတဲ့။ သူ့အမည်မှာတော့ "ဟေမာ" ရယ်လို့ ခေါ်တယ်။

ဘာကြောင့် ဟေမာရယ်လို့ခေါ်သလဲဆိုတော့ သူ့အရေအဆင်းက ရွှေလိုဝင်းနေသတဲ့။ မျက်နှာ၏ အသွင်ကတော့ ကြည်လင်တဲ့ လပြည့်ဝန်းနှင့်တူသတဲ့။ ကဗျာဆရာများမြင်လျှင် စာမဖွဲ့ချင်ဘဲ မနေနိုင်အောင် ချောမွန်လှပတယ်။ အဲသို့ကြောင့် ပါဠိဘာသာအားဖြင့် "ဟေမာ" ရယ်လို့ အမည်ပေးသတဲ့။ မြန်မာလိုပြန်တော့ "မယ်ရွှေ" လို့ခေါ်ရမှာပေါ့လေ။ ဉာဏ်ပညာကလဲ အလွန်ထက်မြက်တဲ့အတွက် တစ်ခါကြားလျှင် သူ့နှုတ်ဖျားမှာ အလိုလိုရနေတယ်။ နှုတ်တက်ရပြီဆိုမှဖြင့်လည်း ဘယ်အခါမှ မမေ့တော့ဘူးတဲ့။

တစ်နေ့တော့ မယ်ရွှေသည် ကျောင်းသို့သွားပြီး တရား

http://www.dhammadownload.com



နာတဲ့ အခါ ဓမ္မစကြာသုတ်ကိုကြားနာရတယ်။ တရားအဆုံးမှာ အလုံးစုံသော ဓမ္မစကြာသုတ်ကို အဋ္ဌကထာနှင့်တကွ နှုတ်တက်ရသွားသတဲ့။ အလွန်ဉာဏ်ကောင်းတဲ့ အမျိုးသမီးကလေးပေါ့။ ဓမ္မကထိက ရဟန်းတော် အရှင်များက မယ်ရွှေ၏ဉာဏ်စွမ်းကို ချီးမွမ်းတော်မူကြပြီး "ဓမ္မစကြာသုတ်ဆိုတာ ရှင်တော်ဘုရား လက်ဦးဟောကြားတဲ့ သုတ်တော်ကြီးဖြစ်တယ်။ အမြဲမပြတ် ရွတ်ဖတ်သရဇ္ဈာယ်ရမယ်။ အမြဲမပြတ် ရွတ်ဖတ်သရဇ္ဈာယ်လျှင် ဘေးအန္တရာယ်ကင်းတယ်။ နတ်များကြည်ညိုကြတယ်။ ဘုန်းတန်ခိုး တိုးတက်၍ ကြံတိုင်းအောင် ဆောင်တိုင်းမြောက်တယ်။ ချစ်တဲ့သူများနှင့် လွယ်ကူစွာ တွေ့ကြုံရတတ်တယ်။ ခေမာနိဗ္ဗာန်သို့ အမြန်ရောက်စေနိုင်တယ်"။ အဲ သို့ကလို ဆုံးမတော်မူကြတယ်။

ဓမ္မကထိက အရှင်များမိန့်ကြားဆုံးမတဲ့အတိုင်း မယ်ရွှေကလဲ ယုံကြည်လေးမြတ်စွာနှင့် ဓမ္မစကြာသုတ်တော်မြတ်ကို မပြတ်မပြတ် ရွတ်ဖတ်သရဇ္ဈာယ်လေ့ရှိသတဲ့။ အဲ သို့ကလို ဓမ္မစကြာသုတ်ကို လက်ကိုင်ပြုကာ လေ့လာခြင်းများတဲ့အတွက် အိမ်နီးဝန်းကျင်က "ဓမ္မစကြာ မယ်ရွှေ" ရယ်လို့ပင် ခေါ်ဝေါ်ကြသတဲ့။

တစ်နေ့တော့ ဘယ်လိုအကြောင်း ဖြစ်ပေါ်လာသလဲ ဆိုလျှင် မဟာတိတ္ထခေါ်တဲ့ သဘော်ဆိပ်မြို့က ကုန်သည်လူပျို

http://www.dhammadownload.com



ကလေးတစ်ယောက် အနုရာဓမြို့သို့ ကူးသန်းရောင်းဝယ်ရေး အတွက် ကုန်လှေကြီးနှင့် လာရောက်တယ်။

ရှေးကံ ဖူးစာရေစက်ပါတဲ့အတွက် ကုန်သည်လူပျို ကလေးက အခန့်သင့်စွာ မယ်ရွှေကိုမြင်တော့ ချစ်ခင်စုံမက် ခြင်းဖြစ်ပါရော၊ မယ်ရွှေကလဲ ကုန်သည် လူပျိုကလေးကို မြင် လျှင် ချစ်ခင်တဲ့စိတ်တွေပေါ်လာသတဲ့။ ရှေးရေစက်ဆိုတာ လွန်စွာထူးဆန်းတာမျိုးကလား။

အဲ သို့ကလို တစ်ဦးနှင့်တစ်ဦး အထူးချစ်ခင်စွာတွေ့မြင် ခြင်းကစပြီး တစ်နေ့ထက်တစ်နေ့ တစ်ရွှေ့ရွှေ့ ရင်သန်တဲ့ မေတ္တာနှင့် ရင်းနှီးစွာဖြစ်ကြတယ်။ အချုပ်အားဖြင့် ပြောကြား ရပါလျှင် ကုန်သည်လူပျိုကလေးနှင့် မယ်ရွှေတို့ဟာ လောက ဓမ္မတာအတိုင်း ဇနီးမောင်နှံအဖြစ်သို့ရောက်သွားကြတာပေါ့။

ထို့နောက် များမကြာမီအတွင်း ကုန်သည်လူပျိုကလေး မှာ ရောင်းဝယ်ရေးကိစ္စကြီးတစ်ခုနှင့် မသွားလျှင်မပြီးဖြစ်နေ သောကြောင့် ဇနီးဖြစ်သူ မယ်ရွှေကိုခွဲပြီး သူ့မိဘရပ်ထံဖြစ်တဲ့ မဟာတိတ္ထမြို့ကို ပြန်သွားရှာတယ်။ မြန်မြန်ပြန်ခဲ့မယ်ဆို၍ ကတိကိုလဲထားခဲ့သပေါ့။

မဟာတိတ္ထမြို့သို့ရောက်တော့ ကုန်သည် လူပျိုကလေး သူ့ခမျာမှာ ရောင်းဝယ်ရေးကိစ္စရှုပ်၍ အလုပ်များလွန်းတဲ့ အတွက် ရုတ်တရက် မယ်ရွှေထံသို့ မပြန်နိုင်အောင် ဖြစ်နေ

http://www.dhammadownload.com



ရှာတယ်။ ချစ်စ ခင်စမှာ ခွဲခွာလာရတယ်ဆိုတော့ ကုန်သည် လူပျိုကလေး၏စိတ်ထဲမှာ ချမ်းသာခွင့်ကို မရနိုင်ဘူးပေါ့။

ကျန်ရစ်ခဲ့တဲ့ မယ်ရွှေမှာလဲ မင်္ဂလာဆောင်၍ မကြာမီ အတွင်း ကွေကွင်းရတဲ့အတွက် "ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော"ဆိုတဲ့ ဓမ္မစကြာဒေသနာတော်အတိုင်း အလှိုင်းတကြီး ဆင်းရဲရောက်နေရှာတယ်။

မအိပ်နိုင်၊ မစားနိုင်၊ တမှိုင်မှိုင် တတွေတွေ၊ နေ့မထိ၊ ထိုင်မထိနှင့် ရာဂဂ္ဂိခေါ်တဲ့ အချစ်မီးတွေ အကြီးအကျယ် တောက်လောင်ပါရော။

ညတစ်ညအခါ မယ်ရွှေမှာ ဘယ်လိုအကြံပေါ်ပေါက် လာ သလဲဆိုတော့ "သည်လိုနေလျှင်ဖြင့် သေရတော့မယ်၊ ချစ်သူ၏နောက်သို့သာ ရောက်အောင်လိုက်သွားတော့မယ်"။ အဲသို့ကလို အကြံပေါက်ပြီး မိဘများကိုမှ ပန်ကြားခြင်းမပြု နိုင်ဘဲ မှောင်မည်းမည်းကြီးမှာ တစ်ယောက်တည်း အိမ်မှ ထွက်သွားသတဲ့။ အချစ်မီး တောက်လာတော့ ဓမ္မစကြာကိုလဲ သတိမရနိုင်ဘူးပေါ့လေ။

အိမ်ကထွက်တဲ့အခါ ဘယ်လို ကြံမိပြန်သလဲဆိုတော့ ကုန်းလမ်းခရီးကသွားလျှင် အလွန်တရာဝေးတယ်။ ပင်လယ် ကွေ့ကိုဖြတ်ပြီး လက်ပစ်ကူး၍သွားပါလျှင် မြန်စွာရောက်မှာ ပဲ။ အဲသည်လို အကြံပေါက်ပြီး ရောက်ချင်အားကြီး၊ တွေ့ချင်

http://www.dhammadownload.com



အားကြီး အလောတကြီးဖြစ်နေတဲ့အတွက် အဝတ်ကို တင်းတင်းဝတ်၊ ဆံပင်ကို မြဲစွာထုံးပြီး ဖြူန်းခနဲ ပင်လယ်ထဲသို့ ခုန်ဆင်းလိုက်သတဲ့။

ကဲ စဉ်းစားကြစမ်းပါ။ ရာဂမီးတောက်လောင်လာတော့ ဓမ္မစကြာသော၊ သတိပဋ္ဌာန်သော ဘယ်တရားသဘောကိုမှ မသက်ဝင်နိုင်တော့ဘူး။ ရာဂဆိုတဲ့ ဘီလူးမကြီး အတွင်းဝင်လို့ စီးပြီဆိုမှဖြင့် ကြောက်ရမှန်းမသိ၊ လန့်ရမှန်းမသိ ဖြစ်ကုန်တော့တာပဲ။ ပင်လယ်ကွေ့ကြီးကိုဖြတ်ပြီး လက်ပစ်ကူးရန် အကြံတွေပေါ်လာတယ်။ မကူးနိုင်ဘူး ကူးနိုင်ရဲ့ဆိုတဲ့သဘောကို တွေးတောခြင်းမရှိဘူးပေါ့။ တဏှာပူးမှုပဲ အရှူးဖြစ်တော့တာပဲ။

အနုသာသနီ ဂါထာ

ရာဂယက္ခိနိယာ ဝိဋ္ဌာ၊
ရာဂေနာမိ ဝိသောဟိတာ။
ကာရဏာ ကာရဏံ ကိဉ္စိ၊
န ဇာနန္တိ ဟိတာဟိတံ။

လောကေ၊ ဤလောကကြီး၌။ ရာဂ ယက္ခိနိယာ၊ ချစ်နှစ်သက်စွာ တဏှာရာဂ ဘီလူးမသည်။ အာဝိဋ္ဌာ ပူးဝင်အပ်ကုန်သည်ဖြစ်၍။ ရာဂေန၊ စွဲလမ်း လွန်မင်း တပ်မက်ခြင်းကြောင့်။ အမိဝိသောဟိတာ၊ ပြင်းထန်ကဲလွန် အဆိပ်မှုန်

http://www.dhammadownload.com



ကြကုန်သော။ ဇနာ၊ လူများအပေါင်းတို့သည်။ ကာရဏာ ကာရဏံ၊ အကြောင်း ဟုတ်သည် မဟုတ်သည်ကို။ ကိဉ္စိ၊ အနည်းငယ်ကလေးမျှ။ ဝါ၊ အရိပ်အရောင်မျှ။ န ဇာနန္တိ၊ ရာဂမှိုင်းမိသဖြင့် မသိနိုင်ကြလေကုန်။ ဟိတာဟိတံ၊ အကျိုး ရှိသည် မရှိသည်ကိုလည်း။ ကိဉ္စိ၊ အနည်းငယ်ကလေးမျှ၊ ဝါ၊ အရိပ်အရောင်မျှ။ န ဇာနန္တိ၊ ရာဂမှိုင်းမိသဖြင့် မသိနိုင်ကြ လေကုန်။

အဲသို့ကလို ပင်လယ်ကို လက်ပစ်ကူးတော့ "သေကံ မရောက် သက်မပျောက်" ဆိုသလို သူ့ကံကထောက်ပင့်တော့ ထိုပင်လယ်ကွေ့ကြီးထဲမှာနေတဲ့ နဂါးမင်းက မယ်ရွှေကိုမြင် တယ်။ သည်တော့ နဂါးမင်းက အရေးတကြီး လက်ပစ်ကူး နေတဲ့မယ်ရွှေကလေးကိုကြည့်ပြီး "တယ်ဆန်းပါကလား၊ ည ဒမှောင်မိုက်ထဲမှာ ဘာကြောင့် သို့ကလောက် အရေးကြီးစွာ ကူးနေပါလိမ့်မလဲ၊ မိန်းမနှင့်မတန်အောင် အလွန်စိတ်ထက် သန်လှပါတကား"။ သို့ကလိုစဉ်းစားပြီး အနားသို့ချဉ်းကပ်၍ "အိုရှုချင်စဖွယ် တင့်တယ်စွာသော နှမငယ်၊ ဘယ်အရေး ဘယ်အတွက်ကြောင့် ကြောက်မက်ဖွယ်ကောင်းလှသော ပင်လယ်ကွေ့ကြီးကို အစွမ်းထုတ်၍ ကူးနေရပါသလဲ၊ ကြီးစွာ သော လှိုင်းတံပိုးတို့နှင့် ရေရန်သူ အမျိုးမျိုးတို့ကို သင် မကြောက်ဘူးလား" လို့မေးမြန်းသတဲ့။

http://www.dhammadownload.com



ထိုအခါ ဟေမာခေါ်တဲ့မယ်ရွှေက "အရှင်နဂါးမင်း၊ အချစ်အာသာကြောင့် ကျွန်မကူးပါတယ်" လို့ပြန်ပြောသတဲ့။

(နဂါး) အို နှမငယ်၊ သင်သည် ပင်လယ်ကွေ့ကြီးကို လွန်မြောက်အောင် ကူးနိုင်လိမ့်မည်မဟုတ်၊ မကြာမီပင် အား အင်ကုန်ခန်း၍ သေပန်းပွင့်တော့မယ်၊ ဘယ်အတွက်ကြောင့် အသက်ကိုစွန့်ချင်ပါသလဲ။

(ဟေမာ) မဟာတိတ္ထမြို့မှာ အသက်တမျှ ချစ်ခင်လှတဲ့ ကျွန်မလင်ရှိပါတယ်၊ လင့်အတွက်ကြောင့် အသက်ကိုစွန့်ပါတော့မယ်။

(နဂါး) အို နှမငယ်၊ ညဉ့်နက်သန်းခေါင် ပင်လယ်ဘောင်မှာ သင်တစ်ယောက်တည်း အရဲစွန့်လှပါတကား၊ သင့်စိတ်ထဲမှာ ကြောက်ခြင်းမရှိတော့ဘူးလား။

(ဟေမာ) သည်ပင်လယ်ကြီးကို ကူးသည်မှာ ကျွန်မတစ်ယောက်တည်းမဟုတ်ပါ၊ လင်နှင့်တွေ့ချင်တဲ့ တဏှာက အဖော်လုပ်၍ လိုက်ပါလာတယ်၊ မကူးလျှင် မနေသာအောင် အချစ်တဏှာက လွန်စွာတိုက်တွန်း၍နေပါတယ်၊ သို့အတွက် ကျွန်မ ကူးရဲတာပေါ့၊ မကြောက်ပါဘူး။

(နဂါး) အိုနှမငယ်၊ သင်တို့နေတဲ့ သီဟိုဠ်ကျွန်းမှာ လွန်စွာတရားပြည့်ဝကြောင်းကို ကျွန်ုပ်ကြားဖူးပါတယ်၊ သင့်မှာ တရားလက်ကိုင် မရှိပါဘဲကလား၊ ချစ်တဏှာ၏ အလိုကို

http://www.dhammadownload.com



လိုက်လျှင် မိုက်တယ်လို့ မဆိုသင့်ဘူးလား။

ထိုအခါ ဟေမာ စဉ်းစားပြီး တရားကို သတိရလာသော ယသောနှင့် ပြောသည်မှာ အိုနဂါးမင်း၊ ကျွန်မ ဆရာ့လက် မလွတ်ပါ။ ဓမ္မစကြာတရားကို အမြဲလက်ကိုင်ထားသူ ဖြစ်ပါ တယ်၊ ပင်လယ်ကွေ့ကြီးကို လက်ပစ်ကူးရင်းပင် ဓမ္မစကြာကို အဋ္ဌကထာနှင့်တကွ ရွတ်ဆိုလို့ပြုနိုင်ပါရဲ့။

ဤကဲ့သို့ ပြောဆိုသော မယ်ရွှေ၏ စကားကိုကြားရာ နဂါးမင်း၏ စိတ်ထဲမှာ သဒ္ဓါတရားဖြစ်ပေါ်လာ၍ ဓမ္မစကြာ တရားကို နာလိုသောဆန္ဒရှိသည်နှင့် "အို နှမငယ်၊ ဓမ္မစကြာ တရားကို နာကြားလိုပါတယ်၊ သင်နှမအား ချမ်းသာခွင့်ကို ရအောင် ကျွန်ုပ်ရွက်ဆောင်ပါမယ်"။ သို့ကလို ပြောဆိုပြီး နဂါးတို့၏တန်ခိုးဖြင့် ပင်လယ်ရေအပြင်မှာပင် ပတ္တမြားပလ္လင် နှင့်တကွ ရတနာခုနစ်ပါးတို့ဖြင့် ခြယ်လှယ်အပ်သော မဏ္ဍပ် ကြီးကို ဖန်ဆင်းပေးတယ်။

သို့ကလို ဖန်ဆင်းပြီးတော့ မယ်ရွှေကို ပတ္တမြားပလ္လင် ထက်မှာတင်ပြီး ကြည်လင်မြတ်နိုးစွာ ရှိခိုးဦးတိုက်လျက် ဓမ္မစကြာတရားကိုဟောကြားပါလို့ တောင်းပန်တယ်။ အတော် လိမ္မာတဲ့ နဂါးမင်းပေပေါ့နော်။

တောင်းပန်တဲ့အခါ မယ်ဟေမာက "ဒွေ မေ ဘိက္ခဝေ အန္တာ" အစရှိတဲ့ ဓမ္မစကြာတရားကို ကရားမှ ရေကိုလွှတ်သလို

http://www.dhammadownload.com



ရွှတ်ဆိုဟောပြောပါရော။

မမွစကြာ တရားကို ဟောကြားပြီးဆုံးတဲ့အခါ အလွန်ကြားနာရခဲတဲ့ ဒေသနာကို ကြားနာရတဲ့အတွက် နှစ်သက်လှစွာ သဒ္ဒါ စေတနာပေါ်လာသောကြောင့် တရားပူဇော်ခြင်းငှာ မယ်ဟေမာကို ရတနာအတိ ခြယ်လှယ်အပ်တဲ့ နတ်တန်ဆာများဖြင့် နဂါးမင်းက ဆင်ယင်လို့ပေးတယ်။ ထို့ပြင် စိတ်ကြိုက်သမျှ အာသာဆန္ဒကို ပြည့်စုံနိုင်တဲ့ "မနောမယ" ပတ္တမြားရတနာကြီးကိုလဲပေးတယ်။

တရားပူဇော်ပြီးတဲ့နောက် အလိုရှိရာသို့ရောက်အောင် နဂါးတို့၏တန်ခိုးဖြင့် မယ်ရွှေကလေးကို မဟာတိတ္ထမြို့ သူခင်ပွန်းအိမ်သို့ ပို့လိုက်သတဲ့။ ညတွင်းချင်းမှာပင် မမွစကြာ ဒေသနာ၏ တန်ခိုးတော်ကြောင့် အလိုဆန္ဒရှိတဲ့အတိုင်း သူ့ခင်ပွန်း အိပ်စက်တဲ့ ပြောင်စောင်းထက်သို့ ရုတ်တရက် ရောက်သွားတာပေါ့။

စဉ်းစားကြစမ်းပါ။ သည်ဝတ္ထုကို ထောက်လိုက်တော့ မမွစကြာ ဒေသနာတော်ကြီးဟာ အလိုဆန္ဒကိုလည်း ပြည့်ဝစေနိုင်တယ်။ ချစ်သောသူနှင့်လွယ်ကူစွာ တွေ့စေနိုင်တယ်ဆိုတဲ့အချက်ဟာ ကွက်ကွက်ကွင်းကွင်း အထင်အလင်း ဏ္ဍိပ္ပာယ်ပေါ်သွားတယ်မဟုတ်လား။

လင်ယောကျ်ားကလဲ ဘွားခနဲရောက်လာတဲ့ ချစ်ဇနီး

http://www.dhammadownload.com



ဟေမာကိုမြင်တော့ တွေ့ချင်ရက်နေတုန်းပေမို့ ဝမ်းသာလုံး ဆို့သွားတဲ့အပြင် အံ့အားကြီးသင့်နေတာပေါ့လေ။ အကြောင်း ကိုမေးတော့ မယ်ရွှေကလေးကလဲ အလုံးစုံပြန်ပြောတယ်။ ပြန်ပြောတဲ့စကားကို ကြားတဲ့အခါ "ဓမ္မစကြာရဲ့တန်ခိုးဟာ လွန်စွာကြီးလှပါတကား"လို့ လင်ယောကျ်ားက ချီးမွမ်းအံ့ဩ သတဲ့။

ထို့နောက် မဟာတိတ္ထမြို့သားတို့က မယ်ရွှေကလေး ကိုမြင်တော့ အလွန်ချောတဲ့အတွက် အံ့ဩချီးမွမ်းလိုက်ကြ တာ တစ်မြို့လုံးကြေညာသွားတာပေါ့။ အဖိုးမဖြတ်နိုင်အောင် ထိုက်တန်တဲ့ မနောမယပတ္တမြားရတနာကို မြင်ပြန်တော့လဲ အင်မတန်အံ့ဩကြပြန်တယ်။

အချို့ အချို့ကလဲ "ကိုယ်ထက်သာ မနာလို" ဆိုတာလို မယ်ရွှေကလေးကို မနာလိုကြဘူးတဲ့။ အရာရာတိုင်းမှာ မနာလိုတဲ့ သူများဟာပေါ လာစမြဲပေါ့နော်။

အဲသည်လို မနာလိုတဲ့သူများက ဘုရင့်ထံသို့ဝင်ပြီး "ဟေမာဆိုတဲ့ အမျိုးသမီးတစ်ဦးရဲ့လက်မှာ အရာတော် ဘဏ္ဍာတော်ဖြစ်တဲ့ ပတ္တမြားရတနာကြီးရှိပါတယ်၊ ဆင်းရဲသား ကျွန်တော်မျိုးများနှင့် လားလားမျှ မထိုက်တန်ပါ"။ အဲသို့ ကလို ကုန်းတိုက်တဲ့စကားမျိုးနှင့် လျှောက်တင်ကြသတဲ့။

ထိုအခါ ဘုရင်ကြီးက ပတ္တမြားနှင့်တကွ မယ်ရွှေကို

http://www.dhammadownload.com



ရှေ့တော်သို့ခေါ်ပြီး "သင်နှင့်မတန်တဲ့ မနောမယ ပတ္တမြား ကို ငါ့အားဆက်သရမယ်" လို့အမိန့်တော်ရှိပါရော။ မယ်ရွှေ က အမိန့်တော်အတိုင်း ဆက်သလိုက်တော့ မယ်ရွှေရဲ့လက် မှ လွတ်သည်နှင့်တစ်ပြိုင်နက် ပတ္တမြားသဘောမှ ရွေ့လျော ပြီး ကျောက်စရစ်ခဲဖြစ်သွားသတဲ့။

သို့ကလို ထူးဆန်းတဲ့ အံ့ဘွယ်သရဲကိုမြင်တော့ ဘုရင် မင်းမြတ်က မနောမယ ပတ္တမြားရတနာအကြောင်းကို မေး မြန်းစုံစမ်းတော်မူတယ်။

မယ်ရွှေကလဲ ဗိုလ်ပုံပရိသတ်အလယ်မှာ တင့်တယ် ရဲရင့်သောအမူအရာနှင့် ဓမ္မစကြာ၏ တန်ခိုးကြောင့် အဖိုး မဖြတ်နိုင်တဲ့ မနောမယပတ္တမြားရတနာ ရကြောင်းကို အလုံး စုံလျှောက်တင်တယ်။

မယ်ရွှေလျှောက်တင်တဲ့ စကားကို ကြားတော့ ဗိုလ်ပုံ ပရိသတ်များနှင့်တကွ ဘုရင်မင်းမြတ် ကိုယ်တော်တိုင် အားရ နှစ်သက်တော်မူလှသဖြင့် "ဓမ္မစကြာ၏ တန်ခိုးတေဇော် အာနုဘော်ကြီးပေစွတကား" ရယ်လို့ များစွာအံ့သြကြတယ်။ သို့ကလို အံ့သြချီးမွမ်းတော်မူပြီး ဘုရင်မင်းမြတ်က ငါ၏နိုင်ငံ တော်မှာ ဓမ္မစကြာတရားကို ကြိုးစားရွက်ဆောင်ကြရမယ်လို့ အမိန့်တော် ထုတ်ပြန်သတဲ့။

ဓမ္မစကြာ မယ်ရွှေကိုလည်း အလွန်အကျူးအထူး

http://www.dhammadownload.com



ကြည်ညိုတော်မူလှသဖြင့် ဘုရင်မင်းမြတ်က အသပြာ တစ်ထောင် ဆုတော်ချပြီး မဟာတိတ္ထဆိုတဲ့ သဘော်ဆိပ်မြို့ကြီးကို အပိုင်စားပေးသနားတော်မူတယ်။

မယ်ရွှေကလေးမှာ ဓမ္မစကြာ၏တန်ခိုးကြောင့် မြို့စားကြီး ဖြစ်သွားတာပေါ့လေ။ သူ့ခင်ပွန်းမှာလဲ ဇနီး၏ အရှိန်ကြောင့် တထိန်ထိန်ထွန်းတောက်၍ မြို့စားမင်းအဖြစ်သို့ ရောက်သွားတာပေါ့။

သည်တုန်းအခါက သီဟိုဠ်ကျွန်းကြီး တစ်ကျွန်းလုံးမှာ မယ်ရွှေကို အကြောင်းပြု၍ ဓမ္မစကြာသုတ်ကို နှုတ်တက်ရအောင် ကျက်ဆောင် ရွတ်ဆိုလိုက်ကြတာ ဓမ္မစကြာသံတွေ ခြိမ့်ခြိမ့်မွမ်းသွားသတဲ့။

ဓမ္မစကြာမယ်ရွှေတို့ ဇနီးမောင်နှံဟာလဲ မြို့စားအဖြစ်ဖြင့် ချမ်းသာစွာ နေထိုင်ကြပြီး ကုသိုလ်တရားကို ပွားများအားထုတ်လျက် သေလွန်စုတေတဲ့အခါ နတ်ရွာစံမြန်းကြရလေသတည်း။

ဤဝတ္ထုကို ထောက်ထား၍ အမျိုးသား၊ အမျိုးသမီးများသည် သဒ္ဓါထက်မြက်စွာနှင့် ဓမ္မစကြာကို လေ့လာအားထုတ်သင့်ကြပေသတည်း။

(ဟေမာ ဝတ္ထုပြီး၏။)

http://www.dhammadownload.com



မှတ်ချက်။ ။ဤမဗ္ဗစကြာ အမေးအဖြေနှင့် တိုက်ဆိုင်၍ ကြည့်ရှုလေ့ကျက် ဆောင်ရွက်သင်ကြားကြ စေရန် မဗ္ဗစက္က ပဝတ္တနသုတ္တန်ကို ထည့်သွင်း ဖော်ပြလိုက်ပါသည်။

◆◆❀◆◆

# ဓမ္မစကြာသုတ် ပါဠိတော်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

၁။ ဘိက္ခူနံ ပဉ္စဝဂ္ဂီနံ၊ ဣသိပတန နာမကေ။
မိဂဒါယေ ဓမ္မဝရံ ယံ တံ နိဗ္ဗာနပါပကံ။

၂။ သဟမ္ပတိနာမကေန၊ မဟာဗြဟ္မုနာ ယာစိတော။
စတုသစ္စံ ပကာသေန္တော လောကနာထော အဒေသယိ။

၃။ နန္ဒိတံ သဗ္ဗဒေဝေဟိ၊ သဗ္ဗသမ္ပတ္တိ သာဓကံ၊
သဗ္ဗလောက ဟိတတ္ထာယ၊ ဓမ္မစက္ကံ ဘဏာမ ဟေ။

၁။ ဧဝံ မေ သုတံ ဧကံ သမယံ ဘဂဝါ ဗာရာဏသိယံ ဝိဟရတိ ဣသိပတနေ မိဂဒါယေ၊ တတြ ခေါ ဘဂဝါ ပဉ္စဝဂ္ဂိယေ ဘိက္ခူ အာမန္တေသိ။

၂။ ဒွေမေ ဘိက္ခဝေ အန္တာ ပဗ္ဗဇိတေန န သေဝိတဗ္ဗာ။ ကတမေ ဒွေ၊ ယောစာယံ ကာမေသု ကာမသုခလ္လိကာနုယောဂေါ ဟီနော ဂမ္မော ပေါထုဇ္ဇနိကော အနရိယော အနတ္ထသံဟိတော၊ ယောစာယံ အတ္တကိလမထာနုယောဂေါ ဒုက္ခော အနရိယော အနတ္ထသံဟိတော။

၃။ ဧတေ ခေါ ဘိက္ခဝေ ဥဘော အန္တေ အနုပဂမ္မ မဇ္ဈိမာ ပဋိပဒါ တထာဂတေန အဘိသမ္ဗုဒ္ဓါ စက္ခုကရဏီ ဉာဏ

http://www.dhammadownload.com



ကရဏီ ဥပသမာယ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။ ကတမာ စ သာ ဘိက္ခဝေ မဇ္ဈိမာ ပဋိပဒါ တထာဂတေန အဘိသမ္ဗုဒ္ဓါ စက္ခုကရဏီ ဉာဏကရဏီ ဥပသမာယ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။ အယမေဝ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ၊ သေယျထိဒံ၊ သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပေါ သမ္မာဝါစာ သမ္မာကမ္မန္တော သမ္မာအာဇီဝေါ သမ္မာဝါယာမော သမ္မာသတိ သမ္မာသမာဓိ။

၄။ အယံ ခေါ သာ ဘိက္ခဝေ မဇ္ဈိမာပဋိပဒါ တထာဂတေန အဘိသမ္ဗုဒ္ဓါ စက္ခုကရဏီ ဉာဏကရဏီ ဥပသမာယ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

၅။ ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခံ အရိယသစ္စံ၊ ဇာတိပိ ဒုက္ခာ ဇရာပိ ဒုက္ခာ ဗျာဓိပိ ဒုက္ခော မရဏံပိ ဒုက္ခံ အပ္ပိယေဟိ သမ္ပယောဂေါ ဒုက္ခော ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော ယမ္ပိစ္ဆံ န လဘတိ တမ္ပိ ဒုက္ခံ၊ သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာ။

၆။ ဣဒံ ခေါပန ဘိက္ခဝေ ဒုက္ခသမုဒယံ အရိယ သစ္စံ ယာယံ တဏှာ ပေါနောဗ္ဘဝိကာ နန္ဒီရာဂသဟဂတာ တတြ တတြာဘိနန္ဒိနီ၊ သေယျထိဒံ၊ ကာမတဏှာ ဘဝတဏှာ ဝိဘဝတဏှာ။

၇။ ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခနိရောဓံ အရိယ သစ္စံ

http://www.dhammadownload.com



ယော တဿာယေဝ တဏှာယ အသေသဝိရာဂနိရောဓော စာဂေါ ပဋိနိဿဂ္ဂေါ မုတ္တိ အနာလယော။

၈။ ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ အရိယသစ္စံ၊ အယမေဝ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ၊ သေယျထိဒံ၊ သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပေါ သမ္မာဝါစာ သမ္မာကမ္မန္တော သမ္မာအာဇီဝေါ သမ္မာဝါယာမော သမ္မာသတိ သမ္မာသမာဓိ။

၉။ ဣဒံ ဒုက္ခံ အရိယသစ္စန္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ ဉာဏံ ဥဒပါဒိ ပညာ ဥဒပါဒိ ဝိဇ္ဇာ ဥဒပါဒိ အာလောကော ဥဒပါဒိ။ တံ ခေါ ပနိဒံ ဒုက္ခံ အရိယသစ္စံ ပရိညေယျန္တိမေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ ဉာဏံ ဥဒပါဒိ ပညာ ဥဒပါဒိ ဝိဇ္ဇာ ဥဒပါဒိ အာလောကော ဥဒပါဒိ။ တံ ခေါ ပနိဒံ ဒုက္ခံ အရိယသစ္စံ ပရိညာတန္တိမေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ ဉာဏံ ဥဒပါဒိ ပညာ ဥဒပါဒိ ဝိဇ္ဇာ ဥဒပါဒိ အာလောကော ဥဒပါဒိ။

၁၀။ ဣဒံ ဒုက္ခသမုဒယံ အရိယသစ္စန္တိမေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ ဉာဏံ ဥဒပါဒိ ပညာ ဥဒပါဒိ ဝိဇ္ဇာ ဥဒပါဒိ အာလောကော ဥဒပါဒိ။ တံ ခေါ ပနိဒံ ဒုက္ခသမုဒယံ အရိယသစ္စံ ပဟာတဗ္ဗန္တိမေ ဘိက္ခဝေ ပုဗ္ဗေ

http://www.dhammadownload.com



အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ ဉာဏံ ဥဒပါဒိ ပညာ ဥဒပါဒိ ဝိဇ္ဇာ ဥဒပါဒိ အာလောကော ဥဒပါဒိ။ တံ ခေါ ပနိဒံ ဒုက္ခသမုဒယံ အရိယသစ္စံ ပဟီနန္တိမေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ ဉာဏံ ဥဒပါဒိ ပညာ ဥဒပါဒိ ဝိဇ္ဇာ ဥဒပါဒိ အာလောကော ဥဒပါဒိ။

၁၁။ ဣဒံ ဒုက္ခနိရောဓံ အရိယသစ္စန္တိမေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ ဉာဏံ ဥဒပါဒိ ပညာ ဥဒပါဒိ ဝိဇ္ဇာ ဥဒပါဒိ အာလောကော ဥဒပါဒိ။ တံ ခေါ ပနိဒံ ဒုက္ခနိရောဓံ အရိယသစ္စံ သစ္ဆိကာတဗ္ဗန္တိမေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ ဉာဏံ ဥဒပါဒိ ပညာ ဥဒပါဒိ ဝိဇ္ဇာ ဥဒပါဒိ အာလောကော ဥဒပါဒိ။ တံ ခေါ ပနိဒံ ဒုက္ခနိရောဓံ အရိယသစ္စံ သစ္ဆိကတန္တိမေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ ဉာဏံ ဥဒပါဒိ ပညာ ဥဒပါဒိ ဝိဇ္ဇာ ဥဒပါဒိ အာလောကော ဥဒပါဒိ။

၁၂။ ဣဒံ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ အရိယသစ္စန္တိမေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ ပညာ ဥဒပါဒိ ဝိဇ္ဇာ ဥဒပါဒိ အာလောကော ဥဒပါဒိ။ တံ ခေါ ပနိဒံ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ အရိယ သစ္စံ ဘာဝေတဗ္ဗန္တိမေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ ဉာဏံ ဥဒပါဒိ ပညာ ဥဒပါဒိ ဝိဇ္ဇာ ဥဒပါဒိ

http://www.dhammadownload.com



အာလောကော ဥဒပါဒိ။ တံ ခေါ ပနိဒံ ဒုက္ခ နိရောဓဂါမိနီ ပဋိပဒါ အရိယသစ္စံ ဘာဝိတန္တိမေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ ဉာဏံ ဥဒပါဒိ ပညာ ဥဒပါဒိ ဝိဇ္ဇာ ဥဒပါဒိ အာလောကော ဥဒပါဒိ။

၁၃။ ယာဝကီဝဉ္စ မေ ဘိက္ခဝေ ဣမေသု စတူသု အရိယ သစ္စေသု ဧဝံ တိပရိဝဋ္ဋံ ဒွါဒသာကာရံ ယထာဘူတံ ဉာဏ ဒဿနံ န သုဝိသုဒ္ဓံ အဟောသိ၊ နေဝတာဝါဟံ ဘိက္ခဝေ သဒေဝကေ လောကေ သမာရကေ သဗြဟ္မကေ သဿမဏ ဗြာဟ္မဏိယာ ပဇာယ သဒေဝမနုဿာယ အနုတ္တရံ သမ္မာ သမ္ဗောဓိံ အဘိသမ္ဗုဒ္ဓေါတိ ပစ္စညာသိံ။

၁၄။ ယတောစ ခေါ မေ ဘိက္ခဝေ ဣမေသု စတူသု အရိယ သစ္စေသု ဧဝံ တိပရိဝဋ္ဋံ ဒွါဒသာကာရံ ယထာဘူတံ ဉာဏ ဒဿနံ သုဝိသုဒ္ဓံ အဟောသိ၊ အထာဟံ ဘိက္ခဝေ သဒေဝကေ လောကေ သမာရကေ သဗြဟ္မကေ သဿမဏ ဗြာဟ္မဏိယာ ပဇာယ သဒေဝမနုဿာယ အနုတ္တရံ သမ္မာ သမ္ဗောဓိံ အဘိသမ္ဗုဒ္ဓေါတိ ပစ္စညာသိံ။

၁၅။ ဉာဏဉ္စ ပန မေ ဒဿနံ ဥဒပါဒိ၊ အကုပ္ပါ မေ ဝိမုတ္တိ၊ အယ မန္တိမာ ဇာတိ၊ နတ္ထိ ဒါနိ ပုနဗ္ဘဝေါတိ။

၁၆။ ဣဒ မဝေါစ ဘဂဝါ အတ္တမနာ ပဉ္စ ဝဂ္ဂိယာ ဘိက္ခူ ဘဂဝတော ဘာသိတံ အဘိနန္ဒုန္တိ၊ ဣမသ္မိံ စ ပန ဝေယျာ

http://www.dhammadownload.com



ကရဏာသ္မိံ ဘညမာနေ အာယသ္မတော ကောဏ္ဍညဿ ဝိရဇံ ဝီတမလံ ဓမ္မစက္ခုံ ဥဒပါဒိ၊ ယံကိဉ္စိ သမုဒယ ဓမ္မံ သဗ္ဗံ တံ နိရောဓဓမ္မန္တိ။

၁၇။ ပဝတ္တိတေစ ပန ဘဂဝတာ ဓမ္မစက္ကေ ဘုမ္မာ ဒေဝါ သဒ္ဒ မနုဿာဝေသုံ၊ ဧတံ ဘဂဝတာ ဗာရာဏသိယံ ဣသိပတနေ မိဂဒါယေ အနုတ္တရံ ဓမ္မစက္ကံ ပဝတ္တိတံ အပ္ပဋိဝတ္တိယံ သမဏေန ဝါ ဗြာဟ္မဏေန ဝါ ဒေဝေန ဝါ မာရေန ဝါ ဗြဟ္မုနာ ဝါ ကေနစိ ဝါ လောကသ္မိန္တိ။

၁၈။ ဘုမ္မာနံ ဒေဝါနံ သဒ္ဒံ သုတွာ စာတုမဟာရာဇိကာ ဒေဝါ သဒ္ဒ မနုဿာဝေသုံ၊ စာတုမဟာရာဇိကာနံ ဒေဝါနံ သဒ္ဒံ သုတွာ တာဝတိံသာ ဒေဝါ ယာမာဒေဝါ တုသိတာ ဒေဝါ နိမ္မာနရတီ ဒေဝါ ပရနိမ္မိတဝသဝတ္တီ ဒေဝါ ဗြဟ္မကာယိကာ ဒေဝါ သဒ္ဒ မနုဿာဝေသုံ ဧတံ ဘဂဝတာ ဗာရာဏသိယံ ဣသိပတနေ မိဂဒါယေ အနုတ္တရံ ဓမ္မစက္ကံ ပဝတ္တိတံ အပ္ပဋိဝတ္တိယံ သမဏေန ဝါ ဗြာဟ္မဏေန ဝါ ဒေဝေန ဝါ မာရေန ဝါ ဗြဟ္မုနာ ဝါ ကေနစိ ဝါ လောကသ္မိန္တိ။

၁၉။ ဣတိဟ တေန ခဏေန တေန လယေန တေန မုဟုတ္တေန ယာဝ ဗြဟ္မလောကာ သဒ္ဒေါ အဗ္ဘုဂ္ဂစ္ဆိ၊ အယဉ္စ ဒသသဟဿိ လောကဓာတု သံကမ္ပိ သမ္ပကမ္ပိ သမ္ပဝေဓိ၊ အပ္ပမာဏောစ ဥဠာရော ဩဘာသော လောကေ ပါတု

http://www.dhammadownload.com



ရဟောသိ အတိက္ကမ္မ ဒေဝါနံ ဒေဝါနုဘာဝန္တိ။

၂၀။ အထ ခေါ ဘဂဝါ ဣမံ ဥဒါနံ ဥဒါနေသိ အညာသိ ဝတ ဘော ကောဏ္ဍညော၊ အညာသိ ဝတ ဘော ကောဏ္ဍညောတိ။

၂၁။ ဣတိ ဟိဒံ အာယသ္မတော ကောဏ္ဍညဿ အညာသိ ကောဏ္ဍညောတွေဝ နာမံ အဟောသိ။

၂၂။ အထ ခေါ အာယသ္မာ အညာသိ ကောဏ္ဍညော ဒိဋ္ဌဓမ္မော ပတ္တဓမ္မော ဝိဒိတဓမ္မော ပရိယောဂါဠ္ဟဓမ္မော တိဏ္ဏဝိစိကိစ္ဆော ဝိဂတကထံကထော ဝေသာရဇ္ဇပ္ပတ္တော အပရပ္ပစ္စယော သတ္ထုသာသနေ ဘဂဝန္တံ ဧတဒဝေါစ လဘေယျာဟံ ဘန္တေ ဘဂဝတော သန္တိကေ ပဗ္ဗဇ္ဇံ လဘေယျံ ဥပသမ္ပဒန္တိ။

၂၃။ ဧဟိ ဘိက္ခူတိ ဘဂဝါ အဝေါစ၊ သွာက္ခာတော ဓမ္မော၊ စရ ဗြဟ္မစရိယံ သမ္မာ ဒုက္ခဿ အန္တကိရိယာယာတိ၊ သာဝ တဿ အာယသ္မတော ဥပသမ္ပဒါ အဟောသီတိ။

ဓမ္မစက္က ပဝတ္တနသုတ္တံ နိဋ္ဌိတံ။

http://www.dhammadownload.com



## ကောသလအိပ်မက် ၁၆–ချက် ရှစ်လုံးဖွဲ့

မြန်မာကဗျာ ဂါထာ

**မှတ်ချက်။** ။ အထက်စာနှစ်ကြောင်းကို အိပ်မက်စကား၊
အောက်စာနှစ်ကြောင်းကို ဘုရားအဖြေစကား
ဟု အမိပ္ပာယ်ကောက်ယူပါ။

၁။ **နွားလားလေးကောင် အိပ်မက်ကဗျာ**

နွားနက်လေးခု၊ ဝှေ့မူဟန်ပြင်၊
မဝှေ့ကြဘဲ၊ ရှောင်လွှဲသည်မြင်၊
အရှေ့အနောက်၊ တောင်မြောက်မိုးဆင်၊
ခြိမ်းသံပေး၊ မိုးဝေးလွင့်ပျောက်စင်။

၂။ **သစ်ပင်ငယ် အိပ်မက်ကဗျာ**

မြေကမကွာ၊ ငယ်လှသစ်ပင်၊
ဖူးငုံရင့်ပြီး၊ ပွင့်သီးတွေ့မြင်၊
အရွယ်မမျှ၊ ပျိုမမယ်ခင်၊
သမီး သား၊ လင်ထား အိမ်ထောင်ချင်။

၃။ **နွားကြီး အိပ်မက်ကဗျာ**

ယနေ့ဖွားစ၊ နွားမနို့သာ၊
မိခင်နွားကြီး၊ စို့ပြီးနေရှာ၊

http://www.dhammadownload.com



သမီးနှင့်သား၊ စီးပွားပိုင်ရာ၊
မိနှင့်ဖ၊ ကျွေးမှ စားရမှာ။

၄။ နွားငယ် အိပ်မက်ကဗျာ
နွားကြီးမကြိုက်၊ ဝန်တိုက်နွားငယ်၊
မရုန်းနိုင်ဘဲ၊ ဝပ်လဲနေတယ်၊
ကြီးသူပယ်ရှား၊ မြှောက်စားလူငယ်၊
တိုင်းပြည်ရေး၊ ရှုပ်ထွေးပွေတော့မယ်။

၅။ မြင်း အိပ်မက်ကဗျာ
ခံတွင်းနှစ်ခု၊ မြင်းလှုရာဇာ၊
ကျွေးကျွေးသမျှ၊ မဝနိုင်ပါ၊
မှူးမတ်မင်းစိုး၊ လာဘ်ထိုးသူငါ၊
နှစ်ဘက်စား၊ တရားစီရင်မှာ။

၆။ ရွှေခွက် အိပ်မက်ကဗျာ
ခွေးအိုထံဆက်၊ ရွှေခွက်သိန်းတန်၊
ကျင်ငယ်အမြဲ၊ ခွက်ထဲစွန့်ပြန်။
မျိုးမြတ်သမီး၊ ပစ္စည်းမက်ဟန်၊
အမျိုးယုတ်၊ လင်လုပ်ပေါင်းဆက်ဆံ။

http://www.dhammadownload.com



၇။ ခွေးသူခိုးမ အိပ်မက်ကဗျာ

ရှေ့ကကျစ်ချ၊ လွန်စကြိုးကို၊
ခွေးမခိုးစား၊ ကိုက်ဝါးကာမျို၊
လင်ကြီးပစ္စည်း၊ သိမ်းဆည်းမသို၊
လင်မြှောင်အား၊ မယားလောကွတ်ပို။

၈။ ရေပြည့်အိုး အိပ်မက်ကဗျာ

အိုးငယ်ချည်းနှီး၊ အိုးကြီးရေလျှံ၊
အိုးကြီးကိုပဲ၊ ရေဆွဲလောင်းပြန်၊
ဆင်းရဲသူများ၊ ဝတ်စားမကျန်၊
အခွန်တွက်၊ နှိပ်စက်ငွေတောင်းခံ။

၉။ ရေကန်ကြီး အိပ်မက်ကဗျာ

ကြာမျိုးငါးဝ၊ ပွင့်ကြရေကန်၊
ရေလယ်နောက်လျက်၊ ကမ်းဘက်ကြည်ပြန်၊
မြို့တွင်းပွေရှုပ်၊ ခွန်တုပ်ကောက်ခံ၊
မြို့ပြင်ထွက်၊ ပြည့်နှက်စည်ကားရန်။

၁၀။ ထမင်းအိုး အိပ်မက်ကဗျာ

တစ်အိုးတည်းချက်၊ အကျက်မညီ၊
ထမင်းမာဆတ်၊ ပျော့နပ်သုံးလီ၊

http://www.dhammadownload.com



မင်းနှင့်လူများ၊ တရားမမှီ၊
မိုးသုံးစား၊ ကွက်ကြားရွာချမည်။

၁၁။ **စန္ဒကူးနှစ် အိပ်မက်ကဗျာ**
မွှေးထုံနံ့ကြူ၊ စန္ဒကူးသိန်းတန်၊
ပုန်းရည်နှင့်လဲ၊ သုံးစွဲစားပြန်၊
အလဇ္ဇီများ၊ တရားဖိုးတန်၊
ငွေနှင့်လဲ၊ အမြဲဟောမည်မှန်။

၁၂။ **ဘူးတောင်း အိပ်မက်ကဗျာ**
သံကြေးမဖောက်၊ ဘူးတောက်ဘူးအုံ၊
ရေတွင်စုပ်စုပ်၊ နစ်မြုပ်လုံးစုံ၊
ပညာရှိများ၊ စကားဥသုံ၊
ပြောသမျှ၊ လောကမသုံးကုန်။

၁၃။ **ကျောက်ခဲကြီး အိပ်မက်ကဗျာ**
အိမ်လုံးတောင်လုံး၊ ကျောက်တုံးကျောက်ဖျာ၊
ရေမှာဖွားဖွား၊ ထင်ရှားပေါ်ကာ၊
ရဟန်းရှင်ဆိုး၊ လူဆိုးများသာ၊
ဂုဏ်ရောင်တိုး၊ တန်ခိုးပေါ်ထွက်မှာ။

http://www.dhammadownload.com



၁၄။ ဖားငယ်မ အိပ်မက်တဗျာ

အဆိပ်ပြင်းတောက်၊ မြွေဟောက်ကြီးကို၊
ဖားငယ်မများ၊ ကိုက်ဝါးကာမျို၊
ကညာယူထား၊ သက်ကြားဘိုးအို၊
မယားဆဲ၊ အမြဲအော်ငေါက်ဆို။

၁၅။ ကျီးငှက် အိပ်မက်တဗျာ

ဘဆင်းမည်းနက်၊ ကျီးငှက်ထံမှာ၊
ရွှေဟင်္သာများ၊ ခစားနေပါ၊
ပညာ သီလ၊ ပြည့်ဝသူဟာ၊
သူယုတ်အား၊ ဝပ်တွားနေရမှာ။

၁၆။ သစ်နှင့်ဆိတ် အိပ်မက်တဗျာ

ဆိတ်ကိုမြင်ခြား၊ ကြောက်အားပြင်းထန်၊
ခြသေ့်သစ်ကျား၊ ခုန်လွှားပြေးပြန်၊
သူယုတ်မာများ၊ ထောင်လွှားနိုင်ငံ၊
သူတော်ကောင်း၊ ပုန်းအောင်း တောမြိုင်ယံ။

(ကောသလ အိပ်မက်ခန်းပြီး၏။)

❖❖۞❖❖

http://www.dhammadownload.com



# ဝိပါက်တော် ၁၂–ပါး ရှစ်လုံးဖွဲ့

## ၁။ ပထမ ဝိပါက်တော်

မေး ။ ။ ဥရုဝေဠ၊ တောဝမြိုင်ခွင်၊
ခြောက်နှစ်ပတ်လုံး၊ ကျင့်သုံးအရှင်၊
အားကုန်ခန်းလို့၊ ညှိုးနွမ်းပြိုပြင်၊
ပင်ပန်းရေး၊ ဝဋ်ကြွေး ဘယ်ကြောင့်တင်။

ဖြေ ။ ။ ကဿပဖျား၊ ထင်ရှားပွင့်သော်၊
ဇောတိပါလ၊ နာမအမော်၊
ပုဏ္ဏားမာန်တက်၊ နှုတ်မြွက်အာဘော်၊
ဝစီပြင်း၊ ရှေးရင်းဝိပါက်တော်။

## ၂။ ဒုတိယ ဝိပါက်တော်

မေး ။ ။ စိဉ္စမာဏ၊ မိန်းမစေကျွန်၊
ကိုယ်ဝန်ရှိသော၊ ဆိုပြောအလွန်၊
သက်သေထားလို့၊ ဘုရားကိုညွှန်၊
စွပ်စွဲခဲ့၊ အဘယ့်ဝိပါက်ဝန်။

ဖြေ ။ ။ သောက်စားလွန်ကျူး၊ ယစ်မူးပျော်ရွှင်၊
သေသောက်သမား၊ ဖြစ်ငြားယခင်၊

http://www.dhammadownload.com



ရဟန္တာမြတ်၊ ဆွမ်းရပ်သည်မြင်၊
အကျင့်ယုတ်၊ ဖွင့်ထုတ်စွပ်စွဲအင်။

## ၃။ တတိယ ဝိပါက်တော်

မေး ။ ။ တိတ္ထိစေခိုင်း၊ မိုက်ရိုင်းဒုဿီ၊
ထင်ယောင်ထင်မှား၊ ပြုပြောသုန္ဒရီ၊
လူရှင်အပေါင်း၊ ယုံကြောင်းပွေလီ၊
ရှင်တော်ထွတ်၊ ဘယ်ဝဋ်ရှေးကမှီ။

ဖြေ ။ ။ မုနာဠိဟု၊ မည်ရှိလောင်းတော်၊
မောက်ကြွားမှောက်မှား၊ သောက်စားအပျော်၊
ရှင်ပစ္စေက၊ ဗုဒ္ဓမြင်သော်၊
ဒုဿီပဲ၊ စွပ်စွဲဝဋ်ကြွေးပေါ်။

## ၄။ စတုတ္ထ ဝိပါက်တော်

မေး ။ ။ သုန္ဒရီမိုက်၊ သတ်လိုက်လေရာ၊
တိတ္ထိအသင်း၊ သတင်းလွှင့်ကာ၊
တပည့်များနှင့်၊ ဘုရားကိုသာ၊
လူအများ၊ ယုံမှားဘယ်တွက်တာ။

ဖြေ ။ ။ လောင်းတော်ရသေ့၊ ပျော်မွေ့စံရာ၊
ရသေ့တစ်ဦး၊ ဈာန်မြူးကွန့်လာ၊

http://www.dhammadownload.com



ငြူစူစိတ်ဇော၊ မနောက္ကသာ၊
ကျင့်ယုတ်ကြီး၊ နှုတ်သီးချွန်သည့်တာ။

## ၅။ ပဉ္စမ ဝိပါက်တော်

မေး ။ ။ ဝေဘာတောင်စောင်း၊ ကျောက်မောင်းဆင်ကာ၊
ဒေဝဒတ်ယုတ်၊ ခလုတ်အသာ၊
သူဖြုတ်ချလို့၊ ဗုဒ္ဓခြေမှာ၊
ကျောက်လွှာငြိ၊ ဒဏ်ထိဘယ်ဝဋ်ပါ။

ဖြေ ။ ။ သူကြွယ်မျိုးဇာတ်၊ ဖြစ်လတ်တုံချေ၊
ညီကိုလှည့်ဖြား၊ ခေါ်သွားသလေ၊
ကျောက်နှင့်ဖိညှပ်၊ ထုသတ်ကြိတ်ချေ၊
ကျောက်ဝိပါက်၊ အဆက်ပါခဲ့ပေ။

## ၆။ ဆဋ္ဌမ ဝိပါက်တော်

မေး ။ ။ ကျောက်လွှာထိပါး၊ မြတ်ဖျားထွတ်တင်၊
တည်နေဝပ်ကိန်း၊ သွေးစိမ်းအရှင်၊
ခြေမတော်ထဲ၊ ကိုက်ခဲနာကျင်၊
ဝိပါက်ရင်း၊ အလင်းပြစေချင်။

ဖြေ ။ ။ သူငယ်ဖြစ်ခိုက်၊ လမ်း၌ပျော်ရွှင်၊
ရှင်ပစ္စေက၊ ဝေးမှအမြင်။

http://www.dhammadownload.com



ခဲနှင့်ပစ်လိုက်၊ ထိခိုက်ခြေတွင်။
သွေးယိုဆင်း၊ ရှေးရင်းဝိပါက်ပင်။

### ၇။ သတ္တမ ဝိပါက်တော်

မေး ။ ။ ဆွမ်းခံကြွမြန်း၊ ထိပ်ပန်းဘုန်းကြွယ်၊
မုန်ကျဆင်ကြီး၊ ခရီးအကျယ်။
ဒေဝဒတ်မိုက်၊ လွှတ်လိုက်ပြန်တယ်၊
ရင်ဆိုင်တွေ့၊ ဆင်ဝေ့ဘယ်ဝဋ်နွယ်။

ဖြေ ။ ။ ဆင်ထိန်း ဆင်ကျောင်း၊ အလောင်းဖြစ်တုံ၊
ရှင်ပစ္စေက၊ လမ်းမတွေ့ဆုံ။
ဒေါသထားလို့၊ ပြစ်မှားသုန်မှုန်၊
ဆင်နှင့်တိုက်၊ ဝင်္ဋလိုက်စေဖို့ကြုံ။

### ၈။ အဋ္ဌမ ဝိပါက်တော်

မေး ။ ။ ကျောက်လွှာခတ်လို့၊ သွေးခာတ်ဆူပူ၊
ခြေမတော်ဦး၊ ထွတ်ဖူးတစ်ဆူ၊
သွေးညိုကိန်းလို့၊ ကျိန်းစပ်တော်မူ၊
ဇီဝက၊ ခွဲရဘယ်ဝဋ်ဟူ။

ဖြေ ။ ။ ပဒေသရာဇ်၊ မင်းဖြစ်စဉ်ဝယ်၊
မူးယစ်သောက်စား၊ ဖောက်ပြားမဖွယ်၊

http://www.dhammadownload.com



လူရှင်လတ်လတ်၊ ထိုးသတ်ပြန်တယ်၊
ဓားဝိပါက်၊ အဆက်သူကန္တယ်။

## ၉။ နဝမ ဝိပါက်တော်

မေး ။ ။ သုံးလူထွတ်ဖူး၊ မြိုက်မှူးသျှောင်ကော၊
ရံဖန်ခါလဲ၊ ခေါင်းခဲပလေ၊
ဝေဒနာဝင်၊ မလွတ်တုံချေ၊
ဘယ်ဝိပါက်၊ အဆက်ပါခဲ့ပေ။

ဖြေ ။ ။ ရှေးခါကပ်ဟောင်း၊ မကောင်းကံဆော်၊
တံငါမျိုးဇာတ်၊ ဖြစ်လတ်သရော်၊
ငါးတို့ဦးခေါင်း၊ ထုထောင်းမြင်သော်၊
ဝမ်းမြောက်မိ၊ လိုက်ဘိဝိပါက်တော်။

## ၁၀။ ဒသမ ဝိပါက်တော်

မေး ။ ။ ဝါတော်ကပ်တော့၊ မာရ်နတ်နှိုးဆော်၊
ဝေရဉ္စတိုင်း၊ သမိုင်းအကျော်၊
မုယောဆွမ်းမို့၊ ကြမ်းကြမ်းထော်ထော်၊
ဘုဉ်းပေးရ၊ ရှေးကဘယ်ဝဋ်နော်။

ဖြေ ။ ။ မထင်မရှား၊ မျိုးသားဖြစ်တုံ၊
ရဟန်းတော်များ၊ ဆွမ်းစားခိုက်ကြုံ၊

http://www.dhammadownload.com



ဆွမ်းကြမ်းစားဟု၊ ပြစ်မှားဆိုပုံ၊
ဝစီထွက်၊ ဝိပါက်တော်တဲ့ယုံ။

### ၁၁။ ဧကာဒသမ ဝိပါက်တော်

မေး ။ ။ အထွတ်ဆုံးဟု ၊ သုံးလူ့မျက်မှန်၊
ခါးတော်ကိုက်ခဲ၊ အသည်းအသန်၊
ဝေဒနာများ၊ ခံစားရံဖန်၊
ဘယ်အကြောင်း၊ ကံဟောင်းထုတ်လို့ပြန်။

ဖြေ ။ ။ လက်ဝှေ့သတ်ကောင်း၊ အလောင်းဖြစ်သော်၊
ပြိုင်ပွဲဆိုင်ပွဲ၊ နိုင်မြဲအကျော်၊
နိုင်လျှင်ခါးရိုး၊ ရိုက်ချိုးမြေပေါ်၊
အသတ်ကောင်း၊ ဇာတ်ဟောင်း ဝိပါက်တော်။

### ၁၂။ ဒွါဒသမ ဝိပါက်တော်

မေး ။ ။ ဆဒ္ဒန်ဆယ်စီး၊ အားကြီးလျင်မြန်၊
ဝမ်းတော်သွန်ပြား၊ ရွှေအားမသန်၊
ခွေယိုင်နွဲ့လို့၊ မြန်းခဲ့နိဗ္ဗာန်၊
ဖြေစေကြောင်း၊ ကံဟောင်းသိဖို့ရန်။

ဖြေ ။ ။ ရောဂါကုစား၊ သမားဉာဏ်ကျယ်၊
ရှင်သူဌေးသား၊ ဆေးဝါးကုတယ်၊

http://www.dhammadownload.com



ခ မပေးလို့၊ ဟိုရှေးဘုန်းကြွယ်၊
ဝမ်းလာဆေး၊ တိုက်ကျွေးဝင်္ဂဟောင်းလယ်။

ဝိပါက်ရောက်ရေး၊ ကြောက်သွေးတုံ့ဖွယ်၊
ဘုရားသော်လဲ၊ ရှောင်လွှဲမလွယ်၊
တွေ့ကြုံမြဲမို့၊ တဝဲလယ်လယ်၊
မလွတ်သေး၊ ဝဋ်ကြွေးခက်လှတယ်။
ကြင်နာယောက်ထား၊ သနားမြော်ခေါ်၊
ကုသိုလ်ပွားမှု၊ အားပြုကြနော်၊
နှိပ်စက်ညှဥ်းပန်း၊ သရမ်းပျက်ချော်၊
ရှောင်ကြဉ်ရေး၊ ဝဋ်ကြွေးစင်ဖို့မြော်။

(ဝိပါက်တော် ၁၂-ပါးပြီး၏။)

မှာထားချက်။ ။ အထက်၌ ဖော်ပြခဲ့သော အိပ်မက်ခန်းကဗျာ၊ ဝိပါက်တော်ခန်းကဗျာ တို့၏ အဓိပ္ပာယ်ကို မကျဉ်းမကျယ် အလွယ် သိကြစေရန် "အိပ်မက်ဋီကာ" စာအုပ်ကို ဖတ်ရှုကြပါ။

◆◆❀◆◆

လယ်တီပဏ္ဍိတ ဆရာ ဦးမောင်ကြီး။

http://www.dhammadownload.com

http://www.dhammadownload.com

လယ်တီပဏ္ဍိတ
ဆရာဦးမောင်ကြီး (အမ်-အေ)
စီရင်ရေးသားအပ်သော

# အနတ္တလက္ခဏာသုတ်

## အမေးအဖြေ

အလွယ်တကူ တိုက်ဆိုင်၍ ကြည့်ရှုနိုင်ရန်
အနတ္တလက္ခဏာသုတ်ပါဠိတော်နှင့် နိဿယကို
ထည့်သွင်းပုံနှိပ်ထားပါသည်။

ပိဋကဗျူဟာအဖွဲ့
မင်္ဂလာဗျူဟာ အဆောက်အအုံ၊ အာဇာနည်လမ်း
ဗဟန်း၊ ရန်ကုန်မြို့။

http://www.dhammadownload.com

http://www.dhammadownload.com



# နိဒါန်း
## (အနတ္တလက္ခဏာ)

ဓမ္မစကြာအမေးအဖြေ၊ မဟာသတိပဋ္ဌာန်အမေးအဖြေများကို ရေးသားထုတ်ဝေခဲ့ရာ ဗုဒ္ဓဘာသာ ဖြစ်ကြကုန်သော အမျိုးသား၊ အမျိုးသမီးအပေါင်းတို့ ကောင်းစွာ နှစ်ခြိုက်ကြသဖြင့် ထိုအမေးအဖြေများကို မြန်မာတစ်နိုင်ငံလုံး၌ လေ့လာကြည့်ရှု ဝတ်တက် ဝတ်ကပ်မှုတို့၌ ဂရုတစိုက် ရွတ်ဆိုလျက်ရှိကြလေပြီဖြစ်ပါကြောင်း။

ယခုတစ်ဖန် တရားအနှစ် သဘာဝအစစ်ကို လိုလားသော မိတ်ဆွေအပေါင်းများစွာတို့က "အနတ္တလက္ခဏသုတ်" ၏အမေးအဖြေကိုလည်း ရေးသားစေလိုပါသည်။ ထိုကဲ့သို့ ရေးသားခြင်းအားဖြင့် ဗုဒ္ဓသာသနာတွင် လွန်စွာအရေးကြီးလှသော အနတ္တသဘောများသည် ပေါ်လောပေါ်ရန် အကြောင်းရှိပါသည်။ ဤကဲ့သို့ တောင်းပန်တိုက်တွန်းကြလေသောကြောင့် ဤအနတ္တလက္ခဏသုတ် အမေးအဖြေကို ရေးသားရသည်ဖြစ်ပါကြောင်း။

ဤစာအုပ်၌ ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီး ဟောကြားတော်မူအပ်သော နည်းနာနိဿယများကို လက်ကိုင်ထား၍ အနတ္တသဘောများကို ရေးသားပါသည်။ ထို့ပြင်

http://www.dhammadownload.com



လည်း ဝိပဿနာတက်လမ်း မဂ်စခန်းများကိုလည်း အချုပ်အားဖြင့် သိရှိကြစေရန် ရေးသားဖော်ပြထားပါသည်။

ထို့ပြင် အနတ္တလက္ခဏသုတ် ပါဠိတော်ရင်းနှင့် ကျေးဇူးရှင် ဆရာတော်ဘုရားကြီး ရေးသားတော်မူအပ်သော အနတ္တလက္ခဏသုတ်နိဿယကိုလည်း ထည့်သွင်းထားပါသည်။ အနတ္တ လက္ခဏသုတ်နိဿယသည် အမှာအထား စကားအပိုမပါဘဲ အနက်သဘော ချောချောမွတ်မွတ်သိလွယ်အောင် နှုတ်တက် ဆောင်ဖို့ ရေးထားသဖြင့် ဗုဒ္ဓဘာသာမှန်သမျှ နှုတ်တက် ဆောင်ရွက်၍ ထားသင့်ပေသည်။

ပြဆိုခဲ့ပြီးသောအတိုင်း ဗုဒ္ဓသာသနာတွင် လွန်စွာအရေးကြီးလှသော ဤ"အနတ္တလက္ခဏသုတ် အမေးအဖြေ" စာအုပ်ကို ကိုယ်စီလက်ကိုင်ပြု၍ ကြည့်ရှုလေ့လာကြပါစေသတည်း။

လယ်တီ–ပဏ္ဍိတ
ဆရာဦးမောင်ကြီး

၁၂၈၈-ခု
ဝါခေါင်လဆန်း ၁၀-ရက်။

http://www.dhammadownload.com



## အနတ္တလက္ခဏသုတ်အမွှန်း

ဘုန်းတော်အမြိုက်၊ ထွက်မကိုင်ရှိကို၊ ဆောင်းစိုက်လျှံလျှ၊ အောင်လံထူ၍၊ နတ်လူပြုဟွာ၊ သတ္တဝါခပင်းတို့၊ ဝပ်စင်းညွှတ်လျှိုး၊ လွန်မြတ်နိုးသဖြင့်၊ ရှိခိုးကြရာ၊ ပမာဘက်ကင်း၊ မင်းထက်မင်း ဖြစ်တော်မူသော၊ ရှင်ရင်းထွတ်ထား၊ မြတ်ဘုရားသည်၊ လေးပါးသစ္စာ၊ သိပြီးခါဝယ်၊ မိဂဒါဝနိုင်၊ စုံတောမြိုင်၌၊ လေးဆိုင်သစ္စာ၊ ပွင့်စိမ့်ငှာဟု၊ ဓမ္မစကြာတရားကို၊ ဟောကြားတော်မူပြီးနောက်၊ မဂ်ရောက်သီးသီး၊ အသိဉာဏ် ပွင့်လင်းပြီးသော၊ ထေရ်ကြီးကေသရီ ငါးဝဂ္ဂီတို့အား၊ ဉာဏ် ဆီဉာဏ်ညွန့်၊ တလွန့်လွန့်လျှင်၊ ကွန့်စေတိုးစေ၊ ဖြိုးဖြိုးဝေ အောင်၊ ပရမေထွတ်ဖူး၊ နိဗ္ဗာန်မှူးသည်၊ ထူးဝိသေသ၊ အနတ္တ ကို၊ ဓာတ်ပြသက်သက်၊ သဘောနက်ဖြင့်၊ ဟောမြွက်တော် မူလေသည်မှာ ---

ဝါဆိုပုဏ္ဏ၊ ပဥ္စကျော်၍၊ စနေနေ့တွင်၊ သိမ်မွေ့ခက်ခဲ၊ လွန်နက်နဲသည့်၊ ဖြူခွဲအတ္တ၊ သက္ကာယနှင့်၊ မောဟာဒိဋ္ဌိ၊ မှောင်အတိကို၊ ရောင်ညိလျှံဝါ၊ ဉာဏ်ပထျာဖြင့်၊ ငါငါသူသူ၊ လူပဲနတ်ပဲ၊ အထင်လွဲ၍၊ အစွဲပြင်းထန်၊ အတွင်းရန်ကို၊ တွန်းလှန်ဖြိုဖျက်၊ အနတ္တလက်နက်ဖြင့်၊ အချက်ကျခွင်းလေ သော်၊ ကင်းရှင်းဒိဋ္ဌိ၊ မှောင်မငြိဘဲ၊ ဝဂ္ဂီအသင်း၊ ဉာဏ်ရောင်

http://www.dhammadownload.com



လင်းလျက်၊ ခပင်းများစွာ၊ ကိလေသာနှင့်၊ ဝဋ္ဋဇာတိခာတ်၊ သမုပ္ပါဒ်ကို၊ ခုတ်ဖြတ်ပယ်ထွင်၊ လွန်သန့်စင်၍၊ အရှင်ရဟန္တာ အဖြစ်သို့ ဆိုက်ရောက်တော်မူကြလေသတည်း။

အတိဒုလ္လဘ ကြုံခဲလှသော အနတ္တလက္ခဏာသုတ္တန် ဗျာဒိတ်တော် သမုဒ္ဒာန်ကို ရုပ်နှင့်နာမ်မကင်းခဲ့ ငါးခန္ဓာအဖွဲ့ ဝယ် တကယ့်ဖွဲ့ တကယ့်ဖွတ် ခွာမလွတ်ခိုင်မြဲဘိ လွန်အမင်း ငြိသော ဒိဋ္ဌိဆိုး သက္ကာယကို သာသနခုအကြုံတွင် အနုလုံ သဘော ပဋိလုံရောနှောလျက် ဉာဏ်သဘောထက်ထက်နှင့် ခုတ်ဖျက်၍ရှင်းရအောင် စိတ်ထားရင်းစေတနာ ဖြူစင်သော ခတ်သမ္မာဖြင့် မြတ်ဘဂဝါရွှေခွန်း နိဗ္ဗာန်ကိုရည်ညွှန်းလျက် မတိုက်တွန်းအလိုလို ကြားသူတိုင်း ကြည်ညိုအောင် ရွှတ်ဆို သရဇ္ဈာယ်တော်မူကြပါကုန်လော။

http://www.dhammadownload.com



# အနတ္တ လက္ခဏသုတ် အမေးအဖြေ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

## မာတိကာ

(၁) ဘုန်းတော်ခြောက်ဆူ၊ အောင်လံထူ၊ ပြိုင်သူယှဉ်ဘက်ကင်း။

(၂) သုံးဘုံတိုက်လုံး၊ ထွတ်မြတ်ဆုံး၊ ညွှတ်ရုံးခဝပ်စင်း။

(၃) ဘုရားဖြစ်ပြီး၊ သုံးလူ့ထီး၊ ရေမီးစုံခပင်း။

(၄) ဝါဆိုပုဏ္ဏာ၊ လက်ဦးပြ၊ ပဉ္စဝဂ္ဂီသင်း။

(၅) ဓမ္မစကြာ၊ မိဂဒါ၊ မြတ်စွာမိန့်ခဲ့ရင်း။

(၆) ပြည့်ကျော်ချမ်းမြေ့၊ ငါးရက်နေ့၊ သိမ်မွေ့ပါဘိခြင်း။

(၇) သုတ်အနတ္တ၊ လက္ခဏ၊ မိန့်ဟထွတ်သနင်း။

(၈) ဝဂ္ဂငါးဖြာ၊ တရားနာ၊ တဏှာရာဂရှင်း။

(၉) ရဟန္တာမြတ်၊ ဖြစ်ကုန်လတ်၊ ဝဋ်ပြတ်ဇာတိကင်း။

(၁၀) ထိုသုတ္တန်ထွက်၊ မိပ္ပာယ်နက်၊ ပြီးပြက်ထင်အလင်း။

(၁၁) လွယ်စွာသိစေ၊ မေးအဖြေ၊ ရေးလေချန်မချွင်း။

(၁၂) သိလိုသူများ၊ တောင်းပန်ငြား၊ တရားနှလုံးသွင်း။

(၁၃) ထိုကြောင့်ယခု၊ ဉာဏ်ပွားမှု၊ ရေးပြုစီရင်ခြင်း။

http://www.dhammadownload.com



(၁၄) လယ်တီသခင်၊ ကျေးဇူးရှင်၊ သွန်သင်နည်းမှုရင်း။
(၁၅) အတ္တာမြှုမှောင်၊ ကင်းလွတ်အောင်၊ ဉာဏ်ရောင်ထိန်လင်းလင်း။
(၁၆) အနတ္တာမှန်၊ သိဖို့ရန်၊ သုတ္တန်ကျမ်းတော်ရင်း။
(၁၇) သိမြင်ခဲစွ၊ အနတ္တ၊ ဓမ္မဉာဏ်အလင်း။
(၁၈) အမေးအဖြေ၊ ရှုကြည့်လေ၊ မိတ်ဆွေကုန်ခပင်း။

## အနတ္တလက္ခဏသုတ် နိဒါန်း

### အမေးအဖြေ

**မေး။** ။ အနတ္တလက္ခဏသုတ္တန်ကို အဘယ်မည်သော ပုဂ္ဂိုလ် ဟောထားခဲ့ပါသနည်း။

**ဖြေ။** ။ ဘုန်းတော်ခြောက်ဆင့် အောင်ထီးဖွင့်၍ သိသင့်သိထိုက်သမျှသော တရားအလုံးစုံကို အကုန်သိမြင်တော်မူပြီးသော သမ္မာသမ္ဗုဒ္ဓ သုံးလောကထွတ်ထား သဗ္ဗညုမြတ်စွာဘုရားသည် အနတ္တလက္ခဏသုတ္တန်ကို ထုတ်ပြန်ဟောမြွက်တော်မူခဲ့ပါသည်။

**မေး။** ။ ဤအနတ္တ လက္ခဏသုတ်ကို အဘယ်အရပ်မှာ ရှင်တော်ဘုရား ဟောကြားတော်မူပါသနည်း။

http://www.dhammadownload.com



ဖြေ။ ။ ဗာရာဏသီနေပြည်တော်ကြီးအနီး သားသမင်တို့ကို ဘေးမဲ့ပေး၍ မွေးရာဖြစ်သော မိဂဒါဝုန်တောကြီးအတွင်း၌ ရှင်တော်ဘုရားဟောကြားတော်မူပါသည်။

မေး။ ။ အဘယ်ပုဂ္ဂိုလ်တို့အား ဟောကြားတော်မူပါသနည်း။

ဖြေ။ ။ အရှင်ကောဏ္ဍညအမှူးရှိသော ပဉ္စဝဂ္ဂီရဟန်းငါးပါးတို့အား ဟောကြားတော်မူပါသည်။

မေး။ ။ ထိုပဉ္စဝဂ္ဂီငါးဦးတို့သည် အဘယ်အခါ ရဟန်းအဖြစ်သို့ရောက်ကြပါသနည်း။

ဖြေ။ ။ ဓမ္မစကြာတရားကို ဟောကြားတော်မူသောဝါဆိုလပြည့်နေ့၌ အရှင်ကောဏ္ဍညသည် သောတာပန်တည်၍ ရဟန်းအဖြစ်သို့ ရောက်ပါသည်။ လပြည့်ကျော်တစ်ရက်နေ့၌ အရှင်ဝပ္ပသည် သောတာပန်တည်၍ ရဟန်းအဖြစ်သို့ရောက်ပါသည်။ လပြည့်ကျော် ၂-ရက်နေ့၌ အရှင်ဘဒ္ဒိယသည် သောတာပန်တည်၍ ရဟန်းအဖြစ်သို့ ရောက်ပါသည်။ လပြည့်ကျော် ၃-ရက်နေ့၌ အရှင်မဟာနာမ်သည် သောတာပန်တည်၍ ရဟန်းအဖြစ်သို့ရောက်ပါသည်။ လပြည့်ကျော် ၄-ရက်နေ့၌ အရှင်အဿဇိသည် သောတာပန်တည်၍ ရဟန်းအဖြစ်သို့ရောက်ပါသည်။

မေး။ ။ အဘယ်အခါ ဤအနတ္တလက္ခဏသုတ်ကို

http://www.dhammadownload.com



ဟောကြားတော်မူပါသနည်း။

ဖြေ။ ။ မဟာသက္ကရာဇ် (၁၀၃)ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၅-ရက် ကြာသပတေးနေ့တွင် ဟောတော်မူပါသည်။

မေး။ ။ ဘုရားအဖြစ်သို့ ရောက်တော်မူပြီး၍ သုတ္တန်တရားတို့ကို ဟောတော်မူရာတွင် ဤအနတ္တလက္ခဏာသုတ်သည် ပဌမသုတ္တန်လော၊ ဒုတိယသုတ္တန်လော၊ တတိယသုတ္တန်လော ဆင်ခြင်စိစစ်၍ ဖြေကြားပါ။

ဖြေ။ ။ ဘုရားအဖြစ်သို့ ရောက်တော်မူပြီးသောအခါ ဓမ္မစကြာသုတ္တန်ကို ရှေးဦးစွာ ဟောကြားတော်မူပါသည်။ ထိုဓမ္မစကြာသုတ္တန်ကို ဟောတော်မူပြီးသော ညဉ့်အခါ၌ပင် ဟေမဝတနတ်သား၊ သာတာဂီရိနတ်သား အမှူးရှိသော နတ်ဘီလူးတို့အား ဟေမဝတသုတ္တန်ကို ဟောတော်မူပါသည်။ ထို့နောက် ဤအနတ္တလက္ခဏာသုတ္တန်ကို ဟောတော်မူပါသည်။ ထို့ကြောင့် အနတ္တလက္ခဏာသုတ္တန်ကို ရှင်တော်ဘုရား၏ သာသနာတော်ဝယ် တတိယသုတ္တန်ဟူ၍ ခေါ်ဆိုရပါမည်။

မေး။ ။ အဘယ်ကြောင့် အနတ္တလက္ခဏာသုတ်ဟူ၍ ခေါ်ရပါသနည်း။

ဖြေ။ ။ အနတ္တလက္ခဏာကို ပဓာနထား၍ ထင်ရှားစွာ ဟောကြားတော်မူအပ်သော သုတ္တန်ဖြစ်သောကြောင့် အနတ္တလက္ခဏာသုတ်ဟူ၍ ခေါ်ရပါသည်။

http://www.dhammadownload.com



မေး။ ။ အနတ္တသဘောကို အမြွက်မျှဖော်ပြပါ။

ဖြေ။ ။ အနှစ်သာရမရှိခြင်းသဘော၊ အလိုသို့မလိုက် အစိုးမရခြင်းသဘော၊ အပြင်အပဖြစ်ခြင်းသဘော၊ ပုဂ္ဂိုလ် သတ္တဝါတို့မှ ဆိတ်သုဉ်းခြင်းသဘော၊ အသက်အရှင်မဟုတ် သော နိဇ္ဇီဝသဘော၊ ဤသဘောများကို အနတ္တသဘောဟူ၍ ခေါ်ဆိုရပါသည်။

မေး။ ။ အနတ္တလက္ခဏာနှင့် အနတ္တာနုပဿနာ အဘယ်ကဲ့သို့ ထူးခြားပါသနည်း။

ဖြေ။ ။ အစိုးမရ အလိုမလိုက်မှုသဘော၊ အနှစ်သာရ မရှိခြင်းသဘော၊ အသက်မရှိခြင်းသဘော၊ ဤသဘောအချက် များကို အနတ္တလက္ခဏာခေါ်ပါသည်။ ထိုအနတ္တသဘောကို ထင်မြင်အောင်ရှုဆင်နိုင်သော ဝိပဿနာဉာဏ်ကို အနတ္တာ နုပဿနာ ခေါ်ပါသည်။ ဤသည်ကား အနတ္တလက္ခဏာနှင့် အနတ္တာနုပဿနာတို့ ထူးပုံအချက်ဖြစ်ပါသည်။

မေး။ ။ အဘယ်ကြောင့် သုတ္တဟူ၍ ခေါ်ဆိုရပါသ နည်း။ ဝိဂြိုဟ်နှင့်တကွ အဓိပ္ပာယ်ကိုဖော်ပြပါ။

ဖြေ။ ။ အတ္ထံ သူစေတိ ပကာသေတီတိ သုတ္တံ၊ အတ္ထံ၊ အနက်အဓိပ္ပာယ်သဘောကို။ သူစေတိ ပကာသေတိ၊ ထင် ရှားစွာ ဖော်ပြတတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ သုတ္တံ၊ သုတ္တမည်၏။ ဤဝိဂြိုဟ်အလိုအားဖြင့် သဘောအဓိပ္ပာယ်ကို

http://www.dhammadownload.com



ဖော်ပြတတ်သောကြောင့် သုတ္တဟူ၍ ခေါ်ဆိုရပါသည်။ အတ္ထံ သူဒေတီတိ သုတ္တံ။ အတ္ထံ၊ အနက်အဓိပ္ပာယ်သဘောကို။ သူဒေတိ၊ ယိုစီးထွက်ကျစေတတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ သုတ္တံ၊ သုတ္တမည်၏။ ဤ ဝိဂြိုဟ်အလိုအားဖြင့် သဘော အဓိပ္ပာယ်တို့ကို ယိုစီးထွက်ကျစေ တတ်သောကြောင့် သုတ္တ ဟူ၍ ခေါ်ဆိုရပါသည်။ သပ္ပုရိသေဟိ သုဏီယတီတိ သုတ္တံ။ သပ္ပုရိသေဟိ၊ သူတော်ကောင်းတို့သည်။ သုဏီယတိ၊ ကြား နာအပ် ကြားနာထိုက်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ သုတ္တံ၊ သုတ္တမည်၏။ ဤဝိဂြိုဟ်အလိုအားဖြင့် သူတော်ကောင်းပုဂ္ဂိုလ် တို့ ကြားနာအပ်သောကြောင့် သုတ္တဟူ၍ခေါ်ဆိုရပါသည်။

မေး။ ။ ထို အနတ္တလက္ခဏာသုတ်ကို ဟောတော်မူရာ ဝယ် ရှင်တော်မြတ်ဘုရားသည် အဘယ်သို့အစချီကာ ဟော ကြားတော်မူပါသနည်း။

ဖြေ။ ။ ရူပံ ဘိက္ခဝေ အနတ္တာ။ချစ်သားရဟန်းတို့၊ ရုပ်တရားသည် အနှစ်သာရမရှိ။ အလိုသို့မလိုက်။အစိုးမရ။ အတွင်းထားထိုက်သည် မဟုတ်။ ပုဂ္ဂိုလ်သတ္တဝါ သဘောမှ ဆိတ်၏။ အသက်ရှင်သော ဇီဝသဘောမှ ဆိတ်၏။ ဤသို့ အစချီ၍ ဟောကြားတော်မူပါ၏။

မေး။ ။ အနတ္တသဒ္ဒါ၏ အနက်အဓိပ္ပာယ်ပေါင်းများစွာ ရှိသည်အနက် ဤအနတ္တလက္ခဏာသုတ်၌ အနတ္တသဘောကို

http://www.dhammadownload.com



အဘယ် အဓိပ္ပာယ်မျိုးဖြင့် ပဓာနထား၍ ဟောကြားတော်မူပါသနည်း။

ဖြေ။ ။ ဤ အနတ္တလက္ခဏသုတ်၌ အလိုသို့မလိုက်သော အဝသဝတ္တန သဘောဖြင့် ပဓာနထား၍ ဟောကြားတော်မူပါသည်။

မေး။ ။ အလိုသို့မလိုက်သော အဝသဝတ္တန သဘောကို ပဓာနထား၍ ဤအနတ္တလက္ခဏသုတ်၌ အနတ္တသဘောကို ဟောကြားတော်မူပါသည်ဟု ဖြေဆိုသောကြောင့် သိရပါပြီ။ အဘယ်ပါဠိကို ထောက်ထား၍ ဖြေဆိုပါသနည်း။

ဖြေ။ ။ ရူပဉ္စ ဟိဒံ ဘိက္ခဝေ အတ္တာ အဘဝိဿ နယိဒံ ရူပံ အာဗာဓာယ သံဝတ္တေယျ၊ လဗ္ဘေထစ ရူပေ 'ဧဝံ မေ ရူပံ ဟောတု၊ ဧဝံ မေ ရူပံ မာအဟောသီ' တိ။ ယသ္မာစ ခေါ ဘိက္ခဝေ ရူပံ အနတ္တာ။ တသ္မာ ရူပံ အာဗာဓာယ သံဝတ္တတိ။ န စ လဗ္ဘတိ ရူပေ 'ဧဝံ မေ ရူပံ ဟောတု။ ဧဝံ မေ ရူပံ မာအဟောသီ'တိ။ ဤပါဠိတော်ကိုထောက်၍ အလိုသို့မလိုက်သော အဝသဝတ္တန သဘောကို ပဓာနထား၍ ဟောကြားတော်မူကြောင်းကို ဖြေဆိုပါသည်။

မေး။ ။ အသင် ကိုးကားဖော်ပြခဲ့သော အနတ္တလက္ခဏသုတ် ပါဠိတော်၏အနက်ကို ပြန်ဆိုဖွင့်ပြပါ။

ဖြေ။ ။ ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။ ရူပဉ္စ၊

http://www.dhammadownload.com



ရုပ်တရားအပေါင်းသည်။ ဟိ၊ စေကန်စင်စစ်။ အတ္တာ၊ အလိုသို့လိုက်သော အတ္တသဘောရှိသည်။ အဘဝိဿ၊ ဖြစ်ပါမူကား။ ဣဒံရူပံ၊ ဤရုပ်တရားသည်။ အာဗာဓာယ၊ အလိုသို့လိုက်ပါ၍ ကျင်နာခံခက် နှောင့်ယှက်ဖောက်ပြန်ခြင်းငှာ။ န သံဝတ္တေယျ၊ မဖြစ်လေရာ။ 'မေ၊ ငါ၏။ ရူပံ၊ ရုပ်သည်။ ဧဝံ ဟောတု၊ ဤသို့ဖြစ်ပလေစေ။ မေ၊ ငါ၏။ ရူပံ၊ ရုပ်သည်။ ဧဝံ မာ အဟောသိ၊ ဤသို့မဖြစ်စေလင့်။ ဣတိ၊ ဤသို့ မိမိတို့အလိုဆန္ဒအတိုင်း။ ရူပေ၊ ရုပ်တရား၌။ လဗ္ဘေထ၊ အခွင့်ရသင့်လေရာ၏။ ဘိက္ခဝေ၊ ချစ်သားရဟန်း တို့။ ခေါ၊ စင်စစ်။ ယသ္မာစ၊ အကြင်သို့သော အကြောင်းကြောင့်လျှင်။ ရူပံ၊ ရုပ်တရားသည်။ အနတ္တာ၊ အလိုသို့ မလိုက်သော အနတ္တသဘောရှိချေ၏။ တသ္မာ၊ ထို့ကြောင့်၊ ရူပံ၊ ရုပ်တရားသည်။ အာဗာဓာယ၊ အလိုသို့မလိုက်ပါဘဲ ကျင်နာခံခက် နှောင့်ယှက်ဖောက်ပြန်ခြင်းငှာ။ သံဝတ္တတိ၊ ဖြစ်၏။ 'မေ၊ ငါ၏။ ရူပံ၊ ရုပ်သည်။ ဧဝံ ဟောတု၊ ဤသို့ဖြစ်ပလေစေ။ မေ၊ ငါ၏၊ ရူပံ၊ ရုပ်သည်။ ဧဝံ မာအဟောသိ၊ ဤသို့မဖြစ်စေလင့်'။ ဣတိ၊ ဤသို့ မိမိတို့ အလိုဆန္ဒအတိုင်း။ ရူပေ၊ ရုပ်တရား၌။ န စ လဗ္ဘတိ၊ အခွင့်မရနိုင်။ ဤသည်ကား ကိုးကားဖော်ပြခဲ့သော ပါဠိတော်၏အနက်ကို ပြန်ဆိုဖွင့်ပြခြင်းဖြစ်ပါသည်။

http://www.dhammadownload.com



မေး။ ။ ဤအနတ္တလက္ခဏသုတ် ပါဠိတော်၌ ရှင်တော်ဘုရားသည် အဘယ်တရားတို့၌ အနတ္တဖြစ်ပုံကို ဟောကြားတော်မူပါသနည်း။

ဖြေ။ ။ ခန္ဓာငါးပါးတို့၌ အနတ္တဖြစ်ပုံကို ဟောတော်မူပါသည်။ ခန္ဓာငါးပါးတို့၌ အနတ္တဖြစ်ပုံကို ဟောတော်မူလိုက်လျှင်ပင် အလုံးစုံသော တေဘူမကတရားတို့၏ အနတ္တဖြစ်ကြောင်း ထင်ရှားသွားပါသည်။

မေး။ ။ ခန္ဓာငါးပါးတို့၏ သရုပ်ကိုဖော်ပြပါ။

ဖြေ။ ။ ရူပက္ခန္ဓာတစ်ပါး၊ ဝေဒနာက္ခန္ဓာတစ်ပါး သညာက္ခန္ဓာတစ်ပါး၊ သင်္ခါရက္ခန္ဓာတစ်ပါး၊ ဝိညာဏက္ခန္ဓာတစ်ပါး။ ဤသည်ကား ခန္ဓာငါးပါးတို့၏ သရုပ်ဖြစ်ပါသည်။

## ရူပက္ခန္ဓာ

မေး။ ။ အဘယ်တရားမျိုးကို ရူပက္ခန္ဓာခေါ်ပါသနည်း။

ဖြေ။ ။ ရုပ်နှစ်ဆယ့်ရှစ်ပါးကို ရူပက္ခန္ဓာခေါ်ပါသည်။

မေး။ ။ ထိုရုပ်နှစ်ဆယ့်ရှစ်ပါးတို့၏ သရုပ်ကို တစ်လုံးစီတစ်လုံးစီ ဖော်ပြပါ။

ဖြေ။ ။ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော၊ (မဟာဘုတ်ကြီးလေးပါး၊) စက္ခု၊ သောတ၊ ဃာန၊ ဇိဝှာ၊ ကာယ၊ (ပသာဒရုပ်ငါးပါး။) ရူပ၊ သဒ္ဒ၊ ဂန္ဓ၊ ရသ၊ ဩဇာ၊ ဣတ္ထိဘာဝ၊

http://www.dhammadownload.com



ပုဿာဝ၊ ဟဒယ၊ ဇီဝိတ။ ဤရုပ်ပေါင်း ၁၈-ပါးကို နိပ္ဖန္နရုပ် ခေါ်ပါသည်။ အာကာသ၊ ကာယဝိညတ်၊ ဝစီဝိညတ်၊ ရူပဿ လဟုတာ၊ ရူပဿမုဒုတာ၊ ရူပဿကမ္မညတာ။ ဥပစယ၊သန္တတိ၊ ဇရတာ၊ အနိစ္စတာ။ ဤရုပ်ပေါင်း ၁၀-ပါးကို အနိပ္ဖန္နရုပ် ခေါ်ပါသည်။ နိပ္ဖန္နရုပ် ၁၈-ပါး၊ အနိပ္ဖန္နရုပ် ၁၀-ပါး၊ အလုံးစုံကိုပေါင်းလျှင် ရုပ်နှစ်ဆယ့်ရှစ်ပါးဖြစ်ပါသည်။ ထိုရုပ် ၂၈-ပါးကိုပင် ရူပက္ခန္ဓာခေါ်ပါသည်။

မေး။ ။ ထိုရုပ်တရားစုကို အဘယ်ကြောင့် အနတ္တဟူ၍ ဟောတော်မူပါသနည်း။

ဖြေ။ ။ ထိုရုပ် ၂၈-ပါးကို အလိုသို့ မလိုက်ခြင်း- အဝသဝတ္တနသဘော၊ ကိုယ်ပိုင်ဟူ၍ အတွင်းမထားထိုက်ဘဲ ကိုယ်နှင့်မဆိုင်ခြင်း- ပရသဘော၊ ပုဂ္ဂိုလ်သတ္တဝါသဘောမှ ဆိတ်သုဉ်းခြင်း- သုညတသဘော၊ အသက်အရှင် မဟုတ်ခြင်း- နိဇ္ဇီဝသဘော။ ဤသဘောတို့နှင့်ပြည့်စုံသောကြောင့် အနတ္တဟူ၍ဟောတော်မူပါသည်။

မေး။ ။ နှစ်ဆယ့်ရှစ်ပါးသော တရားအစုကို အဘယ်ကြောင့်ရုပ်ဟူ၍ခေါ်ဆိုရပါသနည်း။ ဝိဂြိုဟ်နှင့်တကွ ဖော်ပြပါ။

ဖြေ။ ။ သီတုဏှာဒိ ဝိရောဓိပစ္စယေဟိ ရုပ္ပတီတိ ရူပံ။ သီတုဏှာဒိ ဝိရောဓိပစ္စယေဟိ၊ အချမ်းအပူစသော ဆန့်ကျင်

http://www.dhammadownload.com



ဘက် အကြောင်းတို့ကြောင့်။ ရုပ္ပတိ၊ ဖောက်ပြန်ပျက်စီးတတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ ရူပံ၊ ရုပ်မည်၏။ ကျမ်းဂန်တို့၌ ဤသို့ဝိဂြိုဟ် ဆိုအပ်သောအတိုင်း အချမ်းအပူစသော ဆန့်ကျင်ဘက်အကြောင်းတို့ကြောင့် ဖောက်ပြန်ပျက်စီးတတ်သောကြောင့် ရုပ်ဟူ၍ခေါ်ဆိုရပါသည်။

(ရူပက္ခန္ဓာပြီး၏။)

## ဝေဒနာက္ခန္ဓာ

**မေး။** ။ သာဓု- သာဓု- သာဓု၊ ရူပက္ခန္ဓာ၏သရုပ်များနှင့်တကွ ရုပ်တို့၏ အနတ္တဖြစ်ပုံသဘောကို ကောင်းစွာပြကြားသဖြင့်သိရပေပြီ။ အဘယ်တရားကို ဝေဒနာက္ခန္ဓာဆိုပါသနည်း။

**ဖြေ။** ။ ဝေဒနာ စေတသိက်ကို ဝေဒနာက္ခန္ဓာဟူ၍ ဆိုပါသည်။

**မေး။** ။ အဘယ့်ကြောင့် ဝေဒနာဟူ၍ ခေါ်ဆိုပါသနည်း။ ဝိဂြိုဟ်နှင့်တကွဖော်ပြပါ။

**ဖြေ။** ။ အာရမ္မဏရသံ ဝေဒေတီတိ ဝေဒနာ။ အာရမ္မဏရသံ၊ အာရုံ၏ အရသာကို။ ဝေဒေတိ၊ ခံစားတတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ ဝေဒနာ၊ ဝေဒနာမည်၏။

http://www.dhammadownload.com



ကျမ်းဂန်တို့၌ ဤသို့ဝိဂြိုဟ်ပြုအပ်သောအတိုင်း အာရုံ၏ အရသာကို ခံစားတတ်သောကြောင့် ဝေဒနာဟူ၍ ခေါ်ပါသည်။

မေး။ ။ထိုဝေဒနာသည် အဘယ်မျှ အပြားရှိပါသနည်း။

ဖြေ။ ။ ဓမ္မသင်္ဂဏီကျမ်း တိကမာတိကာ၌ ဟောတော်မူအပ်သော အနုဘဝနလက္ခဏာနည်းအားဖြင့် သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ ဥပေက္ခာဝေဒနာဟူ၍ သုံးပါးအပြားရှိပါသည်။

မေး။ ။ ထို ဝေဒနာသုံးပါးတို့၏ ခံစားပုံသဘောကို ဖော်ပြပါ။

ဖြေ။ ။ ချမ်းသာသော အနေအားဖြင့် ခံစားမှုကို သုခဝေဒနာခေါ်ပါသည်။ ဆင်းရဲသော အနေအားဖြင့် ခံစားမှုကို ဒုက္ခဝေဒနာခေါ်ပါသည်။ ချမ်းသာလည်းမဟုတ်၊ ဆင်းရဲလည်းမဟုတ် လျစ်လျူရှုသော အလယ်အလတ် သဘောမျိုးဖြင့် ခံစားမှုကို ဥပေက္ခာဝေဒနာ ခေါ်ပါသည်။

မေး။ ။ ထို့ပြင် ဝေဒနာအပြား ဘယ်မျှရှိပါသနည်း။

ဖြေ။ ။ ဣန္ဒြိယယမိုက် ပါဠိတော်၌ ဟောတော်မူအပ်သော ဣန္ဒြိယဘေဒနည်းအားဖြင့် သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ သောမနဿဝေဒနာ၊ ဒေါမနဿဝေဒနာ၊ ဥပေက္ခာဝေဒနာ ဟူ၍ ငါးပါးအပြားရှိပါသည်။

http://www.dhammadownload.com



မေး။ ။ ထိုဝေဒနာ ငါးပါးတို့၏ သဘောအဓိပ္ပာယ်ကို ဖော်ပြပါ။

ဖြေ။ ။ ကိုယ်ချမ်းသာသော အနေအားဖြင့် ခံစားမှုကို သုခဝေဒနာခေါ်ပါသည်။ ကိုယ်ဆင်းရဲသော အနေအားဖြင့် ခံစားမှုကို ဒုက္ခဝေဒနာခေါ်ပါသည်။ စိတ်နှလုံးဝမ်းမြောက်သော အနေအားဖြင့်ခံစားမှုကို သောမနဿဝေဒနာခေါ်ပါသည်။ စိတ်နှလုံး မသာယာသောအနေအားဖြင့် ခံစားမှုကို ဒေါမနဿဝေဒနာခေါ် ပါသည်။ ချမ်းသာခြင်း၊ ဆင်းရဲခြင်း၊ ဝမ်းသာခြင်း၊ နှလုံးမသာခြင်း တို့မှလွတ်၍ လျစ်လျူရှုသော အလယ်အလတ်သဘောအားဖြင့်ခံစားမှုကို ဥပေက္ခာဝေဒနာ ခေါ်ပါသည်။

မေး။ ။ ထိုမှတစ်ပါး ဝေဒနာအပြား အဘယ်မျှရှိပါသေးသနည်း။

ဖြေ။ ။ ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်နည်းအားဖြင့် စက္ခုသမ္ဖဿဇာဝေဒနာ၊ သောတသမ္ဖဿဇာဝေဒနာ၊ ဃာနသမ္ဖဿဇာဝေဒနာ၊ ဇိဝှာသမ္ဖဿဇာဝေဒနာ၊ ကာယသမ္ဖဿဇာဝေဒနာ၊ မနောသမ္ဖဿဇာ ဝေဒနာဟူ၍ ခြောက်ပါးအပြားရှိပါသေးသည်။

မေး။ ။ ထိုဝေဒနာခြောက်ပါးတို့၏သဘောကို ဖော်ပြပါ။

http://www.dhammadownload.com



ဖြေ။ ။ ရူပါရုံ၊ စက္ခုပသာဒတို့၏ထိခိုက်မှုနှင့် စပ်လျဉ်း၍ဖြစ်ပေါ်သောဝေဒနာကို စက္ခုသမ္ဖဿဇာ ဝေဒနာခေါ်ပါသည်။ ထိုဝေဒနာသည် ရူပါရုံအရသာကို ခံစားပါသည်။ သဒ္ဒါရုံ၊ သောတပသာဒတို့၏ ထိခိုက်မှုနှင့်စပ်လျဉ်း၍ ဖြစ်ပေါ်သော ဝေဒနာကို သောတသမ္ဖဿဇာ ဝေဒနာခေါ်ပါသည်။ ထိုဝေဒနာသည် သဒ္ဒါရုံအရသာကို ခံစားပါသည်။ ဂန္ဓာရုံ၊ ဃာနပသာဒတို့၏ ထိခိုက်မှုနှင့်စပ်လျဉ်း၍ ဖြစ်ပေါ်သော ဝေဒနာကို ဃာနသမ္ဖဿဇာဝေဒနာခေါ်ပါသည်။ ထိုဝေဒနာသည် ဂန္ဓာရုံအရသာကို ခံစားပါသည်။ ရသာရုံ၊ ဇိဝှာပသာဒတို့၏ ထိခိုက်မှုကြောင့်ဖြစ်ပေါ်သော ဝေဒနာကို ဇိဝှာသမ္ဖဿဇာ ဝေဒနာခေါ်ပါသည်။ ထိုဝေဒနာသည် ရသာရုံ အရသာကို ခံစားပါသည်။ ဖောဋ္ဌဗ္ဗာရုံ၊ ကာယပသာဒတို့၏ ထိခိုက်မှုကြောင့် ဖြစ်ပေါ်သော ဝေဒနာကို ကာယသမ္ဖဿဇာ ဝေဒနာခေါ်ပါသည်။ ထိုဝေဒနာသည် ဖောဋ္ဌဗ္ဗာရုံအရသာကို ခံစားပါသည်။ ဓမ္မာရုံ၊ မနောဝိညာဉ်တို့၏ ထိခိုက်မှုကြောင့် ဖြစ်ပေါ်သော ဝေဒနာကို မနောသမ္ဖဿဇာဝေဒနာခေါ်ပါသည်။ ထိုဝေဒနာသည် ဓမ္မာရုံအရသာကို ခံစားပါသည်။ ဤသည်ကား ဝေဒနာခြောက်ပါးတို့၏ သဘောများဖြစ်ပါသည်။

မေး။ ။ ထိုပြင်တစ်ပါး ဝေဒနာအပြား အဘယ်မျှရှိပါ

http://www.dhammadownload.com



သေးသနည်း။

ဖြေ။ ။ သတိပဋ္ဌာန် ဒေသနာတော်နည်းအားဖြင့် သာမိသဝေဒနာ၊ နိရာမိသဝေဒနာအားဖြင့် နှစ်ပါးအပြားရှိပါသေးသည်။

မေး။ ။ ထိုဝေဒနာနှစ်ပါးတို့၏ အဓိပ္ပာယ်ကိုဖော်ပြပါ။

ဖြေ။ ။ ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ။ ဤကာမဂုဏ်ငါးပါးနှင့်စပ်၍ ခံစားသောဝေဒနာကို သာမိသဝေဒနာဟူ၍ခေါ်ပါသည်။ ကာမဂုဏ်ငါးပါးနှင့် မစပ်ယှဉ်ဘဲ မမြဲခြင်း အနိစ္စသဘော၊ ဆင်းရဲခြင်းဒုက္ခသဘော၊ အစိုးမရ အလိုသို့မလိုက်ခြင်း အနတ္တသဘော။ ဤကဲ့သို့တရားသဘောနှင့်စပ်လျဉ်း၍ ခံစားသောဝေဒနာကို နိရာမိသဝေဒနာခေါ်ပါသည်။ ထိုနှစ်ပါးကို သုခ၊ ဒုက္ခ၊ ဥပေက္ခာသုံးပါးနှင့် မြှောက်ပွားသောအခါ ဝေဒနာခြောက်ပါးဖြစ်၍လာပါသည်။

မေး။ ။ ထို့ပြင်တစ်ပါး ဝေဒနာအပြား အဘယ်မျှရှိပါသေးသနည်း။

ဖြေ။ ။ ကုသလဝေဒနာ၊ အကုသလဝေဒနာ၊ အဗျာကတ ဝေဒနာအားဖြင့် သုံးပါးအပြားရှိပါသေးသည်။

မေး။ ။ ထို ဝေဒနာသုံးပါးတို့၏ သဘောအဓိပ္ပာယ်ကို သိလွယ်အောင်ဖော်ပြပါ။

ဖြေ။ ။ ကုသိုလ်စိတ်၌ ယှဉ်သောဝေဒနာကို ကုသလ

http://www.dhammadownload.com



ဝေဒနာခေါ်ပါသည်။ အကုသိုလ်စိတ်၌ယှဉ်သော ဝေဒနာကို အကုသလဝေဒနာခေါ်ပါသည်။ ဝိပါက်စိတ်၊ ကြိယာစိတ်တို့၌ ယှဉ်သော ဝေဒနာကို အဗျာကတ ဝေဒနာခေါ်ပါသည်။ ဤကား ဝေဒနာသုံးပါး၏ သဘောအဓိပ္ပာယ်ဖြစ်ပါသည်။

မေး။ ။ ထိုမှတစ်ပါး ဝေဒနာအပြား အဘယ်မျှရှိပါသေးသနည်း။

ဖြေ။ ။ ဝေဒနာ စေတသိက်သည် စိတ်အကျဉ်း (၈၉)၊ စိတ်အကျယ်(၁၂၁)ပါးတို့၌ယှဉ်သောကြောင့် ဝေဒနာအကျဉ်း (၈၉)၊ ဝေဒနာအကျယ် (၁၂၁)ပါး အပြားရှိပါသေးသည်။ ထိုဝေဒနာတို့ကိုပင် ဝေဒနာက္ခန္ဓာဟူ၍ ရှင်တော်ဘုရား ဟောကြားတော်မူပါသည်။

မေး။ ။ ဝေဒနာအပြားကို ခြားနားသိရှိရပါပြီ။ ထိုဝေဒနာကို အနတ္တလက္ခဏာသုတ္တန်၌ အနတ္တသဘော ထင်အောင်အဘယ်ကဲ့သို့ ဟောကြားတော်မူပါသနည်း။ ပါဠိတော်၏ အဓိပ္ပာယ်ကိုမြန်မာသက်သက်ဖြင့်ဖြေဆိုပါ။

ဖြေ။ ။ အိုချစ်သား ရဟန်းတို့၊ ဝေဒနာသည် အလိုသို့မလိုက်သော အနတ္တသာတည်း။ အိုချစ်သား ရဟန်းတို့၊ ဝေဒနာသည် အကယ်၍ အတ္တဖြစ်ပါမူကား ဤဝေဒနာသည် အလိုသို့လိုက်ပါ၍ ကျင်နာခံခက် နှောင့်ယှက်ဖောက်ပြန်ခြင်း မဖြစ်လေရာ။ 'ငါ၏ဝေဒနာသည် ဤသို့ဖြစ်ပစေ၊ ဤသို့

http://www.dhammadownload.com



မဖြစ်စေလင့်’ ဟူ၍ ဝေဒနာ၌ မိမိအလိုဆန္ဒအတိုင်း အခွင့်ရလေရာ၏။ အိုချစ်သား ရဟန်းတို့၊ အကြင်သို့သောအကြောင်းကြောင့် ဝေဒနာသည် အနတ္တအစစ်မှန်၏။ ထို့ကြောင့် ဝေဒနာသည် အလိုသို့မလိုက်ပါဘဲ ကျင်နာခံခက်နှောင့်ယှက် ဖောက်ပြန်၍နေ၏။ ‘ငါ၏ဝေဒနာသည် ဤသို့ဖြစ်ပစေ၊ ဤသို့မဖြစ်စေလင့်’ ဟူ၍ ဝေဒနာ၌ မိမိအလိုဆန္ဒအတိုင်း အခွင့် မရနိုင်။ ဤကဲ့သို့ ဝေဒနာ၌ အနတ္တသဘောကို ရှင်တော်ဘုရား ဟောကြားတော်မူပါသည်။

(ဝေဒနာက္ခန္ဓာပြီး၏။)

## သညာက္ခန္ဓာ

**မေး။** ။ သာဓု-သာဓု-သာဓု၊ ဝေဒနာက္ခန္ဓာ၏သရုပ်များနှင့်တကွ ဝေဒနာ၏အနတ္တဖြစ်ပုံသဘောကို ကောင်းစွာဖြေကြားသဖြင့်သိရပေပြီ။ အဘယ်တရားကို သညာက္ခန္ဓာဆိုပါသနည်း။

**ဖြေ။** ။ သညာစေတသိက်ကို သညာက္ခန္ဓာဆိုပါသည်။

**မေး။** ။ အဘယ့်ကြောင့် သညာဟူ၍ ခေါ်ဆိုပါသနည်း။ ဝိဂ္ဂြိုဟ်နှင့်တကွဖော်ပြပါ။

**ဖြေ။** ။ အာရမ္မဏံ သဥ္ဇာနာတီတိ သညာ။ အာရမ္မဏံ၊ အာရုံအမျိုးမျိုးကို။ သဥ္ဇာနာတိ၊ အမှတ်ထားသောအားဖြင့်

http://www.dhammadownload.com



သိတတ်၏။ ဝါ၊ မှတ်သားတတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ သညာ၊ သညာမည်၏။ ကျမ်းဂန်တို့၌ ဤသို့ဝိဂြိုဟ်ပြုအပ်သောအတိုင်း အာရုံကိုမှတ်သားတတ်သောကြောင့် သညာဟူ၍ခေါ် ဆိုပါသည်။

မေး။ ။ ထိုသညာသည် အဘယ်မျှအပြားရှိပါသနည်း။

ဖြေ။ ။ ရူပသညာ၊ သဒ္ဒသညာ၊ ဂန္ဓသညာ၊ ရသသညာ၊ ဖောဋ္ဌဗ္ဗသညာ၊ ဓမ္မသညာအားဖြင့် ခြောက်ပါးရှိပါသည်။

မေး။ ။ထိုသညာခြောက်ပါးတို့၏သဘောကိုဖော်ပြပါ။

ဖြေ။ ။ အဆင်းအမျိုးမျိုးကိုမှတ်သော သညာသည် ရူပသညာမည်၏။ အသံမျိုးမျိုးကိုမှတ်သော သညာသည် သဒ္ဒသညာ မည်၏။ အနံ့အမျိုးမျိုးကိုမှတ်သော သညာသည် ဂန္ဓသညာမည်၏။ အရသာအမျိုးမျိုးကို မှတ်သောသညာသည် ရသသညာမည်၏။ အတွေ့အထိအမျိုးမျိုးကို မှတ်သောသညာသည် ဖောဋ္ဌဗ္ဗသညာမည်၏။ ဓမ္မာရုံ အမျိုးမျိုးကိုမှတ်သောသညာသည် ဓမ္မသညာမည်၏။ ဤကား သညာခြောက်ပါး၏ သဘောအဓိပ္ပာယ်ဖြစ်ပါသည်။

မေး။ ။ ထို့ပြင်တစ်ပါး သညာအပြား အဘယ်မျှရှိပါသေးသနည်း။

ဖြေ။ ။ ဖောက်ပြန်သော ဝိပ္ပလ္လာသ သညာလေးပါး၊

http://www.dhammadownload.com



မဖောက်မပြန် မှန်ကန်သော အဝိပ္ပလ္လာသ သညာလေးပါး။ ဤသို့အားဖြင့် သညာအပြားရှစ်ပါးရှိပါသေး၏။

မေး။ ။ ထိုသညာရှစ်ပါးတို့တွင် ဖောက်ပြန်သော ဝိပ္ပလ္လာသသညာလေးပါးတို့၏ သဘောအဓိပ္ပာယ်ကို သိလွယ်အောင်ဖော်ပြပါ။

ဖြေ။ ။ အလုံးစုံသော တေဘူမကဝဋ်တရားတို့၌ မတင့်တယ်ရိုး အမှန်ဖြစ်ပါလျက် လှပတင့်တယ်သည်ဟု ထင်မှတ်၍နေသော သုဘသညာတစ်ပါး။ မမြဲရိုး အမှန်ဖြစ်ပါလျက် မြဲသည်ဟု ထင်မှတ်၍နေသော နိစ္စသညာတစ်ပါး။ ဆင်းရဲရိုးအမှန်ဖြစ်ပါလျက် ချမ်းသာသည်ဟု ထင်မှတ်၍နေသော သုခသညာတစ်ပါး။ အလိုမလိုက်၊ အစိုးမရသော အနတ္တ အမှန်ဖြစ်ပါလျက် အစိုးရ၍ အလိုလိုက်သော အတ္တဟု ထင်မှတ်၍နေသော အတ္တသညာတစ်ပါး။ ဤသည်ကား ဖောက်ပြန်သော သညာလေးပါး၏ သဘောအဓိပ္ပာယ်ဖြစ်ပါသည်။

မေး။ ။ မဖောက်ပြန်သော အဝိပ္ပလ္လာသ သညာလေးပါးတို့၏ သဘောအဓိပ္ပာယ်ကို သိလွယ်အောင်ဖော်ပြပါ။

ဖြေ။ ။ အလုံးစုံသော တေဘူမကဝဋ်တရားတို့၌ မလှပ၊ မတင့်တယ်ဟု မှန်သောအတိုင်းထင်မှတ်သောအသုဘသညာတစ်ပါး။ မမြဲရိုးအစစ်ဟု မှန်သောအတိုင်း ထင်မှတ်

http://www.dhammadownload.com



သော အနိစ္စသညာတစ်ပါး။ ဆင်းရဲရိုးအစစ်ဟု မှန်သော အတိုင်းထင်မှတ်သော ဒုက္ခသညာတစ်ပါး။ အလိုသို့မလိုက် အစိုးမရ အနတ္တအစစ်ဟု မှန်သောအတိုင်းထင်မှတ်သော အနတ္တသညာတစ်ပါး။ ဤသည်ကား မဖောက်ပြန်သော အဝိပ္ပလ္လာသ သညာလေးပါး၏သဘောအဓိပ္ပာယ်ဖြစ်ပါသည်။

မေး။ ။ ထို့ပြင်တစ်ပါး သညာအပြား အဘယ်မျှရှိပါ သေးသနည်း။

ဖြေ။ ။ ကုသလသညာ၊ အကုသလသညာ၊ အဗျာကတ သညာအားဖြင့် သုံးပါးအပြားရှိပါသေးသည်။

မေး။ ။ ထိုသညာသုံးပါးတို့၏ သဘောကိုဖော်ပြပါ။

ဖြေ။ ။ ကုသိုလ်စိတ်တို့၌ ယှဉ်သောသညာကိုကုသလ သညာခေါ်ပါသည်။ အကုသိုလ်စိတ်တို့၌ ယှဉ်သော သညာ ကို အကုသလသညာခေါ်ပါသည်။ ဝိပါက်စိတ်၊ ကြိယာစိတ် တို့၌ ယှဉ်သောသညာကို အဗျာတကသညာခေါ်ပါသည်။ ဤကား သညာသုံးပါးတို့၏ သဘောအဓိပ္ပာယ်ဖြစ်ပါသည်။

မေး။ ။ ထို့ပြင်တစ်ပါး သညာအပြား အဘယ်မျှရှိပါ သေးသနည်း။

ဖြေ။ ။ သညာစေတသိတ်သည် စိတ်အကျဉ်း (၈၉)၊ စိတ်အကျယ် (၁၂၁)ပါးတို့၌ ယှဉ်သောကြောင့် သညာပေါင်း အကျဉ်း (၈၉)၊ အကျယ် (၁၂၁)ပါး အပြားရှိပါသေးသည်။ ထို

http://www.dhammadownload.com



သညာတို့ကိုပင် သညာက္ခန္ဓာဟူ၍ ရှင်တော်ဘုရား ဟောကြားတော်မူပါသည်။

မေး။ ။ သညာအပြားကို ခြားနားစွာသိရပါပြီ။ ထိုသညာကို အနတ္တလက္ခဏာသုတ္တန်၌ အနတ္တသဘောထင်အောင် အဘယ်ကဲ့သို့ ဟောကြားတော်မူပါသနည်း။ ပါဠိတော်၏အဓိပ္ပာယ်ကို မြန်မာသက်သက်ဖြင့် ဖြေဆိုပါ။

ဖြေ။ ။ အိုချစ်သားရဟန်းတို့၊ သညာသည် အလိုသို့မလိုက်သော အနတ္တသာတည်း။ အို၊ ချစ်သားရဟန်းတို့၊ သညာသည် အကယ်၍ အတ္တဖြစ်ပါမူကား ဤသညာသည် အလိုသို့လိုက်ပါ၍ ကျင်နာခံခက် နှောင့်ယှက်ဖောက်ပြန်ခြင်း မဖြစ်လေရာ။ 'ငါ၏သညာသည် ဤသို့ဖြစ်ပစေ၊ ဤသို့မဖြစ်စေလင့်' ဟူ၍ သညာ၌ မိမိအလိုဆန္ဒအတိုင်း အခွင့်ရလေရာ၏။ အိုချစ်သားရဟန်းတို့၊ အကြင်သို့သော အကြောင်းကြောင့် သညာသည် အနတ္တအစစ်မှန်၏။ ထို့ကြောင့် သညာသည် အလိုသို့မလိုက်ပါဘဲ ကျင်နာခံခက် နှောင့်ယှက်ဖောက်ပြန်၍နေ၏။ 'ငါ၏သညာသည် ဤသို့ဖြစ်ပစေ၊ ဤသို့မဖြစ်စေလင့်' ဟူ၍ သညာ၌ မိမိအလိုဆန္ဒအတိုင်း အခွင့်မရနိုင်။ ဤကဲ့သို့သညာ၌ အနတ္တသဘောကို ရှင်တော်ဘုရား ဟောကြားတော်မူပါသည်။

(သညာက္ခန္ဓာပြီး၏။)

http://www.dhammadownload.com



## သင်္ခါရက္ခန္ဓာ

မေး။ ။ သာဓု-သာဓု-သာဓု၊ သညာက္ခန္ဓာ၏ သရုပ်များနှင့်တကွသညာ၏ အနတ္တဖြစ်ပုံ သဘောကိုကောင်းစွာဖြေကြားသဖြင့် သိရပေပြီ။ အဘယ်တရားကို သင်္ခါရက္ခန္ဓာဆိုပါသနည်း။

ဖြေ။ ။ စေတသိက် (၅၂) ပါးရှိရာ ဝေဒနာ၊ သညာမှ ကြွင်းသော စေတသိက်ပေါင်း ငါးဆယ်ကို သင်္ခါရက္ခန္ဓာဆိုပါသည်။

မေး။ ။ အဘယ့်ကြောင့် သင်္ခါရဟူ၍ ဆိုပါသနည်း။ ဝိဂြိုဟ်နှင့်တကွဖော်ပြပါ။

ဖြေ။ ။ ကုသလံ အကုသလံ ကမ္မံ သင်္ခရောန္တီတိ သင်္ခါရာ။ ကုသလံ၊ ကောင်းသည်လည်းဖြစ်သော။ အကုသလံ၊ မကောင်းသည်လည်း ဖြစ်သော။ ကမ္မံ၊ ကံအမျိုးမျိုးကို။ သင်္ခရောန္တိ၊ ပြုလုပ်စီရင်တတ်ကုန်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ သင်္ခါရာ၊ သင်္ခါရ မည်ကုန်၏။ ကျမ်းဂန်တို့၌ ဤသို့ဝိဂြိုဟ်ဆိုအပ်သောအတိုင်း ကုသိုလ် အကုသိုလ်ဟူ၍ ထိုထိုကံအမျိုးမျိုးကို ပြုလုပ်စီရင်တတ်သောကြောင့် သင်္ခါရဟူ၍ခေါ်ပါသည်။

မေး။ ။ သင်္ခါရတရားကိုယ်ပေါင်း ငါးဆယ်ရှိရာတွင် အဘယ်တရားသည် ဦးစီးခေါင်းဆောင်ဖြစ်ပါသနည်း။

http://www.dhammadownload.com



ဖြေ။ ။ စေတနာ စေတသိက်သည် သင်္ခါရတရားတို့၏ ဦးစီးခေါင်းဆောင်ဖြစ်ပါသည်။ ထိုစေတနာ စေတသိက်ကိုပင် ကံဟူ၍လည်း ခေါ်ဆိုရပါသေးသည်။

မေး။ ။ စေတနာ စေတသိက်ကို အဘယ့်ကြောင့် ဦးစီးခေါင်းဆောင်ဟူ၍ ခေါ်ဆိုရပါသနည်း။ ဥပမာနှင့်တကွ ထင်ရှားစွာဖော်ပြပါ။

ဖြေ။ ။ တစ်ခုသော စစ်တပ်အဖွဲ့၌ စစ်ဗိုလ်ချုပ်ကြီးသည် လက်အောက်ငယ်သား စစ်သည်တော်များကို မိမိတို့ဆိုင်ရာအလုပ်တို့၌ ပြုလုပ်ဆောင်ရွက်ကြလေအောင် အစဉ်မပြတ်ဆော်ဩတိုက်တွန်းကာ အုပ်စီး၍နေပါသည်။ ထို့ကြောင့် စစ်ဗိုလ်ချုပ်ကြီးကို ထိုစစ်တပ်၌ ဦးစီးခေါင်းဆောင်ဟူ၍ ခေါ်ဆိုရပါသည်။ ထိုဥပမာနှင့်တူစွာ စေတနာစေတသိက်သည် မိမိနှင့်အတူတကွဖြစ် ကြကုန်သော လောဘ၊ ဒေါသ၊ မောဟ၊ သဒ္ဓါ၊ သတိ အစရှိကုန်သော သမ္ပယုတ်တရားတို့ကို မိမိတို့ဆိုင်ရာဖြစ်သော ကိစ္စတို့၌ ပြုလုပ်ဆောင်ရွက်ကြလေအောင် အစဉ်မပြတ်ဆော်ဩတိုက်တွန်းကာ အုပ်စီး၍နေပါသည်။ ထို့ကြောင့် စေတနာ စေတသိက်ကို သင်္ခါရတရားတို့၏ ဦးစီးခေါင်းဆောင်ကြီးဟူ၍ ဆိုရပါသည်။

မေး။ ။ စေတနာ၏ ဝိဂ္ဂဟ်ကိုဖော်ပြပါ။

ဖြေ။ ။ သမ္ပယုတ္တဓမ္မေ စေတေတီတိ စေတနာ။

http://www.dhammadownload.com



သမ္ပယုတ္တ ဓမ္မေ၊ အတူတကွဖြစ်သော သမ္ပယုတ်တရားတို့ကို။ စေတေတိ၊ စေ့ဆော်တတ်၏။ ဝါ၊ ဆော်ဩတတ်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ စေတနာ၊ စေတနာမည်၏။ ဤကား စေတနာ၏ ဝိဂြိုဟ်ဖြစ်ပါသည်။

မေး ။ ထိုစေတနာ အုပ်စီးလျက်ရှိသော သင်္ခါရသည် အဘယ်မျှ အပြားရှိပါသနည်း။

ဖြေ ။ ကာယသင်္ခါရ၊ ဝစီသင်္ခါရ၊ မနောသင်္ခါရ အားဖြင့် သုံးပါးအပြားရှိပါသည်။

မေး ။ ထို သင်္ခါရသုံးပါးတို့၏ သဘောအဓိပ္ပာယ်ကို ဖော်ပြပါ။

ဖြေ ။ ကိုယ်ဖြင့် ပြုလုပ်ဆောင်ရွက်ခြင်း ဟူသမျှကို ကာယသင်္ခါရခေါ်ပါသည်။ နှုတ်ဖြင့် ပြုလုပ်ဆောင်ရွက်ခြင်းဟူသမျှကို ဝစီသင်္ခါရခေါ်ပါသည်။ စိတ်ဖြင့် ကြံစည်ပြုလုပ်သမျှကို မနောသင်္ခါရခေါ်ပါသည်။

မေး ။ ထို့ပြင်တစ်ပါး သင်္ခါရအပြား အဘယ်မျှရှိပါသေးသနည်း။

ဖြေ ။ ပုညာဘိသင်္ခါရ၊ အပုညာဘိသင်္ခါရ၊ အာနေဉ္ဇာဘိ သင်္ခါရအားဖြင့် သုံးပါးအပြားရှိပါသေးသည်။

မေး ။ ထိုသင်္ခါရသုံးပါးတို့၏ သဘောအဓိပ္ပာယ်ကို သိလွယ်အောင် ဖော်ပြပါ။

http://www.dhammadownload.com



ဖြေ။ ။ ကာမာဝစရ ကုသိုလ်စေတနာ ရှစ်ခု၊ ရူပါဝစရ ကုသိုလ် စေတနာငါးခုကို ပုညာဘိသင်္ခါရ ခေါ်ပါသည်။ အကုသိုလ်စေတနာ တစ်ဆယ့်နှစ်ခုကို အပုညာဘိသင်္ခါရခေါ်ပါသည်။ အရူပ ကုသိုလ်စေတနာလေးခုကို အာနေဉ္ဇာဘိသင်္ခါရခေါ်ပါသည်။

မေး။ ။ ထို့ပြင်တစ်ပါး သင်္ခါရအပြား အဘယ်မျှရှိပါသေးသနည်း။

ဖြေ။ ။ ကုသိုလ်သင်္ခါရ၊ အကုသိုလ်သင်္ခါရ၊ အဗျာကတ သင်္ခါရအားဖြင့် သုံးပါးအပြားရှိပါသေးသည်။

မေး။ ။ ထို သင်္ခါရသုံးပါးတို့၏ အဓိပ္ပာယ်ကို သိလွယ်အောင်ဖော်ပြပါ။

ဖြေ။ ။ ကုသိုလ်စိတ်နှင့်ယှဉ်သောအခါ ကုသိုလ်သင်္ခါရ ခေါ်ပါသည်။ အကုသိုလ်စိတ်နှင့်ယှဉ်သောအခါ အကုသိုလ်သင်္ခါရခေါ်ပါသည်။ ဝိပါက်စိတ်၊ ကြိယာစိတ်တို့နှင့်ယှဉ်သောအခါ အဗျာကတ သင်္ခါရခေါ်ပါသည်။ ထိုသင်္ခါရတို့ကိုပင်လျှင် သင်္ခါရက္ခန္ဓာဟူ၍ ရှင်တော်ဘုရား ဟောကြားတော်မူပါသည်။

မေး။ ။ သင်္ခါရအပြားကို ခြားနားစွာသိရှိပါပြီ။ ထိုသင်္ခါရကို အနတ္တလက္ခဏ သုတ္တန်၌ အနတ္တသဘောကို အဘယ်ကဲ့သို့ ဟောကြားတော်မူပါသနည်း။ ပါဠိတော်၏

http://www.dhammadownload.com



အမိပ္ပာယ်ကို မြန်မာသက်သက်ဖြင့်ဖြေဆိုပါ။

ဖြေ။ ။ အိုချစ်သားရဟန်းတို့၊ သင်္ခါရသည် အလိုသို့ မလိုက်သော အနတ္တသာတည်း။ အိုချစ်သားရဟန်းတို့၊ သင်္ခါရသည် အကယ်၍ အတ္တဖြစ်ပါမူကား ဤသင်္ခါရသည် အလိုသို့ လိုက်ပါ၍ ကျင်နာခံခက် နှောင့်ယှက်ဖောက်ပြန်ခြင်း မဖြစ်လေရာ။ ငါ၏သင်္ခါရသည် ဤသို့ဖြစ်ပစေ၊ ဤသို့မဖြစ်စေလင့် ဟူ၍ မိမိအလိုဆန္ဒအတိုင်း အခွင့်ရလေရာ၏။ အိုချစ်သားရဟန်းတို့၊ အကြင်သို့သော အကြောင်းကြောင့် သင်္ခါရသည် အနတ္တအစစ်မှန်၏။ ထို့ကြောင့် သင်္ခါရသည် အလိုသို့မလိုက်ပါဘဲ ကျင်နာခံခက် နှောင့်ယှက်ဖောက်ပြန်၍နေ၏။ ငါ၏ သင်္ခါရသည် ဤသို့ဖြစ်ပစေ၊ ဤသို့မဖြစ်စေလင့်ဟူ၍ သင်္ခါရ၌ မိမိအလိုဆန္ဒအတိုင်း အခွင့်မရနိုင်။ ဤကဲ့သို့ သင်္ခါရ၌ အနတ္တသဘောကို ရှင်တော်ဘုရားဟောကြားတော်မူပါသည်။

(သင်္ခါရက္ခန္ဓာပြီး၏။)

## ဝိညာဏက္ခန္ဓာ

မေး။ ။ သာဓု-သာဓု-သာဓု၊ သင်္ခါရက္ခန္ဓာ၏ သရုပ်များ တကွ သင်္ခါရ၏ အနတ္တဖြစ်ပုံသဘောကို ကောင်းစွာဖြေကြား သဖြင့်သိရပေပြီ။ အဘယ်တရားကို ဝိညာဏက္ခန္ဓာခေါ်ပါ

http://www.dhammadownload.com



သနည်း။

ဖြေ။ ။ အလုံးစုံသော စိတ်အကျဉ်း တစ်ခုယုတ်ကိုးဆယ်၊ အကျယ် ၁၂၁-ပါးကို ဝိညာဏက္ခန္ဓာခေါ်ပါသည်။

မေး။ ။ အဘယ်ကြောင့် ဝိညာဏဟူ၍ ဆိုရပါသနည်း။ ဝိဂြိုဟ်နှင့်တကွ ဖော်ပြပါ။

ဖြေ။ ။ အာရမ္မဏံ ဝိဇာနာတီတိ ဝိညာဏံ။ အာရမ္မဏံ၊ အာရုံအမျိုးမျိုးကို။ ဝိဇာနာတိ၊ သိတတ်၏။ ဣတိတသ္မာ။ ထို့ကြောင့်။ ဝိညာဏံ၊ ဝိညာဉ်မည်၏။ ကျမ်းဂန်တို့၌ ဤသို့ဝိဂြိုဟ် ဆိုအပ်သောအတိုင်း အာရုံအမျိုးမျိုးကို သိတတ်သောကြောင့် ဝိညာဏဟူ၍ခေါ်ပါသည်။ ထိုဝိညာဉ်သည် နာမ်တရားတို့၏ ရှေ့သွားခေါင်းဆောင်ကြီး ဖြစ်ပါသည်။

မေး။ ။ ထိုဝိညာဉ်သည် ဘယ်မျှအပြားရှိပါသနည်း။

ဖြေ။ ။ စက္ခုဝိညာဉ်၊ သောတဝိညာဉ်၊ ဃာနဝိညာဉ်၊ ဇိဝှာဝိညာဉ်၊ ကာယဝိညာဉ်၊ မနောဝိညာဉ်အားဖြင့် ခြောက်ပါးအပြားရှိပါသည်။

မေး။ ။ ထိုဝိညာဉ်ခြောက်ပါးတို့၏ သဘောအဓိပ္ပာယ်ကို သိလွယ်အောင်ဖော်ပြပါ။

ဖြေ။ ။ ရူပါရုံ ထိခိုက်လာသောအခါ စက္ခုပသာဒ၌ဖြစ်ပေါ်သော ဝိညာဉ်ကို စက္ခုဝိညာဉ်ခေါ်ပါသည်။ သဒ္ဒါရုံ

http://www.dhammadownload.com



ထိခိုက်လာသောအခါ သောတ ပသာဒ၌ ဖြစ်ပေါ်သော ဝိညာဉ်ကို သောတဝိညာဉ်ခေါ်ပါသည်။ ဂန္ဓာရုံထိခိုက်လာသောအခါ ဃာနပသာဒ၌ ဖြစ်ပေါ်သော ဝိညာဉ်ကို ဃာနဝိညာဉ်ခေါ်ပါသည်။ ရသာရုံ ထိခိုက်လာသောအခါ ဇိဝှာပသာဒ၌ဖြစ်ပေါ်သော ဝိညာဉ်ကို ဇိဝှာဝိညာဉ် ခေါ်ပါသည်။ ဖောဋ္ဌဗ္ဗာရုံထိခိုက်လာသောအခါ ကာယပသာဒ၌ဖြစ်ပေါ်သော ဝိညာဉ်ကို ကာယဝိညာဉ်ခေါ်ပါသည်။ ဓမ္မာရုံ ထိခိုက် လာသောအခါ မနောဒွါရ၌ ဖြစ်ပေါ်သော ဝိညာဉ်ကို မနော ဝိညာဉ်ခေါ်ပါသည်။ ဤကား ဝိညာဉ်ခြောက်ပါးတို့၏ သဘောအဓိပ္ပာယ်ဖြစ်ပါသည်။

မေး။ ။ ထို့ပြင်တစ်ပါး ဝိညာဉ်အပြား အဘယ်မျှရှိပါသေးသနည်း။

ဖြေ။ ။ ပဋိသန္ဓေဝိညာဉ်၊ ပဝတ္တိဝိညာဉ်၊ စုတိဝိညာဉ် အားဖြင့် သုံးပါးအပြားရှိပါသေးသည်။

မေး။ ။ ထိုဝိညာဉ်သုံးပါးတို့၏ အဓိပ္ပာယ်ကို သိလွယ်အောင်ဖော်ပြပါ။

ဖြေ။ ။ ပဋိသန္ဓေတည်နေဆဲအခါ၌ ဖြစ်ပေါ်သော ဝိညာဉ်ကို ပဋိသန္ဓေ ဝိညာဉ်ခေါ်ပါသည်။ ပဋိသန္ဓေနှင့် စုတိတို့၏ အကြား၌ဖြစ်ပေါ်သော ဝိညာဉ်များကို ပဝတ္တိဝိညာဉ် ခေါ်ပါသည်။ စုတိဆဲအခါ၌ ဖြစ်ပေါ်သောဝိညာဉ်ကို စုတိ

http://www.dhammadownload.com



ဝိညာဉ်ခေါ်ပါသည်။

မေး။ ။ ထိုပြင်တစ်ပါး ဝိညာဉ်အပြား အဘယ်မျှရှိပါသေးသနည်း။

ဖြေ။ ။ ကုသိုလ် ဝိညာဉ်၊ အကုသိုလ် ဝိညာဉ်၊ အဗျာကတ ဝိညာဉ်အားဖြင့် သုံးပါးအပြားရှိပါသေးသည်။

မေး။ ။ ထိုဝိညာဉ်သုံးပါးတို့၏ အဓိပ္ပာယ်ကို သိလွယ်အောင်ဖော်ပြပါ။

ဖြေ။ ။ ကုသိုလ်စိတ် ၂၁-ပါးကို ကုသိုလ်ဝိညာဉ်ခေါ်ပါသည်။ အကုသိုလ်စိတ် ၁၂-ပါးကို အကုသိုလ်ဝိညာဉ်ခေါ်ပါသည်။ ဝိပါက်စိတ် ၃၆-ပါး၊ ကြိယာစိတ် ၂၀-တို့ကို အဗျာကတ ဝိညာဉ်ခေါ်ပါသည်။ ဤဆိုအပ်ခဲ့ပြီးသော ဝိညာဉ်တို့ကိုပင်လျှင် ဝိညာဏက္ခန္ဓာဟူ၍ ရှင်တော်ဘုရားဟောကြားတော်မူပါသည်။

မေး။ ။ ဝိညာဉ်အပြားကို ခြားနားစွာသိရပါပြီ။ ထိုဝိညာဉ်ကို အနတ္တလက္ခဏသုတ္တန်၌ အနတ္တသဘောကို အဘယ်ကဲ့သို့ ဟောကြားတော်မူပါသနည်း။ ပါဠိတော်၏ အဓိပ္ပာယ်ကို မြန်မာသက်သက်ဖြင့်ဖြေဆိုပါ။

ဖြေ။ ။ အို ချစ်သားရဟန်းတို့၊ ဝိညာဉ်သည် အလိုသို့ မလိုက်သော အနတ္တသာတည်း။ အို ချစ်သားရဟန်းတို့၊ ဝိညာဉ်သည် အကယ်၍ အတ္တဖြစ်ပါမူကား။ ဤဝိညာဉ်သည်

http://www.dhammadownload.com



အလိုသို့လိုက်ပါ၍ ကျင်နာခံခက် နှောင့်ယှက်ဖောက်ပြန်ခြင်း မဖြစ်လေရာ။ ငါ၏ဝိညာဉ်သည် ဤသို့ဖြစ်ပစေ၊ ဤသို့မဖြစ်စေလင့်ဟူ၍ ဝိညာဉ်၌ မိမိအလိုဆန္ဒအတိုင်း အခွင့်ရလေရာ၏။ အိုချစ်သား ရဟန်းတို့၊ အကြင်သို့သော အကြောင်းကြောင့် ဝိညာဉ်သည် အနတ္တအစစ်မှန်၏။ ထိုကြောင့် ဝိညာဉ်သည် အလိုသို့မလိုက်ပါဘဲ ကျင်နာခံခက် နှောင့်ယှက်ဖောက်ပြန်၍ နေ၏။ ငါ၏ဝိညာဉ်သည် ဤသို့ဖြစ်ပစေ၊ ဤသို့မဖြစ်စေလင့်ဟူ၍ ဝိညာဉ်၌ မိမိအလိုဆန္ဒအတိုင်း အခွင့်မရနိုင်။ ဤကဲ့သို့ ဝိညာဉ်၌ အနတ္တသဘောကို ရှင်တော်ဘုရားဟောကြားတော်မူပါသည်။

(ဝိညာဏက္ခန္ဓာပြီး၏။)

## ခန္ဓာငါးပါးတို့၌ အနတ္တဉာဏ်အလင်းဖွင့်ခန်း

**မေး။** ။ သာဓု- သာဓု- သာဓု- ခန္ဓာငါးပါးတို့၏ သရုပ်အမျိုးမျိုးနှင့် သဘောသဘာဝတ္တအနတ္တဖြစ်ပုံများကို ကောင်းစွာဖြေကြားပေသဖြင့် ခြားနားစွာသိရပေပြီ။ ထိုခန္ဓာငါးပါးကို ရုပ်၊ နာမ် နှစ်ပါးခွဲခြမ်းဝေဖန်၍ပြဆိုပါ။

**ဖြေ။** ။ ရူပက္ခန္ဓာသည် ရုပ်တရားသက်သက်ဖြစ်ပါသည်။ ကြွင်းသောခန္ဓာလေးပါးတို့သည် နာမ်တရားသက်သက်ဖြစ်ကြပါသည်။

http://www.dhammadownload.com



မေး။ ။ စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်အားဖြင့် ပရမတ္ထတရား လေးပါးရှိရာ ခန္ဓာငါးပါးတို့တွင် မပါဝင်သော ပရမတ္ထတရားများ ရှိပါသေးသလား။

ဖြေ။ ။ နိဗ္ဗာန်တရားတစ်ပါးသာလျှင် ခန္ဓာငါးပါး၌ မပါဝင်ဘဲရှိပါသည်။ ကြွင်းသော ပရမတ္ထတရားအားလုံးစုံတို့သည် အကုန်ခန္ဓာငါးပါး၌ပါဝင်ကြပါသည်။

မေး။ ။ နိဗ္ဗာန်ကို အဘယ့်ကြောင့် ခန္ဓာငါးပါး၌ မထည့်ဘဲ ခြွင်းချန်၍ထားရပါသနည်း။

ဖြေ။ ။ နိဗ္ဗာန်တရားသည် အခြားသော ပရမတ်တရားတို့ကဲ့သို့ဖြစ်ခြင်း၊ ပျက်ခြင်းလည်းမရှိ။ အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန် အားဖြင့် ခြားနားခြင်းလည်းမရှိ။ ယှဉ်ဘက်ဖြစ်သော သမ္ပယုတ် တရားလည်းမရှိ။ တေဘူမ္မကဝဋ္ဋဒုက္ခမှလည်း လွတ်ကင်း၏။ ထို့ကြောင့် နိဗ္ဗာန်ကို ခန္ဓာငါးပါး၌ မထည့်သွင်းဘဲ ခြွင်းချန်၍ထားရပါသည်။

မေး။ ။ နိဗ္ဗာန်မှတစ်ပါးသော ပရမတ္ထတရားတို့ကို အဘယ့်ကြောင့် ငါးပါးမျှသာ စုပုံခွဲဝေ၍ ခန္ဓာဖွဲ့ရပါသနည်း။

ဖြေ။ ။ ပုဂ္ဂိုလ်သတ္တဝါဟူ၍ထင်မြင်ခြင်း၌ အချက်ကြီးငါးခုမျှသာရှိသောကြောင့် ပရမတ္ထတရားတို့ကို ငါးပါးစုပုံခွဲဝေ၍ ခန္ဓာဖွဲ့ရပါသည်။

မေး။ ။ ခန္ဓာငါးပါးတည်းဟူသော တရားငါးစု၌ ပုဂ္ဂိုလ်

http://www.dhammadownload.com



သတ္တဝါ ထင်မြင်ပုံ အချက်ကြီးများကိုဖော်ပြပါ။

ဖြေ။ ။ ရူပက္ခန္ဓာသည် ဒြပ်သဏ္ဍာန်ကိုဖြစ်စေ တတ်သောကြောင့် သတ္တဝါတို့၏ ကိုယ်အင်္ဂါအထည်ဒြပ်ဟူ၍ ထင်မြင်ခြင်းကိစ္စကို ပြီးစေနိုင်ပါသည်။ ဝေဒနာက္ခန္ဓာသည် အာရုံအမျိုးမျိုးကို ငါခံစားနိုင်သည်ဟူသော ကိစ္စကို ပြီးစီးစေနိုင်ပါသည်။ သညာက္ခန္ဓာသည် အာရုံအမျိုးမျိုးကို ငါမှတ်သားနိုင်သည်ဟူသောကိစ္စကို ပြီးစီးစေနိုင်ပါသည်။ သင်္ခါရက္ခန္ဓာသည် အမှုကိစ္စအမျိုးမျိုးကို ငါပြုလုပ်စီရင်နိုင်သည် ဟူသောကိစ္စကို ပြီးစေနိုင်ပါသည်။ ဝိညာဏက္ခန္ဓာသည် အာရုံအမျိုးမျိုးကို ငါသိနိုင်သည်ဟူသော ကိစ္စကို ပြီးစီးစေနိုင်ပါသည်။ ဤသို့ ဖော်ပြအပ်သောအတိုင်း ခန္ဓာငါးပါးတို့က ဆိုင်ရာ ဆိုင်ရာ ကိစ္စကို ဆောင်ရွက်ကြသောအခါ ပုဂ္ဂိုလ် သတ္တဝါ၊ ငါ၊ သူတစ်ပါး၊ ယောက်ျား၊ မိန်းမဟူ၍ အထင်အမြင်ကြီးဖြစ်ပေါ်လာပါသည်။ ဤကဲ့သို့ ပုဂ္ဂိုလ်သတ္တဝါမှတ်ထင်ရန် ပဓာနအချက်ကြီး ငါးခုရှိလေသောကြောင့် နိဗ္ဗာန်မှ တစ်ပါးသော ပရမတ္ထတရားတို့ကို ငါးပါးစုပုံကာ ခန္ဓာဟူ၍ ရှင်တော်ဘုရား ဟောကြားဖွဲ့စည်းတော်မူပါသည်။

မေး။ ။ ရုပ်ခန္ဓာနှင့် နာမ်ခန္ဓာနှစ်ပါးတို့၏ သတ္တဝါထင်ခြင်းကိစ္စကို ပြည့်စုံအောင် အဘယ်သို့ ရွက်ဆောင်ကြပါသနည်း။

http://www.dhammadownload.com



ဖြေ။ ။ ရုပ်ခန္ဓာသည် သတ္တဝါတို့၏ ကိုယ်ကောင် အထည် ဒြပ်ကြီးထင်အောင် ကာယသဘောကို ရွက်ဆောင် ပါသည်။ နာမ်ခန္ဓာလေးပါးတို့သည် ထိုကိုယ်ကောင်အထည် ဒြပ်ကြီးအတွင်း၌ အသက်ရှိသည်ဟူသော ဇီဝသဘောကို ရွက်ဆောင်ပါသည်။

မေး။ ။ ရှင်တော်ဘုရားသည် ခန္ဓာငါးပါးတည်းဟူ သော ဒေသနာကို အဘယ်အလို့ငှာ ဟောတော်မူပါသနည်း။

ဖြေ။ ။ ပုဂ္ဂိုလ် သတ္တဝါ၊ ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမဟူ၍ ပုထုဇဉ်တို့ ထင်မှတ်စွဲလမ်း၍နေသော သက္ကာယ မှောင်ကြီးကို ဖျက်ဆီးတော်မူခြင်းငှာ ခန္ဓာဒေသနာကို ဟော ကြားတော်မူပါသည်။

မေး။ ။ ထိုခန္ဓာဒေသနာဖြင့် ပုဂ္ဂိုလ် သတ္တဝါ၊ ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမ၊ အတ္တဟူ၍ ထင်မြင်သော သက္ကာယဒိဋ္ဌိမှောင်ကြီးကို အဘယ်ကဲ့သို့ ဖျက်ဆီးပါသနည်း။

ဖြေ။ ။ သတ္တဝါတို့၏ ကိုယ်ကာယဟု ထင်မှတ်၍နေ သော ဒြပ်သဏ္ဌာန်ကြီးသည် စင်စစ်အားဖြင့် သတ္တဝါတို့၏ ကိုယ်ကာယ မဟုတ်။ ရူပက္ခန္ဓာအစုအဝေးမျှသာ ဖြစ်၏ဟူ၍ အသိဉာဏ် ပေါ်ပေါက်စေခြင်းငှာ ရူပက္ခန္ဓာတရားကိုဟော ကြားတော်မူပါသည်။ ခံစားခြင်းဟူသမျှသည် ပုဂ္ဂိုလ်သတ္တဝါ တို့၏ ခံစားခြင်းမဟုတ်၊ ဝေဒနာက္ခန္ဓာ အစုအဝေးမျှသာ

http://www.dhammadownload.com



ဖြစ်၏ဟူ၍ အသိဉာဏ်ပေါ်ပေါက်စေခြင်းငှာ ဝေဒနာက္ခန္ဓာ တရားကို ဟောကြားတော်မူပါသည်။ မှတ်သားခြင်းဟူသမျှ သည် ပုဂ္ဂိုလ်သတ္တဝါတို့၏ မှတ်သားခြင်းမဟုတ်၊ သညာက္ခန္ဓာ အစုအဝေးမျှသာ ဖြစ်၏ဟူ၍ အသိဉာဏ် ပေါ်ပေါက်စေခြင်း ငှာ သညာက္ခန္ဓာတရားကို ဟောကြားတော်မူပါသည်။ ပြုပြင် စီရင်ခြင်း ဟူသမျှသည် ပုဂ္ဂိုလ်သတ္တဝါတို့၏ ပြုပြင်စီရင်ခြင်း မဟုတ်၊ သင်္ခါရက္ခန္ဓာ အစုအဝေးမျှသာဖြစ်၏ ဟူ၍ အသိ ဉာဏ်ပေါ်ပေါက်စေခြင်းငှာ သင်္ခါရက္ခန္ဓာ တရားကိုဟောကြား တော်မူပါသည်။ အာရုံကိုသိခြင်းဟူသမျှသည် ပုဂ္ဂိုလ်သတ္တဝါ တို့၏သိခြင်းမဟုတ်၊ ဝိညာဏက္ခန္ဓာအစုအဝေး မျှသာဖြစ်၏ ဟူ၍အသိဉာဏ် ပေါ်ပေါက်စေခြင်းငှာ ဝိညာဏက္ခန္ဓာတရား ကိုဟောကြားတော်မူပါသည်။

မေး။ ။ ထိုခန္ဓာငါးပါးကို အဘယ်ဥပမာနှင့်တူသည်ဟု ရှင်တော်ဘုရား ဟောကြားတော်မူပါသနည်း။

ဖြေ။ ။ ခန္ဓဝဂ္ဂသံယုတ် ပါဠိတော်ကြီး၌ ခန္ဓာငါးပါး သည်အလွန်လေးလံလှစွာသော ဝန်ထုပ်ကြီးနှင့်တူ၏။ ပုဂ္ဂိုလ် သတ္တဝါ၊ ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမဟူသမျှသည် ခန္ဓာ ဝန်ထုပ်ကြီးကို ထမ်းရွက်သယ်ပိုး၍နေသော ဝန်ထမ်းသမား နှင့်တူ၏။ ခန္ဓာဝန်ထုပ်ကြီးကို ထမ်းရွက်သယ်ပိုးရခြင်းသည် လွန်စွာဆင်းရဲလှ၏။ ခန္ဓာဝန်ထုပ်ကြီးကို မထမ်းမရွက်ဘဲ

http://www.dhammadownload.com



ဗုန်းခနဲပစ်ချလိုက်ခြင်းသည် အလွန်တရာ ချမ်းသာလှ၏ဟူ၍ ရှင်တော်ဘုရား ဟောကြားတော်မူပါသည်။

**မေး။** ။ ထိုနှင့်ဆိုင်ရာ ပါဠိတော် ဆောင်ပုဒ်ကို ထုတ်၍ ပြပါ။

**ဖြေ။** ။ ဘာရာ ဟဝေ ပဉ္စက္ခန္ဓာ၊
ဘာရာဟာရော ဟိ ပုဂ္ဂလော။
ဘာရာဒါနံ ဒုက္ခံ လောကေ၊
ဘာရနိက္ခေပနံ သုခံ။

ဘိက္ခဝေ၊ ရဟန်းတို့။ လောကေ၊ လောကသုံးဖြာ ဘုံသုံးရွာ၌၊ ခန္ဓာ၊ ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏဟု ခမ္မထွေလာ ငါးခန္ဓာတို့သည်။ ဟဝေ၊ ဧကန်စင်စစ်။ ဘာရာ၊ လေးလံလှစွာသော ဝန်ထုပ်ဝန်ပိုးကြီးတို့ပေတည်း။ ပုဂ္ဂလော၊ ပုဂ္ဂိုလ်သတ္တဝါ ငါ သူတစ်ပါး ယောကျာ်း မိန်းမဟူသမျှသည်။ ဟိ၊ ဧကန်စင်စစ်။ ဘာရဟာရော၊ ပင်ပင်ပန်းပန်း ဝန်ကို ထမ်းသော ဝန်ထမ်းကူလီသမားကြီးပေတည်း။ ဘာရာဒါနံ၊ ခန္ဓာဝန်ကို အားသွန်ကြိုးပမ်း မချဘဲထမ်း၍ နေရခြင်းသည်။ ဒုက္ခံ၊ တပန်းဟိုက်ဟိုက် တရှိုက်ငင်ငင် တငြင်ငြိုငြို ဆင်းရဲပိုသော အလုပ်ကြီးပေတည်း။ ဘာရနိက္ခေပနံ၊ ခန္ဓာဝန်ကို အားသွန်ကြိုးပမ်း မထမ်းရွက်ဘဲ ဗုန်းခနဲ ပစ်ချလိုက်ရခြင်းသည်။ သုခံ၊ ချမ်းသာမှုအားလုံး၏ အထွဋ်ဆုံး အမြတ်ဆုံး

http://www.dhammadownload.com



အချမ်းသာဆုံး အစစ်ကြီးပေတည်း။ ဤသည်ကား ပါဠိတော် ဆောင်ပုဒ်ကို ထုတ်ပြခြင်းဖြစ်ပါသည်။

မေး။ ။ ကျမ်းဂန်တို့၌ ခန္ဓာငါးပါးတို့ကို အသီးသီးခွဲခြား ပြီးလျှင် မည်သို့ရှုသင့်သည်ဟု မိန့်တော်မူကြပါသေးသနည်း။

ဖြေ။ ။ သတ္တဝါတို့၏ ကိုယ်ကာယ အရပ်သဏ္ဌာန်ကြီး ဖြစ်၍နေသော ရူပက္ခန္ဓာကို မတင့်တယ် မဖွယ်ရာသော အသုဘဟု ရှုဆင်ခြင်ရာ၏။ ဝေဒနာက္ခန္ဓာကို ဒုက္ခဟု ရှုဆင်ခြင်ရာ၏။ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာနှစ်ပါးကို အနတ္တဟု ရှုဆင်ခြင်ရာ၏။ ဝိညာဏက္ခန္ဓာကို အနိစ္စဟုရှုဆင်ခြင်ရာ၏။ ခန္ဓာငါးပါးတို့ကို အသီးသီးခွဲခြားပြီးလျှင် ဤသို့ရှုဆင်ခြင်ရမည် ဟူ၍ ကျမ်းဂန်တို့၌မိန့်ဆိုတော်မူကြပါသည်။

မေး။ ။ ခန္ဓာငါးပါးတို့ကို ဖြေဆိုခဲ့ပြီးသောနည်းအတိုင်း ရှုဆင်ခြင်သောအခါ သတိပဋ္ဌာန်ကိစ္စကြီးလေးပါးတို့၏ ပြီးစီး ပုံကို ဖော်ပြပါ။

ဖြေ။ ။ ရူပက္ခန္ဓာကို အသုဘဟူ၍ ရှုဆင်ခြင်သော အခါ ကာယာနုပဿနာ သတိပဋ္ဌာန်ကိစ္စ ပြီးစီးပါသည်။ ဝေဒနာက္ခန္ဓာကို ဒုက္ခဟူ၍ ရှုဆင်ခြင်သောအခါ ဝေဒနာ နုပဿနာ သတိပဋ္ဌာန်ကိစ္စ ပြီးစီးပါသည်။ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာတို့ကို အနတ္တဟူ၍ ရှုဆင်ခြင်သောအခါ ဓမ္မာ နုပဿနာ သတိပဋ္ဌာန် ကိစ္စပြီးစီးပါသည်။ ဝိညာဏက္ခန္ဓာကို

http://www.dhammadownload.com



အနိစ္စဟု ရှုဆင်ခြင်သောအခါ စိတ္တာနုပဿနာ သတိပဋ္ဌာန် ကိစ္စပြီးစီးပါသည်။ ဤသည်ကား ခန္ဓာငါးပါးကို ရှုဆင်ခြင်ရာ၌ သတိပဋ္ဌာန်ကိစ္စကြီးလေးပါး ပြီးစီးပုံကို ဖြေဆိုချက်ဖြစ်ပါသည်။

မေး။ ။ ဘုံသုံးဆယ့်တစ်ဘုံရှိရာ ဘုံတိုင်းမှာပင် ခန္ဓာငါးပါးကို ရနိုင်ပါသလော။

ဖြေ။ ။ ဘုံတိုင်းမှာ ခန္ဓာငါးပါးကို မရနိုင်ပါ။

မေး။ ။ ဘုံနှင့်ခန္ဓာကို ရထိုက်သည်အားလျော်စွာ ဝေဖန်၍ပြပါ။

ဖြေ။ ။ ကာမ တစ်ဆယ့်တစ်ဘုံ၊ အသညသတ်ကြဉ်သော ရူပတစ်ဆယ့်ငါးဘုံ၊ ဤနှစ်ဆယ့်ခြောက်ဘုံတို့မှာ ခန္ဓာငါးပါးအလုံးစုံကို အကုန်ရနိုင်ပါသည်။ ထိုဘုံတို့ကို ပဉ္စဝေါကာရဘုံ ခေါ်ပါသည်။ အရူပလေးဘုံတို့မှာ ရူပက္ခန္ဓာကို မရပါ။ နာမ်ခန္ဓာလေးပါးတို့ကိုသာ ရပါသည်။ ထိုအရူပလေးဘုံကို စတုဝေါကာရဘုံခေါ်ပါသည်။ အသညသတ်ဘုံမှာ ရူပက္ခန္ဓာတစ်ပါးကိုသာ ရပါသည်။ ထိုအသညသတ်ဘုံကို ဧကဝေါကာရဘုံခေါ်ပါသည်။

(ခန္ဓာငါးပါးတို့၌ အနတ္တဉာဏ်အလင်းဖွင့်ခန်းပြီး၏။)

http://www.dhammadownload.com



## လက္ခဏာရေးသုံးပါးကိုဖြင့်ပြခန်း

မေး။ ။ ဘုန်းတော်အမြိုက် ထွက်မကိုင်္ခိုကို ဆောင်းစိုက်လူလူ အောင်လံထူ၍ နတ်လူပြဟ္မာ သတ္တဝါတို့၏ မှန်ကင်း တရားမင်းဖြစ်တော်မူသော ရှင်တော်ဘုရားသည် ဤအနတ္တ လက္ခဏသုတ္တန်၌ အနတ္တလက္ခဏာ သဘောများကိုသာ ဟောကြားတော်မူပါသလော။ အနိစ္စလက္ခဏာ၊ ဒုက္ခလက္ခဏာများကိုမဟောကြားဘဲ ချန်ထားတော်မူခဲ့ပါသလော။

ဖြေ။ ။ ဘုန်းတော်ခြောက်ဆူ အောင်လံထူ၍ ပြိုင်သူဘက်ကင်း တရားမင်းဖြစ်တော်မူသော ရှင်တော်ဘုရားသည် ဤအနတ္တလက္ခဏသုတ္တန်၌ အနိစ္စလက္ခဏာ၊ ဒုက္ခလက္ခဏာများကိုလည်း ဟောကြားတော်မူပါသည်။

မေး။ ။ အဘယ်ပုံ အဘယ်နည်းအားဖြင့် ဟောကြားတော်မူပါသနည်း။

ဖြေ။ ။ ရှင်တော်ဘုရားသည် ကြားနာလျက်ရှိကြကုန်သော ပဉ္စဝဂ္ဂီရဟန်းတို့အား အနိစ္စလက္ခဏာ၊ ဒုက္ခလက္ခဏာ၊ အနတ္တ လက္ခဏာများကို အမေးအဖြေနည်းအားဖြင့် ဟောကြားတော်မူပါသည်။

မေး။ ။ အမေးအဖြေနည်းအားဖြင့် ဟောကြားတော်မူပုံ ပါဠိကို ထုတ်ဆောင်ဖော်ပြပါ။

ဖြေ။ ။ တံ ကိံ မညထ ဘိက္ခဝေ ရူပံ နိစ္စံဝါ အနိစ္စံ

http://www.dhammadownload.com



ဝါတိ၊ အနိစ္စံ ဘန္တေ၊ ယံ ပနာနိစ္စံ၊ ဒုက္ခံဝါ တံ သုခံဝါတိ။ ဤသို့စသည်ဖြင့် ရှင်တော်ဘုရားဟောကြားတော်မူပါသည်။

မေး။ ။ ယခုထုတ်ဆောင်ဖော်ပြခဲ့သော ပါဠိတော်ကို အနက်ပြန်ဆို၍ ဖော်ပြပါ။

ဖြေ။ ။ ဘိက္ခဝေ၊ ချစ်သားရဟန်းတို့၊ တံ၊ ထိုသို့ငါဘုရား မေးတော်မူသော စကားကို။ ကိံမညထ၊ အဘယ်လို မှတ်ထင်ကြကုန်သနည်း။ ဘိက္ခဝေ၊ ချစ်သားရဟန်းတို့၊ ရူပံ၊ ရုပ်တရားသည်။ နိစ္စံ ဝါ၊ မြဲသလော။ အနိစ္စံဝါ၊ မမြဲသလော။ ဣတိ၊ ဤသို့မေးတော်မူ သည်ရှိသော်။ ဘန္တေ၊ ဘုန်းတော်ကြီးသောမြတ်စွာဘုရား။ ရူပံ၊ ရုပ်တရားသည်။ အနိစ္စံ၊ မမြဲပါဘုရား။ ဣတိ၊ ဤသို့လျှောက်ထား ကြကုန်၏။ ဘိက္ခဝေ၊ ချစ်သားရဟန်းတို့၊ ယံပန၊ အကြင်ရုပ်တရားလည်း။ အနိစ္စံ၊ မမြဲ။ တံ၊ ထိုမမြဲသော ရုပ်တရားသည်။ ဒုက္ခံ ဝါ၊ ဆင်းရဲသလော။ သုခံ ဝါ၊ ချမ်းသာသလော။ ဣတိ၊ ဤသို့မေးတော် မူသည်ရှိသော်။ ဘန္တေ၊ ဘုန်းတော်ကြီးသော မြတ်စွာဘုရား။ တံ၊ ထိုမမြဲသော ရုပ်တရားသည်။ ဒုက္ခံ၊ ဆင်းရဲရှိုးအမှန်ပါဘုရား။ ဣတိ၊ ဤသို့လျှောက်ထားကြကုန်၏။ ဤသည်ကား ထုတ်ဆောင်ဖော်ပြသော ပါဠိတော်၏ အနက်ပြန်ဆိုချက်ဖြစ်ပါသည်။

မေး။ ။ မမြဲသော အနိစ္စသဘောသည် အဘယ်မျှ

http://www.dhammadownload.com



အပြားရှိပါသနည်း။

ဖြေ။ ။ သမ္မုတိအနိစ္စ၊ သန္တတိအနိစ္စ၊ ခဏိကအနိစ္စ အားဖြင့် သုံးပါးအပြားရှိပါသည်။

မေး။ ။ ထိုအနိစ္စသုံးမျိုးတို့တွင် သမ္မုတိအနိစ္စသဘော ကိုထင်ရှားစွာဖော်ပြပါ။

ဖြေ။ ။ လောကီလူအပေါင်းတို့ ခေါ်ဝေါ်ပြောဆို သမုတ်လေ့ရှိသော ထင်ရှားသောမမြဲမှုသဘောများကို သမ္မုတိ အနိစ္စခေါ်ပါသည်။ လူတို့၏ သေဆုံးခြင်း၊ လေပြင်းမုန်တိုင်း စသောဘေးတို့ကြောင့် ကျောင်းကန်၊ အိမ်ရာ၊ တိုက်တာ၊ ဥယျာဉ်၊ တောတောင်၊ မြို့ရွာတို့၏ ပျက်စီးခြင်း၊ တစ်စုံ တစ်ခုသောဘေးအန္တရာယ်ကြောင့် စည်းစိမ်ဥစ္စာ ကိုယ်လက် အင်္ဂါတို့၏ပျက်စီးခြင်း။ ဤသို့စသောအားဖြင့် ထင်ရှားသော ပျက်စီးမှု၊ မမြဲမှုများကို သမ္မုတိအနိစ္စခေါ်ပါသည်။

မေး။ ။ သန္တတိအနိစ္စသဘောကို ထင်ရှားစွာဖော်ပြပါ။

ဖြေ။ ။ ရုပ်အစဉ်၊ နာမ်အစဉ်တို့၏ တစ်မျိုးမှတစ်မျိုး သို့ ပြောင်းလဲချုပ်ပြတ်ခြင်းအားဖြင့် မမြဲသောသဘောကို သန္တတိအနိစ္စခေါ်ပါသည်။ အေးသောရုပ်အစဉ် ချုပ်ပျောက် ၍ ပူသောရုပ်အစဉ် ဖြစ်ပေါ်ခြင်း၊ ပေါ့ပါးသောရုပ်အစဉ် ချုပ်ပျောက်၍ လေးလံသောရုပ်အစဉ် ဖြစ်ပေါ်ခြင်း၊ လောဘ စိတ်အစဉ် ချုပ်ပျောက်၍ ဒေါသစိတ်အစဉ် ဖြစ်ပေါ်ခြင်း၊

http://www.dhammadownload.com



ချမ်းသာသော သုခဝေဒနာအစဉ် ချုပ်ပျောက်၍ ဆင်းရဲသော ဒုက္ခဝေဒနာအစဉ် ဖြစ်ပေါ်ခြင်း၊ အကုသိုလ်စိတ်အစဉ် ချုပ်ပျောက်၍ ကုသိုလ်စိတ်အစဉ် ဖြစ်ပေါ်ခြင်း၊ အဆင်းရုပါရုံကို စွဲလမ်းသောစိတ်အစဉ် ချုပ်ပျောက်၍ အသံသဒ္ဒါရုံကို စွဲလမ်းသောစိတ်အစဉ် ဖြစ်ပေါ်ခြင်း။ ဤသို့စသောအားဖြင့် ရုပ်အစဉ်၊ နာမ်အစဉ်တို့၏ တစ်မျိုးမှတစ်မျိုးသို့ ပြောင်းလဲချုပ်ပြတ်ခြင်းသဘောကို သန္တတိအနိစ္စခေါ်ပါသည်။

**မေး။ ။** ခဏိက အနိစ္စသဘောကို ဖော်ပြပါ။

**ဖြေ။ ။** ရုပ်နာမ်တရားတို့၏ ဖြစ်ခြင်း၊ တည်ခြင်း၊ ချုပ်ခြင်းဟုဆိုအပ်သော ဥပါဒ် ဌီ ဘင် သုံးမျိုးရှိရာတွင် ဘင်သဘောအားဖြင့် ချုပ်ဆုံးမှုကို ခဏိကအနိစ္စခေါ်ပါသည်။ ထိုခဏိကအနိစ္စမှာ လွန်စွာသိမ်မွေ့လှပါသည်။

**မေး။ ။** ထိုခဏိကအနိစ္စ၏ ချုပ်ပျက်ပုံသည် အဘယ်မျှသိမ်မွေ့လျင်မြန်သည်ဟူ၍ ကျမ်းဂန်တို့၌ ပြဆိုပါသနည်း။

**ဖြေ။ ။** မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်း၌ ရုပ်နာမ်ခန္ဓာတို့သည် ကုဋေတစ်သိန်းဖြစ်၍ ကုဋေတစ်သိန်းပျက်သည်ဟု ကျမ်းဂန်တို့၌ပြဆိုပါသည်။

**မေး။ ။** ထို့ပြင်တစ်ပါး အနိစ္စအပြား အဘယ်မျှရှိပါသေးသနည်း။

**ဖြေ။ ။** ပါကဋအနိစ္စ၊ အပါကဋအနိစ္စအားဖြင့် နှစ်ပါး

http://www.dhammadownload.com



အပြားရှိပါသေးသည်။

မေး။ ။ ထိုအနိစ္စနှစ်ပါးတို့၏ သဘောကိုဖော်ပြပါ။

ဖြေ။ ။ လူသေသည်၊ ကျောင်းကန် အိမ်ရာပျက်စီးသည်။ ဤသို့စသောအားဖြင့် ပေါ်လွင်ထင်ရှားသော မမြဲမှုများကို ပါကဋအနိစ္စခေါ်ပါသည်။ ရုပ်အစဉ်၊ နာမ်အစဉ်တို့၏ ပျက်စီးပြောင်းလဲခြင်း၊ ဘင်သဘောအားဖြင့် ချုပ်ဆုံးခြင်း။ ဤမမြဲမှုများကို မထင်ရှားသောကြောင့် အပါကဋအနိစ္စ ခေါ်ပါသည်။

မေး။ ။ ပြဆိုခဲ့ပြီးသော အနိစ္စမျိုးတို့တွင် ဘယ်အနိစ္စသဘောကိုမြင်မှ ဝိပဿနာဉာဏ်အစစ်ဟူ၍ ခေါ်ဆိုရပါသနည်း။

ဖြေ။ ။ သမ္မုတိအနိစ္စကို မြင်ရုံမျှနှင့် ဝိပဿနာဉာဏ်အစစ်ဟူ၍ မဆိုနိုင်ပါ။ သန္တတိ အနိစ္စကိုမြင်ခဲ့ပါလျှင် ဝိပဿနာ ဉာဏ်အစစ်ဟူ၍ ဆိုနိုင်ပါသည်။ ခဏိကအနိစ္စကို ဉာဏ်မီအောင် လိုက်၍မြင်နိုင်ရန်အချက်မှာ အလွန်ခဲယဉ်းလှပါသည်။

မေး။ ။ အနိစ္စလက္ခဏာနှင့် အနိစ္စာနုပဿနာ မည်ကဲ့သို့ ခြားနားသည်ဟုဖော်ပြပါ။

ဖြေ။ ။ ရုပ်နာမ် ခန္ဓာတို့၏ မမြဲခြင်း သဘောကိုအနိစ္စလက္ခဏာခေါ်ပါသည်။ ထိုမမြဲမှုအနိစ္စသဘောကို ထင်မြင်

http://www.dhammadownload.com



အောင်ရှုဆင်ခြင်နိုင်သော ဝိပဿနာဉာဏ်ကို အနိစ္စာနုပဿနာခေါ်ပါသည်။ ဤသည်ကား အနိစ္စလက္ခဏာနှင့် အနိစ္စာနုပဿနာ နှစ်ပါးတို့၏ ထူးခြားပုံ အချက်ဖြစ်ပါသည်။

(အနိစ္စပြီး၏။)

မေး။ ။ သာဓု- သာဓု- သာဓု။ အနိစ္စသဘောများကို ထင်ရှားစွာဖြေကြားသောကြောင့် ကောင်းမွန်စွာ သိရပေပြီ။ ထို့မှတစ်ပါး ဒုက္ခအပြားဘယ်မျှရှိသည်ဟု ဖော်ပြပါ။

ဖြေ။ ။ သင်္ခါရဒုက္ခ၊ ဝိပရိဏာမဒုက္ခ၊ ဒုက္ခဒုက္ခအားဖြင့် သုံးပါးရှိပါသည်။

မေး။ ။ ထိုဒုက္ခသုံးပါးတို့ကို အဓိပ္ပာယ်ထင်ရှားအောင် ဖွင့်ပြပါ။

ဖြေ။ ။ ဖြစ်ပေါ်လာအောင် ထူထောင်အားထုတ်ပြုလုပ်ကြိုးစားရသော ဆင်းရဲသဘောကို သင်္ခါရဒုက္ခခေါ်ပါသည်။ ထူထောင် ပြုလုပ်ပြီးစီး၍ ဖြစ်ပေါ်လာပါသော်လည်း အစဉ်အမြဲ တည်တံ့ခြင်းမရှိဘဲ ဖောက်ပြန်ပျက်စီးမြဲသဘောကို ဝိပရိဏာမဒုက္ခခေါ်ပါသည်။ ဘေးဒဏ်ဥပဒ် ကပ်ရောက်ဖြစ်ပွား၍ များစွာဆင်းရဲခြင်းသဘောကို ဒုက္ခဒုက္ခခေါ်ပါသည်။

မေး။ ။ ထို့ပြင်တစ်ပါး ပဋိစ္ဆန္နဒုက္ခ၊ အပ္ပဋိစ္ဆန္နဒုက္ခ ဟူ

http://www.dhammadownload.com



၍ ဆင်းရဲဒုက္ခနှစ်မျိုးရှိခဲ့ပြန်ရာ ထိုဆင်းရဲနှစ်မျိုးတို့၏သဘော ကို ထင်ရှားအောင်ဖော်ပြပါ။

ဖြေ။ ။ ဆင်းရဲပင် အမှန်ဖြစ်ပါသော်လည်း သတ္တဝါ တို့၏စိတ်မှာ ကွယ်ကာဖုံးလွှမ်းနေသဖြင့် ဆင်းရဲမှန်းမသိရ သော ဒုက္ခမျိုးကိုပဋိစ္ဆန္နဒုက္ခခေါ်ပါသည်။ စိုးရိမ်ပူဆွေး ငိုကြွေး ငြီးငြင် နာကျင်ပြင်းပြ ဖုံးလွှမ်း၍မရသော ဆင်းရဲမျိုးကို အပ္ပဋိစ္ဆန္နဒုက္ခ ခေါ်ပါသည်.

မေး။ ။ လိုရင်းအချုပ်အားဖြင့် ဒုက္ခသဘောကို ဖော် ပြပါ။

ဖြေ။ ။ အလုံးစုံသော ခန္ဓာငါးပါးကို လိုရင်းအချုပ် အားဖြင့် ဒုက္ခအစစ်ဟု ခေါ်ဆိုရပါသည်။

မေး။ ။ အဘယ်ကဲ့သို့သော ဒုက္ခသဘောကို မြင်ပါမှ ဝိပဿနာဉာဏ်အစစ်ဟူ၍ ခေါ်ဆိုရပါသနည်း။

ဖြေ။ ။ ဘုံသုံးပါးအတွင်း၌ အစဉ်မပြတ်ဖြစ်ပေါ်၍ နေကြသော ခန္ဓာငါးပါးတို့သည် ချမ်းသာမဖက် ဆင်းရဲ သက်သက်ဟူ၍ ထင်မြင်နိုင်သောဉာဏ်ကို ဝိပဿနာဉာဏ် အစစ်ဟူ၍ခေါ်ဆိုရပါသည်။

မေး။ ။ ဒုက္ခလက္ခဏာနှင့် ဒုက္ခာနုပဿနာမည်ကဲ့သို့ ခြားနားသည်ဟုဖော်ပြပါ။

ဖြေ။ ။ ရုပ် နာမ်ခန္ဓာတို့၏ ချမ်းသာမဖက် သက်

http://www.dhammadownload.com



သက် ဆင်းရဲမှုသဘောကြီးကို ဒုက္ခလက္ခဏာခေါ်ပါသည်။ ထို ဆင်းရဲမှု ဒုက္ခသဘောကိုထင်မြင်အောင် ရှုဆင်ခြင်နိုင်သော ဝိပဿနာဉာဏ်ကို ဒုက္ခာနုပဿနာခေါ်ပါသည်။ ဤသည်ကား ဒုက္ခလက္ခဏာနှင့် ဒုက္ခာနုပဿနာတို့၏ ထူးခြားပုံ အချက်ဖြစ် ပါသည်။

(ဒုက္ခပြီး၏။)

မေး။ ။ သာဓု-သာဓု-သာဓု။ အနတ္တလက္ခဏ သုတ္တန် ၌ အမေးအဖြေ သဘောအားဖြင့် အနိစ္စလက္ခဏာ၊ ဒုက္ခ လက္ခဏာတို့ကို ရှင်တော်ဘုရားဟောကြားပုံနှင့်တကွ အကျယ် တဝင့် ဖွင့်ပြဖြေကြားသောကြောင့် သိရပေပြီ။ အနတ္တ လက္ခဏာကို အမေးအဖြေ သဘောအားဖြင့် ရှင်တော်ဘုရား အဘယ်ကဲ့သို့ ဟောကြားတော်မူပါသနည်း။ ပါဠိတော်နှင့် တကွ ထုတ်ဆောင်၍ပြပါ။

ဖြေ။ ။ ယံ ပနာနိစ္စံ ဒုက္ခံ ဝိပရိဏာမဓမ္မံ ကလ္လံ နု တံ သမနုပဿိတုံ၊ 'ဧတံ မမ၊ ဧသော ဟမသ္မိ။ ဧသော မေ အတ္တာ' တိ။ နော ဟေတံ ဘန္တေ။ ဘိက္ခဝေ၊ ချစ်သား ရဟန်းတို့။ ယံပန၊ အကြင် ရုပ်တရားသည်။ အနိစ္စံ၊ မမြဲ။ ဒုက္ခံ၊

http://www.dhammadownload.com



ဆင်းရဲ၏။ ဝိပရိဏာမဓမ္မံ၊ ဖောက်ပြန်ပြောင်းလဲတတ်သော သဘောရှိ၏။ တံ၊ ထိုမြဲလဲမမြဲ ဆင်းရဲလဲဆင်းရဲ၍ ဖောက်လွှဲဖောက်ပြန်ဖြစ်သော ရုပ်တရားကို။ "ဧတံ၊ ဤရုပ်တရားကား။ မမ၊ ငါပိုင်သောဥစ္စာတည်း။ ဧသော၊ ဤရုပ်အစုကား။ အဟာမသ္မိ၊ ငါဖြစ်၍နေ၏။ ဧသော၊ ဤရုပ်အစုကား။ မေ၊ ငါ၏။ အတ္တာ၊ အလိုသို့လိုက်သော အတ္တတည်း။" ဣတိ၊ ဤသို့။ သမနုပဿိတုံ၊ စွဲလမ်းထင်မြင် ရှုဆင်ခြင်ခြင်းငှာ၊ ကလ္လံနု၊ သင့်လျော်လျောက်ပတ်ပါမည်လော။ ဣတိ၊ ဤသို့ မေးတော်မူသည်ရှိသော်။ ဘန္တေ၊ ဘုန်းတော်ကြီးသော အရှင်ဘုရား။ ဧတံ၊ ဤသို့ စွဲလမ်းထင်မြင် ရှုဆင်ခြင်ခြင်းသည်။ နောဟိ၊ မသင့်ပါဘုရား။ ဤအနတ္တလက္ခဏာသုတ္တန်၌ အမေးအဖြေ သဘောအားဖြင့် အနတ္တလက္ခဏာကို ရှင်တော်ဘုရား ဤကဲ့သို့ဟောကြားတော်မူပါသည်။

မေး ။ ဖော်ပြခဲ့သော ပါဠိတော်၏ ဆိုလိုရင်းအဓိပ္ပာယ်ကို အချုပ်အားဖြင့်ဖြေကြားဖော်ပြပါ။

ဖြေ ။ မမြဲရိုးအမှန်၊ ဆင်းရဲရိုးအမှန်ဖြစ်သော ရုပ်တရားကို ငါပိုင်ဥစ္စာဖြစ်သည်၊ ငါကိုယ်တိုင် ဖြစ်၍နေသည်၊ ငါ့အတ္တဖြစ်နေသည်ဟု မစွဲလမ်းထိုက်ချေ။ ဤသည်ကား ဖော်ပြခဲ့သော ပါဠိတော်၏ ဆိုလိုရင်းအဓိပ္ပာယ်အချုပ်ဖြစ်ပါသည်။

http://www.dhammadownload.com



မေး။ ။ ပြဆိုခဲ့သော ပါဠိတော်၌ ဧတံ မမ၊ ဧသော ဟမသ္မိ၊ ဧသော မေ အတ္တာ ဟူ၍ပုဒ်သုံးချက်တို့ဖြင့် ဟော ကြားတော်မူသည်မှာ အဘယ်ကဲ့သို့သော အဓိပ္ပာယ်ကို ရည်ရွယ်၍ ဟောတော်မူခြင်းဖြစ်ပါသနည်း။

ဖြေ။ ။ တဏှာ၏စွဲလမ်းပုံ၊ မာန၏စွဲလမ်းပုံ၊ ဒိဋ္ဌိ၏ စွဲလမ်းပုံ။ ဤစွဲလမ်းပုံ အဓိပ္ပာယ်သုံးမျိုးကို သိတော်မူစေလို သောကြောင့် ပုဒ်သုံးချက်တို့ဖြင့် ဟောကြားတော်မူခြင်းဖြစ် ပါသည်။

မေး။ ။ ထိုပုဒ်သုံးချက်တို့နှင့် စွဲလမ်းပုံသုံးမျိုးကို ဝေဖန်၍ ဖော်ပြပါ။

ဖြေ။ ။ ဧတံ၊ ဤရုပ်တရားကား။ မမ၊ ငါပိုင်သောဥစ္စာ တည်း။ ဤသို့ ဧတံမမ သဘောဖြင့် စွဲလမ်းမှုကို တဏှာ စွဲလမ်းပုံခေါ်ပါသည်။ ဧသော၊ ဤရုပ်အစုကား။ အဟမသ္မိ၊ ငါဖြစ်၍နေ၏။ ဤသို့ ဧသောဟမသ္မိ သဘောဖြင့် စွဲလမ်း ခြင်းကို မာနစွဲလမ်းပုံခေါ်ပါသည်။ ဧသော၊ ဤရုပ်အစုကား။ အတ္တာ၊ အလိုသို့လိုက်သော အတ္တတည်း။ ဤသို့ ဧသော မေအတ္တာ သဘောဖြင့် စွဲလမ်းခြင်းကို ဒိဋ္ဌိစွဲလမ်းပုံခေါ်ပါ သည်။ ဆိုလိုရင်းအချုပ်မှာ ငါ့ဥစ္စာဟုစွဲလမ်းလျှင် တဏှာ၏ စွဲလမ်းမှု၊ ငါတကားဟု ထောင်လွှားသောအနေဖြင့် စွဲလမ်း လျှင် မာန၏စွဲလမ်းမှု၊ အစိုးတရ ငါ့အတ္တဟုစွဲလမ်းလျှင် ဒိဋ္ဌိ

http://www.dhammadownload.com



၏စွဲလမ်းမှု။ ဤသည်ကား စွဲလမ်းချက်သုံးမျိုး၏ ဆိုလိုရင်း အဓိပ္ပာယ်အချုပ်ဖြစ်ပါသည်။

မေး။ ။ တဏှာ၊ မာန၊ ဒိဋ္ဌိ သုံးပါးတို့၏ သဘော အဓိပ္ပာယ်ကို သိလွယ်ရုံဖော်ပြပါ။

ဖြေ။ ။ သိမ်းပိုက် သာယာသောသဘောကို တဏှာ ခေါ်ပါသည်။ တက်ကြွထောင်လွှားသောသဘောကို မာနခေါ် သည်။ အမြင်မှောက်မှားသော သဘောကို ဒိဋ္ဌိခေါ်သည်။

မေး။ ။ ထိုတဏှာ၊ မာန၊ ဒိဋ္ဌိ သုံးပါးတို့အား ကျမ်းဂန် တို့၌ အဘယ်ကဲ့သို့သော အမည်ဘွဲ့ထူးများကို ပေးထားခဲ့ပါ သနည်း။

ဖြေ။ ။ ပပဉ္စ တရားသုံးပါးဟု အမည်ဘွဲ့ထူးများကို ပေးထားခဲ့ပါသည်။

မေး။ ။ ဝိဂြိုဟ်နှင့်တကွ ပပဉ္စတရား၏ အဓိပ္ပာယ်ကို သိလွယ်အောင်ဖော်ပြပါ။

ဖြေ။ ။ ဝဋ္ဋဒုက္ခံ ပပဉ္စေန္တိ ဝိတ္ထာရေန္တီတိ ပပဉ္စာ။ ဝဋ္ဋဒုက္ခံ၊ သံသရာဝဋ်ဆင်းရဲကို။ ပပဉ္စေန္တိ ဝိတ္ထာရေန္တိ၊ မဆုံးနိုင် အောင် ချဲ့ထွင်တတ်ကုန်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ ပပဉ္စာ၊ ပပဉ္စမည်ကုန်၏။ ကျမ်းဂန်တို့၌ ဤသို့ဝိဂြိုဟ်ဆိုသောအတိုင်း တဏှာ၊ မာန၊ ဒိဋ္ဌိ သုံးပါးတို့သည် သံသရာဝဋ်ဆင်းရဲကို မဆုံး နိုင်အောင် ချဲ့ထွင်တတ်သောကြောင့် ပပဉ္စဟူသောဘွဲ့ထူးကို

http://www.dhammadownload.com



ရကြပါသည်။ ထိုတဏှာ၊ မာန၊ ဒိဋ္ဌိ သုံးပါးတို့ ပျက်စီးချုပ်ငြိမ်းခဲ့ပါလျှင် သံသရာဝဋ်ဒုက္ခကြီးသည်လည်း အဆုံးတိုင် ပျက်စီးချုပ်ငြိမ်း၍ သွားပါတော့သည်။

**မေး။** ။ သာဓု-သာဓု-သာဓု။ အနတ္တလက္ခဏာကို အမေးအဖြေသဘောအားဖြင့် ဟောကြားတော်မူပုံနှင့်တကွ တဏှာ၊ မာန၊ ဒိဋ္ဌိ သုံးပါးတို့၏ စွဲလမ်းပုံ အဓိပ္ပာယ်ကို အကျယ်တဝင့် ဖွင့်ပြဖြေကြားသောကြောင့် သိရပေပြီ။ ရှင်တော်ဘုရားသည် ရူပက္ခန္ဓာ၏ အနိစ္စသဘော၊ ဒုက္ခသဘော၊ အနတ္တသဘောကို ဟောကြားတော်မူသည်မှာ မိမိ ကိုယ်သန္တာန်တစ်ခုအတွက်မျှကိုသာ ဟောပါသလော။

**ဖြေ။** ။ မိမိကိုယ်သန္တာန် တစ်ခုအတွက်မျှကိုသာ ဟောကြားသည်မဟုတ်ပါ။ ရုပ်ရှိသမျှအားလုံးကို သိမ်းကျုံး၍ မချန်မချွင်း အထင်အလင်း ဟောကြားတော်မူပါသည်။

**မေး။** ။ ထိုသို့ ဟောကြားတော်မူပုံကို ပါဠိတော်နှင့်တကွ ထုတ်ဆောင်၍ပြပါ။

**ဖြေ။** ။ တသ္မာတိဟ ဘိက္ခဝေ ယံကိဉ္စိ ရူပံ အတီတာ အနာဂတပစ္စုပ္ပန္နံ၊ အဇ္ဈတ္တံဝါ ဗဟိဒ္ဓါဝါ၊ ဩဠာရိကံဝါ သုခုမံဝါ၊ ဟီနံဝါ ပဏီတံဝါ၊ ယံ ဒူရေ သန္တိကေဝါ၊ သဗ္ဗံ ရူပံ "နေတံ မမ၊ နေသော ဟမသ္မိ၊ န မေသော အတ္တာ" တိ။ ဝေမေတံ ယထာဘူတံ သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ။ ဘိက္ခဝေ၊

http://www.dhammadownload.com



ချစ်သားရဟန်းတို့၊ တသ္မာ၊ ထိုသို့မမြဲမှု သဘော၊ ဆင်းရဲမှု သဘော၊ အလိုမလိုက်မှုသဘောတို့၏ ပေါလောကြီးထင်ရှား၍နေသောကြောင့်၊ အတီတာ နာဂတပစ္စုပ္ပန္နံ၊ လွန်ပြီးသော အတိတ်ကာလ၊ လာလတ္တံ့သော အနာဂတ်ကာလ၊ ယခု မျက်မှောက် ပစ္စုပ္ပန်ကာလ၌ ဖြစ်သော။ ယံကိဉ္စိရူပံ၊ အကြင် အလုံးစုံသော ရုပ်တရားသည်လည်းကောင်း။ အဇ္ဈတ္တံဝါ၊ မိမိ၏ အတွင်းသန္တာန်၌ဖြစ်သော ရုပ်တရားသည် လည်းကောင်း။ ဗဟိဒ္ဓါဝါ၊ အပ သန္တာန်၌ဖြစ်သော ရုပ်တရားသည်လည်းကောင်း။ ဩဠာရိကံဝါ၊ ကြမ်းတမ်းသော ရုပ်တရားသည်လည်းကောင်း။ သုခုမံဝါ၊ သိမ်မွေ့သော ရုပ်တရားသည်လည်းကောင်း။ ဟီနံဝါ၊ ယုတ်ညံ့သော ရုပ်တရားသည်လည်းကောင်း။ ပဏီတံဝါ၊ မြင့်မြတ်သော ရုပ်တရားသည်လည်းကောင်း။ ယံဒူရေဝါ၊ အကြင်အဝေး၌ဖြစ်သော ရုပ်တရားသည်လည်းကောင်း။ ယံသန္တိကေဝါ၊ အကြင်အနီး၌ ဖြစ်သော ရုပ်တရားသည်လည်းကောင်း။ အတ္ထိ၊ ရုပ်ပေါင်း များစွာ တွေ့ရှိကြလေ၏။ သဗ္ဗံ၊ ခပ်သိမ်းဥဿုံ အလုံးစုံသော။ တံရူပံ၊ ထိုရုပ်ဟူသမျှသည်။ "န မမ၊ ငါပိုင်ဉစ္စာမဟုတ်။ သော၊ ထိုရုပ်အပေါင်းသည်၊ န ဟမသ္မိ၊ ငါဖြစ်၍နေသည် မဟုတ်။ သော၊ ထိုရုပ်အပေါင်းသည်။ မေ၊ ငါ၏။ န အတ္တာ၊ အလိုသို့လိုက်သော အတ္တမဟုတ်"။ ဣတိဧဝံ၊ ဤသို့ဆိုအပ်ခဲ့

http://www.dhammadownload.com



ပြီးသောနည်းဖြင့်။ စတံ၊ ထိုခပ်သိမ်းဥဿုံ ရုပ်ဟူသမျှ အလုံးစုံကို။ ယထာဘူတံ၊ မဖောက်မပြန် ဟုတ်မှန်သောအတိုင်း။ သမ္မပ္ပညာယ၊ ရုပ်ခဲနာမ်ခဲ ဖြိုခွဲဖောက်ထွင်း၊ ဝိပဿနာဉာဏ် အလင်းဖြင့်။ ဒဋ္ဌဗ္ဗံ၊ ရှုဆင်ခြင်အပ်၏။ ဤသည်ကား ရုပ်ရှိသမျှ အလုံးစုံကို အကုန်သိမ်းကျုံးပြီးလျှင် ရူပက္ခန္ဓာ၌ တွယ်တာစွဲလမ်းမှုမရှိအောင် အထင်အရှား ဟောကြားတော်မူအပ်သော ပါဠိတော်ကို ထုတ်ဆောင်၍ပြခြင်းဖြစ်ပါသည်။

မေး။ ။ ထုတ်ပြခဲ့သော ပါဠိတော်၌ အတိတ်ရုပ်၊ အနာဂတ်ရုပ်၊ ပစ္စုပ္ပန်ရုပ် သုံးပါးတို့၏ သဘောကိုဖော်ပြပါ။

ဖြေ။ ။ ချုပ်လေပြီးသော ရုပ်ဟူသမျှကို အတိတ်ရုပ် ခေါ်ပါသည်။ ဖြစ်လတ္တံ့သော ရုပ်ဟူသမျှကို အနာဂတ်ရုပ် ခေါ်ပါသည်။ ဖြစ်ဆဲရှိနေသော ရုပ်ဟူသမျှကို ပစ္စုပ္ပန်ရုပ် ခေါ်ပါသည်။ ဘဝအားဖြင့် ပိုင်းခြား၍ ဖြေဆိုရသည်ရှိသော် လွန်ခဲ့ပြီးသောဘဝတို့၌ ဖြစ်ခဲ့သော ရုပ်ဟူသမျှကို အတိတ်ရုပ် ခေါ်ပါသည်။ နောင်လာလတ္တံ့သောဘဝ၌ ဖြစ်ပေါ်လတ္တံ့သောရုပ်ဟူသမျှကို အနာဂတ်ရုပ်ခေါ်ပါသည်။ ယခု မျက်မှောက်ဘဝ၌ မြစ်ရေအယဉ်ကဲ့သို့ အစဉ်အတိုင်း ဖြစ်၍နေသောရုပ်ဟူသမျှကို ပစ္စုပ္ပန်ရုပ် ခေါ်ပါသည်။

မေး။ ။ အဇ္ဈတ္တရုပ်၊ ဗဟိဒ္ဓရုပ် သဘောကိုဖော်ပြပါ။

ဖြေ။ ။ မိမိအတွင်းသန္တာန်၌ဖြစ်သော ရုပ်ဟူသမျှကို

http://www.dhammadownload.com



အဇ္ဈတ္တရုပ်ခေါ်ပါသည်။ မိမိကိုယ်မှ အပသန္တာန်၌ဖြစ်သော ရုပ်ဟူသမျှကို ဗဟိဒ္ဓရုပ်ခေါ်ပါသည်။ အဘိဓမ္မာနည်းအားဖြင့် ဖြေကြားရမည်ဆိုသော် ပသာဒရုပ်ငါးခုကို အဇ္ဈတ္တရုပ်ခေါ်ပါသည်။ ပသာဒရုပ်ငါးခုမှ တစ်ပါးသော ရုပ်နှစ်ဆယ့်သုံးပါးကို ဗဟိဒ္ဓရုပ်ခေါ်ပါသည်။

မေး။ ။ ဩဠာရိကရုပ်၊ သုခုမရုပ်တို့၏ သဘောကို ဖော်ပြပါ။

ဖြေ။ ။ ရုံ့ရင်းကြမ်းတမ်းသော ရုပ်ဟူသမျှကို ဩဠာရိကရုပ် ခေါ်ပါသည်။ သိမ်မွေ့နူးညံ့သောရုပ်ဟူသမျှကို သုခုမရုပ်ခေါ်ပါသည်။ အဘိဓမ္မာနည်းအားဖြင့် ဖြေဆိုအပ်သည်ရှိသော် (စက္ခု၊ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယ) ပသာဒရုပ်ငါးပါး၊ (ရူပ၊ သဒ္ဒ၊ ဂန္ဓ၊ ရသ၊ ပထဝီ၊ တေဇော၊ ဝါယော) ဂေါစရ ရုပ်ခုနစ်ပါး။ ဤရုပ်ပေါင်း တစ်ဆယ့်နှစ်ပါးကို ဩဠာရိကရုပ် ခေါ်ပါသည်။ ကြွင်းသောရုပ်တစ်ဆယ့်ခြောက်ပါးကို သုခုမရုပ်ခေါ်ပါသည်။

မေး။ ။ ဟီနရုပ်၊ ပဏီတရုပ်တို့၏ သဘောအဓိပ္ပာယ်ကိုဖော်ပြပါ။

ဖြေ။ ။ အောက်အောက်ဘုံ၌ဖြစ်သော ရုပ်ဟူသမျှသည် အထက်အထက်ဘုံနှင့်စာလျှင် ယုတ်ညံ့သောကြောင့် ဟီနရုပ်ခေါ်ပါသည်။ အထက်အထက် ဘုံ၌ဖြစ်သော ရုပ်ဟူ

http://www.dhammadownload.com



သမျှသည် အောက်အောက်ဘုံနှင့်စာလျှင် မြင့်မြတ်သော ကြောင့် ပဏီတရုပ်ခေါ်ပါသည်။ တစ်နည်းအားဖြင့် ဖြေဆို ရသည်ရှိသော် အလိုမရှိအပ်သော အနိဋ္ဌာရုံ ရုပ်ဟူသမျှကို ဟီနရုပ်ခေါ်ပါသည်။ အလိုရှိအပ်သော ဣဋ္ဌာရုံ ရုပ်ဟူသမျှကို ပဏီတရုပ်ခေါ်ပါသည်။

**မေး။** ။ ဒူရေရုပ်၊ သန္တိကေရုပ်နှစ်ပါးတို့၏ သဘော ကိုဖော်ပြပါ။

**ဖြေ။** ။ အဝေး၌ဖြစ်သော ရုပ်ဟူသမျှကိုဒူရေရုပ်ခေါ် ပါသည်။ အနီး၌ဖြစ်သော ရုပ်ဟူသမျှကို၊ သန္တိကေရုပ်ခေါ် ပါသည်။ အဘိဓမ္မာ နည်းအားဖြင့် ဖြေဆိုအပ်သည်ရှိသော် သုခုမရုပ် တစ်ဆယ့်ခြောက်ပါးကို ဒူရေရုပ်ခေါ်ပါသည်။ ဩဠာရိကရုပ် တစ်ဆယ့်နှစ်ပါးကို သန္တိကေရုပ်ခေါ်ပါသည်။

(ရူပက္ခန္ဓာ၌ အနိစ္စ ဒုက္ခ အနတ္တစစ်တမ်းပြီး၏။)

**မေး။** ။ သာဓု-သာဓု-သာဓု၊ အနတ္တလက္ခဏသုတ္တန် ဒေသနာနည်းအားဖြင့် ရူပက္ခန္ဓာ၌ အနိစ္စအချက်၊ ဒုက္ခအချက်၊ အနတ္တအချက်များကို အကျယ်တဝင့် ဖွင့်လှစ်ဖြေကြားသော ကြောင့် စုံလင်စွာသိရပေပြီ။ ဝေဒနာက္ခန္ဓာ စသော နာမ်ခန္ဓာ လေးပါးတို့၌ အနိစ္စသဘော၊ ဒုက္ခသဘော၊ အနတ္တသဘော

http://www.dhammadownload.com



များကို ဟောကြားတော်မူပါသေးသလော။

ဖြေ။ ။ ဝေဒနာက္ခန္ဓာစသော နာမ်ခန္ဓာလေးပါးတို့၌လည်း အနိစ္စအချက်၊ ဒုက္ခအချက်၊ အနတ္တအချက်များကို ပဥ္စဝဂ္ဂီ ရဟန်းတို့အား ရူပက္ခန္ဓာ၌ ဟောတော်မူအပ်သော နည်းအတိုင်း မေးပုံ ဖြေပုံနှင့်တကွ စုံလင်စွာဟောကြားတော်မူပါသေးသည်။

(မှတ်ချက်။ ။ ရူပက္ခန္ဓာ၌ အနိစ္စစစ်တမ်း၊ ဒုက္ခစစ်တမ်း၊ အနတ္တစစ်တမ်းများကို စုံလင်စွာရေးသားဖော်ပြခဲ့ပြီးဖြစ်၍ ဝေဒနာက္ခန္ဓာစသော နာမ်ခန္ဓာလေးပါးတို့၌ အကျယ်တဝင့် ဖွင့်ဆိုရေးသားရန်မလိုတော့ပေ။ အကျယ်ကို အလိုရှိပါလျှင် ရူပက္ခန္ဓာ၌ ဖော်ပြခဲ့သောနည်းလမ်းဆို မှီငြမ်းပြု၍ ကြည့်ရှုဆင်ခြင်ကြပါကုန်။)

မေး။ ။ ဝေဒနာက္ခန္ဓာ၌ လက္ခဏာရေးသုံးပါး အချက်များကို ရှင်တော်ဘုရား ဟောကြားတော်မူသောအတိုင်း ပါဠိတော်၏ ဆိုလိုရင်းအဓိပ္ပာယ်အချုပ်ကို ဖော်ထုတ်၍ပြပါ။

ဖြေ။ ။ ချစ်သားရဟန်းတို့၊ ဝေဒနာသည် အမြဲမရှိ။ မမြဲသောဝေဒနာသည် ဆင်းရဲရိုးအမှန်ဖြစ်၏။ ထိုသို့ မြဲလည်း မမြဲ၊ ဆင်းရဲလည်း ဆင်းရဲ၍နေသော ဝေဒနာကို ငါ့ဥစ္စာဖြစ်သည်၊ ငါဖြစ်သည်၊ ငါ့အတ္တာဖြစ်သည်ဟု စွဲလမ်းခြင်းငှာ မထိုက်။ ချစ်သားရဟန်းတို့၊ ချုပ်ပြီးသော ဝေဒနာ၊ မဖြစ်သေး

http://www.dhammadownload.com



သောဝေဒနာ၊ ဖြစ်တုန်းဖြစ်ဆဲရှိနေသော ဝေဒနာ၊ အတွင်းသန္တာန်ဖြစ်သော ဝေဒနာ၊ အပသန္တာန်၌ဖြစ်သော ဝေဒနာ၊ ရုန့်ရင်းကြမ်းတမ်းသော ဝေဒနာ၊ သိမ်မွေ့နူးညံ့သော ဝေဒနာ၊ ယုတ်ညံ့သော ဝေဒနာ၊ မြင့်မြတ်သော ဝေဒနာ၊ အဝေး၌ဖြစ်သော ဝေဒနာ၊ အနီး၌ဖြစ်သော ဝေဒနာ။ ထိုဝေဒနာ အလုံးစုံကို ငါ့ဟာမဟုတ်၊ ငါမဟုတ်ဟူ၍ မှန်သောအတိုင်းထင်မြင်အောင် ဝိပဿနာဉာဏ်ဖြင့် ရှုစားရမည်ဟူ၍ ဝေဒနာက္ခန္ဓာ၌ လက္ခဏာရေးအချက်များကို အချုပ်အားဖြင့် ရှင်တော်ဘုရား ဟောကြားတော်မူပါသည်။

မေး။ ။ သညာက္ခန္ဓာ၌ လက္ခဏာရေးသုံးပါး အချက်များကို ရှင်တော်ဘုရား ဟောကြားတော်မူသောအတိုင်း ပါဠိတော်၏ လိုရင်းအဓိပ္ပာယ်အချုပ်ကို ဖော်ထုတ်၍ပြပါ။

ဖြေ။ ။ ချစ်သားရဟန်းတို့၊ သညာသည် အမြဲမရှိ။ မမြဲသောသညာသည် ဆင်းရဲရိုးအမှန်ဖြစ်၏။ ထိုသို့မြဲလည်း မမြဲ၊ ဆင်းရဲလည်း ဆင်းရဲ၍နေသော သညာကို ငါ့ဥစ္စာဖြစ်သည်၊ ငါဖြစ်သည်၊ ငါ့အတ္တဖြစ်သည်ဟု စွဲလမ်းခြင်းငှာ မထိုက်။ ချစ်သားရဟန်းတို့၊ ချုပ်ပြီးသောသညာ၊ မဖြစ်သေးသော သညာ၊ ဖြစ်တုန်းဖြစ်ဆဲသညာ၊ အတွင်းသန္တာန်၌ဖြစ်သော သညာ၊ အပသန္တာန်၌ဖြစ်သောသညာ၊ ရုန့်ရင်းကြမ်းတမ်းသောသညာ၊ သိမ်မွေ့နူးညံ့သောသညာ၊ ယုတ်ညံ့သောသညာ၊

http://www.dhammadownload.com



မြင့်မြတ်သောသညာ၊ အဝေး၌ဖြစ်သောသညာ၊ အနီး၌ဖြစ်သောသညာ။ ထိုသညာအလုံးစုံကို ငါ့ဟာမဟုတ်၊ ငါမဟုတ်ဟူ၍ မှန်သောအတိုင်း ထင်မြင်အောင် ဝိပဿနာဉာဏ်ဖြင့် ရှုစားရမည်ဟူ၍ သညာက္ခန္ဓာ၌ လက္ခဏာရေးအချက်များကို အချုပ်အားဖြင့် ရှင်တော်ဘုရား ဟောကြားတော်မူပါသည်။

မေး။ ။ သင်္ခါရက္ခန္ဓာ၌ လက္ခဏာရေးသုံးပါး အချက်များကို ရှင်တော်ဘုရား ဟောကြားတော်မူသောအတိုင်း ပါဠိတော်၏ လိုရင်းအဓိပ္ပာယ်အချုပ်ကို ဖော်ထုတ်၍ပြပါ။

ဖြေ။ ။ ချစ်သားရဟန်းတို့၊ သင်္ခါရသည် အမြဲမရှိ။ မမြဲသော သင်္ခါရသည် ဆင်းရဲရိုးအမှန်ဖြစ်၏။ ထိုသို့မြဲလည်း မမြဲ၊ ဆင်းရဲလည်း ဆင်းရဲ၍နေသော သင်္ခါရကို ငါ့ဥစ္စာဖြစ်သည်၊ ငါ ဖြစ်သည်၊ ငါ့အတ္တဖြစ်သည်ဟု စွဲလမ်းခြင်းငှာ မထိုက်။ ချစ်သားရဟန်းတို့၊ ချုပ်ပြီးသော သင်္ခါရ မဖြစ်သေးသော သင်္ခါရ ဖြစ်တုန်းဖြစ်ဆဲ သင်္ခါရ အတွင်းသန္တာန်၌ဖြစ်သော သင်္ခါရ အပသန္တာန်၌ဖြစ်သော သင်္ခါရ ရုံ့ရင်းကြမ်းတမ်းသော သင်္ခါရ သိမ်မွေ့နူးညံ့သော သင်္ခါရ ယုတ်ညံ့သော သင်္ခါရ မြင့်မြတ်သော သင်္ခါရ အဝေး၌ဖြစ်သော သင်္ခါရ အနီး၌ဖြစ်သော သင်္ခါရ။ ထိုအလုံးစုံသော သင်္ခါရကို ငါ့ဟာမဟုတ်၊ ငါမဟုတ်ဟူ၍ မှန်သောအတိုင်းထင်မြင်အောင် ဝိပဿနာဉာဏ်ဖြင့် ရှုစားရမည်ဟူ၍ သင်္ခါရက္ခန္ဓာ၌

http://www.dhammadownload.com



လက္ခဏာရေးအချက်များကို အချုပ်အားဖြင့် ရှင်တော်ဘုရား ဟောကြားတော်မူပါသည်။

မေး။ ။ ဝိညာဏက္ခန္ဓာ၌ လက္ခဏာရေးသုံးပါးအချက်များကို ရှင်တော်ဘုရား ဟောကြားတော်မူသော ပါဠိတော်၏ လိုရင်းအဓိပ္ပာယ်အချုပ်ကို ဖော်ထုတ်၍ပြပါ။

ဖြေ။ ။ ချစ်သားရဟန်းတို့၊ ဝိညာဉ်သည် အမြဲမရှိ။ မမြဲ သော ဝိညာဉ်သည် ဆင်းရဲရိုးအမှန်ဖြစ်၏။ ထိုသို့မြဲလည်း မမြဲ၊ ဆင်းရဲလည်း ဆင်းရဲ၍နေသော ဝိညာဉ်ကို ငါ့ဥစ္စာ ဖြစ်သည်၊ ငါ ဖြစ်သည်၊ ငါ့အတ္တဖြစ်သည်ဟု စွဲလမ်းခြင်းငှာ မထိုက်။ ချစ်သားရဟန်းတို့၊ ချုပ်ပြီးသောဝိညာဉ်၊ မဖြစ်သေးသောဝိညာဉ်၊ ဖြစ်တုံးဖြစ်ဆဲဝိညာဉ်၊ အတွင်းသန္တာန်၌ဖြစ်သောဝိညာဉ်၊ အပသန္တာန်၌ဖြစ်သောဝိညာဉ်၊ ရုံ့ရင်းကြမ်းတမ်းသောဝိညာဉ်၊ သိမ်မွေ့နူးညံ့သောဝိညာဉ်၊ ယုတ်ညံ့သော ဝိညာဉ်၊ မြင့်မြတ်သောဝိညာဉ်၊ အဝေး၌ဖြစ်သောဝိညာဉ်၊ အနီး၌ဖြစ်သောဝိညာဉ်၊ ထိုအလုံးစုံသော ဝိညာဉ်ကို ငါ့ဟာ မဟုတ်၊ ငါမဟုတ်ဟူ၍ မှန်သောအတိုင်း ထင်မြင်အောင် ဝိပဿနာဉာဏ်ဖြင့် ရှုစားရမည်ဟူ၍ ဝိညာဏက္ခန္ဓာ၌ လက္ခဏာရေးအချက်များကို အချုပ်အားဖြင့် ရှင်တော်ဘုရား ဟောကြားတော်မူပါသည်။

(ခန္ဓာငါးပါး လက္ခဏာရေးသုံးပါးစစ်တမ်းပြီး၏။)

http://www.dhammadownload.com



## သစ္စာခွဲပုံ

မေး။ ။ သာဓု-သာဓု-သာဓု။ ခန္ဓာငါးပါးတို့၌ အနတ္တလက္ခဏာသုတ္တန် ဒေသနာနည်းအတိုင်း အနိစ္စအချက်၊ ဒုက္ခအချက်၊ အနတ္တအချက်များကို ထင်ရှားပွင့်လင်းစွာ ရှင်းရှင်းကြီးဖြေကြားသောကြောင့် ကောင်းစွာသိရပေပြီ။ ထိုခန္ဓာငါးပါးကို သစ္စာဒေသနာနည်းအားဖြင့် အသီးသီး သစ္စာဖွဲ့၍ပြပါ။

ဖြေ။ ။ ထိုခန္ဓာငါးပါး ရုပ်နာမ်တရားတို့တွင် လောဘစေတသိက်မှတစ်ပါး အလုံးစုံသော ခန္ဓာငါးပါးကို ဒုက္ခသစ္စာဆိုရပါသည်။ သင်္ခါရက္ခန္ဓာ၌ ပါဝင်သောလောဘ စေတသိတ်ကို သမုဒယသစ္စာဆိုရပါသည်။ ထိုခန္ဓာငါးပါးတို့၏ ချုပ်မှုကြီးဖြစ်သော နိဗ္ဗာန်ကို နိရောဓသစ္စာ ဆိုရပါသည်။ ထိုနိဗ္ဗာန်သို့ရောက်ကြောင်းဖြစ်သော မဂ္ဂင်ရှစ်ပါးတရားအစုကို မဂ္ဂသစ္စာဆိုရပါသည်။ သမ္မာဒိဋ္ဌိ အစရှိသော မဂ္ဂင်ရှစ်ပါး တရားအလုံးစုံသည် သင်္ခါရက္ခန္ဓာ၌ အကုန်ပါဝင်ကြပါသည်။

(သစ္စာခွဲပုံပြီး၏။)

## အနုပဿနာ

မေး။ ။ ခန္ဓာငါးပါးကို အသီးအသီးသစ္စာဖွဲ့၍ပြသောကြောင့် သိရပေပြီ။ ထိုခန္ဓာငါးပါးကို ဝိပဿနာဉာဏ်ဖြင့်

http://www.dhammadownload.com



ရှုဆင်ခြင်ရာ၌ အနုပဿနာသုံးမျိုးရှိသည်ဟု ကျမ်းဂန်တို့၌ ပြဆိုရာတွင် ထိုအနုပဿနာသုံးပါးတို့၏ သရုပ်ကို ဖော်ထုတ်၍ပြပါ။

**ဖြေ။** ။ အနိမိတ္တာနုပဿနာ၊ အပဏိဟိတာနုပဿနာ၊ သုညတာနုပဿနာဟူ၍ ရှုဆင်ခြင်ပုံ အနုပဿနာတရား သုံးပါး ရှိပါသည်။

**မေး။** ။ အဘယ်သို့သော သဘောများကို နိမိတ်ခေါ်ပါသနည်း။

**ဖြေ။** ။ ပုဂ္ဂိုလ် သတ္တဝါ ဟုခေါ်ဝေါ်၍ နေကြသော အထည် ဒြပ်ကြီး၌ ခြေ၊ လက်၊ အင်္ဂါ၊ မျက်နှာ၊ ပုံပန်းမှစ၍ အသွင်သဏ္ဍာန် အမျိုးမျိုးကို နိမိတ်ဟုခေါ်ဆိုပါသည်။

## ဆောင်ပုဒ်

ပုဂ္ဂိုလ်သတ္တဝါ၊ အင်္ဂါကြီးငယ်၊ ဆန်းတကြယ်၊ မှတ်ဖွယ် နိမိတ္တာ။

**မေး။** ။ အဘယ်ကဲ့သို့ ရှုဆင်ခြင်ပါမှ အနိမိတ္တာနုပဿနာ ဖြစ်နိုင်ပါသနည်း။

**ဖြေ။** ။ ပုဂ္ဂိုလ်ပုံအသွင်၊ သတ္တဝါပုံအသွင်၊ ယောကျ်ားအသွင်၊ မိန်းမအသွင်၊ ဦးခေါင်းအသွင်၊ မျက်နှာအသွင်၊ ခြေအသွင်၊ လက်အသွင်။ ဤသို့ စသောအားဖြင့် အသွင်

http://www.dhammadownload.com



နိမိတ်သဏ္ဌာန်အမျိုးမျိုးကို ပျောက်အောင် ရှုဆင်ခြင်နိုင်ပါမှ အနိမိတ္တာနုပဿနာ ဖြစ်နိုင်ပါသည်။

**ဆောင်ပုဒ်**

**အကုန် နိမိတ်၊ ပျောက်အောင်ကြိတ်၊ အနိမိတ္တာသာ။**

မေး။ ။ အဘယ်သဘောမျိုးကို ပဏိဟိတ ခေါ်ပါသနည်း။

ဖြေ။ ။ တင့်တယ်သည်၊ ဖွယ်ရာသည်၊ ကျက်သရေမင်္ဂလာရှိသည်။ နှစ်သက်ဖွယ်ကောင်းသည်။ ချမ်းသာသည်။ ဤသို့ထင်မြင်သော သဘောမျိုးကို ပဏိဟိတခေါ်ပါသည်။

**ဆောင်ပုဒ်**

**အတင့်အတယ်၊ အဖွယ်အရာ၊ မင်္ဂလာသုတ၊ သုခဣဋ္ဌ၊ ဟူသမျှ၊ မှတ်ကြ ပဏိဟိတာ။**

မေး။ ။ အဘယ်ကဲ့သို့ ရှုဆင်ခြင်မှ အပဏိဟိတာနုပဿနာ ဖြစ်နိုင်ပါသနည်း။

ဖြေ။ ။ မတင့်တယ်၊ မဖွယ်ရာ၊ ကြက်သရေမင်္ဂလာမရှိ၊ နှစ်သက်ဖွယ်မကောင်း၊ မချမ်းသာရိုးအမှန်။ ဤသို့ထင်မြင်အောင်ရှုဆင်ခြင်နိုင်ပါမှ အပဏိဟိတာနုပဿနာ ဖြစ်နိုင်ပါသည်။

http://www.dhammadownload.com



**ဆောင်ပုဒ်**

အကုန် ပဏ္ဏတ်၊ ပျောက်စေဘိ၊ အပဏ္ဏတ်တာ။

မေး ။ ။ အဘယ်သဘောမျိုးကို အသုညဆိုပါသနည်း။

ဖြေ ။ ။ ပုဂ္ဂိုလ်ဖြစ်သည်။ သတ္တဝါဖြစ်သည်။ ငါဖြစ်သည်။ သူဖြစ်သည်။ ယောကျ်ားဖြစ်သည်။ မိန်းမဖြစ်သည်။ အစိုးရသည်။ အလိုလိုက်သည်။ အသက်ရှိသည်။ ငါခံစားနိုင်သည်။ ငါပြုလုပ်နိုင်သည်။ ဤသို့စသည်ဖြင့် ပုဂ္ဂလ၊ သတ္တ၊ အတ္တ၊ ဇီဝထင်မြင်မှုများကို အသုညဆိုပါသည်။

မေး ။ ။ အဘယ်သို့ ရှုဆင်ခြင်နိုင်ပါမှ သုညတာနုပဿနာ ဖြစ်နိုင်ပါသနည်း။

ဖြေ ။ ။ ပုဂ္ဂိုလ်မဟုတ်။ သတ္တဝါမဟုတ်။ ငါမဟုတ်။ သူမဟုတ်။ ယောကျ်ားမဟုတ်။ မိန်းမမဟုတ်။ အစိုးမရ၊ အလိုမလိုက်။ အသက်မရှိ။ မခံစားနိုင်။ မပြုလုပ်နိုင်။ ဤသို့စသည်ဖြင့် ပုဂ္ဂိုလ်သဘော၊ သတ္တဝါသဘော၊ အတ္တသဘော၊ ဇီဝသဘောများကို ပျောက်ကင်းအောင် ရှုဆင်ခြင်နိုင်ပါမှ သုညတာနုပဿနာ ဖြစ်နိုင်ပါသည်။

**ဆောင်ပုဒ်**

အတ္တဇီဝေ၊ ပျောက်ကင်းစေ၊ မှတ်လေ သုညတာ။

http://www.dhammadownload.com



မေး။ ။ သုညတသဘော ထင်မြင်အောင် ရှုဆင်ခြင်နိုင်ပါလျှင် အဘယ်အကျိုးထူးများ ဖြစ်ပေါ်လာသည်ဟု ရှင်တော်ဘုရား ဟောကြားတော်မူပါသနည်း။

ဖြေ။ ။ မောဃရာဇမည်သော ရဟန်းတော်တစ်ပါးအား သုညတထင်မြင်အောင် ရှုဆင်ခြင်နိုင်လျှင် ထိုပုဂ္ဂိုလ်ကို သေမင်းက မမြင်နိုင်၊ သေမင်းနိုင်ငံကို လွန်မြောက်နိုင်၏ဟူ၍ ရှင်တော်ဘုရား ဟောကြားတော်မူပါသည်။

မေး။ ။ သာဓု-သာဓု-သာဓု။ အနုပဿနာ သုံးပါးကို အကျယ်တဝင့် ဖွင့်ဆိုဖြေကြားသောကြောင့် သိရပေပြီ။ ထိုအနုပဿနာသုံးပါးကို လက္ခဏာရေးသုံးပါးနှင့် ယှဉ်တွဲ၍ ပြပါ။

ဖြေ။ ။ အနိစ္စလက္ခဏာဉာဏ်ကိုပင် အနိမိတ္တာနုပဿနာ ခေါ်ပါသည်။ ဒုက္ခလက္ခဏာ ဉာဏ်ကိုပင် အပဏိဟိတာနုပဿနာ ခေါ်ပါသည်။ အနတ္တလက္ခဏာ ဉာဏ်ကိုပင် သုညတာနုပဿနာ ခေါ်ပါသည်။ ဤသည်ကား လက္ခဏာရေးသုံးပါးနှင့် အနုပဿနာသုံးပါးကို ယှဉ်တွဲ၍ ပြဆိုချက်ဖြစ်ပါသည်။

**ဆောင်ပုဒ်**

(က) အနိမိတ္တ၊ အနိစ္စ၊ ဒုက္ခပဏိဟိတာ။

(ခ) အနတ္တမှု၊ သုညယူ၊ သုံးဆူအနုပဿနာ။

http://www.dhammadownload.com



မေး။ ။ ပုဂ္ဂလဓိဋ္ဌာန်သဘောအားဖြင့် အဘယ်သို့သော ပုဂ္ဂိုလ်၌ အဘယ်လက္ခဏာဉာဏ်မျိုး ထက်သန်လေ့ရှိပါသနည်း။

ဖြေ။ ။ သဒ္ဓိန္ဒြေ လွန်ကဲသော ပုဂ္ဂိုလ်မှာ အနိစ္စလက္ခဏာဉာဏ် ထက်သန်လေ့ရှိပါသည်။ သမာဓိန္ဒြေ လွန်ကဲသောပုဂ္ဂိုလ်မှာ ဒုက္ခလက္ခဏာဉာဏ် ထက်သန်လေ့ရှိပါသည်။ ပညိန္ဒြေ လွန်ကဲသောပုဂ္ဂိုလ်မှာ အနတ္တလက္ခဏာဉာဏ် ထက်သန်လေ့ရှိပါသည်။

(အနုပဿနာဉာဏ်သုံးပါးကို ပြဆိုချက်ပြီး၏။)

မေး။ ။ သာဓု-သာဓု-သာဓု။ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၌ အနုပဿနာဉာဏ်သုံးပါးဖြင့် မမြဲမှုထင်မြင်အောင် ရှုဆင်ခြင်ပုံ၊ ဆင်းရဲမှုထင်မြင်အောင် ရှုဆင်ခြင်ပုံ၊ အစိုးမရမှု ထင်မြင်အောင် ရှုဆင်ခြင်ပုံ အချက်များကို အကျယ်တဝင့် ဖွင့်ဆိုဖြေကြားသောကြောင့် သိရပေပြီ။ ထိုကဲ့သို့ ရှုဆင်ခြင်သော ယောဂီပုဂ္ဂိုလ်အား အဘယ်ကဲ့သို့သော အကျိုးထူးများ ဖြစ်ပေါ်လာပါသနည်း။

ဖြေ။ ။ အနုပဿနာဉာဏ်သုံးပါးဖြင့် မမြဲပုံသဘော၊ ဆင်းရဲပုံသဘော၊ အလိုမလိုက်ပုံသဘောကို ထင်မြင်အောင်

http://www.dhammadownload.com



ရှုဆင်ခြင်သောယောဂီပုဂ္ဂိုလ်အား ခန္ဓာငါးပါးတို့၌ အနှစ်သာရ မတွေ့ဘဲ ငြီးငွေ့ပျင်းမုန်းခြင်း ဖြစ်ပေါ်လာပါသည်။

မေး။ ။ အနှစ်သာရမတွေ့ဘဲ ငြီးငွေ့ပျင်းမုန်းလေသောအခါ အဘယ်သို့သော အကျိုးထူးများ ဖြစ်ပေါ်လာပါသနည်း။

ဖြေ။ ။ ငြီးငွေ့ပျင်းမုန်းသောအခါ ငါးပါးသော ခန္ဓာတို့၌ မတွယ်မတာဘဲ သာယာမှု ပြတ်ကင်းပါသည်။

မေး။ ။ သာယာမှု ပြတ်ကင်းသောအခါ အဘယ် အကျိုးထူးများ ဖြစ်ပေါ်လာပါသနည်း။

ဖြေ။ ။ သာယာမှု ပြတ်ကင်းသောအခါ ကိလေသာဝဋ်တွင်းမှ လွတ်ကင်းထွက်မြောက်ပါသည်။

မေး။ ။ ကိလေသာဝဋ်မှ ကျွတ်လွတ်သောအခါ အဘယ်အကျိုးများ ဖြစ်ပေါ်လာပါသနည်း။

ဖြေ။ ။ ကိလေသာဝဋ်တွင်းမှ လွတ်ကင်းထွက်မြောက်သောအခါ ဘဝအသစ် အဖြစ်မစဲ ထပ်တလဲလဲ ပဋိသန္ဓေနေရခြင်းတည်းဟူသော ဇာတိဝဋ်ပြတ်ငြိမ်း၍ ဒုက္ခဇာတ်ကြီး သိမ်းပါသည်။ ထိုအခါ ကျင့်သုံးဘွယ် ကိစ္စအလုံးစုံ အကုန်ပြီး ငြိမ်း၍သွားပါသည်။

(အနုပဿနာ ဉာဏ်သုံးပါး၏အကျိုးကို ပြဆိုချက်ပြီး၏။)

http://www.dhammadownload.com



## သီလဝိသုဒ္ဓိ

မေး ။ ။ အနိစ္စလက္ခဏာဉာဏ်၊ ဒုက္ခလက္ခဏာဉာဏ်၊ အနတ္တလက္ခဏာဉာဏ် သုံးပါးတို့၏ အကျိုးကို ပြဆိုသောကြောင့် သိရပေပြီ။ ဖြေကြားခဲ့သောအတိုင်း ခန္ဓာငါးပါးတို့၌ ငြီးငွေ့အောင်၊ သာယာခြင်း ပြတ်ကင်းအောင် ဝိပဿနာအလုပ် ထူထောင်ပုံနည်းများကို ကျင့်ရိုးကျင့်စဉ်အတိုင်း သိရှိရန် ကျမ်းဂန်တို့၌ပြဆိုသောအတိုင်း အချုပ်အားဖြင့်ဖော်ပြပါ။

ဖြေ ။ ။ ဝိပဿနာအလုပ် တည်ဆောက်ပုံ၊ ကျင့်လမ်းအစဉ်မှာ ဝိသုဒ္ဓိခုနစ်ပါးပင်ဖြစ်ပါသည်။

မေး ။ ။ ထိုဝိသုဒ္ဓိ ခုနစ်ပါးသရုပ်ကို ဖော်ထုတ်၍ပြပါ။

ဖြေ ။ ။ သီလဝိသုဒ္ဓိ၊ စိတ္တဝိသုဒ္ဓိ၊ ဒိဋ္ဌိဝိသုဒ္ဓိ၊ ကင်္ခါဝိတရဏဝိသုဒ္ဓိ၊ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ၊ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ၊ လောကုတ္တရာဉာဏဒဿနဝိသုဒ္ဓိ၊ ဤသည်ကား ဝိသုဒ္ဓိခုနစ်ပါး ဖြစ်ပါသည်။

မေး ။ ။ ထိုခုနစ်ပါးတို့တွင် သီလဝိသုဒ္ဓိ၏ သဘောကို အချုပ်အားဖြင့် ဖော်ပြပါ။

ဖြေ ။ ။ အကျင့်၊ သီလ၊ စင်ကြယ်မှုကို သီလဝိသုဒ္ဓိ ခေါ်ပါသည်။ ရဟန်းဖြစ်လျှင် စတုပါရိသုဒ္ဓိသီလကြီးလေးပါးကို စင်ကြယ်အောင် ကျင့်ဆောင်ရပါသည်။ လူဖြစ်လျှင် ငါးပါးသီလ၊ ရှစ်ပါးသီလ၊ ဆယ်ပါးသီလများကို စင်ကြယ်အောင်

http://www.dhammadownload.com



ကျင့်ဆောင်ရပါသည်။ သီလဝိသုဒ္ဓိဂုဏ်နှင့် ပြည့်စုံပါမှ အထက်စခန်းများသို့ တက်လှမ်းနိုင်ပါသည်။ သမာဓိအခြေခံ၊ ပညာအခြေခံဖြစ်သော သီလမျိုးကို အဓိသီလခေါ်ပါသည်။

(သီလဝိသုဒ္ဓိပြီး၏။)

## စိတ္တဝိသုဒ္ဓိ

**မေး။** ။ အဘယ်သဘောမျိုးကို စိတ္တဝိသုဒ္ဓိ ခေါ်ပါသနည်း။

**ဖြေ။** ။ နီဝရဏ အညစ်အကြေးတို့မှ ကင်းဝေးစင်ကြယ်၍ သမာဓိမဏ္ဍိုင် ခံ့ခိုင်တည်ကြည်သော စိတ်မျိုးကို စိတ္တဝိသုဒ္ဓိ ခေါ်ပါသည်။ အချုပ်အားဖြင့် ဖြေဆိုရပါလျှင် အပ္ပနာစျာန်စိတ်အပေါင်းကို စိတ္တဝိသုဒ္ဓိခေါ်ပါသည်။ ထို စိတ္တဝိသုဒ္ဓိကိုပင်လျှင် အဓိစိတ္တခေါ်ပါသည်။

**မေး။** ။ စိတ္တဝိသုဒ္ဓိစခန်းကို ထူထောင်ရန် အဘယ်တရားကိုပွားများရပါသနည်း။

**ဖြေ။** ။ သမာဓိတရားကို တစ်ဆင့်ထက် တစ်ဆင့် ကြီးရင့်ထက်သန်အောင် ပွားများရပါသည်။

**မေး။** ။ ထိုသမာဓိကို ပွားများကြောင်းဖြစ်သော ကမ္မဋ္ဌာန်း အာရုံတို့သည် အဘယ်မျှအပြားရှိပါသနည်း။

http://www.dhammadownload.com



ဖြေ။ ။ သမာဓိ၏ အာရုံဖြစ်သော သမထကမ္မဋ္ဌာန်းသည် အပြားအားဖြင့် လေးဆယ်ရှိပါသည်။

မေး။ ။ ထိုသမထကမ္မဋ္ဌာန်း လေးဆယ်တို့၏သရုပ်ကို အချုပ်အားဖြင့်ဖော်ပြပါ။

ဖြေ။ ။ ကသိုဏ်းဆယ်ပါး၊ အသုဘဆယ်ပါး၊ အနုဿတိဆယ်ပါး၊ ဗြဟ္မစိုရ်တရားလေးပါး၊ အာဟာရေပဋိကူလသညာ တစ်ပါး၊ စတုဓာတုဝဝတ္ထာန်တစ်ပါး၊ အရူပကမ္မဋ္ဌာန်းလေးပါး။ ဤသို့အားဖြင့် သမထကမ္မဋ္ဌာန်းလေးဆယ်ဖြစ်ပါသည်။

မေး။ ။ ထိုလေးဆယ်တို့တွင် ကသိုဏ်းဆယ်ပါးကိုသဘောအဓိပ္ပာယ်နှင့်တကွ သိလွယ်အောင်ဖော်ပြပါ။

ဖြေ။ ။ ပထဝီ-မြေကသိုဏ်း၊ အာပေါ- ရေကသိုဏ်း၊ တေဇော-မီးကသိုဏ်း၊ ဝါယော-လေကသိုဏ်း၊ နီလ-ညိုသောကသိုဏ်း၊ ပီတ-ရွှေသောကသိုဏ်း၊ လောဟိတ-နီသောကသိုဏ်း၊ ဩဒါတ-ဖြူသောကသိုဏ်း၊ အာကာသ-အပေါက်ဟင်းလင်းကသိုဏ်း၊ အာလောက-အလင်းရောင်ကသိုဏ်း။ ဤသည်ကား ကသိုဏ်းဆယ်ပါးဖြစ်ပါသည်။

**ဆောင်ပုဒ်**

**မြေ၊ ရေ မီး၊ လေ၊ ညို၊ ရွှေ နီ၊ ဖြူ၊ ပေါက်၊ လင်းဟူ၊ ဆယ်ဆူ ကသိဏ။**

http://www.dhammadownload.com



မေး ။ ။ အသုဘဆယ်ပါးကို အဓိပ္ပာယ်နှင့်တကွ ဖော်ပြပါ။

ဖြေ ။ ။ ဥဒ္ဓုမာတက- ဖူးဖူးရောင်သော အကောင်၊ ဝိနီလက- ညိုမည်း၍နေသောအကောင်၊ ဝိပုဗ္ဗက- ပြည်လိမ်းကျံ၍နေသောအကောင်၊ ဝိစ္ဆိဒ္ဒက- အပိုင်းအပိုင်း ဖြတ်၍ထားအပ်သောအကောင်၊ ဝိက္ခာယိတက- ခွေး၊ ကျီး၊ လင်းတတို့ ကိုက်ခဲအပ်သောအကောင်၊ ဝိက္ခိတ္တက- ဖရိုဖရဲ ပစ်၍ထားအပ်သောအကောင်၊ ဟတဝိက္ခိတ္တက- သတ်ဖြတ်၍ ပစ်ထားအပ်သောအကောင်၊ လောဟိတက- သွေးပွက်ပွက်ယိုစီး၍ နေသောအကောင်၊ ပုဠုဝက- တရွရွနှင့် ပိုးလောက်ကျ၍ နေသောအကောင်၊ အဋ္ဌိက- အရိုးကောင်။ ဤသည်ကား အသုဘကမ္မဋ္ဌာန်း ဆယ်ပါးဖြစ်ပါသည်။

မေး ။ ။ အနုဿတိဆယ်ပါးကို အဓိပ္ပာယ်နှင့်တကွ ဖော်ပြပါ။

ဖြေ ။ ။ ဗုဒ္ဓါနုဿတိ- ဘုရားဂုဏ်ကို သတိစိုက်၍ ဆင်ခြင်ခြင်း၊ ဓမ္မာနုဿတိ- တရားဂုဏ်ကို သတိစိုက်၍ ဆင်ခြင်ခြင်း၊ သံဃာနုဿတိ- သံဃာ့ဂုဏ်ကို သတိစိုက်၍ ဆင်ခြင်ခြင်း၊ သီလာနုဿတိ- အကျင့်သီလဂုဏ်ကို သတိစိုက်၍ဆင်ခြင်ခြင်း၊ စာဂါနုဿတိ- အလှူဒါနဂုဏ်ကို သတိစိုက်၍ဆင်ခြင်ခြင်း၊ ဒေဝတာနုဿတိ၊ နတ်တို့၏ ကုသိုလ်

http://www.dhammadownload.com



ဂုဏ်နှင့် မိမိ၏ကုသိုလ်ဂုဏ်ကို နှိုင်းယှဉ်၍ ဆင်ခြင်ခြင်း၊ ဥပသမာနုဿတိ- ကိလေသာငြိမ်းပြီးသော ရဟန္တာပုဂ္ဂိုလ် အရှင်မြတ်ကြီးတို့၏ ငြိမ်းမှုဂုဏ်ကို အာရုံစူးစိုက်၍ဆင်ခြင် ခြင်း၊ မရဏာနုဿတိ- သေရမည့်အရေးကို မြော်တွေးစူးစိုက် ၍ ဆင်ခြင်ခြင်း၊ ကာယဂတာနုဿတိ- ဆံအစရှိသော ကိုယ် အစုကို သတိစိုက်၍ဆင်ခြင်ခြင်း၊ အာနာပါနာနုဿတိ- ထွက်သက် ဝင်သက်နှစ်ပါးကို သတိစိုက်၍ ဆင်ခြင်ခြင်း။ ဤ သည်ကား အနုဿတိဆယ်ပါးဖြစ်ပါသည်။

မေး။ ။ ဗြဟ္မစိုရ်တရားလေးပါးကို အဓိပ္ပာယ်နှင့်တကွ ဖော်ပြပါ။

ဖြေ။ ။ အလုံးစုံသော သတ္တဝါတို့၌ မိမိအသွင် ချစ်ခင် ခြင်းတည်းဟူသော မေတ္တာတစ်ပါး၊ ဆင်းရဲသော ဒုက္ခိတ သတ္တဝါတို့၌ ညှာတာသနားခြင်းဟူသော ကရုဏာတစ်ပါး၊ ချမ်းသာသော သုခိတသတ္တဝါတို့၌ ဝမ်းသာနှစ်မြို့ခြင်း ဟူ သော မုဒိတာတစ်ပါး၊ ဆင်းရဲသော သတ္တဝါ၊ ချမ်းသာသော သတ္တဝါအလုံးစုံတို့၌ မုန်းချစ်မပြု လျစ်လျူရှုသော ဥပေက္ခာ တစ်ပါး။ ဤသည်ကား ဗြဟ္မစိုရ်တရားလေးပါးဖြစ်ပါသည်။

မေး။ ။ အဘယ်သဘောမျိုးကို အာဟာရေပဋိကူလ သညာ ခေါ်ပါသနည်း။

ဖြေ။ ။ စားသောက်အပ်သော အစာအာဟာရတို့၌

http://www.dhammadownload.com



နှစ်သက်ဖွယ်မထင်ဘဲ စက်ဆုပ်ဖွယ်ဟု ဆင်ခြင်ခြင်းကို အာဟာရေပဋိကူလသညာ ခေါ်ပါသည်။

မေး။ ။ ဘယ်သဘောမျိုးကို စတုဓာတုဝဝတ္ထာန် ခေါ်ပါသနည်း။

ဖြေ။ ။ ပထဝီ- မြေဓာတ်၊ အာပေါ- ရေဓာတ်၊ တေဇော- မီးဓာတ်၊ ဝါယော- လေဓာတ်။ ဤဓာတ်ကြီး လေးပါးတို့၏သဘောကို အသီးအသီး ပိုင်းခြားဝေဖန်မှုကို စတုဓာတုဝဝတ္ထာန်ခေါ်ပါသည်။

မေး။ ။ အရူပကမ္မဋ္ဌာန်းလေးပါးကို ဖော်ပြပါ။

ဖြေ။ ။ အာကာသာနဉ္စာယတနတစ်ပါး၊ ဝိညာဏဉ္စာယတနတစ်ပါး၊ အကိဉ္စညာယတနတစ်ပါး၊ နေဝသညာနာသညာယတနတစ်ပါး။ ဤသည်ကား အရူပကမ္မဋ္ဌာန်းလေးပါးဖြစ်ပါသည်။ အလုံးစုံကိုပေါင်း၍ ရေတွက်သောအခါ သမထ ကမ္မဋ္ဌာန်းပေါင်း လေးဆယ်ဖြစ်ပါသည်။

မေး။ ။ ထိုကမ္မဋ္ဌာန်းလေးဆယ်တို့ကို ဆင်ခြင်သောအခါ အဘယ်သို့သောနိမိတ်များ ဖြစ်ပေါ်လာပါသနည်း။

ဖြေ။ ။ ပရိကမ္မနိမိတ်၊ ဥဂ္ဂဟနိမိတ်၊ ပဋိဘာဂနိမိတ်။ ဤနိမိတ်သုံးပါး ထင်လာပါသည်။

မေး။ ။ ထိုနိမိတ်သုံးပါးတို့၏ အဓိပ္ပာယ်ကို သိလွယ်ရုံ အကျဉ်းမျှဖြေဆိုပါ။

http://www.dhammadownload.com



ဖြေ။ ။ ကမ္မဋ္ဌာန်းကို စီးဖြန်းစအခါ၌ ထင်မြင်လာသောနိမိတ်မျိုးကို ပရိကမ္မနိမိတ် ခေါ်ပါသည်။ ကမ္မဋ္ဌာန်းစီးဖြန်းမှုကျင့်သားရ၍ ခိုင်ခိုင်မြဲမြဲ စိတ်၌စွဲထင်သော နိမိတ်အာရုံကို ဥဂ္ဂဟနိမိတ်ခေါ်ပါသည်။ ထို့နောက်တစ်ဖန် ရှုစားပြန်သည်ရှိသော် ထိုနိမိတ်အာရုံသည် တဖိတ်ဖိတ်ဝင်းပြောင်လျက် နေရောင်၊ လရောင်၊ ကြယ်တာရာရောင်တို့ကဲ့သို့ အံ့ဩစဖွယ်အဆန်းတကြယ် ဖြစ်၍လာပါသည်။ ထိုနိမိတ်အာရုံကို ပဋိဘာဂနိမိတ်ခေါ်ပါသည်။

မေး။ ။ နိမိတ်သုံးပါးကို ခွဲခြား၍သိရပေပြီ။ ထိုနိမိတ်သုံးပါးတို့၌ စူးစိုက်တည်တံ့သော သမာဓိအပြား ဘယ်နှစ်ပါးရှိပါသနည်း။

ဖြေ။ ။ ပရိကမ္မသမာဓိ၊ ဥပစာရသမာဓိ၊ အပ္ပနာသမာဓိအားဖြင့် သုံးပါးရှိပါသည်။

မေး။ ။ ထိုသမာဓိသုံးပါးတို့၏ အဓိပ္ပာယ်ကို သိလွယ်အောင် ဖော်ပြပါ။

ဖြေ။ ။ ပရိကမ္မနိမိတ်၊ ဥဂ္ဂဟနိမိတ်၊ ဤနိမိတ်နှစ်ပါးဖြစ်ပေါ်ခိုက်၌ စူးစိုက်တည်တံ့သော သမာဓိကို ပရိကမ္မသမာဓိခေါ်ပါသည်။ ပဋိဘာဂနိမိတ် ဖြစ်ပေါ်ခိုက်၌ စူးစိုက်တည်တံ့သော သမာဓိကို ဥပစာရသမာဓိခေါ်ပါသည်။ ဈာန်ဖြစ်ပေါ်သောအခါ ထိုဈာန်နှင့်ယှဉ်သော သမာဓိကို အပ္ပနာ

http://www.dhammadownload.com



သမာဓိခေါ်ပါသည်။

မေး။ ။ ပဋိဘာဂနိမိတ်ထင်၍ ဥပစာရသမာဓိ ဖြစ်ပေါ်သောအခါ ယောဂီပုဂ္ဂိုလ်၏သန္တာန်မှာ အဘယ်သို့သော အကျိုးထူးများ ဖြစ်ပေါ်လာပါသနည်း။

ဖြေ။ ။ ထိုအခါ ယောဂီပုဂ္ဂိုလ်၏ သန္တာန်မှာ နီဝရဏ အညစ်အကြေးကင်းကွာ၍ စိတ်ဓာတ်အလွန်စင်ကြယ်ပါသည်။ ထို့နောက်တစ်ဖန် ပွားများပြန်သည်ရှိသော် ပထမဈာန်တရား ဘွားခနဲ ပေါ်ပေါက်လာပါသည်။

**ဆောင်ပုဒ်**

(က) ပဋိဘာဂ၊ ထင်လာက၊ နီဝရဏကွာ။

(ခ) နီဝရဏ၊ ကွာတုံက၊ ဥပစာရလာ။

(ဂ) ထို့နောက်ဖန်ဖန်၊ ပွားတုံပြန်၊ ပ-ဈာန်အပ္ပနာ။

မေး။ ။ အဓိစိတ္တခေါ်သော သမာဓိဈာန်တရားများသည် အဘယ်မျှလောက် ခရီးပေါက်အောင် ပြီးမြောက်ကြီးပွားနိုင်ပါသနည်း။

ဖြေ။ ။ ပထမဈာန်က အစပြု၍ အဘိညာဉ်စခန်း ဝိဇ္ဇာလမ်းပေါက်အောင် ပြီးမြောက်ကြီးပွားနိုင်ပါသည်။

မေး။ ။ ဖြေကြားခဲ့သော စကားရပ်၌ ပါရှိသည့် အဘိညာဉ်သဘောကို သရုပ်အဓိပ္ပာယ်နှင့်တကွ သိလွယ်

http://www.dhammadownload.com



အောင် ဖော်ပြပါ။

ဖြေ။ ။ မိုးပျံမြေလျှိုး ရုပ်သွင်သဏ္ဌာန်အမျိုးမျိုး တန်ခိုးအစုံ ဖန်ဆင်းနိုင်ခြင်းကို ဣဒ္ဓိဝိဓအဘိညာဉ် ခေါ်ပါသည်။ အဆင်းမျိုးစုံ မြင်နိုင်ခြင်းကို ဒိဗ္ဗစက္ခုအဘိညာဉ် ခေါ်ပါသည်။ အသံမျိုးစုံ ကြားနိုင်ခြင်းကို ဒိဗ္ဗသောတအဘိညာဉ် ခေါ်ပါသည်။ သူတစ်ပါးတို့၏ စိတ်အကြံမျိုးစုံ သိနိုင်ခြင်းကို စေတောပရိယ အဘိညာဉ် ခေါ်ပါသည်။ ရှေး၌ဖြစ်ခဲ့ဖူးသော ဘဝအမျိုးစုံ သိနိုင်ခြင်းကို ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဉ် ခေါ်ပါသည်။ သတ္တဝါတို့၏ ကံအားလျော်စွာ ဖြစ်မှုအမျိုးစုံ သိနိုင်ခြင်းကို ယထာကမ္မူပဂ အဘိညာဉ်ခေါ်ပါသည်။ နောင်ဖြစ်လတ္တံ့အမျိုးစုံ သိနိုင်ခြင်းကို အနာဂတံသ အဘိညာဉ်ခေါ်ပါသည်။ ဤသည်ကား အဘိညာဉ်၏ သရုပ်အဓိပ္ပာယ်ကို ဖြေဆိုချက်ဖြစ်ပါသည်။

(စိတ္တဝိသုဒ္ဓိပြီး၏။)

## ဒိဋ္ဌိဝိသုဒ္ဓိ၊ ကင်္ခါဝိတရဏ ဝိသုဒ္ဓိ၊ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ

မေး။ ။ အဘယ်သဘောမျိုးကို ဒိဋ္ဌိဝိသုဒ္ဓိဆိုပါသနည်း။

ဖြေ။ ။ ပုဂ္ဂိုလ် သတ္တဝါ၊ ငါ၊ သူတစ်ပါး၊ ယောက်ျား၊

http://www.dhammadownload.com



မိန်းမ၊ အတ္တ၊ ဇီဝဟုဆိုအပ်သော အထင်အမြင်တို့၏စင်ကြယ် သန့်ရှင်းမှုကို ဒိဋ္ဌိဝိသုဒ္ဓိခေါ်ပါသည်။

မေး။ ။ အဘယ်သဘောမျိုးကို ကင်္ခါဝိတရဏ ဝိသုဒ္ဓိ ခေါ်ပါသနည်း။

ဖြေ။ ။ ရုပ်နာမ်ခန္ဓာတို့၏ အကြောင်းအကျိုး ဆက် စပ်၍ ပဋိစ္စသမုပ္ပါဒ် သဘောအတိုင်း ဖြစ်ပေါ်၍နေကြပုံများ ကို ထင်ရှားစွာသိမြင်သောအခါ ငါဖြစ်သည်။ သူဖြစ်သည်။ ယောကျ်ားဖြစ်သည်။ မိန်းမဖြစ်သည်။ ဤသို့ စကားအားဖြင့် ယုံမှားခြင်းအမျိုးမျိုး ပျောက်ကင်းစင်ကြယ်ပါသည်။ ထိုကဲ့သို့ ယုံမှားခြင်းအမျိုးမျိုး ပျောက်ကင်းစင်ကြယ်မှုကို ကင်္ခါဝိတရဏ ဝိသုဒ္ဓိ ခေါ်ပါသည်။

မေး။ ။ အဘယ်သဘောမျိုးကို မဂ္ဂါမဂ္ဂဉာဏဒဿန ဝိသုဒ္ဓိခေါ်ပါသနည်း။

ဖြေ။ ။ ဝိပဿနာဉာဏ် ဆယ်မျိုးတို့ဖြင့် ရုပ်နာမ်ခန္ဓာ တို့၏ မမြဲပုံ၊ ဆင်းရဲပုံ၊ အစိုးမပုံရများကို စုံလင်စွာ ရှုဆင်ခြင် ၍ မဂ်ဟုတ်သည် မဟုတ်သည် ခွဲခြားပြီးလျှင် ဉာဏ်အမြင် စင်ကြယ်မှုကို မဂ္ဂါမဂ္ဂဉာဏဒဿန ဝိသုဒ္ဓိခေါ်ပါသည်။

မေး။ ။ ဖြေကြားအပ်သောစကားတွင် ပါရှိသည့် ဝိပဿနာဉာဏ်ဆယ်ပါးကို သရုပ်အဓိပ္ပာယ်နှင့်တကွ သိလွယ် အောင်ဖော်ပြပါ။

http://www.dhammadownload.com



ဖြေ။ ။ (၁) ရုပ်နာမ်တရားတို့ကို ခန္ဓာ၊ အာယတန စသည်ဖြင့်ဖွဲ့စည်းကာ လက္ခဏာရေးသုံးပါးသို့တင်၍ အကြမ်းအားဖြင့် ရှုစားဆင်ခြင်သောဉာဏ်သည် သမ္မသနဉာဏ်မည်၏။

**ဆောင်ပုဒ်**

ခန္ဓာဒိနည်း၊ ဖွဲ့စည်းပြီးကာ၊ သုံးဖြာလက္ခဏ၊ သုံးသပ်ရ၊ သမ္မသနဉာဏ်။

(၂) ထိုရုပ်နာမ်ခန္ဓာတို့၏ အဖြစ်အပျက်နှစ်ပါးစုံကို ရှုဆင်ခြင်သောဉာဏ်သည် ဥဒယဗ္ဗယဉာဏ်မည်၏။

**ဆောင်ပုဒ်**

ဖြစ်ပွား ပျက်မှု၊ အစုံရှု ဥဒယဗ္ဗယဉာဏ်။

(၃) ဖြစ်မှုကိုလွှတ်၍ ပျက်မှုသက်သက်ကိုသာ ရှုသောဉာဏ်သည် ဘင်ဉာဏ်မည်၏။

**ဆောင်ပုဒ်**

အပျက်ကိုသာ၊ ရှုတုံပါ၊ သညာ-ဘင်ဉာဏ်။

(၄) ပျက်မှုတွေမြင်သဖြင့် ရုပ်၊ နာမ်၊ ခန္ဓာတို့၌ ကြောက်ဖွယ်ဘေးကြီး ထင်လာသောဉာဏ်သည် ဘယဉာဏ်မည်၏။

http://www.dhammadownload.com



**ဆောင်ပုဒ်**

အပျက်မြင်က၊ ဘယမစွ၊ ပျက်မှုခပင်း၊ ဘေးသေမင်းဟု ကြောက်ခင်းထွေထွေ၊ ရှုတုံပေ၊ မှတ်လေ ဘယဉာဏ်။

(၅) ရုပ်နာမ်ခန္ဓာမျိုး၌ ခိုကိုးဘွယ်မရှိ အပြစ်အတိသာဟု ထင်မြင်သောဉာဏ်သည် အာဒီနဝဉာဏ် မည်၏။

**ဆောင်ပုဒ်**

ကြောက်ဘွယ်ခပင်း၊ မြင်တုံလျှင်းက၊ ဘေးဘယမျိုး ရုပ်နာမ်ဆိုး၌၊ ကိုးရာမရှိ၊ ခက်မှန်းသိ၊ အာဒိနဝဉာဏ်။

(၆) အပြစ်ကိုထင်ရှားစွာမြင်သဖြင့် ရုပ်နာမ်ခန္ဓာတို့၌ လွန်စွာငြီးငွေ့သောဉာဏ်သည် နိဗ္ဗိန္ဒဉာဏ်မည်၏။

**ဆောင်ပုဒ်**

ကိုးရာမထင်၊ ခက်ပုံမြင်က၊ မရွှင်မလန်း၊ စိတ်ကုန်ခန်း၍ မချမ်းမမြေ့၊ ငြီးငွေ့သောထွေ၊ စိတ်အနေ၊ မှတ်လေ နိဗ္ဗိန္ဒ။

(၇) ငြီးငွေ့လှသဖြင့် အမြန်ထွက်ရအောင် လိုလားသောဉာဏ်သည် မုစ္စိတုကမျတာဉာဏ်မည်၏။

**ဆောင်ပုဒ်**

ငြီးငွေ့အားသန်၊ စိတ်ပူပန်က၊ လျင်မြန်တစိ၊ လွတ်လိုဘိ မုစ္စိတုကမျတာဉာဏ်။

http://www.dhammadownload.com



(၈) ထွက်မြောက်လိုလှသဖြင့် ရှေးကထက် တိုး၍ အားတိုက်ကြိုးစားကာ ရှုဆင်ခြင်သောဉာဏ်သည် ပဋိသင်္ခါဉာဏ်မည်၏။

**ဆောင်ပုဒ်**

လွတ်လိုလှ၍၊ လွတ်ရတဲ့ဂှာ၊ ဘာဝနာလေးဆယ်၊ **အကျယ် ဖြန့်ခိုး၊ အားတိုက်ဘိ၊ ပဋိသင်္ခါဉာဏ်။**

(၉) ရုပ်နာမ်ခန္ဓာတို့၌ မုန်းချစ်မပြု လျစ်လျူရှုနိုင်သောဉာဏ်သည် သင်္ခါရုပေက္ခာဉာဏ်မည်၏။

**ဆောင်ပုဒ်**

အားတိုက်ရှု၍၊ လွတ်မှုလွတ်ရန်၊ အမြင်သန်က၊ ရုပ်နာမ်ဓမ္မ၊ သင်္ခါရဝယ်၊ မတွယ်သမှု၊ လျစ်လျူရှု၊ သင်္ခါရုပေက္ခာဉာဏ်။

(၁၀) မဂ်ဉာဏ်ဖြစ်ပေါ်အောင် သင့်လျော်စွာရင့်သန်၍ နေသောဉာဏ်သည် အနုလောမဉာဏ်မည်၏။

**ဆောင်ပုဒ်**

မဂ်ရောက်လိုသော်၊ အဆော်အနှုး၊ မဂ်လေးဦးအား၊ အထူးလျော်မှု၊ ကျေးဇူးပြု၊ အနုလောမဉာဏ်။

http://www.dhammadownload.com



ဤသည်ကား။ ဝိပဿနာဉာဏ် ဆယ်ပါးကို သရုပ်အစိပ္ပယ်နှင့်တကွ အကျယ်ဖြေဆိုချက်ဖြစ်ပါသည်။

မေး။ ။ ဝိပဿနာဉာဏ်ဆယ်ပါး ရင့်သန်လာသောအခါယောဂီပုဂ္ဂိုလ်၏သန္တာန်မှာ အဘယ်ကဲ့သို့သော အန္တရာယ်များ ဖြစ်ပေါ်လာတတ်ပါသနည်း။

ဖြေ။ ။ ထိုအခါ ယောဂီပုဂ္ဂိုလ်၏ သန္တာန်မှာ ကိုယ်ရောင်ကိုယ်ဝါ ထွက်ပေါ်၍လာခြင်း၊ အနှစ်သိမ့်ကြီးနှစ်သိမ့်ခြင်း၊ အငြိမ်းကြီးငြိမ်းချမ်းခြင်း အစရှိသော အန္တရာယ်ဆယ်ပါးဖြစ်ပေါ်လာတတ်ပါသည်။

မေး။ ။ ထိုအန္တရာယ်ဆယ်ပါး ဖြစ်ပေါ်လာသောအခါယောဂီပုဂ္ဂိုလ်၏စိတ်တွင် အဘယ်ကဲ့သို့ ထင်မြင်လာတတ်ပါသနည်း။

ဖြေ။ ။ ကိုယ်ရောင်ကိုယ်ဝါထွက်ခြင်းမှစ၍ အန္တရာယ်ဆယ်ပါးဖြစ်ပေါ်လာသောအခါ ယောဂီပုဂ္ဂိုလ်သည် မဂ်ကိုမရသေးပါဘဲလျက် ငါသည် မဂ်ကိုရပြီဟု မှားယွင်းသောအထင်အမြင်များ ဖြစ်ပေါ်၍လာတတ်ပါသည်။

မေး။ ။ ထိုသို့ထင်မြင်သောအခါ အဘယ်ဉာဏ်ဖြင့်ရှင်းလင်းရပါသနည်း။

ဖြေ။ ။ မဂ်ဟုတ်သည် မဟုတ်သည် အတည်တကျဆုံးဖြတ်နိုင်သော ဝိပဿနာဉာဏ်ဖြင့် အဖန်ဖန်ဆင်ခြင်၍

http://www.dhammadownload.com



ရှင်းလင်းရပါသည်။ ထိုဉာဏ်ကိုပင် မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ ခေါ်ပါသည်။

**ဆောင်ပုဒ်**

(က) ဥဒယဉာဏ်၊ ရင့်သန်တုံလတ်၊ ဖြစ်လာတတ်၊ ဆယ်ရပ်အန္တရာယ်။

(ခ) ထိုဆယ်ချက်တွင်၊ မဂ်အထင်ကို၊ ပယ်ထွင်ရှင်းကာ၊ အလင်းသာ၊ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ။

(မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိပြီး၏။)

## ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ

မေး။ ။ အဘယ်ကဲ့သို့သော ဉာဏ်မျိုးကို ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိဟု ခေါ်ပါသနည်း။

ဖြေ။ ။ မဂ်ဟုတ်သည် မဟုတ်သည်ကို ဆုံးဖြတ်ပြီးနောက် ဥဒယဗ္ဗယဉာဏ်ကစ၍ ဝိပဿနာဉာဏ်ကိုးပါးတို့ဖြင့် တစ်ဖန်ကြိုးစား၍ ဆင်ခြင်သောဉာဏ်ကို ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိခေါ်ပါသည်။

**ဆောင်ပုဒ်**

ဥဒယဉာဏ်၊ တစ်ဖန်ပျိုးကာ၊ ကိုးဖြာဉာဏ်စဉ်၊ စခန်းထွင်၍၊ အမြင်လင်းဘိ၊ ထိုထွင်းသိ၊ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ။

http://www.dhammadownload.com



## လောကုတ္တရာဉာဏဒဿနဝိသုဒ္ဓိ

မေး။ ။ အဘယ်ကဲ့သို့သောဉာဏ်မျိုးကို လောကုတ္တရာ ဉာဏဒဿနဝိသုဒ္ဓိ ခေါ်ပါသနည်း။

ဖြေ။ ။ ဝိပဿနာဉာဏ် ဆယ်ပါးဖြင့် ရှုစားဆင်ခြင်၍ ဉာဏ်အမြင် စူးရှထက်သန်လာသောအခါ ရှေးဦးစွာသောတာပတ္တိမဂ်ဉာဏ် ပေါ်ပေါက်လာပါသည်။ ထိုသောတာပတ္တိမဂ်မှစ၍ လောကုတ္တရာစိတ်ရှစ်ပါးတို့၌ အစဉ်အတိုင်း ဖြစ်ပွားပါရှိသောဉာဏ်ကို လောကုတ္တရာဉာဏဒဿန ဝိသုဒ္ဓိခေါ်ပါသည်။

(ဝိသုဒ္ဓိခုနစ်ပါးပြီး၏။)

## အရိယာပုဂ္ဂိုလ်လေးပါး

မေး။ ။ သောတာပန်ပုဂ္ဂိုလ် ဖြစ်သောအခါ အဘယ်ကိလေသာကိုပယ်၍ အဘယ်သံသရာမှ ထွက်မြောက်နိုင်ပါသနည်း။

ဖြေ။ ။ သောတာပန်ပုဂ္ဂိုလ်ဖြစ်သောအခါ ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာကိုပယ်၍ ဒုဂ္ဂတိသံသရာမှ ထွက်မြောက်နိုင်ပါသည်။

မေး။ ။ သကဒါဂါမိပုဂ္ဂိုလ် ဖြစ်သောအခါ အဘယ်ကိလေသာကိုပယ်၍ အဘယ်သံသရာမှ ထွက်မြောက်နိုင်ပါ

http://www.dhammadownload.com



သနည်း။

ဖြေ။ ။ သကဒါဂါမိပုဂ္ဂိုလ်ဖြစ်သောအခါ ကာမတဏှာနှင့်ဒေါသကို ခေါင်းပါးရုံမျှပယ်ရှား၍ ဒုဂ္ဂတိသံသရာမှ ထွက်မြောက်နိုင်ပါသည်။

မေး။ ။ အနာဂါမိပုဂ္ဂိုလ် ဖြစ်သောအခါ အဘယ်ကိလေသာကိုပယ်၍ အဘယ်သံသရာမှ ထွက်မြောက်နိုင်ပါသနည်း။

ဖြေ။ ။ အနာဂါမိပုဂ္ဂိုလ်ဖြစ်သောအခါ ကာမတဏှာနှင့် ဒေါသကို အလုံးစုံပယ်ရှားပြီးလျှင် ကာမဆယ့်တစ်ဘုံတည်းဟူသော ကာမသံသရာကြီးမှ ထွက်မြောက်နိုင်ပါသည်။

မေး။ ။ ရဟန္တာပုဂ္ဂိုလ် အဖြစ်သို့ ရောက်သောအခါ အဘယ်ကိလေသာကိုပယ်၍ အဘယ်သံသရာမှ ထွက်မြောက်နိုင်ပါသနည်း။

ဖြေ။ ။ ရဟန္တာပုဂ္ဂိုလ် အဖြစ်သို့ ရောက်သောအခါ ကိလေသာအလုံးစုံကို အကုန်ပယ်ရှားပြီးလျှင် ဘုံသုံးပါးတည်းဟူသောဒုက္ခဝဋ်မှ ကျွတ်လွတ်ထွက်မြောက်၍ နိဗ္ဗာန်သို့ဆိုက်ရောက်ပါတော့သည်။

(အရိယာပုဂ္ဂိုလ်လေးပါးသဘောပြီး၏။)

http://www.dhammadownload.com



## ဓမ္မစကြာနှင့် အနတ္တလက္ခဏအထူး

မေး။ ။ သာဓု-သာဓု-သာဓု။ ဝိပဿနာဉာဏ်ကို ထူထောင်၍ ကျန်းဂန်မှလာသောနည်းအတိုင်း သီလဝိသုဒ္ဓိမှစ၍ လောကုတ္တရာမဂ်ဉာဏ် ပေါ်ပေါက်လာသည့်တိုင်အောင် အစဉ်အတိုင်း အကျယ်တဝင့် ဖွင့်ပြဖြေဆိုသောကြောင့် သိရပေပြီ။ ထို ဝိပဿနာနည်းလမ်းများသည် အနတ္တလက္ခဏာသုတ်တွင် ပါဝင်ပါသလော။

ဖြေ။ ။ ရှင်တော်ဘုရားသည် သောတာပန်တည်ပြီးသော ပဉ္စဝဂ္ဂီရဟန်းတို့အား အကျဉ်းအားဖြင့် ခန္ဓာငါးပါးတို့၌ အနတ္တ လက္ခဏာသုတ် နည်းအားဖြင့် အနိစ္စသဘော၊ ဒုက္ခသဘော၊ အနတ္တသဘောတို့ကို ဟောကြားတော်မူရာတွင် အကျယ်ဖွင့်၍ ဆင်ခြင်ပါလျှင် ထိုဝိပဿနာနည်းလမ်းများသည် အနတ္တလက္ခဏာသုတ္တန်၌ အကျုံးဝင်လျက်ရှိကြောင်း ကောင်းစွာထင်ရှားပါသည်။

မေး။ ။ အနတ္တလက္ခဏာသုတ္တန်ကို ဟောတော်မူသောအခါ ကြားနာကြကုန်သော ပဉ္စဝဂ္ဂီရဟန်းတို့သည် အဘယ်ကဲ့သို့သော အကျိုးထူးကို ရရှိကြပါသနည်း။

ဖြေ။ ။ ပဉ္စဝဂ္ဂီရဟန်းတို့သည် အနတ္တလက္ခဏာသုတ္တန်ကိုကြားရသောအခါ ကိလေသာကုန်ခန်း၍ ရဟန္တာအဖြစ်သို့ ရောက်ကြပါသည်။

http://www.dhammadownload.com



မေး။ ။ ဓမ္မစကြာသုတ်၌ ဟောတော်မူအပ်သော ဒေသနာ၊ အနတ္တလက္ခဏသုတ်၌ ဟောတော်မူအပ်သော ဒေသနာ။ ဤဒေသနာနှစ်ပါးသည် အဘယ်သို့ ထူးခြားပါသနည်း။

ဖြေ။ ။ ဓမ္မစကြာသုတ်၌ သစ္စာလေးပါးကို ပဓာန အချက်ထား၍ ဟောကြားတော်မူပါသည်။ အနတ္တလက္ခဏ သုတ်၌ ခန္ဓာငါးပါးကို မူတည်ပြီးလျှင် ထိုခန္ဓာငါးပါးတို့၏ အနတ္တဖြစ်ပုံ သဘောကို ပဓာနအချက်ထား၍ ဟောကြား တော်မူပါသည်။ ဤသည်ကား သုတ္တန်ဒေသနာ နှစ်ပါးတို့၏ ထူးခြားပုံအချက်ဖြစ်ပါသည်။

မေး။ ။ ယခုရှင်တော်မြတ်ဘုရား၏ သာသနာတော်၌ အနတ္တလက္ခဏသဘောကို ရှေးဦးစွာဟောသော သုတ္တန်ကား အဘယ်သုတ္တန်ဖြစ်ပါသနည်း။

ဖြေ။ ။ ဤအနတ္တလက္ခဏ သုတ္တန်သည်ပင်လျှင် ယခု ရှင်တော်ဘုရား၏ သာသနာတော်၌ အနတ္တလက္ခဏာ သဘောကို ရှေးဦးစွာဟောသော သုတ္တန်ထူး၊ သုတ္တန်မြတ်ကြီး ဖြစ်ပါသည်။

(အနတ္တလက္ခဏသုတ် အမေးအဖြေပြီး၏။)

http://www.dhammadownload.com



## အနုမောဒနာပွဲသိမ်း

သာဓု-သာဓု-သာဓု။ မကုဋ္ဌ-ကုဋ္ဌ၊ အတုလထွတ်ခေါင် ရွှေဘုန်းရောင်ဖြင့် သုံးဘောင်တိုက်တွင်း ပြောင်ပြောင်လင်း၍ မင်းမင်းတို့ ဥက္ကဋ္ဌမြတ်ထက်မြတ် ဖြစ်တော်မူသော ရှင်တော်ဘုရား၏ ဟောကြားထုတ်ပြန် အနတ္တလက္ခဏာသုတ္တန်ကို ဉာဏ်ပညာ ဖြန့်ကျင်းလျက် ရှင်းလင်းပုံသေ သိကြစေဟု အမေးအဖြေပွဲကြီးကို ဝှဲချီးကျင်းပခဲ့လေပြီ။ ခန္ဓာပရမတ် ရုပ်နာမ်ဓာတ်၌ အတ္တအစွဲ မြဲကြီးမြဲ၍ ငါပဲ သူပဲ အလွဲထင်ကာ သညာဖောက်ပြန် မှောက်မှားဉာဏ်ကို ပယ်လှန်ဖျက်ချိုး အညွန့်ကျိုးအောင် တန်ခိုးထက်မြက် အနတ္တဉာဏ်လက်နက်ဖြင့် အချက်ကျကျ ဖြိုဖျက်ကြရအောင် အနတ္တသမုတ် လက္ခဏာ ဤသုတ်ကို ရွှေနှုတ်တော်ရင့်ကျူး၍ အထူးဟောတော်မူသည် အားလျော်စွာ ကြည်ညိုသောစိတ်သဒ္ဓါ မြတ်နိုးသောအာသာဖြင့် များကလျာသူတော်ကောင်းတို့ စုပေါင်းရွတ်ဆိုတော်မူကြပါကုန်လော။

(အနုမောဒနာပွဲသိမ်းပြီး၏။)

http://www.dhammadownload.com



## နိဂုံး

(က) ပုဂ္ဂိုလ်အကြိုက်၊ လိုမလိုက်၊ စရိုက်စာတ်အခြေ။

(ခ) အကာအတိ၊ နှစ်မရှိ ဖြစ်ဘိဓာတ်မျိုးတွေ။

(ဂ) ငါလဲမဟုတ်၊ သူမဟုတ်၊ သမုတ်ဝေါဟာရေ။

(ဃ) ဇီဝနတ္ထိ၊ သက်မရှိ ဓာတ်သိအောင်သာမွေ့။

(င) ပြုနိုင်-လုပ်နိုင်၊ ခံစားနိုင်၊ အပိုင်မရှိချေ။

(စ) ပြင်ဗဟိဒ္ဓ၊ ဓာတ်ပရ နတ္တသဘောတွေ။

(ဆ) သိဖို့ဉာဏ်ချဲ့၊ ရေးသားခဲ့၊ တကယ့်အချက်တွေ။

(ဇ) လယ်တီအစ၊ ပဏ္ဍိတ၊ နာမ သညာပေ။

(ဈ) တစ်၊ နှစ်၊ ရှစ်၊ ရှစ်၊ သက္ကရာဇ်၊ ဖွင့်လှစ် ဉာဏ်ကွန့်ခြေ။

(ည) ဝါခေါင်မာသ၊ ဆန်းပက္ခ၊ ဒိန ဒသမေ။

(ဋ) ကြာသပတေး၊ ပြီးအောင်ရေး၊ ရှုပ်ထွေးမရှိချေ။

(ဌ) ဓမ္မဒါန၊ ကုသလ၊ ပုည မကိုင်ရှိပေ။

(ဍ) ဤသည့်ကုသိုလ်၊ တောင်းဆုဆို၊ အလိုစိတ် အနေ။

(ဎ) အနတ္တဉာဏ်၊ ပွင့်လင်းရန်၊ ရင့်သန်ကြပါစေ။

(ဏ) လိုရင်းအချက်၊ တရားနက်၊ ဉာဏ်စက်တမွေ့မွေ့။

(တ) များသတ္တဝါ၊ ဘေးရန်ကွာ၊ ချမ်းသာကြပါစေ။

(ထ) မေတ္တာဓာတ်မင်း၊ တသင်းသင်း၊ ချင်းချင်းချစ် ကြစေ။

F.17

(၁) သာသနာရောင်၊ ပြောင်ထက်ပြောင်၊ နောက်နောင်ရှည်လျားစေ။

( နိဂုံးပြီး၏။)

## အနတ္တလက္ခဏသုတ်ပါဠိတော်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

(၁) ဧဝံ မေ သုတံ၊ ဧကံ သမယံ ဘဂဝါ ဗာရာဏသီယံ ဝိဟရတိ၊ ဣသိပတနေ မိဂဒါယေ။ တတြ ခေါ ဘဂဝါ ပဉ္စ ဝဂ္ဂိယေ ဘိက္ခူ အာမန္တေသိ ဘိက္ခဝေါ တိ။ ဘဒ္ဒန္တေတိ တေ ဘိက္ခူ ဘဂဝတော ပစ္စဿောသုံ။ ဘဂဝါ ဧတဒဝေါစ။

(၂) ရူပံ ဘိက္ခဝေ အနတ္တာ၊ ရူပဉ္စ ဟိဒံ ဘိက္ခဝေ အတ္တာ အဘဝိဿ၊ န ယိဒံ ရူပံ အာဗာဓာယ သံဝတ္တေယျ။ လဗ္ဘေထ စ ရူပေ "ဧဝံ မေ ရူပံ ဟောတု၊ ဧဝံ မေ ရူပံ မာ အဟောသီ" တိ။ ယသ္မာ စ ခေါ ဘိက္ခဝေ ရူပံ အနတ္တာ၊ တသ္မာ ရူပံ အာဗာဓာယ သံဝတ္တတိ။ န စ လဗ္ဘတိ ရူပေ "ဧဝံ မေ ရူပံ ဟောတု၊ ဧဝံ မေ ရူပံ မာ အဟောသီ" တိ။

(၃) ဝေဒနာ အနတ္တာ၊ ဝေဒနာစ ဟိဒံ ဘိက္ခဝေ အတ္တာ အဘဝိဿ၊ န ယိဒံ ဝေဒနာ အာဗာဓာယ

http://www.dhammadownload.com



သံဝတ္တေယျ။ လဗ္ဘေထစ ဝေဒနာယ "ဧဝံ မေ ဝေဒနာ ဟောတု၊ ဧဝံ မေ ဝေဒနာ မာ အဟောသီ" တိ။ ယသ္မာစ ခေါ ဘိက္ခဝေ ဝေဒနာ အနတ္တာ၊ တသ္မာ ဝေဒနာ အာဗာဓာယ သံဝတ္တတိ။ နစ လဗ္ဘတိ ဝေဒနာယ "ဧဝံ မေ ဝေဒနာ ဟောတု၊ ဧဝံ မေ ဝေဒနာ မာ အဟောသီ" တိ။

(၄) သညာ အနတ္တာ၊ သညာစ ဟိဒံ ဘိက္ခဝေ အတ္တာ အဘဝိဿ၊ န ယိဒံ သညာ အာဗာဓာယ သံဝတ္တေယျ။ လဗ္ဘေထစ သညာယ "ဧဝံ မေ သညာ ဟောတု၊ ဧဝံ မေ သညာ မာ အဟောသီ" တိ။ ယသ္မာစ ခေါ ဘိက္ခဝေ သညာ အနတ္တာ၊ တသ္မာ သညာ အာဗာဓာယ သံဝတ္တတိ။ နစ လဗ္ဘတိ သညာယ "ဧဝံ မေ သညာ ဟောတု၊ ဧဝံ မေ သညာ မာ အဟောသီ" တိ။

(၅) သင်္ခါရာ အနတ္တာ၊ သင်္ခါရာစ ဟိဒံ ဘိက္ခဝေ အတ္တာ အဘဝိဿံသု၊ န ယိမေ သင်္ခါရာ အာဗာဓာယ သံဝတ္တေယျုံ။ လဗ္ဘေထစ သင်္ခါရေသု "ဧဝံ မေ သင်္ခါရာ ဟောန္တု၊ ဧဝံ မေ သင်္ခါရာ မာ အဟေသုံ" တိ။ ယသ္မာစ ခေါ ဘိက္ခဝေ သင်္ခါရာ အနတ္တာ။ တသ္မာ သင်္ခါရာ အာဗာဓာယ သံဝတ္တန္တိ။ နစ လဗ္ဘတိ သင်္ခါရေသု "ဧဝံ မေ သင်္ခါရာ ဟောန္တု၊ ဧဝံ မေ သင်္ခါရာ မာ အဟေသု" န္တိ။

(၆) ဝိညာဏံ အနတ္တာ၊ ဝိညာဏဉ္စ ဟိဒံ ဘိက္ခဝေ

အတ္တာ အဘဝိဿ၊ န ယိဒံ ဝိညာဏံ အာဗာဓာယ သံဝတ္တေယျ။ လဗ္ဘေထစ ဝိညာဏေ "ဧဝံ မေ ဝိညာဏံ ဟောတု၊ ဧဝံ မေ ဝိညာဏံ မာ အဟောသီ" တိ။ ယသ္မာစ ခေါ ဘိက္ခဝေ ဝိညာဏံ အနတ္တာ။ တသ္မာ ဝိညာဏံ အာဗာဓာယ သံဝတ္တတိ။ နစ လဗ္ဘတိ ဝိညာဏေ "ဧဝံ မေ ဝိညာဏံ ဟောတု၊ ဧဝံ မေ ဝိညာဏံ မာ အဟောသီ"တိ။

(၇) တံ ကိံ မညထ ဘိက္ခဝေ ရူပံ နိစ္စံ ဝါ အနိစ္စံ ဝါ တိ။ အနိစ္စံ ဘန္တေ။ ယံပနာနိစ္စံ ဒုက္ခံ ဝါ တံ သုခံ ဝါ တိ။ ဒုက္ခံ ဘန္တေ။ ယံပနာနိစ္စံ ဒုက္ခံ ဝိပရိဏာမဓမ္မံ ကလ္လံနု တံ သမနု ပဿိတုံ"ဧတံ မမ၊ ဧသော ဟမသ္မိ၊ ဧသော မေ အတ္တာ" တိ။ နော ဟေတံ ဘန္တေ။

(၈) ဝေဒနာ။ လ။ သညာ၊ သင်္ခါရာ၊ ဝိညာဏံ နိစ္စံ ဝါ အနိစ္စံ ဝါ တိ။ အနိစ္စံ ဘန္တေ။ ယံပနာနိစ္စံ ဒုက္ခံ ဝါ တံ သုခံ ဝါတိ။ ဒုက္ခံ ဘန္တေ။ ယံပနာနိစ္စံ ဒုက္ခံ ဝိပရိဏာမဓမ္မံ ကလ္လံနု တံ သမနုပဿိတုံ ဧတံ မမ၊ ဧသော ဟမသ္မိ၊ ဧသော မေ အတ္တာတိ။ နော ဟေတံ ဘန္တေ။

(၉) တသ္မာ တိဟ ဘိက္ခဝေ ယံ ကိဉ္စိ ရူပံ အတီတာနာဂတပစ္စုပ္ပန္နံ၊ အဇ္ဈတ္တံ ဝါ ဗဟိဒ္ဓါ ဝါ၊ ဩဠာရိကံ ဝါ သုခုမံ ဝါ၊ ဟီနံ ဝါ ပဏီတံ ဝါ၊ ယံ ဒူရေ သန္တိကေ ဝါ၊ သဗ္ဗံ ရူပံ နေတံ မမ၊ နေသောဟမသ္မိ၊ န မေ သော

http://www.dhammadownload.com



အတ္တာ”တိ။ ဧဝ မေတံ ယထာဘူတံ သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ။

(၁၀) ယာကာစိ ဝေဒနာ၊ ယာကာစိ သညာ၊ ယေကေစိ သင်္ခါရာ၊ ယံကိဉ္စိ ဝိညာဏံ အတီတာနာဂတ ပစ္စုပ္ပန္နံ၊ အဇ္ဈတ္တံ ဝါ ဗဟိဒ္ဓါ ဝါ၊ ဩဠာရိကံ ဝါ သုခုမံ ဝါ၊ ဟီနံ ဝါ ပဏီတံ ဝါ၊ ယံ ဒူရေ သန္တိကေ ဝါ၊ သဗ္ဗံ ဝိညာဏံ “နေတံ မမ၊ နေသော ဟမသ္မိ၊ န မေသော အတ္တာ” တိ၊ ဧဝ မေတံ ယထာဘူတံ သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ။

(၁၁) ဧဝံ ပဿံ ဘိက္ခဝေ သုတဝါ အရိယ သာဝကော ရူပသ္မိံပိ နိဗ္ဗိန္ဒတိ၊ ဝေဒနာယပိ နိဗ္ဗိန္ဒတိ၊ သညာယပိ နိဗ္ဗိန္ဒတိ၊ သင်္ခါရေသုပိ နိဗ္ဗိန္ဒတိ၊ ဝိညာဏသ္မိံပိ နိဗ္ဗိန္ဒတိ။

(၁၂) နိဗ္ဗိန္ဒံ ဝိရဇ္ဇတိ၊ ဝိရာဂါ ဝိမုစ္စတိ၊ ဝိမုတ္တသ္မိံ ဝိမုတ္တမိတိ ညာဏံ ဟောတိ။ ခီဏာ ဇာတိ၊ ဝုသိတံ ဗြဟ္မစရိယံ၊ ကတံ ကရဏီယံ၊ နာပရံ ဣတ္ထတ္တာယာတိ ပဇာနာတီတိ။

(၁၃) ဣဒမဝေါစ ဘဂဝါ အတ္တမနာ ပဉ္စဝဂ္ဂိယာ ဘိက္ခူ ဘဂဝတော ဘာသိတံ အဘိနန္ဒုန္တိ။

(၁၄) ဣမသ္မိဉ္စ ပန ဝေယျာကရဏသ္မိံ ဘညမာနေ ပဉ္စဝဂ္ဂိယာနံ ဘိက္ခူနံ အနုပါဒါယ အာသဝေဟိ စိတ္တာနိ ဝိမုစ္စိံသူတိ။

အနတ္တလက္ခဏသုတ္တံ နိဋ္ဌိတံ။

http://www.dhammadownload.com



## အနုတ္တလက္ခဏာသုတ်နိဿယသစ်အကြောင်း

သက္ကရာဇ် ၁၂၅၆-ခုနှစ်အတွင်း မုံရွာမြို့ လယ်တီတိုက်ကြီး၌ ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီး သီတင်းသုံးနေတော်မူစဉ်အခါ အဘိဓမ္မာ အသင်းလူကြီး လေးကျိပ်ကျော်တို့က ဘုရားတပည့်တော်တို့သည် အနတ္တလက္ခဏာသုတ်ပါဠိတော်နှင့်တကွ အနတ္တလက္ခဏာသုတ် နိဿယကို ကျက်မှတ်လိုပါသည်။ အမှာအထားမပါဘဲ အမြန်နှုတ်တက်ဆောင်ထားရန် အဓိပ္ပာယ်ပေါ်ပေါ်နှင့် အနက်ချောချောကို ရေးပေးတော်မူပါ။ ဤကဲ့သို့ လျှောက်ထားတောင်းပန်ကြသောကြောင့် အနတ္တလက္ခဏာသုတ် နိဿယကို ကျေးဇူးရှင်လယ်တီဆရာတော်ဘုရားကြီး ရေးသားချီးမြှင့်တော်မူသည်။

အဘိဓမ္မာအသင်းလူကြီး လေးကျိပ်ကျော်တို့လည်း ထိုအနတ္တလက္ခဏာသုတ်နိဿယကို အရကျက်၍ နှုတ်တက်ဆောင်ထားကြသည်။ ထိုနိဿယကို ပျောက်ပျက်တိမ်ကောခြင်းမရှိစေရန် ဤ "အနတ္တလက္ခဏာသုတ် အမေးအဖြေ" စာအုပ်၌ ထည့်သွင်းရိုက်နှိပ်ထားပါသတည်း။

လယ်တီ ပဏ္ဍိတ

ဆရာဦးမောင်ကြီး

http://www.dhammadownload.com



# အနတ္တလက္ခဏသုတ် နိဿယသစ်

## နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

(၁) ဘန္တေ၊ အရှင်မဟာကဿပ ကိုယ်တော်မြတ်ကြီးဘုရား။ မေ၊ အကျွန်ုပ်အာနန္ဒာသည်။ ဧဝံ၊ ဤသို့လျှောက်ထားလတ္တံ့သောအတိုင်း။ ဘဂဝတော၊ ဘုန်းတော်ကြီးသောမြတ်စွာဘုရား၏ သမ္မုခါ၊ ဆည်းကပ်ခရောက် ထံတော်မှောက်မှ။ သုတံ၊ ကိုယ်တိုင်သုတ ကြားလိုက်ရပါသည်ဘုရား။ ဧကံသမယံ၊ တစ်ပါးသောအခါ၌၊ ဗာရာဏသိယံ၊ ဗာရာဏသီနေပြည်တော်ကြီး၏ အနီး၌။ ဣသိပတနေ၊ ရှေးခါခေတ် ဟောင်း ရသေ့သူမြတ်အပေါင်းတို့၏ သက်ဆင်းရာဖြစ်သော မိဂဒါယေ၊ သားသမင်အပေါင်းတို့ကို ဘေးမဲ့ပေး၍ မွေးရာဖြစ်သော မိဂဒါဝုန်တောကြီး၌။ ဝိဟရတိ၊ သီတင်းသုံး နေတော်မူ၏။

ဟတြခေါ၊ ထိုသို့ သီတင်းသုံးနေတော်မူသောအခါ၌။ ပဉ္စဝဂ္ဂိယေ၊ ကောဏ္ဍညအမှူး ငါးဦးအစုအဝေးရှိကုန်သော။ ဘိက္ခူ ရဟန်းတို့ကို။ ဘိက္ခဝေါတိ၊ အိုရဟန်းတို့ဟူ၍။ အာမန္တေသိ၊ ခေါ်တော်မူ၏။ တေဘိက္ခူ ထိုပဉ္စဝဂ္ဂီရဟန်းတို့သည်။ ဘဒ္ဒန္တေတိ၊ အရှင်ဘုရားဟူ၍၊ ဘဂဝတော၊ မြတ်စွာဘုရားအား။ ပစ္စဿောသုံ၊ လျှောက်ထားကြကုန်၏။

http://www.dhammadownload.com



ဘဂဝါ၊ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည်။ ဧတံ၊ ဤ အနတ္တလက္ခဏသုတ် စကားတော်ကို။ အဝေါစ၊ မိန့်မြွက် ဟောကြားတော်မူလေသတည်း။

(၂) ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။ ရူပံ၊ ရုပ်တရား အပေါင်းသည်။ အနတ္တာ၊ အစိုးမရ အလိုသို့မလိုက်သော အနတ္တ အမှန်ပင်တည်း။ ဘိက္ခဝေ၊ ချစ်သား ရဟန်းတို့။ ရူပဉ္စ၊ ရုပ်တရားအပေါင်းသည်။ ဟိ၊ ဧကန်စင်စစ်။ အတ္တာ၊ အလိုသို့လိုက်သော အတ္တသဘောရှိသည်။ အဘဝိဿ၊ ဖြစ် ပါမူကား။ ဣဒံရူပံ၊ ဤရုပ်တရားသည်။ အာဗာဓာယ၊ အလို သို့လိုက်ပါ၍ ကျင်နာခံခက် နှောင့်ယှက်ဖောက်ပြန်ခြင်းငှာ။ န သံဝတ္တေယျ၊ မဖြစ်လေရာ။ "မေ၊ ငါ၏။ ရူပံ၊ ရုပ်သည်။ ဧဝံ ဟောတု၊ ဤသို့ဖြစ်ပလေစေ။ ဧဝံ မာ အဟောသိ၊ ဤသို့ မဖြစ်စေလင့်"။ ဣတိ၊ ဤသို့ မိမိတို့ အလိုဆန္ဒ အတိုင်း။ ရူပေ၊ ရုပ်တရား၌။ လဗ္ဘေထ၊ အခွင့်ရနိုင်လေရာ၏။ ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။ ခေါ၊ စင်စစ်။ ယသ္မာစ၊ အကြင် သို့သော အကြောင်းကြောင့်လျှင်။ ရူပံ၊ ရုပ်တရားသည်။ အနတ္တာ၊ အလိုသို့မလိုက်သော အနတ္တသဘောရှိချေ၏။ တသ္မာ၊ ထို့ကြောင့်။ ရူပံ၊ ရုပ်တရားသည်။ အာဗာဓာယ၊ အလိုသို့မလိုက်ပါဘဲ ကျင်နာခံခက် နှောင့်ယှက်ဖောက်ပြန် ခြင်းငှာ။ သံဝတ္တတိ၊ ဖြစ်၏။ "မေ၊ ငါ၏။ ရူပံ၊ ရုပ်သည်။

http://www.dhammadownload.com



ဧဝံ ဟောတု၊ ဤသို့ဖြစ်ပလေစေ။ ဧဝံ မာ အဟောသိ၊ ဤသို့မဖြစ်စေလင့်”။ ဣတိ၊ ဤသို့ မိမိတို့အလိုဆန္ဒအတိုင်း။ ရူပေ၊ ရုပ်တရား၌။ နစလဗ္ဘတိ၊ အခွင့် မရနိုင်။

(၃) ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။ ဝေဒနာ၊ ခံစားမှုဝေဒနာအပေါင်းသည်။ အနတ္တာ၊ အစိုးမရ အလိုသို့မလိုက်သော အနတ္တအမှန်ပင်တည်း။ ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။ ဝေဒနာစ၊ ခံစားမှုဝေဒနာအပေါင်းသည်လည်း။ ဟိ၊ စကန်စင်စစ်။ အတ္တာ၊ အလိုသို့လိုက်သော အတ္တသဘောရှိသည်။ အဘဝိဿ၊ ဖြစ်ပါမူကား။ ဣဒံ-အယံဝေဒနာ၊ ဤဝေဒနာသည်။ အာဗာဓာယ၊ အလိုသို့လိုက်ပါ၍ ကျင်နာခံခက်နှောင့်ယှက်ဖောက်ပြန်ခြင်းငှာ၊ နသံဝတ္တေယျ၊ မဖြစ်လေရာ။ “မေ၊ ငါ၏။ ဝေဒနာ၊ ဝေဒနာ သည်။ ဧဝံ ဟောတု၊ ဤသို့ဖြစ်ပလေစေ။ ဧဝံ မာ အဟောသိ။ ဤသို့မဖြစ်စေလင့်”။ ဣတိ၊ ဤသို့ မိမိတို့အလိုဆန္ဒအတိုင်း။ ဝေဒနာယ၊ ဝေဒနာတရား၌။ လဗ္ဘေထ၊ အခွင့်ရနိုင်လေရာ၏။ ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။ ခေါ၊ စင်စစ်။ ယသ္မာစ၊ အကြင်သို့သော အကြောင်းကြောင့်လျှင်။ ဝေဒနာ၊ ဝေဒနာတရားသည်။ အနတ္တာ၊ အလိုသို့မလိုက်သော အနတ္တသဘောရှိချေ၏။ တသ္မာ၊ ထို့ကြောင့်။ ဝေဒနာ၊ ဝေဒနာတရားသည်။ အာဗာဓာယ၊ အလိုသို့မလိုက်ပါဘဲ ကျင်နာခံခက် နှောင့်ယှက်

http://www.dhammadownload.com



ဖောက်ပြန်ခြင်းငှာ။ သံဝတ္တတိ၊ ဖြစ်၏။ “မေ၊ ငါ၏။ ဝေဒနာ။ ဝေဒနာသည်။ ဧဝံဟောတု၊ ဤသို့ဖြစ်ပလေစေ။ ဧဝံ မာ အဟောသိ၊ ဤသို့မဖြစ်စေလင့်”။ ဣတိ၊ ဤသို့ မိမိတို့ အလိုဆန္ဒအတိုင်း၊ ဝေဒနာယ၊ ဝေဒနာတရား၌။ နစ လဗ္ဘတိ၊ အခွင့်မရနိုင်။

(၄) ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။ သညာ၊ မှတ်သားမှု သညာအပေါင်းသည်။ အနတ္တာ၊ အစိုးမရ အလိုသို့ မလိုက်သော အနတ္တအမှန်သာတည်း။ ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။ သညာစ၊ မှတ်သားမှုသညာအပေါင်းသည်။ ဟိ၊ ဧကန်စင်စစ်။ အတ္တာ၊ အလိုသို့လိုက်သော အတ္တသဘောရှိသည်။ အဘဝိဿ၊ ဖြစ်ပါမူကား။ ဣဒံ-အယံသညာ။ ဤသညာသည်။ အာဗာဓာယ၊ အလိုသို့လိုက်ပါ၍ ကျင်နာခံခက် နှောင့်ယှက်ဖောက်ပြန်ခြင်းငှာ။ နသံဝတ္တေယျ၊ မဖြစ်လေရာ။ “မေ၊ ငါ၏။ သညာ၊ သညာသည်။ ဧဝံ ဟောတု၊ ဤသို့ဖြစ်ပလေစေ။ ဧဝံ မာ အဟောသိ၊ ဤသို့မဖြစ်စေလင့်”။ ဣတိ၊ ဤသို့ မိမိတို့အလိုဆန္ဒအတိုင်း။ သညာယ၊ သညာတရား၌။ လဗ္ဘေထ၊ အခွင့်ရနိုင်လေရာ၏။ ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။ ခေါ၊ စင်စစ်၊ ယသ္မာစ၊ အကြင်သို့သော အကြောင်းကြောင့်လျှင်။ သညာ၊ သညာတရားသည်။ အနတ္တာ၊ အလိုသို့မလိုက်သော အနတ္တသဘောရှိချေ၏

http://www.dhammadownload.com



တသ္မာ၊ ထို့ကြောင့်။ သညာ။ သညာတရားသည်။ အာဗာဓာယ၊ အလိုသို့မလိုက်ပါဘဲ ကျင်နာခံခက် နှောင့်ယှက်ဖောက်ပြန်ခြင်းငှာ။ သံဝတ္တတိ၊ ဖြစ်၏။ "မေ၊ ငါ၏။ သညာ၊ သညာသည်။ ဧဝံ ဟောတု၊ ဤသို့ ဖြစ်ပလေစေ။ ဧဝံ မာ အဟောသိ၊ ဤသို့မဖြစ်စေလင့်"။ ဣတိ၊ ဤသို့ မိမိတို့ အလိုဆန္ဒအတိုင်း။ သညာယ၊ သညာတရား၌။ နစလဗ္ဘတိ၊ အခွင့်မရနိုင်။

(၅) ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။ သင်္ခါရာ၊ ပြုပြင်စီရင်မှု သင်္ခါရတရားအပေါင်းတို့သည်။ အနတ္တာ၊ အစိုးမရ အလိုသို့ မလိုက်သော အနတ္တအမှန်သာတည်း။ ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။ သင်္ခါရာ၊ ပြုပြင်စီရင်မှု သင်္ခါရအပေါင်းတို့သည်။ ဟိ၊ စေကန် စင်စစ်။ အတ္တာ၊ အလိုသို့လိုက်သော အတ္တသဘောရှိကုန်သည်။ အဘဝိဿံသု၊ ဖြစ်ပါကုန်မူကား။ ဣဒံ- ဣမေသင်္ခါရာ၊ ဤသင်္ခါရတို့သည်။ အာဗာဓာယ၊ အလိုသို့လိုက်ပါ၍ ကျင်နာခံခက် နှောင့်ယှက်ဖောက်ပြန်ခြင်းငှာ၊ နသံဝတ္တေယျုံ၊ မဖြစ်နိုင်ကုန်ရာ။ "မေ၊ ငါ၏။ သင်္ခါရာ၊ သင်္ခါရတို့သည်။ ဧဝံ ဟောန္တု၊ ဤသို့ဖြစ်ပလေစေကုန်။ ဧဝံ မာ အဟေသုံ၊ ဤသို့ မဖြစ်စေကုန်လင့်"။ ဣတိ၊ ဤသို့ မိမိတို့ အလိုဆန္ဒအတိုင်း။ သင်္ခါရေသု၊ သင်္ခါရတရားတို့၌။ လဗ္ဘေထ၊ အခွင့်ရနိုင်လေရာ၏။ ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။

http://www.dhammadownload.com



ခေါ၊ စင်စစ်။ ယသ္မာစ၊ အကြင်သို့သော အကြောင်းကြောင့် လျှင်။ သင်္ခါရာ၊ သင်္ခါရတရားတို့သည်။ အနတ္တာ၊ အလိုသို့ မလိုက်သော အနတ္တသဘောရှိချေ၏။ တသ္မာ၊ ထို့ကြောင့်။ သင်္ခါရာ၊ သင်္ခါရတရားတို့သည်။ အာဗာဓာယ၊ အလိုသို့ မလိုက်ပါဘဲ ကျင်နာခံခက် နှောင့်ယှက်ဖောက်ပြန်ခြင်းငှာ။ သံဝတ္တန္တိ၊ ဖြစ်ကုန်၏။ "မေ၊ ငါ၏။ သင်္ခါရာ၊ သင်္ခါရတို့သည်။ ဧဝံဟောန္တု၊ ဤသို့ဖြစ်ပလေစေကုန်။ ဧဝံ မာ အဟေသုံ၊ ဤသို့မဖြစ်စေကုန်လင့်"။ ဣတိ၊ ဤသို့ မိမိတို့အလိုဆန္ဒ အတိုင်း။ သင်္ခါရေသု၊ သင်္ခါရ တရားတို့၌။ နစလဗ္ဘတိ၊ အခွင့်မရနိုင်။

(၆) ဘိက္ခဝေ။ ချစ်သားရဟန်းတို့။ ဝိညာဏံ၊ သိမှု ဝိညာဉ်သည်။ အနတ္တာ၊ အစိုးမရ အလိုသို့မလိုက်သော အနတ္တ အမှန်သာတည်း။ ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။ ဝိညာဏဉ္စ၊ သိမှု ဝိညာဉ်အပေါင်းသည်။ ဟိ၊ စေကန်စင်စစ်။ အတ္တာ၊ အလိုသို့လိုက်သော အတ္တသဘောရှိသည်။ အဘဝိဿ၊ ဖြစ်ပါမူကား။ ဣဒံဝိညာဏံ၊ ဤဝိညာဉ်သည်။ အာဗာဓာယ၊ အလိုသို့လိုက်ပါ၍ ကျင်နာခံခက် နှောင့် ယှက်ဖောက်ပြန်ခြင်းငှာ။ နသံဝတ္တေယျ၊ မဖြစ်လေရာ။ "မေ၊ ငါ၏။ ဝိညာဏံ၊ ဝိညာဉ်သည်။ ဧဝံဟောတု၊ ဤသို့ဖြစ် ပလေစေ။ ဧဝံ မာ အဟောသိ၊ ဤသို့မဖြစ်စေလင့်"။ ဣတိ။

http://www.dhammadownload.com



ဤသို့ မိမိတို့အလိုဆန္ဒအတိုင်း။ ဝိညာဏေ၊ ဝိညာဉ်တရား အပေါင်း၌။ လဗ္ဘေထ၊ အခွင့်ရနိုင်လေရာ၏။ ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။ ခေါ၊ စင်စစ်။ ယသ္မာ၊ အကြင်သို့သော အကြောင်းကြောင့်လျှင်။ ဝိညာဏံ၊ ဝိညာဉ်တရားသည်။ အနတ္တာ၊ အလိုသို့မလိုက်သော အနတ္တသဘောရှိချေ၏။ တသ္မာ၊ ထို့ကြောင့်။ ဝိညာဏံ၊ ဝိညာဉ်တရားသည်။ အာဗာဓာယ၊ အလိုသို့မလိုက်ပါဘဲ ကျင်နာခံခက် နှောင့်ယှက်ဖောက်ပြန်ခြင်းငှာ။ သံဝတ္တတိ၊ ဖြစ်၏။ "မေ၊ ငါ၏။ ဝိညာဏံ၊ ဝိညာဉ်သည်။ ဧဝံ ဟောတု၊ ဤသို့ဖြစ်ပလေစေ။ ဧဝံ မာ အဟောသိ၊ ဤသို့မဖြစ်စေလင့်"။ ဣတိ၊ ဤသို့ မိမိတို့ အလိုဆန္ဒအတိုင်း။ ဝိညာဏေ၊ ဝိညာဉ်၌။ နစ လဗ္ဘတိ၊ အခွင့်မရနိုင်။

(၇) ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။ တံ၊ ထိုသို့ ငါဘုရား မေးတော်မူသောစကားကို။ ကိံမညထ၊ အဘယ်လို မှတ်ထင်ကြကုန်သနည်း။ ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။ ရူပံ၊ ရုပ်တရားသည်။ နိစ္စံဝါ၊ မြဲသလော။ အနိစ္စံဝါ၊ မမြဲသလော။ ဣတိ၊ ဤသို့မေးတော်မူသည်ရှိသော်။ ဘန္တေ၊ ဘုန်းတော်ကြီးသော မြတ်စွာဘုရား။ ရူပံ၊ ရုပ်တရားသည်။ အနိစ္စံ၊ မမြဲပါဘုရား။ ဣတိ၊ ဤသို့လျှောက်ထားကြကုန်၏။ ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။ ယံပန၊ အကြင်ရုပ်တရားသည်။ အနိစ္စံ၊

http://www.dhammadownload.com



မမြဲ။ တံ၊ ထိုသို့မမြဲသော ရုပ်တရားသည်။ ဒုက္ခံဝါ၊ ဆင်းရဲ သလော။ သုခံ ဝါ၊ ချမ်းသာသလော။ ဣတိ၊ ဤသို့မေးတော် မူသည်ရှိသော်။ ဘန္တေ၊ ဘုန်းတော်ကြီးသော မြတ်စွာဘုရား။ တံ၊ ထိုမမြဲသော ရုပ်တရားသည်။ ဒုက္ခံ၊ ဆင်းရဲရုံး အမှန်ပါ ဘုရား။ ဣတိ၊ ဤသို့လျှောက်ထားကြကုန်၏။

(၈) ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။ ဝေဒနာ၊ ခံစားမှု ဝေဒနာအပေါင်းသည်။ သညာ၊ မှတ်သားမှုသညာအပေါင်း သည်။ သင်္ခါရာ၊ ပြုပြင်စီရင်မှု သင်္ခါရအပေါင်းတို့သည်။ ဝိညာဏံ၊ သိမှု ဝိညာဏ်အပေါင်းသည်။ နိစ္စံဝါ၊ မြဲသလော။ အနိစ္စံဝါ၊ မမြဲ သလော။ ဣတိ၊ ဤသို့မေးတော်မူသည်ရှိသော်။ ဘန္တေ၊ ဘုန်းတော်ကြီးသော မြတ်စွာဘုရား။ အနိစ္စံ၊ မမြဲပါ ဘုရား။ ဣတိ၊ ဤသို့လျှောက်ထားကြကုန်၏။ ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။ ယံပန၊ အကြင်ခန္ဓာတရားသည်။ အနိစ္စံ၊ မမြဲ။ တံ၊ ထိုမမြဲသော ခန္ဓာတရားသည်။ ဒုက္ခံဝါ၊ ဆင်းရဲ သလော။ သုခံဝါ၊ ချမ်းသာသလော။ ဣတိ၊ ဤသို့မေးတော် မူသည်ရှိသော်။ ဘန္တေ၊ ဘုန်းတော်ကြီးသော မြတ်စွာဘုရား။ ဒုက္ခံ၊ ဆင်းရဲရုံးအမှန်ပါဘုရား၊ ဣတိ၊ ဤသို့လျှောက်ထား ကြကုန်၏။

ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။ ယံပန၊ အကြင်ခန္ဓာ တရားသည်။ အနိစ္စံ၊ မမြဲ။ ဒုက္ခံ၊ ဆင်းရဲ၏။ ဝိပရိဏာမဓမ္မံ၊

http://www.dhammadownload.com



ဖောက်ပြန် ပြောင်းလဲတတ်သော သဘောရှိ၏။ တံ၊ ထို မြဲလည်းမမြဲ ဆင်းရဲလည်းဆင်းရဲ ဖောက်လွဲဖောက်ပြန် ဖြစ် နေသော ခန္ဓာတရားကို။ "ဧတံ၊ ဤခန္ဓာတရားကား။ မမ၊ ငါ ပိုင်သောဥစ္စာတည်း။ ဧသော၊ ဤခန္ဓာ အစုကား။ အဟမသ္မိ၊ ငါဖြစ်၍နေ၏။ ဧသော၊ ·ဤခန္ဓာအစုကား။ မေ၊ ငါ၏။ အတ္တာ၊ အလိုသို့လိုက်သော အတ္တတည်း" ဣတိ၊ ဤသို့။ သမနုပဿိတုံ၊ စွဲလမ်းထင်မြင် ရှုဆင်ခြင်ခြင်းငှာ။ ကလ္လံနု၊ သင့်လျော်လျောက်ပတ်ပါမည်လော။ ဣတိ၊ ဤသို့ မေးတော် မူသည်ရှိသော်။ ဘန္တေ၊ ဘုန်းတော်ကြီးသော အရှင်ဘုရား။ ဧတံ၊ ဤသို့စွဲလမ်းထင်မြင် ရှုဆင်ခြင်ခြင်းသည်။ နောဟိ၊ မသင့်ပါဘုရား။ ဣတိ၊ ဤသို့လျှောက်ထားကြကုန်၏။

(၉) ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။ တသ္မာ၊ ထိုမမြဲမှု သဘော၊ ဆင်းရဲမှုသဘော၊ အလိုမလိုက်မှုသဘောတို့၏ ပေါ်လောကြီး ထင်ရှား၍နေသောကြောင့်။ အတီတာနာဂတ ပစ္စုပ္ပန္နံ၊ လွန်လေပြီးသော အတိတ်ကာလ၊ လာလတ္တံ့သော အနာဂတ်ကာလ၊ ယခုမျက်မှောက် ပစ္စုပ္ပန်ကာလ၌ဖြစ်သော။ ယံကိဉ္စိ ရူပံ၊ အကြင်အလုံးစုံသော ရုပ်တရားသည် လည်း ကောင်း။ အဇ္ဈတ္တံဝါ၊ မိမိအတွင်းသန္တာန်၌ဖြစ်သော ရုပ် တရားသည်လည်းကောင်း။ ဗဟိဒ္ဓါဝါ၊ အပသန္တာန်၌ဖြစ်သော ရုပ်တရားသည်လည်းကောင်း။ ဩဠာရိကံဝါ၊ ကြမ်းတမ်းသော

http://www.dhammadownload.com



ရုပ်တရားသည် လည်းကောင်း။ သုခုမံဝါ၊ သိမ်မွေ့သော ရုပ်တရားသည် လည်းကောင်း။ ဟီနံဝါ၊ ယုတ်ညံ့သော ရုပ်တရားသည် လည်းကောင်း။ ပဏီတံဝါ၊ မြင့်မြတ်သော ရုပ်တရားသည် လည်းကောင်း။ ယံ ဒူရေဝါ၊ အကြွင်အဝေး၌ ဖြစ်သော ရုပ်တရားသည်လည်းကောင်း။ ယံ သန္တိကေဝါ၊ အကြွင်အနီး၌ဖြစ်သော ရုပ်တရားသည်လည်းကောင်း။ အတ္ထိ၊ ရုပ်ပေါင်းများထွေ ရှိကြလေ၏။ သဗ္ဗံ၊ ခပ်သိမ်းဥဿုံ အလုံးစုံသော။ တေ ရူပံ၊ ထိုရုပ်ဟူသမျှသည်။ "န မမ၊ ငါပိုင် ဥစ္စာမဟုတ်။ သော၊ ထိုရုပ်အပေါင်းသည်။ နဟမသ္မိ၊ ငါ ဖြစ်၍နေသည်မဟုတ်။ သော၊ ထိုရုပ်အပေါင်းသည်။ မေ၊ ငါ၏။ န အတ္တာ၊ အလိုသို့လိုက်သော အတ္တမဟုတ်။ ဣတိ ဧဝံ၊ ဤသို့ဆိုအပ်ခဲ့ပြီးသောနည်းဖြင့်။ တေ၊ ထိုခပ်သိမ်းဥဿုံ ရုပ်ဟူသမျှ အလုံးစုံကို။ ယထာဘူတံ၊ မဖောက်မပြန် ဟုတ် မှန်သောအတိုင်း။ သမ္မပ္ပညာယ၊ ရုပ်ခဲ နာမ်ခဲ ဖြိုခွဲဖောက် ထွင်း ဝိပဿနာဉာဏ်အလင်းဖြင့်။ ဒဋ္ဌဗ္ဗံ၊ ရှုဆင်ခြင်အပ်၏။

(၁၀) ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။ အတီတာနာဂတ ပစ္စုပ္ပန္နာ၊ လွန်လေပြီးသော အတိတ်ကာလ၊ လာလတ္တံ့သော အနာဂတ်ကာလ၊ ယခုမျက်မှောက် ပစ္စုပ္ပန်ကာလ၌ဖြစ်သော။ ယာကာစိ ဝေဒနာ၊ အကြွင်အလုံးစုံသော ဝေဒနာတရားသည် လည်းကောင်း။ အဇ္ဈတ္တံဝါ၊ မိမိ အတွင်းသန္တာန်၌ဖြစ်သော

http://www.dhammadownload.com



ဝေဒနာသည်လည်းကောင်း။ ဗဟိဒ္ဓါဝါ၊ အပသန္တာန်၌ဖြစ်သော ဝေဒနာသည်လည်းကောင်း။ ဩဠာရိကာဝါ၊ ကြမ်းတမ်းသော ဝေဒနာသည်လည်းကောင်း။ သုခုမာဝါ၊ သိမ်မွေ့သော ဝေဒနာသည်လည်းကောင်း။ ဟီနာဝါ၊ ယုတ်ညံ့သော ဝေဒနာသည်လည်းကောင်း။ ပဏီတာဝါ၊ မြင့်မြတ်သော ဝေဒနာသည်လည်းကောင်း။ ယာ ဒူရေဝါ၊ အကြွင်အဝေး၌ဖြစ်သော ဝေဒနာသည်လည်းကောင်း။ ယာ သန္တိကေဝါ၊ အကြွင်အနီး၌ဖြစ်သော ဝေဒနာသည်လည်းကောင်း။ အတ္ထိ၊ ဝေဒနာများထွေ ရှိကြလေ၏။ သဗ္ဗံ၊ ခပ်သိမ်းဥဿုံ အလုံးစုံသော။ ဧတံ၊ ထိုဝေဒနာဟူသမျှသည်။ "န မမ၊ ငါပိုင်ဥစ္စာမဟုတ်။ ဧသော။ ထိုဝေဒနာအပေါင်းသည်။ န ဟမသ္မိ၊ ငါဖြစ်၍နေသည်မဟုတ်။ ဧသော၊ ထိုဝေဒနာအပေါင်းသည်။ မေ၊ ငါ၏။ န အတ္တာ၊ အလိုသို့လိုက်သော အတ္တမဟုတ်"။ ဣတိ ဧဝံ၊ ဤသို့ ဆိုအပ်ခဲ့ပြီးသောနည်းဖြင့်။ ဧတံ၊ ထိုခပ်သိမ်းဥဿုံ ဝေဒနာဟူသမျှ အလုံးစုံကို။ ယထာဘူတံ၊ မဖောက်မပြန် ဟုတ်မှန်သောအတိုင်း။ သမ္မပ္ပညာယ၊ ရုပ်ခဲနာမ်ခဲ ဖြိုခွဲဖောက်ထွင်း ဝိပဿနာဉာဏ်အလင်းဖြင့်။ ဒဋ္ဌဗ္ဗံ၊ ရှုဆင်ခြင်အပ်၏။

ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။ အတီတာနာဂတပစ္စုပ္ပန္နာ၊ လွန်လေပြီးသော အတိတ်ကာလ၊ လာလတ္တံ့သော အနာဂတ်

http://www.dhammadownload.com



ကာလ၊ ယခုမျက်မှောက် ပစ္စုပ္ပန်ကာလ၌ဖြစ်သော။ ယာကာစိ သညာ၊ အကြင်အလုံးစုံသော သညာသည်လည်းကောင်း။ အဇ္ဈတ္တံဝါ၊ မိမိ အတွင်းသန္တာန်၌ဖြစ်သော သညာသည် လည်းကောင်း။ ဗဟိဒ္ဓါဝါ၊ အပသန္တာန်၌ဖြစ်သော သညာ သည်လည်းကောင်း။ ဩဠာရိကာဝါ၊ ကြမ်းတမ်းသော သညာ သည်လည်းကောင်း။ သုခုမာဝါ၊ သိမ်မွေ့သော သညာသည် လည်းကောင်း။ ဟီနာဝါ၊ ယုတ်ညံ့သော သညာသည် လည်းကောင်း။ ပဏီတာဝါ၊ မြင့်မြတ်သော သညာသည် လည်းကောင်း။ ယာ ဒူရေဝါ၊ အကြင်အဝေး၌ဖြစ်သော သညာသည်လည်းကောင်း။ ယာ သန္တိကေဝါ၊ အကြင်အနီး၌ ဖြစ်သောသညာသည်လည်းကောင်း။ အတ္ထိ၊ သညာများထွေ ရှိကြလေ၏။ သဗ္ဗံ၊ ခပ်သိမ်းဥဿုံ အလုံးစုံသော။ တံ၊ ထို သညာဟူသမျှသည်။ "န မမ၊ ငါပိုင်ဥစ္စာ မဟုတ်။ သော၊ ထိုသညာအပေါင်းသည်။ န ဟာမသ္မိ၊ ငါဖြစ်၍ နေသည် မဟုတ်။ သော၊ ထိုသညာအပေါင်းသည်။ မေ၊ ငါ၏။ န အတ္တာ၊ အလိုသို့လိုက်သော အတ္တမဟုတ်"။ ဣတိဧဝံ၊ ဤ ဆိုအပ်ခဲ့ပြီးသော နည်းဖြင့်။ တံ၊ ထိုခပ်သိမ်းဥဿုံ သညာ ဟူသမျှအလုံးစုံကို။ ယထာဘူတံ၊ မဖောက်မပြန် ဟုတ်မှန် သောအတိုင်း။ သမ္မပ္ပညာယ၊ ရုပ်ခဲနာမ်ခဲ ဖြိုခွဲဖောက်ထွင်း ဝိပဿနာ ဉာဏ်အလင်းဖြင့်။ ဒဋ္ဌဗ္ဗံ၊ ရှုဆင်ခြင်အပ်၏။

http://www.dhammadownload.com



ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။ အတီတာနာဂတပစ္စုပ္ပန္နာ၊ လွန်လေပြီးသော အတိတ်ကာလ၊ လာလတ္တံ့သောအနာဂတ်ကာလ၊ ယခုမျက်မှောက် ပစ္စုပ္ပန်ကာလ၌ ဖြစ်ကုန်သော။ ယေကေစိ သင်္ခါရာ၊ အကြွင်းအလုံးစုံသော သင်္ခါရတရားတို့သည်လည်းကောင်း။ အဇ္ဈတ္တံဝါ။ မိမိအတွင်း သန္တာန်၌ဖြစ်သော သင်္ခါရတို့သည်လည်းကောင်း။ ဗဟိဒ္ဓါဝါ၊ အပသန္တာန်၌ဖြစ်သော သင်္ခါရတို့သည်လည်းကောင်း။ ဩဠာရိကာဝါ ကြမ်းတမ်းသော သင်္ခါရတို့သည်လည်းကောင်း။ သုခုမာဝါ၊ သိမ်မွေ့သော သင်္ခါရတို့သည်လည်းကောင်း။ ဟီနာဝါ၊ ယုတ်ညံ့သော သင်္ခါရတို့သည်လည်းကောင်း။ ပဏီတာဝါ၊ မြင့်မြတ်သော သင်္ခါရတို့သည်လည်းကောင်း။ ယေ ဒူရေဝါ၊ အကြွင် အဝေး၌ဖြစ်သော သင်္ခါရတို့သည်လည်းကောင်း။ ယေ သန္တိကေဝါ၊ အကြွင်အနီး၌ဖြစ်သော သင်္ခါရတို့သည်လည်းကောင်း။ အတ္ထိ၊ သင်္ခါရများထွေ ရှိကြလေကုန်၏။ သဗ္ဗံ၊ ခပ်သိမ်းဥဿုံ အလုံးစုံသော။ ဧတံ၊ ထိုသင်္ခါရ အစုသည်။ "န မမ၊ ငါပိုင်ဥစ္စာ မဟုတ်။ ဧသော၊ ထိုသင်္ခါရ အပေါင်းသည်။ န ဟာမသ္မိ၊ ငါဖြစ်၍ နေသည်မဟုတ်။ ဧသော၊ ထိုသင်္ခါရ အပေါင်းသည်။ မေ၊ ငါ၏။ န အတ္တာ၊ အလိုသို့လိုက်သော အတ္တမဟုတ်"။ ဣတိဧဝံ၊ ဤသို့ ဆိုအပ်ခဲ့ပြီးသောနည်းဖြင့်။ ဧတံ၊ ထိုခပ်သိမ်းဥဿုံ သင်္ခါရဟူသမျှ

http://www.dhammadownload.com



အလုံးစုံကို။ ယထာဘူတံ၊ မဖောက်မပြန် ဟုတ်မှန်သော အတိုင်း။ သမ္မပ္ပညာယ၊ ရုပ်ခဲနာမ်ခဲ ဖြိုခွဲဖောက်ထွင်း ဝိပဿနာဉာဏ် အလင်းဖြင့်။ ဒဋ္ဌဗ္ဗံ၊ ရှုဆင်ခြင်အပ်၏။

ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။ အတီတာနာဂတ ပစ္စုပ္ပန္နံ၊ လွန်လေပြီးသော အတိတ်ကာလ၊ လာလတ္တံ့သော အနာဂတ်ကာလ၊ ယခုမျက်မှောက် ပစ္စုပ္ပန်ကာလ၌ဖြစ်သော။ ယံကိဉ္စိ ဝိညာဏံ၊ အကြင်အလုံးစုံသော ဝိညာဉ်တရားသည် လည်းကောင်း။ အဇ္ဈတ္တံ ဝါ၊ မိမိ၏ အတွင်းသန္တာန်၌ ဖြစ်သော ဝိညာဉ်သည်လည်းကောင်း။ ဗဟိဒ္ဓါ ဝါ၊ အပသန္တာန် ၌ဖြစ်သော ဝိညာဉ်သည်လည်းကောင်း။ ဩဠာရိကံ ဝါ၊ ကြမ်း တမ်းသော ဝိညာဉ်သည်လည်းကောင်း။ သုခုမံ ဝါ သိမ်မွေ့ သော ဝိညာဉ်သည်လည်းကောင်း။ ဟီနံ ဝါ၊ ယုတ်ညံ့သော ဝိညာဉ်သည်လည်းကောင်း။ ပဏီတံ ဝါ၊ မြင့်မြတ်သော ဝိညာဉ်သည်လည်းကောင်း။ ယံ ဒူရေ ဝါ၊ အကြင်အဝေး၌ဖြစ် သော ဝိညာဉ်သည်လည်းကောင်း။ ယံ သန္တိကေ ဝါ၊ အကြင် အနီး၌ဖြစ်သော ဝိညာဉ်သည်လည်းကောင်း။ အတ္ထိ၊ ဝိညာဉ် များထွေ ရှိကြလေ၏။ သဗ္ဗံ၊ ခပ်သိမ်းဥဿုံ အလုံးစုံသော၊ တံ ဝိညာဏံ၊ ထိုဝိညာဉ်ဟူသမျှသည်။ "န မမ၊ ငါပိုင်ဥစ္စာ မဟုတ်။ သော၊ ထိုဝိညာဉ်အပေါင်းသည်။ န ဟမသ္မိ၊ ငါဖြစ်၍နေသည် မဟုတ်။ သော၊ ထိုဝိညာဉ်အပေါင်းသည်။

http://www.dhammadownload.com



မေ၊ ငါ၏။ နအတ္တာ၊ အလိုသို့လိုက်သော အတ္တ မဟုတ်"။ ဣတိဧဝံ၊ ဤသို့ ဆိုအပ်ခဲ့ပြီးသောနည်းဖြင့်။ တော၊ ထို ခပ်သိမ်းဥဿုံ ဝိညာဉ်ဟူသမျှအလုံးစုံကို။ ယထာဘူတံ၊ မဖောက်မပြန် ဟုတ်မှန်သောအတိုင်း။ သမ္မပ္ပညာယ၊ ရုပ်ခဲ နာမ်ခဲ ဖြိုခွဲဖောက်ထွင်း ဝိပဿနာဉာဏ်အလင်းဖြင့်။ ဒဋ္ဌဗ္ဗံ၊ ရှုဆင်ခြင်အပ်၏။

(၁၁) ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။ ဧဝံ၊ ဤသို့ ခန္ဓာငါးပါးတို့၌ မမြဲသောအနိစ္စသဘော၊ ဆင်းရဲသော ဒုက္ခသဘော၊ အစိုးမရသော အနတ္တသဘောကို ဟောခဲ့ပြီးသော အတိုင်း။ ပဿံ-ပဿန္တော၊ ပိုင်ပိုင်ထင်ထင် ရှုဆင်ခြင်သည် ရှိသော်။ သုတ ဝါ၊ ရုပ်နာမ်တရားတို့၌ များသောအကြား အမြင်ရှိသော၊ အရိယသာဝကော၊ ငါဘုရား၏ တပည့်မြတ်သည်။ ရူပသ္မိံပိ၊ ရုပ်တရားအစု၌လည်း။ နိဗ္ဗိန္ဒတိ၊ အနှစ်သာရ မတွေ့ဘဲ ငြီးငွေ့ပျင်းမုန်းလေ၏။ ဝေဒနာယပိ၊ ခံစား စံစားမှု ဝေဒနာအစု၌လည်း နိဗ္ဗိန္ဒတိ။ အနှစ်သာရမတွေ့ဘဲ ငြီးငွေ့ပျင်းမုန်းလေ၏။ သညာယပိ၊ မှတ်မှုသားမှု သညာအစု၌လည်း။ နိဗ္ဗိန္ဒတိ၊ အနှစ်သာရမတွေ့ဘဲ ငြီးငွေ့ပျင်းမုန်းလေ၏။ သင်္ခါရေသုပိ၊ ပြုပြင်မှုသင်္ခါရ အစုတို့၌လည်း။ နိဗ္ဗိန္ဒတိ၊ အနှစ်သာရမတွေ့ဘဲ ငြီးငွေ့ပျင်းမုန်းလေ၏။ ဝိညာဏသ္မိံပိ၊ အာရုံသိမှု ဝိညာဏအစု၌လည်း။ နိဗ္ဗိန္ဒတိ၊ အနှစ်သာရ

http://www.dhammadownload.com



မတွေ့ဘဲ ငြိးငွေ့ပျင်းမုန်းလေ၏။

(၁၂) နိဗ္ဗိန္ဒံ-နိဗ္ဗိန္ဒန္တော၊ ခန္ဓာပဥ္စကဌ် အနှစ်သာရမတွေ့ဘဲ ငြိးငွေ့ပျင်းမုန်းလေသည်ရှိသော်။ ဝိရဇ္ဇတိ၊ မတွယ်မတာမသာယာဘဲ တဏှာပြတ်ကင်းလေ၏။ ဝိရာဂါ၊ မတွယ်မတာမသာယာဘဲ တဏှာပြတ်ကင်းမှုကြောင့်။ ဝိမုစ္စတိ၊ ကိလေသာဝဋ်တွင်းမှ လွတ်ကင်းထွက်မြောက်လေ၏။ ဝိမုတ္တသ္မိံ၊ ကိလေသာဝဋ်တွင်းမှ လွတ်ကင်းထွက်မြောက်သည်ရှိသော်။ ဝိမုတ္တမိတိ၊ ငါကျွတ်ပေပြီ ငါလွတ်လေပြီဟူ၍။ ဉာဏံ၊ ဟုတ်တိုင်းအမှန် သိသောဉာဏ်သည်။ ဟောတိ၊ ဖြစ်ပေါ်လေ၏။

ဇာတိ၊ ဘဝအသစ် အဖြစ်မစဲ အသစ်အသစ်လဲရမှုသည်။ ခီဏာ၊ အစတုံး၍ ကုန်ဆုံးခဲ့လေပြီ။ ဗြဟ္မစရိယံ၊ မြတ်သော အကျင့်ဟူသမျှကို။ ဝုသိတံ၊ ကျင့်သုံးခြင်းကိစ္စပြီးစီးခဲ့လေပြီ။ ကရဏီယံ၊ သစ္စာလေးသွယ်၌ ပြုဖွယ်ဟူသမျှမဂ်ကိစ္စကို။ ကတံ၊ ကိစ္စတုံးအောင် လုံးလုံးကြီးပြုအပ်လေပြီ။ ဣတ္ထတ္တာယ၊ ဤပဉ္စုပ္ပန် ခန္ဓာအစဉ်မှ။ အပရံ၊ တစ်ပါးသောခန္ဓာအစဉ်သည်။ နတ္ထိ၊ ကင်းပြတ်ကုန်ကြွေ မရှိချေ။ ဣတိ၊ ဤသို့။ ပဇာနာတိ၊ ထွန်းလင်းထိန်တောက် အသိဉာဏ်ပေါ်ပေါက်လေ၏။

(၁၃) ဣတိ ဣဒံ၊ ဤအနတ္တလက္ခဏသုတ် စကားတော်ကို။ ဘဂဝါ၊ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည်။

http://www.dhammadownload.com



အဝေါစ၊ အနတ္တဉာဏ် အမြင်သန်အောင် ဉာဏ်ရောင် အလင်းဖွင့်၍ ကျူးရင့်ဟောကြားတော်မူပေ၏။ ပဥ္စဝဂ္ဂိယာ၊ ကောဏ္ဍညအမှူး ငါးဦး အစုအဝေးရှိကုန်သော။ ဘိက္ခူ ရဟန်းတို့သည်။ အတ္တမနာ၊ အနတ္တဉာဏ် ထက်သန်ပွင့်လင်း ဝမ်းမြောက်ခြင်းရှိကြကုန်သည်ဖြစ်၍။ ဘဂဝတော၊ ဘုန်းတော် ကြီးသောမြတ်စွာဘုရား၏။ ဘာသိတံ၊ ဟောတော်မူအပ် သော အနတ္တလက္ခဏသုတ်တော်ကြီးကို။ အဘိနန္ဒုံ၊ ရွှင်လန်း အားရ နှစ်သက်ကြလေကုန်သတည်း။

(၁၄) ဣမသ္မိံ စ ပန ဝေယျာကရဏသ္မိံ၊ ဂါထာမဘက် စုဏ္ဏိယသက်သက်ဖြစ်သော၍အနတ္တလက္ခဏ သုတ်တော်ကြီး ကို။ ဘညမာနေ၊ ဟောတော်မူအပ်သည်ရှိသော်။ ပဥ္စဝဂ္ဂိယာနံ၊ ကောဏ္ဍညအမှူး ငါးဦးအစုအဝေး ရှိကုန်သော။ ဘိက္ခူနံ၊ ရဟန်းတို့အား။ အနုပါဒါယ၊ ရုပ်နာမ်ခန္ဓာတို့၌ သာယာ စွဲငြိခြင်းမရှိဘဲ။ အာသဝေဟိ၊ စီးသွန်ကျရှော အာသဝေါ တို့မှ။ မုစ္စိံသု၊ ကျွတ်လွတ်ကြလေကုန်သတည်း။ ။

အနတ္တလက္ခဏသုတ် နိဿယသစ်ပြီး၏။

◆◆❀◆◆

http://www.dhammadownload.com



## သစ္စကဝတ္ထုကြီး

(မှာထားချက်။ ။ ဤ အနတ္တလက္ခဏသုတ် အမေးအဖြေနှင့်စပ်လျဉ်း၍ အနတ္တအချက်နှင့် လွန်စွာသက်ဆိုင်သော ဝတ္ထုကို ထုတ်ဆောင်ပြသင့်သောအတိုင်း မူလပဏ္ဏာသပါဠိတော်ကြီး၌လာသော သစ္စကဝတ္ထုအချုပ်ကို ထုတ်ဆောင်၍ပြလိုက်ပါသည်။)

မဟာဘဂဝန္တ သုံးလောကမကိုဋ် ဘဝဂ်ဆိုက်အောင် ဘုန်းတော်ရောင်ကို ဖြန့်လွှား၍ ခြောက်ပါးသောအောင်လံဖြင့် ပြိုင်စံတုကင်း မင်းထက်မင်းဖြစ်တော်မူသော ရှင်တော်မြတ်ဘုရားထင်ရှားရှိတော်မူတဲ့ ရွှေလက်ထက်တော်အခါ ဝေသာလီပြည်တော်ကြီးမှာ ပညာရှိပုဂ္ဂိုလ်ရယ်လို့ အသမှတ်ခံရတဲ့ သစ္စကဆိုတာရှိတယ်။ ဝေသာလီမင်းအများတို့ ဝပ်တွားပူဇော်ပြီးကော်ရော်နေတဲ့ မင်းဆရာကြီးပေါ့။ တစ်နေ့သ၌ ပဉ္စဝဂ္ဂီငါးဦးတွင် အပါအဝင်ဖြစ်တော်မူတဲ့ ရှင်မဟာအဿဇိသည် ဝေသာလီမြို့တော်အတွင်းသို့ ဆွမ်းခံဝင်တော်မူလာရာ သစ္စကဆရာကြီးနှင့် ပက်ပင်းပါတွေ့ပါရော။ တွေ့လျှင်တွေ့ခြင်းသစ္စကဆရာကြီးက ရှင်ဂေါတမ၏ တပည့်ရဟန်းတော်မှန်းသိတဲ့အတွက် “နေရာကျပြီ၊ ရှင်ဂေါတမကို ဝါဒတင်ရန်အကြောင်းလက်စကိုရှာရတော့မယ်”ဆိုတဲ့အကြံနှင့် ရှင်ရဟန်းဆိုင်းပါဦးဆိုကာ အနားလာပြီး အာလာပ သလ္လာပ စကား

http://www.dhammadownload.com



များကို အကြည်အသာ ပြောဆိုတယ်။ သို့ကလို အကြည် အသာပြောဆိုနှုတ်ဆက်ပြီး သစ္စကဆရာကြီးက သည်လိုမေး လိုက်တယ်။ အိုရဟာန်း၊ သင်တို့ဆရာရှင်ဂေါတမသည် သူ၏ တပည့်များကို ဘယ်လိုဆုံးမလေ့ရှိပါသလဲ၊ ဘယ်ကဲ့သို့သော အဆုံးအမမျိုးကို လက်သုံးပြုကာ များစွာဆုံးမလေ့ ရှိပါသလဲ။

သို့ကလို မေးလိုက်တဲ့အခါ ရှင်အဿဇိက သည်လိုဖြေ ကြားတော်မူတယ်။ ချစ်သားရဟာန်းတို့၊ ရုပ်ဟူသမျှသည် အနိစ္စ-အမြဲမရှိဘူး။ ဝေဒနာဟူသမျှသည် အနိစ္စ- အမြဲမရှိ ဘူး။ သညာဟူသမျှသည် အနိစ္စ- အမြဲမရှိဘူး။ သင်္ခါရ ဟူသမျှသည် အနိစ္စ- အမြဲမရှိဘူး။ ဝိညာဉ်ဟူသမျှသည် အနိစ္စ- အမြဲမရှိဘူး။ ချစ်သား ရဟာန်းတို့၊ ရုပ်ဟူသမျှသည် အနတ္တ- အလိုမလိုက် ငါမဟုတ်ဘူး။ ဝေဒနာဟူသမျှသည် အနတ္တ- အလိုမလိုက် ငါမဟုတ်ဘူး။ သညာဟူသမျှသည် အနတ္တ- အလိုမလိုက် ငါမဟုတ်ဘူး။ သင်္ခါရ ဟူသမျှသည် အနတ္တ- အလိုမလိုက် ငါမဟုတ်ဘူး။ ဝိညာဉ်ဟူသမျှသည် အနတ္တ- အလိုမလိုက် ငါမဟုတ်ဘူး။ အဲသို့ကလို ငါတို့၏ ရှင်တော်မြတ်ဘုရားက တပည့်သားတို့အား ဟောကြားဆုံးမ တော်မူလေ့ရှိတယ်လို့ ဖြေကြားတော်မူလိုက်တယ်။

ရှင်အဿဇိက ဖြေကြားလိုက်တဲ့အခါ သစ္စက ဆရာကြီးက လက်ခုပ်လက်ဝါးတီးပြီး "သည်လိုမှဟုတ်ပါရဲ့

http://www.dhammadownload.com



လား ရှင်ရဟန်း၊ ရှင်ကြီးဂေါတမဟာ သည်လိုပင် ဆုံးမလေ့ရှိပါသလား” လို့ထပ်မံ မေးမြန်းပြန်တော့ ရှင်အဿဇိက “သည်အတိုင်းဆုံးမတော်မူရိုး မှန်ပါတယ်”လို့ တစ်ဖန်ထပ်ပြီး မိန့်တော်မူ ရပြန်တယ်။ သည်တော့ သစ္စကဆရာကြီးက “ကြားရချက်ကနှယ် ဆိုးလိုက်လေ ရှင်ရဟန်း၊ သည်လိုအယူရှိတဲ့ ရှင်ကြီးဂေါတမအကြောင်းကို ကြားမှုကြားရ ပလေတယ်။ ဆိုးဝါးလိုက်တဲ့ အယူကြီးပါကလား၊ မှားချက်ကနှယ် နာလိုက်လေ”လို့ နစ်နစ်နာနာကြီး ဆိုလိုက်ရော။

## သစ္စကဆရာကြီး ကြိမ်းဝါးခန်း

အဲ-သည်နေ့မှာပင်လိစ္ဆဝီမင်းသားငါးရာတို့လဲ စည်းဝေးရာဖြစ်တဲ့ လွှတ်ရုံးတော်ကြီးမှာ ကိစ္စတစ်ခုနှင့် စည်းဝေးနေကြတယ်။ သစ္စကဆရာကြီးသည် ရှင်အဿဇိထံမှခွာခဲ့ပြီး အစည်းအဝေး ပြုလုပ်နေကြတဲ့ ရုံးတော်ကြီးပေါ်သို့ ဖြုန်းခနဲ တက်လာတယ်။ ဆရာကြီးဖြစ်တဲ့အတွက် လိစ္ဆဝီမင်းများကလဲ မတ်တတ်ရပ်ပြီးဆရာကို အရိုအသေပေးနေကြတယ်။ သည်အခါ သစ္စကဆရာကြီးက သို့ကလို ကြိမ်းဝါးသတဲ့။ ကဲ- ကဲ- တပည့်တို့၊ နားထောင်ကြ၊ ယနေ့ ရှင်ကြီးဂေါတမနှင့်ဝါဒစကား ပြောကြား ပြိုင်ဆိုင်ရလိမ့်မယ်၊ ရှင်ကြီးဂေါတမ၏တပည့် ရှင်အဿဇိ ပြောတဲ့အတိုင်းသာ ရှင်ကြီးဂေါတမ ဆုံးမရိုးမှန်

http://www.dhammadownload.com



ပါလျှင် ဝါဒဖြင့်ဝှေ့ရမ်း၍ ရဟန်းဂေါတမကို ညှဉ်းပန်းရလိမ့်မယ်၊ အို-တပည့် လိစ္ဆဝီမင်းတို့ အသင်တို့ ကြည့်ကြကုန်၊ အင်အားပြည့်စုံတဲ့ ယောကျ်ားတစ်ယောက်သည် အမွေးရှည်တဲ့ သိုးကြီး၏အမွေးကို ဆုပ်ကိုင်ကာ ပတ်ချာလည်အောင် ဝှေ့ရမ်းသလို ရဟန်းဂေါတမကို ဝါဒဖြင့် ပတ်ချာလည်အောင် ရမ်း၍ပြလိုက်မယ်၊ အင်အားနှင့်ပြည့်စုံတဲ့ ဆင်ပြောင်ကြီးသည် ရေထဲမှာစိမ်၍ထားတဲ့ ပိုက်ဆံလျှော်ထုံးကြီးတွေကို အားရှိတိုင်းဝှေ့ရမ်း၍ ကစားသလို ရဟန်းဂေါတမကိုလဲ ဝါဒဖြင့် ဝှေ့ရမ်းကာ ကစားပြလိုက်မယ်၊ အဲ-သို့ကလို ကြိမ်းဝါးသတဲ့။

သည်လို သစ္စကဆရာကြီးက ကြိမ်းဝါးပြီး "ယနေ့ပင် ရှင်ကြီးဂေါတမရှိရာ မဟာဝုန်တောသို့ ဆရာသွားမည်၊ လိုက်ပါကြည့်ရှုကြ" လို့ဆိုတဲ့အတွက် လိစ္ဆဝီမင်းသားငါးရာတို့လဲ ဆရာသစ္စကကို ခြံရံကာ လိုက်ပါကြတယ်။ သစ္စကဆရာကြီး မြတ်စွာဘုရားထံသို့သွား၍ ဝါဒပြိုင်မယ်ဆိုတဲ့ သတင်းဟာ ခဏချင်းပျံ့နှံ့သွားတဲ့အတွက် ဝေသာလီပြည်သူပြည်သားတွေဟာလဲ ပညာရှိကြီးနှစ်ဦး ဝါဒပြိုင်ဆိုင်တာကို ကြည့်ရှုနားထောင်ရအောင်ဆိုတဲ့ အကြံနှင့် မဟာဝုန်တောကြီးသို့ ထွက်လိုက်ကြတာ ပုရွက်ဆိတ်တွေ တွင်းကထွက်သလိုပဲတဲ့။ လူဆိုတာ ပြိုင်ပွဲဆိုင်ပွဲမျိုးကို လွန်စွာ ကြည့်ရှု

http://www.dhammadownload.com



ချင်ကြတာကလား။

သစ္စကဆရာကြီးကတော့ သူနောက်က ပရိသတ်တွေ များလေလေ အားရလေလေပေါ့လေ။ သူကအနိုင်ရပြီလို့ ထင်ပေသကိုး။

မဟာဝုန်တောကြီးထဲသို့ ရောက်သွားကြတဲ့အခါ ဘုရားရှင်ရှိတော်မူရာသို့ ချဉ်းကပ်ပြီးတွေ့ဦးစအခါ ကောင်းမွန်စွာ နှုတ်ဆက်မေးမြန်းခြင်းစကားတို့ဖြင့် ပြောကြားတယ်။ ရှင်တော်ဘုရားလဲ "ယနေ့အခါ ဝါဒဖြင့်မာန်တက်သော သစ္စကကြီးကို အနတ္တ ဒေသနာဖြင့် ကောင်းစွာနှိမ်နင်း တော်မူရမယ်"လို့ ရွှေနှလုံးတော် ပိုက်သွင်းပြီး ကောင်းစွာမိန့်ကြား၍ စကား လက်ခံတော်မူတယ်။

အဲသည်အခါ သစ္စကဆရာကြီးက စကားဆိုးစပြီး "ရှင်ဂေါတမ၊ အခွင့်ပေးပါမူကား အမြွက်ကလေးလောက်မေးပါရစေ" လို့လျှောက်ထားလိုက်တယ်။ သည်တော့ ရှင်တော်ဘုရားက- အို- သစ္စက၊ သင့်ကိုအခွင့်ပေး၏၊ မေးလိုသမျှမေးပါ" လို့မိန့်တော်မူတယ်။ သည်လို အခွင့်ပေးတဲ့အခါ ဝမ်းမြောက်ဝမ်းသာနှင့်သစ္စကဆရာကြီးက "ရှင်ဂေါတမ၊ အရှင်၏တပည့်များကို ဘယ်လိုဟောကြားဆုံးမတော်မူလေ့ရှိပါသလဲ" လို့မေးတယ်။

ရှင်တော်မြတ်ဘုရားကလဲ ရှင်အဿဇိဖြေကြားခဲ့တဲ့

http://www.dhammadownload.com



အကြောင်းများကို သိတော်မူပြီးဖြစ်တဲ့အတွက်ကြောင့် “အို သစ္စက၊ ရုပ်ဟူသမျှသည် အမြဲမရှိ၊ အနိစ္စ။ အိုသစ္စက၊ ရုပ် ဟူသမျှသည် အနတ္တ၊ အလိုမလိုက်၊ ငါမဟုတ်”။ သို့ကလို စသည်ဖြင့် ရှင်အဿဇိ ဖြေကြားခဲ့တဲ့အတိုင်း တစ်သဝေ မတိမ်းဖြေကြားတော်မူတယ်။

အဲသို့ကလို ရှင်တော်ဘုရားက မိန့်ကြားတော်မူတော့ သစ္စကဆရာကြီးက “လှလှကြီးအချက်ရပြီ၊ သည်အချက်ကို ကိုင်ပြီး နိုင်နိုင်ကြီးနှိပ်ရတော့မယ်” ဆိုတဲ့ဖွဲ့နှင့် “အိုရှင်ဂေါတမ၊ တပည့် သာဝကတို့အား အများအားဖြင့် ဆုံးမလေ့ရှိသည်မှာ သည်အတိုင်းမှန်ပါသလား” လို့ ထပ်၍ချည်နှောင်တဲ့အခါ ရှင်တော်မြတ်ဘုရားက “သည်အတိုင်းပင် သာဝကတို့အား များစွာဆုံးမလေ့ ရှိတယ်”လို့ ဖြေကြားတော်မူပြန်တယ်။

သည်တော့ သစ္စကဆရာကြီးက “အိုရှင်ဂေါတမ၊ ဤ စကားအတိုင်းသာမြဲစွဲပါစေ၊ မလွဲပါစေလင့်”လို့ ထပ်၍ဆို ပြန်တဲ့အခါ “အိုသစ္စက၊ သင်အလိုရှိတဲ့အတိုင်း လျှောက်ထား လော့” ဟုမိန့်တော်မူရပြန်တယ်။ ဆရာသစ္စကကြီးက အလိုမလိုက်တဲ့ အနတ္တဆိုတဲ့ အချက်ကိုပင် မခံနိုင်အောင်ရှိ သဖြင့် အတ္တမှန်ကြောင်းကို ဖော်ပြလိုတဲ့အတွက် ရှင်ဂေါတမ၊ ရှိရှိသမျှ သတ္တဝါတွေဟာ ရုပ်အတ္တ ရှိကြတဲ့အတွက်ကြောင့် ရုပ်ပေါ်၌တည်၍ ကောင်းတဲ့အမှု၊ မကောင်းတဲ့အမှုများကို

http://www.dhammadownload.com



ပြုနိုင်ကြသည်မဟုတ်ပါလော၊ ဝေဒနာအတ္တ ရှိကြတဲ့အတွက်ကြောင့် ဝေဒနာပေါ်၌တည်၍ ကောင်းမှု၊ မကောင်းမှုများကို ပြုလုပ်နိုင်ကြသည် မဟုတ်ပါလော၊ သညာအတ္တ ရှိကြတဲ့အတွက်ကြောင့် သညာပေါ်၌တည်၍ ကောင်းမှု၊ မကောင်းမှုများကိုပြုလုပ်နိုင်ကြသည် မဟုတ်ပါလော၊ သင်္ခါရအတ္တ ရှိကြတဲ့အတွက်ကြောင့် သင်္ခါရပေါ်၌တည်၍ ကောင်းမှု၊ မကောင်းမှုများကိုပြုလုပ်နိုင်ကြသည် မဟုတ်ပါလော။ ဝိညာဉ်အတ္တရှိကြတဲ့အတွက်ကြောင့်ကောင်းမှု၊ မကောင်းမှုများကို ပြုလုပ်နိုင်ကြသည် မဟုတ်ပါလော။ အဲသို့ကလို သစ္စကဆရာကြီးက အတ္တမှန်ကြောင်းကို ပြောဆိုတဲ့အခါ ရှင်တော်ဘုရားက သစ္စကကိုဝါဒဖြင့် ချည်နှောင်တော်မူ လိုတဲ့အတွက် "အိုသစ္စက၊ သတ္တဝါများတို့၏ အတ္တအထင်တွေကို သင်မလျှောက်ထားနှင့်၊ သင်ကိုယ်တိုင် အထင်အမြင်များကိုသာ မသွယ်မဝိုက်ဘဲ တိုက်ရိုက်ကြီးလျှောက်ထားစမ်း၊ အိုသစ္စက၊ ရုပ်သည် အတ္တလော၊ ဝေဒနာသည် အတ္တလော၊ သညာသည် အတ္တလော၊ သင်္ခါရသည် အတ္တလော၊ ဝိညာဉ်သည် အတ္တလော၊ သင့်သဘောအတိုင်း ဖြေကြား ဝန်ခံရမယ်" လို့ ခပ်တင်းတင်း စစ်ကျောတော်မူတယ်။

သည်တော့ သစ္စကကြီးက "ရှင်ဂေါတမသည် ငါ့ကို ပြန်၍စစ်ကြောပြန်တယ်။ တကယ်လို့ ငါ့စကားမှားသွား

http://www.dhammadownload.com



လို့ရှိလျှင်“ကိုယ့်ရှူးကိုယ့်ပတ်” ဆိုသလို အတ္တဆိုတဲ့ ငါ့စကား ဖြင့် ငါ့ကိုပြန်ပတ်လျှင် အခက်သားပဲ။ ငါ့အပေါ်မှာလဲပြန် ၍မပတ်မိအောင် ငါ့စကားသက်သက် မဟုတ်ဘဲ အများနှင့် ရောပြီးပြောလိုက်မှတော်မယ်” ဆိုတဲ့ အကြံမျိုးနှင့် ပရိသတ် တွေကိုလက်ညှိုးညွှန်ပြီး “အိုရှင်ဂေါတမ၊ ကျွန်ုပ်လဲ ရုပ်ကို အတ္တမှန်ကြောင်း ယုံကြည်ပြောဆိုပါ၏၊ သည်ပရိသတ်တွေလဲ သည်အတိုင်းပင် ယုံကြည်ပြောဆိုပါ၏။” အဲသို့ကလို အတ္တ အယူဟာ မိမိတစ်ယောက်တည်း၏ အယူမဟုတ်ဘဲ အများ၏ အယူဖြစ်ကြောင်းကို ရောနှောကာ ပြောဆိုလျှောက်ထား တယ်။

အဲသို့ကလို ခပ်ရှောင်ရှောင်ပြောဆိုတဲ့အခါ ရှင်တော် မြတ်ဘုရားက “အိုသစ္စက၊ သည်ပရိသတ်တွေကို ငါဘုရား အလိုမရှိဘူး၊ ပရိသတ်တွေအများနှင့် ငါဘုရားမေးမြန်းမိန့်ဆို တော်မူတာမဟုတ်ဘူး၊ သင်နှင့် ငါဘုရားမိန့်ဆိုတော်မူခြင်းဖြစ် တယ်၊ ပရိသတ်တွေ အလိုကို မလျှောက်ထားနှင့်၊ သင်၏ အလိုကိုသာ တိုက်ရိုက်လျှောက်ထား၊ “ရုပ်သည် အတ္တမှန် သလား” အဲသို့ကလို ရှင်တော်ဘုရားက သစ္စကကို အသီးခွဲ ထုတ်ကာစစ်ဆေးတော်မူတယ်။ သည်အခါ မရှောင်သာတဲ့ အတွက် သစ္စကဆရာကြီးက ရှင်ဂေါတမ၊ ကျွန်ုပ်သည် ရုပ်ကိုအတ္တဟု အမှန်ယုံကြည်ပြောဆိုပါ၏။ ပ။ ကျွန်ုပ်သည်

http://www.dhammadownload.com



ဝိညာဉ်ကို အတ္တဟု အမှန်ယုံကြည်ပြောဆိုပါ၏" လို့ ခန္ဓာငါးပါးတို့၏ အတ္တအစစ်ဖြစ်ကြောင်းကို တင်းတင်းကြီးဝန်ခံရတယ်။

သစ္စကဆရာကြီးကတစ်ဦးတည်းဝန်ခံတဲ့အခါ ရှင်တော်ဘုရားက သို့ကလို မေးတော်မူတယ်။ "အို သစ္စက၊ ဥပမာအားဖြင့် သင်အားမေးတော်မူမယ်၊ ကောသလတိုင်းကို အစိုးရတဲ့ ပသေနဒီကောသလမင်း၊ မဂဓတိုင်းကို အစိုးရတဲ့ အဇာတသတ်မင်း။ သည်မင်းများဟာ ရာဇာဘိသိက်၊ မုဒ္ဓါဘိသိက်ကိုခံယူကာ နိုင်ငံစိုးအုပ်၍ မင်းလုပ်ကြတယ်၊ သို့ကလို အဘိသိက်သွန်းခံတဲ့ မင်းတွေဟာ မိမိတို့စိုးပိုင်တဲ့နိုင်ငံမှာ သတ်သင့်သူကိုသတ်နိုင်တဲ့အခွင့်၊ ရှုံးသင့်သူကိုအရှုံးပေးနိုင်တဲ့အခွင့်၊ နိုင်ငံမှ နှင်ထုတ်သင့်သူကိုနှင်ထုတ်နိုင်တဲ့အခွင့် သည်အခွင့်များကိုစိုးပိုင်၍ စွမ်းနိုင်ကြသည်မဟုတ်လား"။ အဲသို့ကလိုမေးတော်မူတယ်။

သစ္စကဆရာကြီးက။ "အို ရှင်ဂေါတမ၊ ဗုဒ္ဓါဘိသိက်ကိုမခံရသော မင်းငယ်တို့ပင်သော်လည်း သည်လိုအခွင့်မျိုးကိုစိုးပိုင်ကြပါတယ်၊ ဗုဒ္ဓါဘိသိက်ကို သွန်းခံကြကုန်သောကေရာဇ်မင်းတို့မှာမူကား ပြောဖွယ်မရှိပါ၊ မိမိစိုးပိုင်သောနိုင်ငံတော် တစ်ဝန်းလုံးမှာ အလိုရှိတဲ့အတိုင်း ပြုလုပ်စိုးပိုင်ခွင့်ကိုရရှိကြပါတယ်လို့" လျှောက်ထားတယ်။

http://www.dhammadownload.com



သည်အခါ ရှင်တော်မြတ်ဘုရားက "အို သစ္စက၊ နိုင်ငံတစ်ဝန်းလုံးသည် အစိုးပိုင်သော မင်း၏အလိုသို့ လိုက်ကြရတယ်မဟုတ်လားလို့ မေးတော်မူပြန်ရာ"စိုးပိုင်တဲ့မင်း၏အလိုသို့လိုက်ရပါတယ်" လို့ သစ္စကကြီးက လျှောက်ထားပြန်တယ်။ သည်အခါ ရှင်တော်ဘုရားက အို သစ္စက၊ သင်သည် ရုပ်ကိုအတ္တဟုဆို၏၊ ထိုရုပ်ကို ဧကရာဇ်မင်းတို့အုပ်စိုးသလို သင်အစိုးရပါ၏လား၊ သင်၏ရုပ်သည် သင့်အလိုသို့လိုက်ပါရဲ့လား၊ ငါ၏ရုပ်ဟာ သည်လိုဖြစ်စေ၊ သည်လိုမဖြစ်စေနှင့်လို့အမိန့်ပေးခြင်းကိုနာခံရဲ့လား၊ အဲသို့ကလို အဝသဝတ္တနသဘောနှင့်အချက်ကိုကိုင်ပြီး ပိုင်ပိုင်ကြီး မေးတော်မူပါရော။ သို့ကလိုမေးတော်မူတဲ့အတွက် သစ္စကကြီးဟာ အခက်ထဲမှာ ခလှောင်မိနေရောပေါ့လေ။ "အစိုးရ ပါတယ်၊ အလိုသို့လိုက်ပါတယ်"လို့ဘယ်မှာဖြေနိုင်တော့မလဲ။ သူလဲပညာရှိတစ်ယောက်လုပ်နေတာ မရိပ်မိဘဲနေပါ့မလား။

သစ္စကဆရာကြီး ကြံပုံမှာတော့ တကယ်လို့ အလိုလိုက်ပါတယ်လို့ ငါဖြေကြားလိုက်လျှင် ငါ့တပည့် လိစ္ဆဝီမင်းသားကလေးတွေက "ဆရာကြီးရဲ့ရုပ်ဟာ အလိုလိုက်ပါလျှင် ဆရာကြီးကိုယ်ကို ကျွန်ုပ်တို့လိုလှအောင် လုပ်ပါတော့လား။ ကျွန်ုပ်တို့မှာ တာဝတိံသာ နတ်သားကလေးတွေလို လှပချောမွန်ကြတယ်။ ဆရာကြီးမှာ ဗိုက်ကားကြီးနှင့်အရုပ်

http://www.dhammadownload.com



ဆိုးပြီးအမြင်ကပ်စရာကြီး ဖြစ်နေတယ်။ ကျွန်ုပ်တို့မှာ ပျိုပျို ရွယ်ရွယ်နှင့် ပြည့်ပြည့်ဖြိုးဖြိုးရှိကြတယ်။ ဆရာကြီးမှာတော့ အိုမင်း၍ ကိုယ်အင်္ဂါတွေယိုယွင်းကုန်ပြီ။ သွားတွေကကျွေ၊ ပါးရေကလိပ်သနှင့် အိုတဲ့နိမိတ်ထင်အောင် ဆံပင်တွေကလဲ ဖြူကုန်ပါပေါ့ကလား။ ရုပ်ကိုအစိုးရလျှင် ကျွန်ုပ်တို့လိုပြန်ပျို အောင်လုပ်ပါတော့လား"။ အဲသို့ကလို ဆိုကြပေလိမ့်မယ်လို့ သစ္စကဆရာကြီးစဉ်းစားမိသတဲ့။

သစ္စကဆရာကြီးက တစ်နည်းကြံစည်ပုံမှာတော့ "ရုပ်ကို အစိုးမရပါဘူးလို့ ငါဖြေလိုက်ပါလျှင် ငါကိုယ်တိုင်ကပင် အနတ္တမှန်ကြောင်း ဝန်ခံရာကျသွားလိမ့်မယ်။ သည်အခါ ရှင်ဂေါတမက ဝါဒဖြင့် နှိပ်နင်း၍ရှုံးခြင်းသို့ရောက်ရတော့မယ်။ သည်ပရိသတ်ကြီးအလယ်မှာ ရှုံးမှုဖြင့် လောကမှာ အရှက်ကြီး ကွဲရတော့မယ်"။ အဲ-သို့ကလို ကြံစည်မိပြန်သတဲ့။ မတိုးသာ မဆုတ်သာ အကျပ်တည်းကြီးကျနေသဖြင့် "ဟယ်-ဘယ်လိုမှ ငါမဖြေတော့ပါဘူး။ ပေတေတေ ဗူးလုံးနားမထွင်းကြီး လုပ်နေပါတော့မယ်"လို့ကြံပြီး ဦးခေါင်းငိုက်ဆိုက်နှင့်မှိုင်တွေ ချကာ တုဏှိဘာဝ လူအသရုပ်နှင့် ငုတ်တုတ်ကြီးနေလိုက် တော့တာပဲတဲ့။

သစ္စက ဆရာကြီးမှိုင်တွေချကာ ငုတ်တုတ်ကြီးပေနေတဲ့ အခါ ရှင်တော်ဘုရားက "အိုသစ္စက၊ ငါဘုရားမေးတော်မူ

http://www.dhammadownload.com



တာကို ဖြေပါတော့လား၊ ပေ၍မနေနှင့်၊ ရုပ်ကိုသင်အစိုးရသလား၊ ရုပ်သည် သင့်အလိုသို့ လိုက်သလား"။ အဲသို့ကလို နှစ်ကြိမ်မြောက် မေးတော်မူပြန်တယ်။ နှစ်ကြိမ်မြောက်မေးတော်မူတဲ့အခါမှာလဲ ဘာမျှမဖြေဘဲ ခေါင်းငုံ့ကာ တုဏှိဘောကြီးနေပြန်တယ်။ သည်တော့ ပရိသတ်တွေက အတော်ရိပ်မိကြရောပေ့ါလေ။ "အလဲ-တို့ ဆရာကြီးဟာ မဟန်ပါဘဲကလား၊ မှိုင်လှချည့်ရဲ့ ယိုင်တော့မယ့်လက္ခဏာပဲ" လို့တီးတိုးစကားပြောကြတယ်။

## သိကြားမင်းဆင်းသက်၍ အာဏာစက်ဖြင့်ကူညီခန်း

သို့ကလို ပေတေတေကြီးလုပ်နေတဲ့အခါ ရှင်တော်ဘုရားက"အို သစ္စက၊ယခုအခါ ဦးခေါင်းငုံ့လျှိုး၍ ဆိတ်ဆိတ်နေရမယ့်အခါမဟုတ်ဘူး၊ ဆိတ်ဆိတ်နေခြင်းဖြင့် ပြီးစီးဖို့လမ်းမရှိဘူး၊ အိုသစ္စက၊ ငါဘုရားက တရားသဖြင့် သုံးကြိမ်တိုင်တိုင်မေးမြန်းလို့မှ မဖြေဘဲ ပေတေတေကြီး အဆွံ့လုပ်နေခဲ့လျှင် ဦးခေါင်းခုနစ်စိတ်ကွဲတတ်တယ်" လို့မိန့်တော်မူလိုက်ပါရော။ အဲသို့ကလို မိန့်တော်မူတဲ့ စကားကို သိကြားမင်းကြားတဲ့အခါ ရှင်တော်ဘုရားကို အာဏာစက်နှင့်ကူညီကာ သာသနာပြုလိုတဲ့အတွက် ဝရဇိန်လက်နက်ကြီးကိုစွဲကိုင်ပြီး ကိုယ်တိုင်ဖြုန်းခနဲဆင်းလာတယ်။ သစ္စကဆရာကြီး၏ ဦးခေါင်းပေါ်တည့်တည့်

http://www.dhammadownload.com



က မားမားမတ်မတ် ခြောက်မက်ဖွယ်ကောင်းတဲ့ ဘီလူးကြီး အသွင်ဖြင့် တန့်ရပ်ကာ အလျှံပြောင်ပြောင်တောက်တဲ့ဝရဇိန် လက်နက်တော်ကြီးဖြင့် ချိန်မိုး၍ အလွန်ဆိုးဝါးရက်စက်တဲ့ အသံနက်ကြီးနှင့် "ဟဲ့-သစ္စကကြီး၊ ဘုန်းတော်ကြီးလှသော ရှင်ပင်မြတ်ဘုရားက တရားသဖြင့် သုံးကြိမ်တိုင်မေးမြန်းပါ လျက်နှင့် မဆိုမဖြေဘဲ ပေတေတေကြီးလုပ်၍ ငုတ်တုတ်ကြီး တုဏှိဘောနေခဲ့လျှင် ဦးခေါင်းခုနစ်စိတ် ကွဲဖို့သာပြင်ပေတော့၊ သည်ဝရဇိန်လက်နက်ကြီးကိုမြင်ရဲ့လား" လို့ အကြိမ်းဝါးကြီး ကြိမ်းဝါးပါရော။

သစ္စကကြီးက အလွန်ကြောက်ဖွယ်ကောင်းတဲ့ ဘီလူး ကြီးကိုမြင်၍ ကြိမ်းဝါးတဲ့အသံကိုကြားတော့ ချွေးဒီးဒီးကျပြီး ရှိုက်ကြီးငင်ကြီးနှင့် ခိုက်ခိုက်တုန်နေတာပေါ့။ သစ္စကကြီး ချွေးဒီးဒီးကျ၍ ခိုက်ခိုက်တုန်နေတာကို ပရိသတ်တွေက မြင်တဲ့အခါ ဘီလူးကြောက်လို့ ခိုက်ခိုက်တုန်မှန်းမသိရှာ ကြဘူး။ သစ္စကဆရာကြီးဟာ ဇောချွေးတွေကျပြီး အကြောက် ကြီးကြောက်လို့နေတဲ့အခါ "ငါ မဖြေဘဲ ပေနေပြန်လို့ရှိလျှင် အမှန်ပင် ငါ့ကိုဝရဇိန်လက်နက်ကြီးနှင့် ဦးခေါင်းခုနစ်စိတ် ကွဲအောင်ပစ်လိမ့်မည်။ ရုပ်ကိုအစိုးမရပါ၊ ရုပ်သည် အလိုသို့ မလိုက်ပါလို့ဖြေလိုက်ပြန်လျှင်လဲ အကျိုးနည်းလို့ အရှက်တကွဲ ရှုံးရတော့မယ် တယ်ကျပ်ပါကလား။

http://www.dhammadownload.com



ကဲလေ ဘာပဲဖြစ်ဖြစ်၊ နစ်ချင်နစ်၊ မြုပ်ချင်မြုပ်။ လှုပ်လို့မရအောင် အကျပ်ထဲကျနေတဲ့အခါ အသက်ကိုသာ အရခဲရတော့မှာပဲ။ ရှင်ဂေါတမမေးတော်မူတဲ့အတိုင်း မဆိုင်း မတွဖြေပါတော့မယ်။ ပေတေတေကြီးလုပ်လျှင် မြုပ်သည် ထက်မြုပ်တော့မှာပဲ"။ အဲသို့ကလို ကြံစည်ပြီးမေးတဲ့အတိုင်း ဖြေဆိုရန် သန္နိဋ္ဌာန်ချလိုက်ရှာသတဲ့။

သစ္စကဆရာကြီးသည် လွန်စွာကြောက်လန့်တုန်လှုပ်လှု သဖြင့် ရှင်ဂေါတမမှတစ်ပါး အားကိုးရာမရှိတော့ပြီဟု ယုံကြည်စိတ်ချပြီး "ဘုန်းတော်ကြီးလှသော အရှင်ဘုရား၊ မေးတော်မူပါ၊ တပည့်တော် ယခုဖြေကြားပါတော့မယ်ဘုရား" လို့ ရိုသေစွာလျှောက်ထားတယ်။

## သစ္စက ဆရာကြီးအဖြေပေးခန်း

မြတ်စွာဘုရား။ ။ အို သစ္စက၊ သင်သည် ရုပ်ကို အတ္တဟုဆို၏၊ထိုရုပ်သည် သင့်အလိုသို့လိုက်ပါသလား၊ ထိုရုပ် ကို သင်အစိုးရပါသလား။

သစ္စက။ ။ ရုပ်သည် အလိုသို့မလိုက်ပါ၊ ရုပ်ကို အစိုးမရပါဘုရား။

ဘုရား။ ။ အို သစ္စက၊ ဆင်ခြင်စဉ်စား၍ ဖြေကြား ပါလော၊ သင်သည် ရုပ်ကိုအလိုသို့လိုက်သော အတ္တဟူ၍

http://www.dhammadownload.com



ဆိုခဲ့၏၊ ယခုအခါ သင်၏စကားသည် ရှေ့နောက်မညီညွတ်ပါတကား၊ အိုသစ္စက၊ သင်သည် ဝေဒနာကို အတ္တဟုဆို၏၊ ထိုဝေဒနာသည် သင်၏အလိုသို့လိုက်ပါသလား၊ ထိုဝေဒနာကို သင်အစိုးရပါသလား။

**သစ္စက။** ။ ဝေဒနာသည် အလိုသို့မလိုက်ပါ၊ ဝေဒနာကို အစိုးမရပါဘုရား။

**ဘုရား။** ။ အို သစ္စက၊ ဆင်ခြင် စဉ်းစားပါလော၊ ရှေ့ စကားနှင့် နောက်စကားမညီညွတ်ပါတကား၊ အို-သစ္စက၊ သင်သည် သညာကို အတ္တဟုဆို၏၊ ထိုသညာသည် သင်၏အလိုသို့ လိုက်ပါသလား၊ ထိုသညာကို သင်အစိုးရပါသလား။

**သစ္စက။** ။ သညာသည် အလိုသို့ မလိုက်ပါ၊ သညာကို အစိုးမရပါဘုရား။

**ဘုရား။** ။ အိုသစ္စက၊ ဆင်ခြင်စဉ်းစား၍ ဖြေကြားပါလော၊ ရှေ့စကားနှင့် နောက်စကား မညီပါတကား၊ အိုသစ္စက၊ သင်သည် သင်္ခါရတို့ကို အတ္တဟုဆို၏၊ ထိုသင်္ခါရတို့သည် သင်၏အလိုသို့ လိုက်ကြပါသလား၊ ထိုသင်္ခါရတို့ကို သင်အစိုးရပါသလား။

**သစ္စက။** ။ သင်္ခါရတို့သည် အလိုသို့ မလိုက်ကြပါ၊ သင်္ခါရတို့ကို အစိုးမရပါဘုရား။

http://www.dhammadownload.com



**ဘုရား။** ။ အိုသစ္စက၊ ဆင်ခြင်စဉ်းစား၍ ဖြေကြားပါလော၊ ရှေ့စကား နောက်စကား မညီညွတ်ပါတကား၊ အိုသစ္စက၊ သင်သည်ဝိညာဉ်ကို အတ္တဟုဆို၏၊ ထိုဝိညာဉ်သည် သင်၏အလိုသို့လိုက်ပါသလား၊ ထိုဝိညာဉ်ကို သင် အစိုးရ ပါသလား။

**သစ္စက။** ။ ဝိညာဉ်သည် အလိုသို့ မလိုက်ပါ၊ ဝိညာဉ်ကို အစိုးမရပါဘုရား။

**ဘုရား။** ။ အိုသစ္စက၊ ဆင်ခြင် စဉ်းစား၍ ဖြေကြားပါလော၊ရှေ့စကားနောက်စကား မညီညွတ်ပါတကား၊ အိုသစ္စက၊ ရုပ်သည်မမြဲတဲ့ သဘောလား၊ မြဲတဲ့သဘောလား။

**သစ္စက။** ။ ရုပ်သည် မမြဲတဲ့ သဘောပါဘုရား။

**ဘုရား။** ။ အိုသစ္စက၊ အကြင်တရားသည် မမြဲ၊ ထို တရားကိုဆင်းရဲဟူ၍ဆိုမည်လော၊ ချမ်းသာဟူ၍ဆိုမည်လော။

**သစ္စက။** ။ မမြဲတဲ့တရားကို ဆင်းရဲအမှန်ဟူ၍ဆိုပါ မည်ဘုရား။

**ဘုရား။** ။ အိုသစ္စက၊ မမြဲတဲ့တရား၊ ဆင်းရဲတဲ့ တရားကို ငါ့ဟာအစစ်ဖြစ်တယ်၊ ငါအမှန်ဖြစ်တယ်၊ ငါ့အတ္တ ဖြစ်တယ်ဟုစွဲလမ်းခြင်းငှာ ထိုက်ပါမည်လော။

**သစ္စက။** ။ မမြဲတဲ့တရား၊ ဆင်းရဲတဲ့ တရားကို ငါ့ဟာ အစစ်ဖြစ်တယ်၊ ငါအမှန်ဖြစ်တယ်၊ ငါ့အတ္တဖြစ်တယ်လို့

http://www.dhammadownload.com



စွဲလမ်းခြင်းငှာ မထိုက်ပါဘုရား။

ဝေဒနာ၊ သညာ၊ သင်္ခါရတို့၌လည်း ဤနည်းအတိုင်း တစ်ပါးစီ တစ်ပါးစီ စစ်တမ်းထုတ်ပါလေ။

**ဘုရား။** ။ အိုသစ္စက၊ ဝိညာဉ်သည် မြဲတဲ့သဘောလား၊ မမြဲတဲ့သဘောလား။

**သစ္စက။** ။ ဝိညာဉ်သည် မမြဲတဲ့သဘောအမှန်ပါဘုရား။

**ဘုရား။** ။ အိုသစ္စက အကြင်တရားသည်မမြဲ၊ ထိုတရားကို ဆင်းရဲဟူ၍ ဆိုမည်လော၊ ချမ်းသာဟူ၍ဆိုမည်လော။

**သစ္စက။** ။ မမြဲတဲ့တရားကို ဆင်းရဲဟူ၍ ဆိုပါမည်ဘုရား။

**ဘုရား။** ။ အိုသစ္စက၊ မမြဲတဲ့တရား၊ ဆင်းရဲတဲ့တရားကို ငါ့ဟာအစစ်ဖြစ်တယ်၊ ငါအမှန်ဖြစ်တယ်၊ ငါအတ္တဖြစ်တယ်လို့ စွဲလမ်းခြင်းငှာ ထိုက်ပါမည်လော။

**သစ္စက။** ။ မမြဲတဲ့တရား၊ ဆင်းရဲတဲ့တရားကို ငါ့ဟာအစစ်ဖြစ်တယ်၊ ငါအတ္တဖြစ်တယ်လို့ စွဲလမ်းခြင်းငှာ မထိုက်ပါဘုရား။

အဲသို့ကလို ခန္ဓာငါးပါးတို့၌ မမြဲကြောင်း၊ ဆင်းရဲကြောင်း၊ အတ္တမဟုတ်ကြောင်းကို ရှင်တော်ဘုရားက သစ္စက

http://www.dhammadownload.com



ကြီး၏နှုတ်ဖြင့်ဖွင့်ဆိုကာ ဝန်ခံခိုင်းတော်မူတယ်။ သစ္စကကြီးဟာ ယခင်က အတ္တအတ္တနှင့်ပြောဆိုတဲ့ စကားကိုယောင်လို့မျှ အသုံးမပြုဝံ့ ရှာတော့ဘူး။ မမြဲတဲ့ အနိစ္စတွေ အမှန်ပါဘုရား၊ ဆင်းရဲတဲ့ဒုက္ခတွေ အမှန်ပါဘုရားလို့သာ ခေါင်းညွှတ်ပြီး ဝန်ခံရရှာတော့တာပဲ။ သည်လိုပြောတဲ့အခါ သနားစရာကောင်းမှာပဲနော်။

အဲသည်အခါ စည်းဝေးလာရောက်ကြတဲ့ ပရိသတ်တွေဟာ ယုံမှားသက်ာကင်းရှင်းကြပြီး အလွန်ကြည်ညိုတဲ့သဒ္ဓါဖြင့် လက်အုပ်ပန်းခိုင်ကိုချီမိုးလျက် အသီးသီးရှိခိုးကာ ရှင်တော်မြတ်ဘုရား၏ ရွှေမျက်နှာတော်ကိုသာဖူးမြော်လို့ နေကြတယ်။ ဆရာသစ္စကကြီးမှာတော့ ဦးခေါင်းတောင်မမော်ဝံ့ရှာတော့ဘူး။ အချို့လူများကလည်း "သည်ဆရာကြီးဟာ ကိုယ်ပမာဏကိုမသိ၊ ဉာဏ်ပညာမရှိပါဘဲနှင့် သုံးလောကထွတ်ထား မနိုင်းယှဉ်အပ်တဲ့မြတ်စွာဘုရားကို ထိပါးနှောင့်ယှက်တယ်" ဆိုပြီး အငြိုးကြီးငြိုးကြသတဲ့။

## သစ္စကဆရာကြီး၏ လျှောက်ထားခန်း

ထိုနောက် သစ္စကဆရာကြီးက သည်လိုလျှောက်ထားပြန်တယ်။ ဘုန်းတော်ကြီးလှသော အရှင်ပင်ဘုရား၊ ဘုရားရှင်၏ တပည့်သာဝကများသည် အဘယ်အဆုံးအမကို ကျင့်ကြံ

http://www.dhammadownload.com



လိုက်နာကြ၍သာသနာတော်အတွင်းမှာ ဂင်းသောယုံမှားခြင်းနှင့်တကွ နေထိုင်ကြပါသနည်းဘုရားလို့ လျှောက်ထားတယ်။ အမိပ္ပာယ်ကိုတိုတိုပြောရလျှင် သောတာပန် ဘယ်လိုဖြစ်နိုင်ပါသလဲဘုရားလို့လျှောက်ထားတဲ့ အမိပ္ပာယ်ဖြစ်ပေတယ်။

## သစ္စက ဆရာကြီးအား ဟောသော တရားတော်

အိုသစ္စက၊ ဤသာသနာတော်တွင်း၌ ငါဘုရား၏ တပည့် သာဝကများသည် အလုံးစုံရှိရှိသမျှသော ရုပ်တို့၏ မမြဲသော အနိစ္စအချက်၊ ဆင်းရဲသော ဒုက္ခအချက်၊ အလိုသို့ မလိုက်သောအနတ္တ အချက်ကြီးများကို ထင်ရှားပိုင်နိုင်စွာ ဝိပဿနာဉာဏ်ဖြင့် ထင်မြင်၏။ ထိုသို့ထင်မြင်သောအခါ အလုံးစုံ ရှိရှိသမျှသော ရုပ်တို့ကို ငါပိုင်၊ ငါ့ဟာ၊ ငါ့ဥစ္စာ တွေဟူ၍မစွဲလမ်း။ ရှိရှိ သမျှရုပ်တို့ကို ငါငါဟူ၍ မစွဲလမ်း။ ရှိရှိသမျှ ရုပ်တို့ကို ငါ၏ အတ္တဟူ၍ မစွဲလမ်း။

(မှာထား‌ချက်။ ။ ဝေဒနာ၊ သညာ၊ သင်္ခါရတို့၌လည်း ထိုနည်းအတိုင်း ဟောပုံကိုသိပါလေ။)

အိုသစ္စက၊ ဤသာသနာတော်၌ ငါဘုရား တပည့် သာဝကများသည် အလုံးစုံရှိရှိသမျှသော ဝိညာဉ်တို့၏ မမြဲသော အနိစ္စအချက်၊ ဆင်းရဲသော ဒုက္ခအချက်၊ အလိုသို့ မလိုက်သော အနတ္တအချက်ကြီးများကို ထင်ရှားပိုင်နိုင်စွာ

http://www.dhammadownload.com



ဝိပဿနာဉာဏ်ဖြင့်ထင်မြင်၏။ ထိုသို့ ထင်မြင်သောအခါ အလုံးစုံရှိရှိသမျှ နာမ်တရားတို့ကို ငါပိုင်၊ ငါ့ဟာ၊ ငါ့ဥစ္စာ တွေဟူ၍မစွဲလမ်း၊ ရှိရှိသမျှသော နာမ်တို့ကို ငါ ငါဟူ၍ မစွဲလမ်း၊ ရှိရှိသမျှ နာမ်တို့ကို ငါ၏အတ္တဟူ၍ မစွဲလမ်း။ အိုသစ္စက၊ အလုံးစုံသော ခန္ဓာငါးရပ်တို့၌ အနိစ္စအချက်၊ ဒုက္ခအချက်၊ အနတ္တအချက်ကြီးများကို ထင်ရှားစွာ သိမြင်၍ ငါပိုင်ဥစ္စာဖြစ်သည်၊ ငါဖြစ်သည်၊ ငါ့အတ္တဖြစ်သည်ဟူ၍ မစွဲလမ်းဘဲ သမ္မာဒိဋ္ဌိဉာဏ်ဖြင့် အမှန်ထိုးထွင်းနိုင်သောအခါ ငါဘုရားသာသနာတော်၌ ယုံမှားခြင်း အမျိုးမျိုး ပျောက်ကင်း၍ ယုံကြည်ခြင်းမြဲစွာနှင့် သောတာပန် အဖြစ်သို့ရောက်နိုင်ကြတယ်။

အဲသို့ကလို ပဌမအရိယာ မဟာသောတာပန်၏ အကြောင်းကို သစ္စကဆရာကြီးအား ရှင်တော်ဘုရားဟော ကြားတော်မူတယ်။

အဲ-ဤကဲ့သို့ ပဌမအရိယာ မဟာသောတာပန်စခန်း ကြီးကိုလျှောက်ထားပြီးနောက် သစ္စကဆရာကြီးကကိလေသာ ကုန်ခန်းတဲ့ ရဟန္တာအဖြစ်ကို လျှောက်ထားပြန်တယ်။ ဘုန်းတော်ကြီးလှသော ရှင်ပင်ဘုရား၊ အရှင်ဘုရား၏ တပည့်သာဝကသည် အဘယ်အဆုံးအမကို လိုက်နာကျင့်ကြံ သဖြင့် အာသဝေါကုန်ခန်း၍ ရဟန္တာဖြစ်ပါသနည်း၊ ကျင့်ဖွယ်

http://www.dhammadownload.com



ကိစ္စမရှိဘဲ အကျင့်၏ ပြီးဆုံးခြင်းသို့ရောက်ပါသနည်း၊ ခန္ဓာဝန်ကြီးတွေ၊ သံသရာဝန်ကြီးတွေကို ချပြီးလျှင် သံယောဇဉ်ကုန်ပျောက်၍ လွတ်မြောက်ကြပါသနည်း။ အဲသို့ကလို လျှောက်ထားတယ်။ အထွတ်အမြတ်ဆုံးဖြတ်တဲ့ အရိယာပုဂ္ဂိုလ်ကြီး အဖြစ်ကိုလျှောက်တဲ့အချက်ပေပဲ။

အဲသို့ကလို လျှောက်တဲ့အခါ ရှင်တော်ဘုရားက တရားအချုပ်ကို သည်လိုမိန့်တော်မူတယ်။ အိုသစ္စက၊ ဤသာသနာတော်၌ ငါဘုရား၏ တပည့်သာဝကသည် အလုံးစုံရှိရှိသမျှသော ရုပ်တရားတို့ကို ငါပိုင်၊ ငါ့ဟာ၊ ငါ့ဥစ္စာဟူ၍လည်း မစွဲလမ်း၊ ငါငါဟူ၍လည်း မစွဲလမ်း၊ ငါ၏အတ္တဟူ၍လည်း မစွဲလမ်း။ ထိုသို့မစွဲလမ်းသောအခါ တပ်မက်ခြင်းတဏှာ၊ ထောင်လွှားခြင်းမာန၊ အမြင်မှားခြင်း ဒိဋ္ဌိ။ ဤတရားဆိုးကြီးသုံးပါးမှ ကျွတ်သွားတယ်။

(ဝေဒနာ၊ သညာ၊ သင်္ခါရတို့၌လည်း ဤနည်းအတိုင်း ပင်လျှင် ဟောတော်မူသည်။)

အိုသစ္စက၊ ဤသာသနာတော်၌ ငါဘုရား၏ တပည့်သာဝကသည် ရှိရှိသမျှသော ဝိညာဏ် တရားတို့ကို ငါပိုင်၊ ငါ့ဟာ၊ ငါ့ဥစ္စာဟူ၍လည်း မစွဲလမ်း၊ ငါငါဟူ၍လည်း မစွဲလမ်း၊ ငါ၏အတ္တဟူ၍လည်း မစွဲလမ်း။ ထိုသို့ မစွဲလမ်းသည်ရှိသော် တပ်မက်ခြင်းတဏှာ၊ ထောင်လွှားခြင်းမာန၊

http://www.dhammadownload.com



အမြင်မှားခြင်း ဒိဋ္ဌိ။ ဤတရားဆိုးကြီးသုံးပါးမှ ကျွတ်လွတ်သွားတယ်၊ တဏှာ၊ မာန၊ ဒိဋ္ဌိတို့မှ ကျွတ်လွတ်သောအခါ အလုံးစုံသော လောက၌ မသာယာမတပ်မက်တော့ပြီ၊ ထောင်လွှားတက်ကြွခြင်းမရှိတော့ပြီ၊ အမြင်မှောက်မှားခြင်း မရှိတော့ပြီ။ အိုသစ္စက၊ ဤကဲ့သို့ကျင့်ကြံသော ငါဘုရား၏တပည့်သာဝကသည် ကိလေသာကုန်ခန်းသော ရဟန္တာအဖြစ်သို့ရောက်လေတော့၏၊ ကျင့်ဖွယ်ကိစ္စတုံး၍ ပြီးဆုံးခြင်းရောက်လေတော့၏၊ ခန္ဓာဝန်ကြီးတွေ၊ သံသရာဝန်ကြီးတွေကို ချပြီးလျှင် သံယောဇဉ်ကုန်ပျောက်၍ လွတ်မြောက်လေတော့၏။

အိုသစ္စက၊ ဤသို့လွတ်မြောက်ကြသော ရဟန္တာပုဂ္ဂိုလ်တို့မှာ သန္တိနိဗ္ဗာန်ကို အမှန်မြင်နိုင်ခြင်းတည်းဟူသော ဒဿနာနုတ္တရိယ မဂ္ဂင်အကျင့်ပဋိပတ်နှင့် ပြည့်စုံခြင်းတည်းဟူသော ပဋိပဒါ နုတ္တရိယ၊ အရဟတ္တဖိုလ်နှင့် ပြည့်စုံခြင်းတည်းဟူသော ဝိမုတ္တာ နုတ္တရိယ။ ဤလောကုတ္တရာဘက်ဆိုင်ရာ အနုတ္တရိယ တရားမြတ်ကြီးသုံးပါးကို ပိုင်နိုင်ကြတယ်၊ ထိုအခါ ကိလေသာကုန်ခန်းသော ရဟန္တာပုဂ္ဂိုလ်တို့သည် ငါဘုရား၏ဂုဏ်တော်ကို ထုတ်ဖော်အံ့ချီး၍ မပြီးနိုင်အောင်ရှိကြတယ်၊ ငါဘုရားကိုသာ အလေးအမြတ်ပြုကာ ဥဒါန်းကျူးပြီး ပူဇော်ရိုကျိုး မြတ်နိုးဝပ်တွားကြတယ်။

http://www.dhammadownload.com



## သစ္စကကြီးဝန်ချခန်း

ရှင်တော်ဘုရားက သစ္စကဆရာကြီး လျှောက်ချက်အတိုင်း ပထမအရိယာ မဟာသောတာပန်တို့၏ ကျင့်လမ်းနှင့် အကျင့်ပေါက်ပုံ၊ ရဟန္တာပုဂ္ဂိုလ်တို့၏ ကျင့်လမ်းနှင့်အကျင့်ပေါက်ပုံများကို ဟောကြားတော်မူတဲ့အခါကျတော့ သစ္စကဆရာကြီးဟာ အစွယ်ကျိုးတဲ့မြွေ၊ ဦးချိုကျိုးတဲ့နွားလားကဲ့သို့ မထောင်လွှားဝံ့ဘဲ ဘုရားရှင်ကိုသာ ဝန်ချလိုတဲ့ စိတ်ကောင်းတွေပေါ်လာတယ်။ လှိုင်းလေကင်းတဲ့အခါ သမုဒ္ဒရာရေပြင်ကြီးငြိမ်သလို သစ္စကဆရာကြီးရဲ့မာနအမူအရာတွေ ငြိမ်ဆိမ်၍ကုန်ရွှေရသွားတယ်။ သည်အခါကျတော့မှ သစ္စကဆရာကြီးက ရှင်တော်ဘုရား၏မျက်မှောက်မှာ ဘယ်လိုဂုဏ်မျိုးကိုမှ မထောက်တော့ဘဲ မိမိစိတ်ထဲမှာရှိတဲ့အတိုင်း ထိထိရောက်ရောက်ကြီး တိုးလျှိုးဝန်ချရှာတယ်။ ဝန်ချပုံကတော့ "ဘုန်းတော်ကြီးလှသောရှင်ပင်ဘုရား၊ တပည့်တော် မာနထားခဲ့သည်မှာ အမှားကြီးမှားပါပြီ၊ တပည့်တော် ပျက်စီး၍အရှုံးကြီးရှုံးပါပြီ၊ တပည့်တော်မိုက်မှားတဲ့အတွက်ကြောင့် ဝါဒတင်ရန် အရှင်ဘုရားထံသို့ ချဉ်းကပ်မိပါပေသည်ဘုရား၊ ဥပမာဖြင့်လျှောက်ပါရစေ၊ အမုန်ယစ်တဲ့ ဆင်ပြောင်ကြီးအနားသို့ ချဉ်းကပ်တဲ့သူဟာ သက်သာခွင့်ကိုရသော်လဲ ရကောင်းပါသေးရဲ့၊ ဝါဒဖြင့်တင်ရန် အရှင်ဘုရားထံသို့ ချဉ်းကပ်တဲ့သူ

http://www.dhammadownload.com



ဟာ သက်သာရာမရနိုင်ကြောင်း ကောင်းကောင်းကြီးသိပါပြီ ဘုရား၊ အလျှံပြောင်ပြောင် တောက်လောင်နေတဲ့ မီးပုံကြီးသို့ ချဉ်းကပ်တဲ့သူဟာ သက်သာခွင့်ကို ရသော်လဲ ရကောင်းပါ သေးရဲ့၊ ဝါဒဖြင့်တင်ရန် အရှင်ဘုရားထံသို့ ချဉ်းကပ်တဲ့ သူဟာ သက်သာရာမရနိုင်ကြောင်း ကောင်းကောင်းကြီး သိပါပြီဘုရား၊ အလွန်အဆိပ်ထန်တဲ့ မြွေပွေး၊ မြွေဟောက် ကြီးအနားသို့ ချဉ်းကပ်တဲ့သူဟာ သက်သာခွင့်ကို ရသော်လဲ ရကောင်းပါသေးရဲ့၊ ဝါဒဖြင့်တင်ရန် အရှင်ဘုရားထံသို့ချဉ်း ကပ်တဲ့သူဟာ သက်သာရာမရနိုင်ကြောင်း ကောင်းကောင်း ကြီးသိရပါပြီဘုရား။

အဲသည်လို ဝန်ချစကားဖြင့် အဆုံးစွန်လျှောက်ထား လေသည်။

(ယခု ပြဆိုခဲ့ပြီးသောအတိုင်း အနတ္တဝါဒဖြင့် သစ္စကကို အောင်မြင်တော်မူသည်မှာ အောင်ခြင်းကြီးရှစ်ပါးတို့တွင် တစ် ပါးအပါအဝင်ဖြစ်လေသတည်း။)

http://www.dhammadownload.com



## သစ္စကသုတ္တန် ရှစ်လုံးဖွဲ့

(၁) သစ္စကဟု- နာမထင်ပေါ်၊
ဝေသာလီတိုင်း- သမိုင်းအကျော်၊
ပြိုင်ဆိုင်ဝါဒ- မာနထော်လော်၊
လူအပေါင်း- ခညောင်းရှိပူဇော်။

(၂) ရှင်အသဿဇိ- မုနိကြေးမုံ၊
ရံခါတစ်နေ့- သူတွေ့အဆုံ၊
အတ္တလမ်းဖြင့်- မေးမြန်းလေတုံ၊
အနတ္တ- ကြားရခါခွင့်ကြုံ။

## သစ္စကကြိမ်းဝါးခန်း

(၃) ခန္ဓာခတ်ရ- အတ္တမနွယ်၊
အနတ္တကြီး- အပြီးတကယ်၊
သည်ပုံကြားတော့- လွန်မှားလေတယ်၊
သူကြိမ်းဝါး- စကားလွန်ဝင့်ကျယ်။

(၄) ရှင်ဂေါတမ- လောကဘုံထွေ၊
လုံးစုံသိသော- ဆိုပြောပလေ၊
အတ္တလုံး၌- ဉာဏ်တုံးရှာချေ၊
တစ်နေ့ကျ- တွေ့ရနေနှင့်စေ။

http://www.dhammadownload.com



(၅) သစ္စကကြီး- နိုင်ပြီးသူထင်၊
ဝင့်ဝါမောက်လုံး- လွှတ်ရုံးအပြင်၊
လိစ္ဆဝီမင်း-အသင်းလယ်တွင်၊
လွန်ကြိမ်းဝါး စကားဝါဒတင်။

(၆) ဂေါတမဖျား- မှောက်မှားလေတယ်၊
နိုင်အောင်နှိမ်နင်း- အတင်းတကယ်၊
ညဏ်ဟုန်မိုးလို့- နှိမ်ချိုးတော့မယ်၊
ကဲ- လာကြ- ဝါဒစစ်ရေးကျယ်။

(၇) ပရိသတ်ပေါင်း- ထောင်သောင်းရုံကာ၊
တခမ်းတနား- ရောက်သွားမကြာ၊
မဟာဝုန်တော- သာမောဝေဆာ၊
သစ္စက- ဝါဒပြိုင်အံ့ငှာ။

## ဘုရားထံသို့ရောက်ခန်း

(၈) မြတ်ဖျားထံမှောက်- သူရောက်သည်တွင်၊
သစ္စကကြီး- ထံနီးအဝင်၊
ဦးစွာမိန့်ကြား- စကားဆုံးလျှင်၊
ရှင်တော်ဖျား- လျှောက်ထားဤသို့ပင်။

http://www.dhammadownload.com



(၉) ခန္ဓာစာတ်ငါး- မြတ်ဖျားရှေ့ကိုယ်၊
အနတ္တလော- အဟောအဆို၊
အတ္တပါလား- မိန့်ကြားစေလို၊
သစ္စက- ဝါဒတင်ဖို့ကို။

(၁၀) ထိုခါမြတ်ဖျား- မိန့်ကြားလျင်မြန်၊
အိုသစ္စက- အတ္တမဆန်၊
ခန္ဓာစာတ်ငါး- မှတ်သားကေန်၊
အနတ္တ- မုချစင်စစ်မှန်။

(၁၁) မိန့်တော်သံများ- သူကြားလေရာ၊
သစ္စကကြီး- နှုတ်သီးအစွာ၊
မှားလိုက်လေခြင်း- နှိပ်နင်းဆိုကာ၊
အစိုးရ- အတ္တစင်စစ်ပါ။

(၁၂) ခန္ဓာငါးမျိုး- ကိုယ်စိုးကိုယ်ပိုင်၊
သတ္တဝါများ- တည်ကြားအခိုင်၊
အမှုမှု၌- ပြုစုနေနိုင်၊
အတ္တကြီး- ပျက်စီးဘယ်မယိုင်။

http://www.dhammadownload.com



## ရှင်တော်ဘုရား၏ အမိန့်

(၁၃) အိုသစ္စက- အတ္တပုံသေ၊
အစိုးရသော- သင်ပြောပလေ၊
စိုးရစိတ်ကြိုက်- လိုလိုက်တုံချေ၊
သင့်ရုပ်စု- သင်ပြုပြင်လို့နေ။

(၁၄) မအိုနိုင်ဘဲ- အမြဲရှယ်ပျို၊
ရုပ်သွင်ရူပ- မူလနဂို၊
လိုတိုင်းပြုစမ်း- နုဆန်းသင့်ကိုယ်၊
ပြုတိုင်းဖြစ်- စင်စစ်အတ္တဆို။

(၁၅) ချမ်းသာဆင်းရဲ- ဖန်လဲထွေလာ၊
ဝေဒနာရိုင်း- လိုတိုင်းမပါ၊
အစိုးရက- သုခချမ်းသာ၊
သင်ပြုစမ်း- အစွမ်းဝေဒနာ။

(၁၆) လိုလိုက်စိုးရ- အတ္တပြင်ပြင်၊
သင်ပြုလိုတိုင်း- မဆိုင်းအလျှင်၊
ဖြစ်မည်စိတ်ချ- ဒိဋ္ဌထင်ထင်၊
သည်အမေး- မနှေးသင်လျှောက်တင်။

F.24

http://www.dhammadownload.com



## သစ္စကမှိုင်တွေခန်း

(၁၇) ထိုခါကြံတွေး- မှိုင်ဝေးလှိုက်ဖို၊
သစ္စကကြီး- ချွေးစီးအယို၊
တုဏှိဘောနှင့်- မနေသာဒိုတို၊
မလျှောက်ထား- စကားမြွက်မဆို။

(၁၈) အိုသစ္စက၊ မြွက်ဟာလျှင်မြန်၊
မြန်စွာလျှောက်ထား- ကြောက်အားမသန်၊
တုဏှိဘောဖြင့်- မှတ်လောဇကန်၊
သင့်ဦးထိပ်- စိတ်စိတ်ကွဲလိမ့်မှန်။

(၁၉) သို့လိုမြွက်ဖျား- မိန့်ကြားသော်ပင်၊
မဆိုမြွက်ကြား- လျှောက်ထားမတင်၊
အလျှောက်ခက်လို့- ကြောက်ရှက်ပူပင်၊
အသံတိတ်- ဆိတ်ဆိတ်နေခဲ့အင်။

## သိကြားမင်းသက်ဆင်းခန်း

(၂၀) ထိုခါချက်ချင်း- သက်ဆင်းဣန္ဒာ၊
ဝရဇိန်စက်- ချိန်လျက်မကွာ၊
ဟယ်သစ္စက- အတ္တမိစ္ဆာ၊
မလျှောက်ထား- ကြောက်အားပိုလှစွာ။

http://www.dhammadownload.com



(၂၁)ဝရဇိန်စက်- လက်နက်ချိန်ရွယ်၊
သင်မလျှောက်ထား- သင်အားတကယ်၊
မညှာနိုင်ဘဲ- ပစ်ခွဲတော့မယ်၊
သင့်ဦးထိပ်- စိတ်စိတ်ကြေမွဖွယ်။

## သစ္စကကြောက်လန့်၍လျှောက်တင်ခန်း

(၂၂)ထိုခါလန့်ထိတ်- ကြောက်စိတ်ပူပွေ၊
တုံတုံခိုက်ခိုက်- ရှူရှိုက်သလေ၊
နေနိုင်တော့ဘူး- လန့်မူးဆူဝေ၊
ဦးညွှတ်တွား- လျှောက်ထားဤသို့ပေ။

(၂၃)ရုပ်ခဲ နာမ်ခဲ- ငါပဲသညာ၊
မပိုင်စင်စစ်- အနှစ်ဗလာ၊
အလိုအကြိုက်- မလိုက်ဘယ်ခါ၊
အနတ္တ- မုချမှန်လှစွာ။

(၂၄)ခန္ဓာဓာတ်ခဲ- မမြဲပုံသေ၊
ဖောက်ပြန်ချုပ်စဲ- ဆင်းရဲပလေ၊
ငါသောကိုယ်သော- ဆိုပြောတုံချေ၊
မှားခေါင်ထိ- ဒိဋ္ဌိစင်စစ်ပေ။

http://www.dhammadownload.com



(၂၅) သို့လိုဝပ်တွား- လျှောက်ထားလေရာ၊
ပရိသတ်အား- အများတကာ။
ကြားလျှင်မဲ့ရွှဲ့- ကဲ့ရဲ့ဆူညာ၊
သစ္စက- ရှုံးရလွန်နစ်နာ။

(၂၆) ဝင့်ဝါကြွမ်းပ- တက်ကြွစိတ်မာန်၊
ပြိုင်ပွဲဆိုင်ပွဲ- နိုင်မြဲအမှန်၊
သို့လိုဟိန်းဟောက်၊ မော်မောက်ထန်ထန်၊
ယခုပွဲ- ယိုင်လဲသူကျွမ်းပြန်။

## ကဿပဗောဇ္ဈင်သုတ်ပါဠိတော်

သတ္တိမေ ကဿပ ဗောဇ္ဈင်္ဂါ။ မယာ သမ္မဒက္ခာတာ၊ ဘာဝိတာ ဗဟုလီကတာ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တန္တိ။

ကတမေ သတ္တ

(၁) သတိ သမ္ဗောဇ္ဈင်္ဂေါ ခေါ ကဿပ မယာ သမ္မဒက္ခာတော ဘာဝိတော ဗဟုလီကတော အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

(၂) ဓမ္မဝိစယ သမ္ဗောဇ္ဈင်္ဂေါ ခေါ ကဿပ မယာ သမ္မဒက္ခာတော ဘာဝိတော ဗဟုလီကတော အဘိညာယ

http://www.dhammadownload.com



သမ္မောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

(၃) ဝီရိယ သမ္ဗောဇ္ဈင်္ဂေါ ခေါ ကဿပ မယာ သမ္မဒက္ခာတော ဘာဝိတော ဗဟုလီကတော အဘိညာယ သမ္မောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

(၄) ပီတိ သမ္ဗောဇ္ဈင်္ဂေါ ခေါ ကဿပ မယာ သမ္မဒက္ခာတော ဘာဝိတော ဗဟုလီကတော အဘိညာယ သမ္မောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

(၅) ပဿဒ္ဓိ သမ္ဗောဇ္ဈင်္ဂေါ ခေါ ကဿပ မယာ သမ္မဒက္ခာတော ဘာဝိတော ဗဟုလီကတော အဘိညာယ သမ္မောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

(၆) သမာဓိ သမ္ဗောဇ္ဈင်္ဂေါ ခေါ ကဿပ မယာ သမ္မဒက္ခာတော ဘာဝိတော ဗဟုလီကတော အဘိညာယ သမ္မောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

(၇) ဥပေက္ခာ သမ္ဗောဇ္ဈင်္ဂေါ ခေါ ကဿပ မယာ သမ္မဒက္ခာတော ဘာဝိတော ဗဟုလီကတော အဘိညာယ သမ္မောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

ဣမေ ခေါ ကဿပ သတ္တဗောဇ္ဈင်္ဂါ မယာ သမ္မဒက္ခာတာ ဘာဝိတာ ဗဟုလီကတာ အဘိညာယ သမ္မောဓာယ နိဗ္ဗာနာယ သံဝတ္တန္တိ။

http://www.dhammadownload.com



## ကဿပဗောဓိဗျည်းသုတ် နိဿယ

ကဿပ၊ ချစ်သားကဿပ။ မယာ၊ ငါဘုရားသည်။ သမ္မဒက္ခာတာ၊ ကောင်းစွာ ဟောကြားအပ်ကုန်သော။ သတ္တ၊ ခုနစ်ပါးကုန်သော။ ဗောဇ္ဈင်္ဂါ၊ ဗောဇ္ဈင် တရားတို့သည်။ ဘာဝိတာ၊ ပွားများအပ်ကုန်သည်ရှိသော်။ ဗဟုလီကတာ၊ ကြိမ်ဖန်များစွာ လေ့လာအပ်ကုန်သည်ရှိသော်။ အဘိညာယ၊ အထူးသဖြင့် ထိုးထွင်း၍ ဉာဏ်အလင်းပေါ် ပေါက်ခြင်းငှာ။ သမ္ဗောဓာယ၊ သစ္စာလေးတန် တရားမှန်ကို ဝေဖန်ပိုင်းခြား၍ သိခြင်းငှာ၊ နိဗ္ဗာနာယ၊ ကိလေသာ ချုပ်ငြိမ်း၍ ဝဋ်ဒုက္ခဇာတ်သိမ်းခြင်းငှာ။ သံဝတ္တန္တိ၊ ဖြစ်ကုန်၏။

ကတမေ သတ္တ၊ အဘယ်ခုနစ်ပါးတို့နည်းဟူမူကား။

(၁) ကဿပ၊ ချစ်သားကဿပ။ ခေါ် စင်စစ်။ မယာ၊ ငါဘုရားသည်။ သမ္မဒက္ခာတော၊ ကောင်းစွာဟောကြားအပ်သော။ သတိသမ္ဗောဇ္ဈင်္ဂေါ၊ သတိသမ္ဗောဇ္ဈင်တရားသည်။ ဘာဝိတော၊ ပွားများအပ်သည်ရှိသော်။ ဗဟုလီကတော၊ ကြိမ်ဖန်များစွာ လေ့လာအပ်သည်ရှိသော်။ အဘိညာယ၊ အထူးသဖြင့် ထိုးထွင်း၍ ဉာဏ်အလင်းပေါ်ပေါက်ခြင်းငှာ။ သမ္ဗောဓာယ၊ သစ္စာလေးတန် တရားမှန်ကို ဝေဖန်ပိုင်းခြား၍ သိခြင်းငှာ။ နိဗ္ဗာနာယ၊ ကိလေသာချုပ်ငြိမ်း၍ ဝဋ်ဒုက္ခ

http://www.dhammadownload.com



ဇာတ်သိမ်းခြင်းငှာ။ သံဝတ္တတိ။ ဖြစ်၏။

(၂) ကဿပ၊ ချစ်သားကဿပ။ ခေါ၊ စင်စစ်။ မယာ၊ ငါဘုရားသည်။ သမ္ဗဒက္ခာတော၊ ကောင်းစွာဟောကြားအပ်သော။ ဓမ္မဝိစယသမ္ဗောဇ္ဈင်္ဂေါ၊ ဓမ္မဝိစယသမ္ဗောဇ္ဈင်တရားသည်။ ဘာဝိတော၊ ပွားများအပ်သည်ရှိသော်။ ဗဟုလီကတော၊ ကြိမ်ဖန်များစွာ လေ့လာအပ်သည်ရှိသော်။ အဘိညာယ၊ အထူးသဖြင့် ထိုးထွင်း၍ဉာဏ်အလင်း ပေါ်ပေါက်ခြင်းငှာ။ သမ္ဗောဓာယ၊ သစ္စာလေးတန် တရားမှန်ကို ဝေဖန်ပိုင်းခြား၍ သိခြင်းငှာ။ နိဗ္ဗာနာယ၊ ကိလေသာချုပ်ငြိမ်း၍ ဝဋ္ဋဒုက္ခဇာတ်သိမ်းခြင်းငှာ။သံဝတ္တတိ၊ ဖြစ်၏။

(၃) ကဿပ၊ ချစ်သားကဿပ။ ခေါ၊ စင်စစ်။ မယာ၊ ငါ ဘုရားသည်။ သမ္ဗဒက္ခာတော၊ ကောင်းစွာဟောကြားအပ်သော။ ဝီရိယသမ္ဗောဇ္ဈင်္ဂေါ၊ ဝီရိယသမ္ဗောဇ္ဈင်တရားသည်။ ဘာဝိတော၊ ပွားများအပ်သည်ရှိသော်။ ဗဟုလီကတော၊ ကြိမ်ဖန်များစွာ လေ့လာအပ်သည်ရှိသော်။ အဘိညာယ၊ အထူးသဖြင့် ထိုးထွင်း၍ ဉာဏ်အလင်းပေါ်ပေါက်ခြင်းငှာ။ သမ္ဗောဓာယ၊ သစ္စာလေးတန် တရားမှန်ကို ဝေဖန်ပိုင်းခြား၍ သိခြင်းငှာ။ နိဗ္ဗာနာယ၊ ကိလေသာချုပ်ငြိမ်း၍ ဝဋ္ဋဒုက္ခဇာတ်သိမ်းခြင်းငှာ။ သံဝတ္တတိ၊ ဖြစ်၏။

http://www.dhammadownload.com



(၄) ကဿပ၊ ချစ်သားကဿပ။ ခေါ၊ စင်စစ်။ မယာ၊ ငါ ဘုရားသည်။ သမ္မဒက္ခာတော၊ ကောင်းစွာဟောကြား အပ်သော။ ပီတိသမ္ဗောဇ္ဈင်္ဂေါ၊ ပီတိသမ္ဗောဇ္ဈင်တရားသည်။ ဘာဝိတော၊ ပွားများအပ်သည်ရှိသော်။ ဗဟုလီကတော၊ ကြိမ်ဖန်များစွာလေ့လာ အပ်သည်ရှိသော်။ အဘိညာယ၊ အထူးသဖြင့် ထိုးထွင်း၍ ဉာဏ်အလင်းပေါ်ပေါက်ခြင်းငှာ။ သမ္ဗောဓာယ၊ သစ္စာလေးတန် တရားမှန်ကို ဝေဖန်ပိုင်းခြား၍ သိခြင်းငှာ။ နိဗ္ဗာနာယ၊ ကိလေသာချုပ်ငြိမ်း၍ ဝဋ္ဋဒုက္ခ ဇာတ်သိမ်းခြင်းငှာ။ သံဝတ္တတိ၊ ဖြစ်၏။

(၅) ကဿပ၊ ချစ်သားကဿပ။ ခေါ၊ စင်စစ်။ မယာ၊ ငါဘုရားသည်။ သမ္မဒက္ခာတော၊ ကောင်းစွာဟောကြား အပ်သော။ပဿဒ္ဓိသမ္ဗောဇ္ဈင်္ဂေါ၊ ပဿဒ္ဓိသမ္ဗောဇ္ဈင်တရားသည်။ ဘာဝိတော၊ ပွားများအပ်သည်ရှိသော်။ ဗဟုလီကတော၊ ကြိမ်ဖန်များစွာ လေ့လာအပ်သည်ရှိသော်။ အဘိညာယ၊ အထူးသဖြင့် ထိုးထွင်း၍ ဉာဏ်အလင်းပေါ်ပေါက်ခြင်းငှာ။ သမ္ဗောဓာယ၊ သစ္စာလေးတန် တရားမှန်ကို ဝေဖန်ပိုင်းခြား၍ သိခြင်းငှာ။ နိဗ္ဗာနာယ၊ ကိလေသာချုပ်ငြိမ်း၍ ဝဋ္ဋဒုက္ခဇာတ် သိမ်းခြင်းငှာ။ သံဝတ္တတိ၊ ဖြစ်၏။

(၆) ကဿပ၊ ချစ်သားကဿပ။ ခေါ၊ စင်စစ်။ မယာ၊

http://www.dhammadownload.com



ငါ ဘုရားသည်။ သမ္မဒက္ခာတော၊ ကောင်းစွာဟောကြားအပ်သော။ သမာဓိသမ္ဗောဇ္ဈင်္ဂေါ၊ သမာဓိသမ္ဗောဇ္ဈင်သည်။ ဘာဝိတော၊ ပွားများအပ်သည်ရှိသော်။ ဗဟုလီကတော၊ ကြိမ်ဖန်များစွာ လေ့လာအပ်သည်ရှိသော်။ အဘိညာယ၊ အထူးသဖြင့် ထိုးထွင်း၍ ဉာဏ်အလင်းပေါ်ပေါက်ခြင်းငှာ။ သမ္ဗောဓာယ၊ သစ္စာလေးတန် တရားမှန်ကို ဝေဖန်ပိုင်းခြား၍ သိခြင်းငှာ။ နိဗ္ဗာနာယ၊ ကိလေသာချုပ်ငြိမ်း၍ ဝဋ္ဋဒုက္ခ ဇာတ်သိမ်းခြင်းငှာ။ သံဝတ္တတိ၊ ဖြစ်၏။

(၇) ကဿပ၊ ချစ်သားကဿပ။ ခေါ၊ စင်စစ်။ မယာ၊ ငါဘုရားသည်။ သမ္မဒက္ခာတော၊ ကောင်းစွာဟောကြားအပ်သော။ ဥပေက္ခာ သမ္ဗောဇ္ဈင်္ဂေါ၊ ဥပေက္ခာသမ္ဗောဇ္ဈင် တရားသည်။ ဘာဝိတော၊ ပွားများအပ်သည်ရှိသော်။ ဗဟုလီကတော၊ ကြိမ်ဖန်များစွာ လေ့လာအပ်သည်ရှိသော်။ အဘိညာယ၊ အထူးသဖြင့် ထိုးထွင်း၍ ဉာဏ်အလင်းပေါ်ပေါက်ခြင်းငှာ။ နိဗ္ဗာနာယ၊ ကိလေသာချုပ်ငြိမ်း၍ ဝဋ္ဋဒုက္ခ ဇာတ်သိမ်းခြင်းငှာ။ သံဝတ္တတိ၊ ဖြစ်၏။

ကဿပ၊ ချစ်သားကဿပ။ မယာ၊ ငါဘုရားသည်။ သမ္မဒက္ခာတာ၊ ကောင်းစွာဟောအပ်ကုန်သော။ သတ္တ၊ ခုနစ်ပါးကုန်သော။ ဣမေ ခေါ ဗောဇ္ဈင်္ဂါ၊ ဤဗောဇ္ဈင်တရားတို့

http://www.dhammadownload.com



သည်။ ဘာဝိတာ၊ ပွားများအပ်ကုန်သည်ရှိသော်။ ဗဟုလီကတာ၊ ကြိမ်ဖန်များစွာ လေ့လာအပ်ကုန်သည်ရှိသော်။ အဘိညာယ၊ အထူးသဖြင့် ထိုးထွင်း၍ ဉာဏ်အလင်းပေါ်ပေါက်ခြင်းငှာ။ သမ္ဗောဓာယ၊ သစ္စာလေးတန် တရားမှန်ကို ဝေဖန်ပိုင်းခြား၍သိခြင်းငှာ။ နိဗ္ဗာနာယ၊ ကိလေသာ ချုပ်ငြိမ်း၍ ဝဋ်ဒုက္ခဇာတ်သိမ်းငှာ။ သံဝတ္တန္တိ၊ ဖြစ်ကုန်၏။

(ကဿပဗောဇ္ဈင်သုတ် နိဿယပြီး၏။)